
www.burmeseclassic.com

# လရောင်ကျူးရင့်

## သူ မသိလည်းဖြစ်တယ်




www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်

ပြည်သူ့သဘောထား ခုနှစ်၊ ဩဂုတ်လ

- ပြည်ပအားကိုး၊ ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ အား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ဆန့်ကျင်ကြ။ ၇၆၉)
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်၊ ၄လမ်း။

နိုင်ငံရေးဦးတည်ချက် (၄) သိ၊ ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ ရင်ရှားအေးချမ်းသာယာရေး၇၆၅၀)
သီညွတ်ရေး
ကိုးဆွေ ဖြစ်ပေါ်ပုံနှိပ်တိုက်
တိုက် (၂၀၆)၊ အခန်း (၁၁)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅-၈၃

လရောင်ကျူးရင့်

သူမသီလည်းဖြစ်တယ်/ လရောင်ကျူးရင့်၊ – ရန်ကုန်။ ရွှေသမင်စာပေ၊ ၂၀၀၄။

၂၅၇ – စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) သူမသီလည်းဖြစ်တယ်



## အခန်း (၁)

"လှလေး ရန်"

"ခင်ဗျာ ဘဘ"

ရန်လေးအသံကိုကြားသည်နှင့် အသံဆီသို့ တွန့်ယင်နေသည့် လက်တစ်ဖက်ကမ်းလင့်လာ၏။ ထိုလက်ကိုကြည့်ကာ ရန်လေး မျက်နှာ ပျက်သွား၏။

သူ့ဖွေးကြီးဦးပန်းမြိုင်၏ဆန္ဒတွေ ဘယ်လိုရှိထားခဲ့မှန်း သူ သိသည်။ အဖေနဲ့ ဘဘတို့ ဘယ်လိုညှိနှိုင်းပြေလည်ထားခဲ့မှန်းလည်း သိထားခဲ့၏။

ထို့ကြောင့် ဒီလက်တစ်ဖက်ကမ်းယင့်လာခဲ့ခြင်း၏နောက်ကွယ်ကျ တောင်းဆိုလာနိုင်တာတွေကို သူ ခန့်မှန်းမိပြီးဖြစ်သည်။

"သား ..."

အဖေ့ခေါ်သံကိုကြားပေမယ့် သူ လှည့်မကြည့်ဘဲနေမိ၏။ ပြီးတော့ သူ့ရှေ့မှာ ဆရာဝန်ကြီးနဲ့ ရှေ့နေဦးမြတ်ထွေး။ ထို့ပြင် အိမ်တော်သိန်းကြီး နှင့်အဒေါ်နှင်း။

အားလုံးသောလူတွေက သူ့မျက်နှာကိုပဲ တိတ်ဆိတ်စွာကြည့်နေခဲ့ ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရန်လေး ..."

အဖေ့ နောက်ထပ်ခေါ်သံက တင်းမာမှုတွေ ရောစပ်လာ၏။ သူ ဆုပ်ကျစ်ထားမိသည့်လက်ကို ခပ်ဖွဖွဖြေသည်။ ပြီးတော့ ကမ်းလှမ်းနေခဲ့သော တုန်ရီချီလက်ဖဝါးထဲကိုထည့်၍ ပြန်လည်ဆုပ်ကိုင်ထားလိုက်၏။

"ဘဘ ကျွန်တော် ရှိတယ်လေ"

"လူ...လူလေးရန် ..."

ဦးပန်းမြိုင်၏ စကားတစ်ခွန်းနှင့်တစ်ခွန်းက ခက်ခဲပင်ပန်းစွာ ညှစ်ထုတ်ပြောနေရရှာမှန်း သိလိုက်တော့ စိတ်မကောင်းဖြစ်သွားမိ၏။ နောက်ဆုံးထွက်သက်ကို ခက်ခဲပင်ပန်းစွာကြိုးစားစုစည်းနေရသူတစ်ယောက်အပေါ်မှာ သူ တစ်ကိုယ်ကောင်းဆန်စွာ ကြည့်နေခဲ့ဖူးသည့်အဖြစ်အတွက် နောင်တရလိုက်မိရင်း ...

"ပြောလေ ဘဘ၊ ဘဘ ဘာပြောချင်လို့လဲ"

ရှေ့ကိုပိုတိုး၍ အာရုံစိုက်ယောင်လိုက်သည်။ အားလုံး လှုပ်လှုပ်ရှားရှားတွေဖြစ်ကုန်ကာ ဦးပန်းမြိုင်နှင့်အနီးဆုံးသို့ တိုးကပ်လာကြ၏။

ဦးပန်းမြိုင်သည် ရန်လေး၏လက်ကိုဆုပ်ထားရင်း ကတုန်ကယင်ကြီးဖြစ်လျက် ...

"သမီး ... သမီးလေ ... မင်းရဲ့မမ ..."

"ဟုတ်ကဲ့ ပြောပါ ဘဘ"

"သူပြန်လာရင် လူလေးက စောင့်ရှောက်ပါ။ သူ... သူ နိုင်ငံခြားကို ပြန်မသွားဘဲ မြန်မာပြည်မှာပဲ နေ...နေဖြစ်အောင်..."

"သူဌေးကြီး ခဏနားပါဦးခင်ဗျာ"

ဦးရန်နိုင် ရင်နင့်သံကြီးနှင့် ဝင်ပြော၏။ သူဌေးကြီး ဘာပြောချင်နေတာကို သူသိသည်။ သူနှင့်လည်း အားလုံး ပြောဆိုခဲ့ပြီးဖြစ်၏။ သို့သော်...

"လူငယ်ဆိုတော့ ပြောရခက်မယ်ထင်တယ်ကွ၊ ပြီးတော့ ဒီအရွယ်ဆို





တာ ထင်ရာစိုင်းချင်ကြတဲ့ ခွတ်တရွတ်ဉာဉ်လေးတွေရှိကြတယ်၊ အဲဒီတစ်ခုတော့ ငါ စိုးရိမ်တယ် ရန်နိုင်။ သမီးနဲ့ရန်လေးက ဒီအရွယ်တွေကျမှ တကွဲစီဖြစ်နေကြတော့ မရင်းနှီးဘူး၊ အဲဒါကြောင့် သမီးကိုပြန်လာဖို့ ငါ အပူတပြင်းခေါ်ရတာ၊ တကယ်လို့ ငါ ကျန်းမာရေးကောင်းနေရင်တော့ သူတို့ချင်း ငယ်ငယ်ကလို ပြန်ပြီးရင်းနှီးလာကြတဲ့အထိစောင့်ပြီး အားလုံးအဆင်ပြေနိုင်ပြီဆိုတော့မှ လက်ထပ်ပေးလိုက်ရင် လွယ်တယ်၊ အခြေအနေမကောင်းလို့ ဖြန်းဒိုင်းဆို ပေးစားရတော့မယ့်အဖြစ်မျိုးရောက်ခဲ့ရင် ငါ အသေဖြောင့်ပါ့မလားဘဲ"

သူဌေးကြီးမှာ ဒီသောက,က ဟိုတုန်းကတည်းကရှိနေခဲ့သည်။ နောက်ဆုံးထွက်သက်ကို ပေးဆပ်ရတော့မည့်အချိန်ထိ ရန်လေးနာမည်ကိုခေါ်၍ ဝေဒနာခံစားနေရသည့်အဖြစ်က ဘယ်လိုမှကြည့်ရက်စရာ မရှိ။

ဒါကို ရန်လေး လုပ်နေပုံက လူကြီးတွေရှေ့မှာ ဘယ်လောက် တစ်ကိုယ်ကောင်းဆန်နေသလဲ၊ သူ့မှာ ဒေါသနှင့်ကြေကွဲခြင်းကို တပြိုင်တည်းခံစားနေရ၏။

သူဌေးကြီး အားလုံးကို ကျောခိုင်းသွားချိန်မှာ မျက်ရည်တွေအလိမ်းလိမ်းနှင့် ခံစားမဆုံးနိုင်ဖြစ်ခဲ့ရသူကလည်း ဦးရန်နိုင် တစ်ယောက်ပဲ ဖြစ်သည်။

"မင်းရဲ့မမကို လက်ထပ်ပြီး ရိုးမြေကျ အတူတူ ..."

ထိုစကားကို ဖျစ်ညှစ်ပြောကြားရင်း သူဌေးကြီးဦးပန်းမြိုင် နှုတ်ဆက်သွားခဲ့လေသည်။ ရှေ့နေကြီးဦးမြတ်ထူးက သက်ပြင်းရှည်ကြီးကိုချ၍ ခေါင်းတခါခါ ...

"သူ့သမီးအတွက် သူဌေးကြီး တော်တော်နောက်ဆံတင်းရှာတာ"

"ဟုတ်တယ်ဗျာ၊ မိန်းကလေး ပြန်ရောက်မလာခင် ဒီလိုဖြစ်သွားတာ ကျုပ် တကယ်စိတ်မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဦးသက်ဝေကလည်း ဦးပန်းမြိုင်၏ရုပ်ကလာပ်ကို စိတ်မကောင်းစွာကြည့်၍ ပြောရှာသည်။

"မောင်ရန်လေးနဲ့လက်ထပ်ပေးဖို့ စီစဉ်ထားတဲ့ကိစ္စက သေတမ်းစာထဲမှာလဲပါတယ်၊ အမွေလွှဲပေးခဲ့တဲ့အထိ အိမ်ထောင်ရေးက ပါနေတယ်"

ရန်လေး၏မျက်နှာကို အကဲခတ်နေခဲ့သည့် ဦးမြတ်ထူးက ဦးပန်းမြိုင်သေဆုံးသွားသည်နှင့် ထိုနေရာပဲ ဒီစကားကို ပြန်ကာသည်။ အားလုံးက ခေါင်းညိတ်လိုက်ကြပေမယ့် ရန်လေးက မှုန်ကုပ်ကုပ်မျက်နှာနှင့် မသိမသာ တစ်ဖက်လှည့်၏။

ဦးရန်နိုင် မျက်နှာပျက်သွားမိသည်။ အထူးသဖြင့် အိမ်တော်ထိန်းကြီးကိုပါ။ သူဌေးကြီးနဲ့သူတို့စီစဉ်ဆွေးနွေးခဲ့သမျှ အိမ်တော်ထိန်းကြီး သိသည်။

ဒီမိသားစုအပေါ် မှာ အလွန်သစ္စာကြီးကာ ကိုယ်ကျိုးစွန့်ဖို့လည်း ဝန်လေးတဲ့သူမဟုတ်တာကို သိထားသဖြင့် သူဌေးကြီး သေဆုံးသွားကာမှ ကိုယ့်ဘက်က တစ်ခုခုအတိမ်းအစောင်းဖြစ်သွားခဲ့ရင် ဒီမျက်နှာ ဘယ်သွားထားရမလဲ။

အိမ်တော်ထိန်းကြီးက ဘယ်လိုမြင်မလဲ။ ခုလည်း ခပ်စူးစူးမျက်လုံးတွေထဲမှာ ...

"မင်းက ကိုယ့်သားကိုမနိုင်ဘူးလား" ဟု စစ်မေးနေသကဲ့သို့ပင်။

ဦးရန်နိုင် ကိုယ့်သားပုံစံ အချိုးမပြေတာကို တစ်ချက်လှည့်ကြည့်၍...

"သူဌေးကြီးရဲ့ဆန္ဒအတိုင်းဖြစ်ရမှာပါခင်ဗျာ၊ ဒါကို ကျွန်တော်တို့ဟိုတုန်းကတည်းက ပြေလည်စွာပြောဆိုဆွေးနွေးခဲ့ပြီးသားပါ၊ ဒီတိုင်းပဲဖြစ်ဖို့လဲ တာဝန်ယူပါတယ်၊ သမီး ပန်း ပြန်ရောက်လာရင်သာ ..."

"ဒါက ကျုပ် လုပ်ဆောင်ရမယ့်တာဝန်အပိုင်းပါ"

ဦးမြတ်ထူးက ပျော့ပျောင်းမှုမရှိသောမျက်နှာကြီးနှင့် လက်တစ်ဖက်ကာပြပြီး ဝင်ပြောသည်။ ရှေ့နေကြီးက ခေါင်းညိတ်၏။





"ဒါဆိုရင် မိန်းကလေးရဲ့သဘောတူညီမှုရပြီးတာနဲ့ သေတမ်းစာတိုင်း အမွေလွှဲဖို့ကိစ္စအတွက်ပါ ကျွန်တော်တို့ စီစဉ်ရမှာပေါ့"

လူကြီးတွေ သဘောတူညီမှုနှင့်အတူ သူဌေးကြီး၏ဈာပနကိစ္စအဝဝ အားလုံးပြီးဆုံးသွားချိန်အထိ သမီးဖြစ်တဲ့သူက ရောက်မလာသေးပေ။

နိုင်ငံခြားမှပြန်လည်အကြောင်းကြားချက်ရောက်လာမှ ပန်း ဆိုသည့် မိန်းကလေးက ခရီးသွားအဖွဲ့နှင့်အတူပါသွားတာ တစ်လကျော်ပြီဖြစ်ကြောင်းနှင့် သူမထံမှ ဆက်သွယ်မှသာ အကျိုးအကြောင်းပြောလို့ရမှာဖြစ်ကြောင်း သိကြရသည်။

လူကြီးတွေကတော့ တာဝန်တွေဆက်လက်ရှိသေးသည်မို့ စိတ်စောကြ၊ စိတ်ပူကြနှင့် ဖုန်းတွေဆက်၊ တိုင်ပင်ကြလို့မပြီးနိုင်။

ဒီထဲမှာ ရန်လေး တော့မပါပေ။ ပန်း ပြန်မလာတာကို သဘောတွေကျနေသေး၏။

ကောင်းတာပေါ့ ...

🔔 🔔 🔔



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

လေဆိပ်အဆောက်အအုံထဲကနေ လူတွေ တစ်ပြုံကြီးထွက်လာကြတော့ ရန်လေး ကိုယ်ကိုခပ်မတ်မတ်ပြင်ပြီး တစ်ယောက်ချင်းလိုက်ကြည့်သည်။

နိုင်ငံခြားသားတွေရော မြန်မာတွေရော တစ်ယောက်ပြီးတစ်ယောက် တစ်တွဲပြီးတစ်တွဲ ထွက်လာနေကြသည့်ထဲမှ ပန်း မပါသေးပေ။

ပန်းနဲ့သူ ကွဲကွာသွားခဲ့ကြတာ ငါးနှစ်နီးပါးလောက်ရှိပြီထင်သည်။ ထိုစဉ်က ပန်း က ဆယ်တန်းတက်ရမှာဖြစ်ပြီး သူက ရှစ်တန်းတက်ရမှာဖြစ်သည်။

သူ မွေးဖွားစကတည်းက 'သုခမာလာ'အိမ်ကြီးထဲမှာပဲဖြစ်ကာ ခုချိန်ထိလည်း သူ ရှိနေဆဲပင်။ ဒါပေမယ့် 'သုခမာလာ'၏အရှင်သခင်တို့က သူတို့သားအဖနှင့် သွေးသားရင်းချာလည်းမဟုတ်၊ ဆွေမျိုးတော်စပ်ခြင်းလည်းမရှိပေ။





ပန်း၏ဖေဖေ ဦးသုခနှင့် ရန်လေး၏ဖခင် ဦးရန်နိုင်တို့က ငယ်သူငယ်ချင်း။ သူငယ်ချင်းဆိုသော်လည်း အဆင့်အတန်းမတူကြဘဲ ပေါင်းဖက်မိခဲ့ကြတာဖြစ်သည်။

ဦးရန်နိုင်က ငယ်စဉ်ကတည်းက မိခင်မဲ့ခဲ့သလို ဦးသုခကလည်း မိခင်မရှိတော့သည့်ဘဝချင်းက တိုက်ဆိုင်စွာ တူညီနေခဲ့၏။

ဦးပန်းမြိုင်ကလည်း မိတဆိုးသားလေး ဦးသုခကို မျက်နှာညိုမခံနိုင်အောင်ချစ်ခဲ့သည်။

ထို့ကြောင့် သားဖြစ်သူက သူ့သူငယ်ချင်းကို ကူညီဖို့၊ ထောက်ပံ့ဖို့ ဘာကိစ္စဖြစ်ဖြစ် တစ်ခွန်းမှမဟန့်တား မပိတ်ပင်ခဲ့ဘဲ နောက်ဆုံး ဦးရန်နိုင်၏ဖခင်ပါ ဆုံးသွားခဲ့သဖြင့် တစ်ကောင်ကြွက်ဘဝလေးကိုစာနာကာ သားနှင့်အတူတူလာနေစေခဲ့၏။

ထိုအချိန်မှစ၍ အရင်းနှီးဆုံးသူငယ်ချင်းနှစ်ယောက်ကနေ ညီအစ်ကိုလိုဖြစ်ခဲ့ကြသည်။

နှစ်ယောက်အတူကျောင်းသွား၊ ပညာသင်ကာ ဘွဲ့ရတော့လည်း အတူတူပဲဖြစ်၏။ သို့သော် ဦးရန်နိုင်က အခွင့်အရေးယူတတ်သူမဟုတ်ပေ။ ဦးသုခတို့သားအဖ ဘယ်လိုပဲလိုက်လျှောကြပါစေ အိမ်မှာ နေရာတကာဝင်ကူသည်၊ ဘယ်အလုပ်ဖြစ်ဖြစ် သူ ဝင်ပါတတ်၏။ နောက်ဆုံးမှာ ဦးရန်နိုင်ကိုပါ ဦးပန်းမြိုင်၏သားဟုထင်ကာ အဆောင်အယောင် ပကာသနမက်သည့်မိန်းကလေးတစ်ယောက်က မေတ္တာမျှခဲ့သည်။

သူမဘက်ကလူကြီးတွေကလည်း သဘောတူသည်။ ဦးပန်းမြိုင်ကလည်း သားနဲ့မခြားစေရပါ။ မင်္ဂလာကိစ္စ၊ လက်ဖွဲ့ကအစ အားလုံးကို မိဘနေရာမှာနေကာ ပြည့်စုံအောင် စီစဉ်ပေးသည်။ နေဖို့တိုက်ခန်းအထိ လိုက်လျှောပေးကမ်းခဲ့သည်။

ဒီတိုင်းငြိမ်မနေခဲ့တာက ဦးရန်နိုင် ဖြစ်၏။ ဦးသုခနှင့်သူ ညီအစ်ကို



www.burmeseclassic.com

www.burmeseclassic.com



အဖူး မဟုတ်ကြောင်း သူကိုယ်တိုင်ဝန်ခံ၍ ဦးပန်းမြိုင် ကူညီခဲ့သမျှကို ရေးရေးတင်ထိုက်ကြောင်း တဖွဖွပြောသည်။

သူ့ဘက်က ဒီလိုရှိပေမယ့် မိန်းမဘက်ကကျတော့ လူကိုထိတွေ့မှုဖြစ်ကို ဘယ်လိုမှမကျေနပ်နိုင်။ ထို့ပြင် ဦးသုခတို့ဆီကိုသွားသွားနေတာ ဒီထဲကတာဝန်တွေကို လက်လှမ်းမီသမျှ လုပ်ပေးနေဆဲမို့ ဦးရန်နိုင်ကို သည်းမခံနိုင်အောင်ဖြစ်လာခဲ့ကြ၏။

နောက်ကျတော့ ဇနီးဖြစ်သူကိုယ်တိုင်က ကွာရှင်းပြတ်စဲဖို့ပြောလာကာ ရန်လေး၏ကိုယ်ဝန်ငါးလနှင့် အိမ်ထောင်ရေး ပြိုကွဲခဲ့သည်။

ထို့ပြင် မွေးကင်းစအနီးဖြူဖြူလေးနှင့် ရန်လေး ကို'သုခမာလာ'ခြံကြီးထဲ အရောက်ပို့ပေးခဲ့ကြ၏။ ပြီးတော့ မိသားစုလိုက် နိုင်ငံခြားကို သွားခဲ့ကြသည်ဟု ကြားရတာပဲဖြစ်၏။

စည်းစိမ်ဥစ္စာကြောင့် သားသမီးကိုတောင်ပစ်ရက်ခဲ့သည့် ဇနီးဖြစ်သူကို နာကြည်းမိရင်း စွန့်ပစ်ခံသားလေးအဖြစ်ကိုလည်း ဦးရန်နိုင် သနားမဆုံး ဖြစ်ခဲ့ရသည်။

ဒီအကြောင်းတွေကိုပြောပြရင်း သူ့ဘဝတစ်လျှောက်လုံးမှာ 'သုခမာလာ'ခြံကြီး၏အရှင်သခင်တို့သည်သာ ထာဝရကျေးဇူးရှင်တွေဖြစ်ကြောင်း။ ဒါကို အမြဲတမ်းနှလုံးသွင်းပြီး ကိုယ့်အလှည့်မှာ ပြန်လည်တုံ့ပြန်ကျေးဇူးဆပ်နိုင်ရမှာဖြစ်ကြောင်း တဖွဖွမှာခဲ့သည်။

ဦးသုခ အသက်ငယ်ငယ်နှင့် ဆုံးပါးသွားခဲ့တော့လည်း ဦးရန်နိုင်က ဦးပန်းမြိုင်ကို ပိုလေးစားသည်။ ဂရုစိုက်ခဲ့သည်။ ပန်း ကို အမှီးလေးလိုပဲ ကြင်နာခဲ့၏။

ဦးပန်းမြိုင် ဘယ်လိုတားတား သူဌေးကြီးလို့သာ ခေါ်ခဲ့ပြီး ...

"ဟိုတုန်းက သုခ ခေါ်သလို လိုက်ခေါ်မိလို့ ကျွန်တော့်အိမ်ထောင်ရေး ပြာကျခဲ့ရပြီးပါပြီ။ သားလေးလက်ထပ်မှာတော့ အဲဒီလိုမဖြစ်စေချင်





လို့ပါ။ ကျွန်တော်တို့ဟာ အိမ်ဖော်မျိုးရိုး၊ ဒရိုင်ဘာမျိုးရိုးမဟုတ်ဘဲ မှန်ပေမယ့် ကားမောင်းနေရတဲ့လူက ဒရိုင်ဘာပါပဲ၊ လူမှန်နေရာမှန်မှပဲ ကောင်းပါတယ်"

ဦးပန်းမြိုင်ကို ဦးရန်နိုင်က ဒီဝိုင်းပဲပြောကာ သူဌေးကြီးလို့သာ ပြောင်းလဲခေါ်ခဲ့တာ ခုချိန်ထိပင်။

ဒါတွေကို ပြန်ပြောပြလို့ကြားရတော့လည်း အမေ့ကျေးဇူးရှင်တွေပဲဟု မှတ်ထားခဲ့၏။

ကိုယ်တိုင်လည်း ကျေးဇူးတင်နေခဲ့တာရှိပါသည်။ ဒါပေမယ့် ကျေးဇူးဆပ်ခြင်းဆိုသည့်တာဝန်တစ်ရပ်ကို တမင်ထုပ်ပိုးပြီး ပခုံးပေါ် ထမ်းတင်ထားရတာမျိုးကျတော့ ကောင်းသလား။

သို့ဆိုလျှင် ကျေးဇူးပြုခဲ့သူကရော နောင်တစ်ချိန် ငါ့အတွက် ဒီလိုပြန်ရမှာပဲဆိုပြီး အကျိုးလိုလို့ ညှောင်ရေလောင်းတာမျိုးလား။

မတ်မတ်ထိုင်နေမိသည့်ကိုယ်က ကုလားထိုင်မှာ ပက်လက်ပြန်ကပ်သွား၏။ သူ တွေးလိုက်မိသည်မှာ ကျေးဇူးတရား၏ကွန်ယက်ကြီးပင်။

အစစ ကူညီခဲ့သည့်မိသားစုဆိုပြီး အဖေက ဘွဲ့ရပညာတတ်ဖြစ်ပါလျက်နှင့် ဒရိုင်ဘာ မာလီ လုပ်နေခဲ့သည်။

ထိုဘဝ၏နောက်ပိုင်းရောက်လာတော့ 'ငါတို့ရဲ့ကျေးဇူးရှင်တွေ'ဟု ခေါ်ဝေါ်ပြောင်းလာခဲ့၏။ ထိုကျေးဇူးကိုဆပ်ဖို့ တာဝန်ကျတော့ ပန်း ဆိုသည့်မိန်းမကို သူက မချစ်မနှစ်သက်ဘဲ လက်ထပ်ယူရဖို့ဖြစ်လာ၏။

ရန်လေး နှုတ်ခမ်းမှာ ခပ်လွန့်လွန့်မဲ့လိုက်ခြင်းကြောင့် အကျည်းတန်သွားသည်။ သူ ဒီနေ့ထိ ဖြတ်သန်းကျော်လွှားလာခဲ့သောဘဝတစ်လျှောက်မှာ မှီခိုစားသုံးခဲ့သမျှအားလုံးဟာ အစာအာဟာရတွေမဟုတ်ဘဲ အဆိပ်အတောက်၊ သံမှိုသံစတွေဆိုတာသာ အစကတည်းကကြိုသိခဲ့လျှင် ဒီတိုင်းအသေခံပြီး နောက်ထပ်ဘဝသစ်တစ်ခုထဲသို့ ပျော်ပျော်ကြီးခုန်ချပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိမှာ အမှန်ပင်။ ခုတော့ ...

"ကျွတ်"

ရှေ့ကမဟုတ်ဘဲ နောက်ကနေရောက်လာသည့်အရိပ်တစ်ခုက သူ့ဘေးကတံခါးကို လက်ခုံနှင့်ခေါက်၍ ကျွတ်ခနဲအသံပြု၏။

တံခါးက မှန်တစ်ဝက်ချထားတာမို့ အကောင်းစားရေမွှေးနံ့ကလည်း ထောင်းခနဲဝင်လာသည်။ မော့ကြည့်လိုက်တော့ အရပ်မြင့်မြင့် ကိုယ်ဟန်သွယ်သွယ်နှင့် အမျိုးသမီးတစ်ယောက်။

သူ့ဆီလာဖို့က တစ်ယောက်ပဲရှိသည်။ သူမက သူ့ငွေကြီးဦးပန်းမြိုင်၏မြေး ပန်း ဟု အားလုံးခေါ်ကြသော ပန်းတစ်ပွင့်။

သူ့ရှေ့မှာ ဘွားခနဲပေါ်လာသည့်အမျိုးသမီးက ပန်းတစ်ပွင့် ဖြစ်နိုင်ပါ့မလား။

ရန်လေး ကိုယ်ကို ရှေ့တိုးလိုက်ကာ စတီယာရင်မှာ လက်တစ်ဖက်တင်ရင်း သေချာအောင်ထပ်ကြည့်မိသည်။ သူမက ပြုံးလိုက်ပြီး ...

"မင်းက 'ရန်ဘက်'မဟုတ်ဘူးလား၊ ရန်လေး လို့ခေါ်ကြတာလေ၊ တို့က 'ပန်းတစ်ပွင့်'၊ ဘာကြည့်နေတာလဲ"

"မမ"

မယုံလို့မရတော့ပေမယ့် သူ အံ့သြနေဆဲပင်။

"ဟုတ်တယ်၊ တံခါးဖွင့်ပေးပါဦး၊ ဒီမှာ သေတ္တာနဲ့အိတ် ပါသေးတယ်"

သူ ခေါင်းညိတ်လိုက်ရင်း ကားပေါ်ကဆင်းသည်။ ထိုအခါ ပထမခြေလှမ်းအချမှာပဲ ကိုယ့်ခြေထောက်နှင့် ခြေဦးတိုက်ရှိနေသည့် ဖြူနုသော ခြေထောက်ပြည့်ပြည့်လေးတစ်စုံကို သတိထားလိုက်မိ၏။

ခြေသည်းနီဆိုးထားတာလည်းမဟုတ်၊ ခြေသည်းရှည်ထားပြီး ပုံဖော်ထားတာလည်းမဟုတ်ပေ။ ခြေသည်းဆို၍ ဘာမှမရှိဘဲ သေသပ်သန့်ရှင်းစွာလှီးဖြတ်ထားတာပဲဖြစ်သည်။





ဒါပေမယ့် ခြေဖမိုးမှန်း၊ ခြေဖဝါးစောင်းမှန်း ခွဲရခက်လောက်အောင် နှမ္မတ်နီမြန်းနေ၏။ အကောင်းစား သားရေပျော့နှင့် စတီးကွင်းလေးတစ်ကွင်းပဲပါသည့် ခြေညှပ်ဖိနပ်ရိုးရိုးလေးပဲစီးထားသည်။

အနက်ရောင်လုလုဖြစ်သော ရှားစောင်းဖိနပ်လေးနှင့် ခြေထောက်၏ နုမွတ်ခြင်းက ငေးခနဲကြည့်မိသွားလောက်အောင်ပင်။

သူမရှေ့မှာ သူ မတ်တတ်ရပ်လိုက်တော့ သူမထက် နည်းနည်းလေးပဲ အသာစီးယူထားနိုင်၏။ ယောက်ျားလေးတော်တော်များများထဲတွင် သူက ကျောခဲ့တဲ့သူဖြစ်သည်မို့ နင်လားငါလား ယှဉ်နေသည့်သူမကို နည်းနည်းတော့ချဉ်သွားမိသည်။

ဝတ်ထားတာက အနက်ရောင်ထဘီမှာ ဘာရောင်မှ အစက်အပြောက်မပါ၊ အကျီက လည်စည်းအညိုလေးပါသည့် အနက်ရောင်လက်ပြတ်ခါးရှည်။

ဖြုန်းခနဲမြင်လိုက်ရလျှင် တစ်ကိုယ်လုံးမည်းနက်နေသဖြင့် တစ်မျိုးကြီးဖြစ်နေ၏။ ဒါပေမယ့် နုရဲဝင်းစိုနေသည့် အသားရောင်လေးနှင့်ဆိုတော့ သိပ်တော့မဆိုးလှပေ။

ခြေဖျားမှစ၍ မျက်နှာထိ ဝှေ့ခနဲ စူးခနဲကြည့်မိတော့ ပန်းက ပြုံးလိုက်၏။

"တို့ တော်တော်ပြောင်းလဲသွားတယ်ထင်တယ်၊ ဒါပေမယ့် မင်းကတော့ အရင်အတိုင်းပဲ"

သူမ၏အပြုံးကို စေ့စေ့မကြည့်ဘဲ ရန်လေး က မျက်နှာလွှဲထွက်သွား၏။ အနားမှာရှိနေသည့်အိတ်နှင့်သေတ္တာကို နောက်ခန်းထဲထည့်လိုက်သည်။ တံခါးပြန်ပိတ်တော့ သူမ ရောက်လာကာ..

"ရန်ဘက် ဆိုတဲ့နာမည်အတိုင်း မင်းရဲ့မျက်လုံးထဲက အမြဲတမ်းရန်လိုနေတဲ့အကြည့်တွေ လုံးဝ မပြောင်းလဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ထပ်ပြောနေသည်။ ရန်လိုတယ်ပြောတာကိုပဲ သူ မကြိုက်ခဲ့တာဖြစ်၏။ အချိန်ပြည့်နီးပါး မျက်မှောင်ကြုတ်နေတတ်သည့်အကျင့်ကြောင့် ဘယ်သူခေါ်လိုက်ခေါ်လိုက်၊ ဘယ်ကိုပဲကြည့်ကြည့်မိ မျက်မှောင်ကြုတ်ထားခြင်းက မျက်လုံးသွားလေရာပါသွားတတ်သည်။

ထိုင်နေနေ၊ သွားနေနေ နှုတ်ခမ်းဖွင့်ထားတတ်သည့်အကျင့်လည်း သူ့မှာ မရှိတော့ ဒီမျက်နှာ နူးညံ့ချိုသာခြင်းကို ဘယ်မှာသွားရှာမလဲ၊ ဒီအကျင့်တွေကြောင့် ဒီမျက်နှာ ဒီလိုဖြစ်နေတဲ့ကိစ္စ ...

အမြဲတမ်းရန်လိုနေတဲ့အကြည့်တွေပါလို့ စွပ်စွဲတာ ကောင်းလား။

ဒါ ခုတွေ့မှပြောတာလည်းမဟုတ်ပေ။ ဟိုးငယ်ငယ် အတူတူသွားလာဆော့ကစားနေကြစဉ်ကတည်းက အသက်လည်း ဒီလောက်ကြီးကြွလှတာမဟုတ်ဘဲ သူ့ကိုဆို ပန်း ဆိုသည့်မိန်းမက ခေါင်းခေါက်လိုက်နှုတ်ထုလိုက်။

“ရုပ်ကဘာဖြစ်သွားတာလဲ၊ ယောက်ျားတန်မဲ့ စူပုပ်ပုပ် ကောက်ချိတ်ချိတ်နဲ့”

ဟု ပြောတာမျိုး။ ပြီးတော့ ...

“ကောင်းကောင်းပြောနေရင် မျက်လွှာလေးစင်းချထားပြီး သိမ်သိမ်မွေ့မွေ့နာခံပါလားဟဲ့၊ မျက်နှာကိုက အမြဲတမ်း ရန်လိုနေတာ၊ လူသတ်ချင်တဲ့ရုပ် ... ဟွန်း”

ဤကဲ့သို့မညှာမတာပြောကာ တစ်ဖက်လူ ဘာတွေဖြစ်ကျန်ခဲ့လည်း မကြည့်။ သွားချင်ရာထ,သွား၍ လုပ်ချင်ရာလုပ်နေတတ်၏။

ဒါတို့ ပြဿနာရှာဖို့ ဒေါသတွေဖောင်းပွကျန်ခဲ့တဲ့သူ့ဘာပဲ ပခုံးသွားပုက်ပြီး တစ်ကနေပြန်စ စိန်ခေါ်ရမှာလား။

ပြီးတော့ သူပဲ ဘာမှမပြောမဆိုခဲ့သလိုလို ရယ်မောမပျက်၊ ပခုံးချင်းလာတိုက်လိုတိုက်၊ လက်ချင်းချိတ်လိုချိတ်။





“မမနော် ဒီမှာ တင်းနေတာ၊ လာမခေါ်နဲ့”

“အံမယ် ဘာကိုတင်းတာလဲ၊ သေလိုက်”

သူမ နှုတ်ခမ်းတွေမှာ အပြုံးအရယ်ပျက်သွားတယ်ဆိုတာ သိပ်မရှိဖူးပေ။ ဒေါသမောဟတွေ ရန်လေး ဘယ်လောက်ပဲစုဆောင်းပုံခဲ့ထားထား၊ ရန်ထ,ဖြစ်စရာကောင်းလောက်တဲ့စကားတွေ ဘယ်လိုပြောပြော...

ပန်း က ပခုံးတွန့်လိုက်၊ မဲ့လိုက်၊ ရယ်ပစ်လိုက်ပြီးဆို ထိုမျက်နှာကို ရန်လေး ဘယ်လိုမှ ကြည့်မရ။

“ဒီခြံကြီးထဲမှာ နင်နဲ့ငါ့နှစ်ယောက်ပဲကစားဖော်ရှိတာ၊ မခေါ်ဘဲနေကြရင် ဘယ်လောက်ပျင်းစရာကောင်းလဲ၊ ငါက အိမ်ပေါ်မှာ အရုပ်တွေနဲ့ကစားရတာ အရမ်းစိတ်ပျက်တာပဲ၊ ဝါသနာလဲမပါဘူး၊ နင်က အရုပ်ထက် အများကြီးသာတယ်၊ စကားလဲပြောတယ်၊ ရန်ဖြစ်လို့လဲရတယ်၊ ဒါပေမယ့် မခေါ်ဘဲတော့မနေရဘူးနော်”

ပြောပြီး ရယ်နေလိုက်ပုံများ ဒီနေ့ထိ ဒီလိုရယ်တတ်တဲ့နှုတ်ခမ်းလွှာတွေက မပြောင်းလဲသေးပါလား။ သူကတော့ သူမကို စကားဟဟာပင် မပြောချင်။

ကိုယ့်ကို အရုပ်လိုကစားချင်တဲ့မိန်းမ။ သူမှလွဲ၍ အားလုံးကို အလကားလိုပဲ သဘောထား ဂရုမစိုက်တတ်သည့် ပန်းတစ်ပွင့်။

သူမဟာ သူ လက်ထပ်ရမည့်မိန်းကလေးဖြစ်လာခဲ့ပြီ။

ပြီးခဲ့သမျှဟာ သူ ရင်ဖွင့်ရေးသားနေသော ဒိုင်ယာရီထဲက စာသားတွေပဲဖြစ်ပါစေ။

အနာဂတ်မှာ ဒီဒိုင်ယာရီက ပျောက်ရှသွားခဲ့ပြီ။

သူသည် မြတ်နိုးကြင်နာတတ်သောမိန်းမကိုသာ လက်တွဲရင်း...



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

"ဘာကွ၊ ကျွန်တော်ချစ်တဲ့သူကိုပဲ လိုချင်တယ် ဟုတ်လား"

ဦးရန်နိုင် ဒေါသတကြီး ထံ့ရပ်လိုက်သည်။ ရန်လေး က မကြည်မသာမော့ကြည့်၍ ...

"ကိုယ့်ဆန္ဒကိုတောင် မပြောရဘူးလား ဖေဖေ၊ အားလုံး စီစဉ်ပြီးနေပြီ၊ လက်ထပ်ရတော့မယ်၊ အဲဒါကို ကျွန်တော် သိတာပဲ"

"သိရင် မပြောနဲ့ပေါ့ကွ၊ အခု ပန်း လဲပြန်ရောက်နေပြီ၊ လက်ထပ်ဖို့လဲ စီစဉ်နေကြပြီ၊ မင်းပြောတဲ့စကားကို ပန်း တို့တစ်ယောက်ယောက်ကြားသွားလို့ကောင်းမလား"

ရန်လေးက 'မတတ်နိုင်ဘူး၊ ကြားပါစေ'ဟု ပြောချလိုက်သလိုမျိုး နဖူးထိပ်ကဆံပင်အုပ်ကို လက်တစ်ဖက်နှင့်ခါထုတ်ပစ်လိုက်၏။

တင်းမာနီမြန်းနေသောမျက်နှာကို ပြေပြစ်အောင်ပြင်ဆင်ခြင်းမရှိဘဲ ဦးရန်နိုင်ရှေ့မှထကာ ပြတင်းပေါက်ဘက်ကို လှည့်ရပ်လိုက်သေးသည်။

အချိုးမပြေသည့်ပုံကို ဦးရန်နိုင်ကလည်းသိသည်။ ဒါပေမယ့် ရန်လေး





မှာ ချစ်သူမကျ သူငယ်ချင်းမက အနေအထားမျိုးလေးနှင့် တစ်ယောက်ရှိနေတာကိုလည်း သတင်းသဲ့သဲ့ကြားထားတာရှိတော့ နားလည်ပေးဖို့ကို ကြိုးစားနေရသည်။ ထို့ကြောင့် သူမြင်သည့်ပုံနှင့် ^ငယ့်စကားနှင့်ကိုယ် ရှေ့ဆက်ဖို့ပဲ ဆုံးဖြတ်ကာ ...

"နေပါဦးကွ၊ မင်းကို ပန်း က မနေ့က လမ်းမှာ တစ်ခုခုများ ပြောခဲ့ဆိုလိုက်သလား။ ဥပမာ မင်္ဂလာကိစ္စကို သူ သဘောမပါတာတို့၊ ဘာတို့.."

သူ ပြန်စလိုက်တော့ ရန်လေး က လှည့်မကြည့်ဘဲနှင့် ...

"ဘာမင်္ဂလာကိစ္စမှမပြောခဲ့ဘူး၊ ကျွန်တော် စိတ်လဲမဝင်စားဘူး၊ အဲဒါကို အဖေ့ကို ကျွန်တော်က ပြန်မေးရမှာ"

ဟု ပြောပြီး ချာခနဲလှည့်လိုက်သဖြင့် ဦးရန်နိုင်ကလည်းကြည့်သည်။

"ဒီမှာ စီစဉ်နေကြတဲ့ကိစ္စတွေကို မမ သိရဲ့လား၊ အားလုံး စီစဉ်ပြီးနေပြီဆိုတဲ့အချိန်ထိ သူ့ကိုကျတော့ ဘာမှအသိပေးမထားခဲ့ဘူးလား"

"ဘာဖြစ်လို့လဲ"

"သူ ..."

ဘာဆက်ပြောရမှန်းမသိ၊ ဟိုတုန်းကလိုအကြည့်တွေ၊ မဲ့ပြုံးတွေ ဂရုမစိုက်တဲ့စကားမျိုးတွေ အားလုံး ဘာမှပြောင်းလဲသွားတာမရှိ။

ခုချိန်မှာ သူဟာ သူမအတွက် ဂရုစိုက်စရာမလိုသည့်လူတစ်ယောက်နေရာမှာပဲရှိနေသင့်သလား၊ ဒါမှမဟုတ်လျှင် သူမက တမင်တကာ ခပ်ကျောကျောဆက်ဆံပြတဲ့လား။

ဒါကို ရင်ထဲမှာခံနေသည်။ ပြောပြန်လျှင် ကိုယ်ကပဲ ခပ်ပေါပေါကောင်ဖြစ်သွားနိုင်သေးသည်။

'ချက်ချင်းကြီးပြောင်းလဲနိုင်ပါ့မလား'ဆိုတာတွေ၊ 'မင်းက ဘာကောင်မို့လို့လဲ' ဆိုသည့် မျက်လုံးတွေ၊ အဖေက မကြည့်ခဲ့ရင်တောင် တစ်စုံတစ်ယောက်က ကြည့်ပြီးပြောလာဖို့တွေရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ရန်လေး ပြောချင်တာတွေ တစ်ထွေးကြီးကို ပြန်မျိုချလိုက်ရသဖြင့် လည်နှင်သွားသည်။ နောက်ဆုံးတွင် 'မင်းမျက်နှာကို ကြည်ကြည်လင်လင်ထား၊ စကားပြောဆင်ခြင်'ဆိုသည့် အဖေ့ရဲ့အမိန့်တစ်ရပ်အောက်မှာ သူ ခေါင်းငုံ့နေခဲ့ရသည်။

စိတ်ညစ်ညစ်နှင့် ခြေလှမ်းတွေကို တစ်လှမ်းချင်းနင်းဖြတ်၍ ခြံထဲကို ရောက်လာခဲ့၏။ တိုက်ဆိုင်သည်က သူ့ရှေ့မှာ ပန်းတစ်ပွင့် ရှိနေခဲ့သည်။

"ချက်ချင်းကြီးရောက်လာပါလား။ အပျှန်း ကြိမ်စကြာနဲ့ရိုက်ခေါ်တဲ့ အတိုင်းပဲနော်"

"ဘာ ..."

ရန်လေး က စူးစူးရဲရဲကြည့်ပြီး ငေါက်ဆတ်ဆတ်မေး၏။ ပန်း က ပြုံးနေရာကနေ အံ့သြသလိုလေးဖြစ်သွားကာ ...

"ဘာတွေ ဒေါသဖြစ်စရာပါလို့လဲ၊ မင်းကို ပြောစရာရှိလို့ခေါ်ခိုင်းလိုက်တယ်၊ ခေါ်မယ့်သူက ခုနကပဲထွက်သွားတာ၊ မင်းက ချက်ချင်းဘွားခနဲရောက်လာတော့ တို့ပြောသလိုဖြစ်မသွားဘူးလား..ဟင်" ပြော

မျက်ခုံးတစ်ဖက်ပင့်လိုက်၊ မေးဖျားလေးပင့်သွားလိုက်နှင့် ပြန်မေးနေပုံကို ရန်လေး က စေ့စေ့စပ်စပ်စိုက်ကြည့်၏။

ညနေခင်းရဲ့လေပြည်ထဲမှာ သူမက မဟူရာရောင်ပိုးသားလိုဆံနွယ်လေးတွေနှင့် ယောထဘီအစင်းနှင့် အင်္ကျီလက်ပြတ်လေးကို ဆင်တူဝတ်ထား၏။ ဆံပင်တွေကတော့ ပခုံးအောက်သာသာလေးပါပဲ။ ဒါပေမယ့် ကိုယ်လုံးက သဘိထားမိလောက်အောင်လှသည်။

ဝတ်လိုက်တိုင်း ထဘီတွေပဲဖြစ်ကာ စပို့ရှပ်ကိုယ်ကျပ်တွေလည်း ဝတ်တာမတွေ့သေးပါ။ သူမပုံစံသည် ယဉ်စစလေးနှင့် မဲ့ပြုံးတွေက ရှိနေသည်။ သူများတွေအမြင်မှာ ပန်းတစ်ပွင့် ဆိုသည့်မိန်းမ ဘယ်လောက်ထိ လှနေမည်သိသော်လည်း သူ့မျက်လုံးထဲမှာတော့ အလှအပနှင့်ဆင်





ဆင်တူနေသမျှ ဘာမှလည်းမဟုတ်ပါလား။ ဘောင်းဘီအိတ်ထဲမှာ လက်နှစ်ဖက်စလုံးထည့်၍ ရန်လေး က ခပ်စောင်းစောင်းလှည့်ရပ်လိုက်၏။

"ကျွန်တော်က ခေါ်ခိုင်းလိုက်လို့ရောက်လာတာမဟုတ်ဘူး"

"ဩော် ... ဒီလိုလား"

တကယ်ဆို သူမ ဒါကိုသိနေပြီးသားဖြစ်လိမ့်မည်။ ရန်လေး ပြောလိုက်မှ သိသလိုလိုလျှောင်ရယ်ဟန်နှင့် ...

"ဒါဆိုရင် မင်း တစ်ခုခုပြောချင်လို့ထင်တယ်၊ ပြောလေ"

"လုံးဝမရှိဘူး၊ ကိုယ့်ခြေထောက်တွေ ဒီဘက်ရောက်လာတာတောင် မမကိုမြင်လိုက်မှ သတိထားမိတာ"

"အို ... တော်တော်သတိလက်လွတ်ဖြစ်လာတာပဲ၊ အဲဒီလိုထိဖြစ်တတ်တာ ရှိသလားဟင်"

မေးပုံက လှောင်တာလိုလို၊ အတည်လိုလို၊ ပြီးတော့ ပြောသေးသည်။

"တို့ဦးလေးဆိုရင် သက်ပြင်းချလိုက်မိရင်တောင် ဒီလောက်ထိ ငါ့ရင်ထဲမှာ မွန်းကျပ်နေတာရှိသင့်သလားဆိုပြီး ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်တတ်သတဲ့။ ဘာတစ်ခုမှ သတိလက်လွတ်ပြုမူလိုက်တာမရှိဘူး။ ခြေထောက်တွေ ထင်သလိုသွားနေတဲ့နောက် လူတစ်ကိုယ်လုံးက လိုက်နေရတယ်ဆိုတာ တော်တော်အံ့သြဖို့ကောင်းနေပြီ"

"မဖြစ်ခဲ့ဖူးပါဘူး၊ ဒါပေမယ့် အခု ကျွန်တော် အဲဒီလိုဖြစ်နေတယ်၊ တစ်စုံတစ်ယောက် အမိန့်ပေးလို့ ခေါင်းညိတ်နာခံရတော့မယ်ဆိုရင်တောင်မှ ကျွန်တော့်အသိတရားတွေ ကျွန်တော့်ကိုယ်မှာ ရှိနေမှာမဟုတ်ဘူး"

အမိပ္ပာယ်တစ်မျိုးစီနှင့် မျက်လုံးချင်းဆုံသွားကြသည်။ ပြုံးနေသည့် ပန်း ၏နှုတ်ခမ်းလေးတွေက တိတိကျကျစေ့ပိတ်သွားခဲ့ပြီး ...

"အဲဒါ မကောင်းတဲ့လက္ခဏာပဲကွ၊ အသိတရားနဲ့ကိုယ် အတူမရှိတော့တဲ့သူဟာ အရူးပဲ၊ ကျန်းမာရေးလေး ဘာလေး ပြန်စစ်ပါဦး၊ တို့က



www.burmeseclassic.com

www.burmeseclassic.com



တော့ လူကြီးတွေချမှတ်တဲ့လမ်းစဉ်အတိုင်း နာခံခဲ့တဲ့သူဆိုတော့ မင်းက ရှုံးနေလဲ တို့ ရွေးချယ်တာမဟုတ်ပဲအတွက် ဝမ်းနည်းဖို့မရှိဘူး၊ တန်ဖိုး အလိုက် မင်းနဲ့တန်တဲ့နေရာကို မင်း ရောက်သွားမှာပဲ"

"ဒါဆိုရင် ..."

"ပြောပြတာ"

သူမက ဘာမှမပြောနိုင်အောင် ကောက်ခနဲဖြတ်ပစ်လိုက်သည်။ ပြီးမှ ...

"လိုတာမရလို့ ငိုတာက ကလေး၊ ပြောချင်တာပြောပြီး ဘယ်မျက်နှာကိုမှမကြည့်တဲ့သူကျတော့ အဲဒါ အရူးလို့ပဲ သတ်မှတ်ကြတာ"

"ကျွန်တော်ပြောချင်တာ အဲဒါတွေမဟုတ်ဘူး"

"နေပါဦး၊ တို့ပြောလို့မှမပြီးသေးတာ"

ပန်း မျက်နှာလေးထက်က ပြုံးရယ်ခြင်းတွေအားလုံး ပျောက်ကွယ်သွားကြ၏။ သို့သော် တည်တင်းနေသည့် ဒေါသမျက်နှာမျိုးလည်း မဟုတ်ပေ။

"တို့ငယ်ငယ်ကတည်းက မိဘမဲ့ခဲ့ရတာ၊ ဖေဖေဆိုရင်လဲ ငယ်ငယ်တုန်းက မိခင်မေတ္တာ ဝေမျှတ်ခဲ့တဲ့သူပဲ၊ အခု ဘဘလဲမရှိတော့ဘူး။ မြန်မာပြည်မှာ တို့ရဲ့ အထီးကျန်တစ်ကောင်ကြွက်ဘဝကိုသိရက်နဲ့ ဦးလေး အရင်းခေါက်ခေါက်ကြီးကလဲ နိုင်ငံခြားကနေ ကြည့်ရှုစောင့်ရှောက်မယ့် အကြင်နာမျိုး နည်းနည်းလေးမှ မပေးခဲ့ဘူး"

"ကျွန်တော်သိချင်တာ တစ်ခုမေးချင်တယ်"

မေးခွင့်ပြုလိုက်ခြင်းမရှိပေမယ့် ပန်း က စကားမဆက်ဘဲကြည့်နေသဖြင့် ရန်လေး က ဆက်ပြောသည်။

"အခု ဘဘ ဆုံးသွားပြီးကာမှ မမ ပြန်လာတော့ ဘယ်လိုနွေးထွေးတဲ့အကြင်နာမျိုးကိုရမယ်ထင်လို့လဲ"

"အဟွန်း"





ပန်း က 'မင်းကိုယ်မင်းအထင်ကြီးနေတာလား' ဟု မေးနေသလိုမျိုး ရယ်လိုက်ရင်း သူ့ကို စေ့စေ့ကြည့်၏။

"စားရတဲ့ကလေးက ပိုငတ်တယ်တဲ့၊ မစားရမှန်းမသိတဲ့ကလေး ဆိုရင် မပူဆာတော့ဘူးလေ၊ မင်း မကြားဖူးဘူးထင်တယ်။ တို့က ကလေး မဟုတ်ပေမယ့် နှိုင်းနှိုင်းပြောရရင် မစားရတဲ့ကလေးလိုပေါ့၊ လောဘဆိုတာလဲ ရဖူးမှပိုတက်ကြတာပဲ၊ တို့ မရခဲ့ဖူးတဲ့အကြင်နာမျိုးကို ဘာဖြစ်လို့ လောဘတွေတက်နေရမှာလဲ၊ တို့ရဲ့ခေါင်းထဲမှာရှိနေတာ အကြင်နာ မဟုတ်ဘူး။ သေတဲ့လူက သေခြင်းနဲ့ခွဲခွာသလို ရှိနေတဲ့လူကလဲ ပူးပေါင်းဖို့စကားမပေးခဲ့ဘူး၊ တို့ရင်ထဲမှာ ဥပေက္ခာတရားတွေပဲ သိမ်းဆည်းထုပ်ပိုးလာခဲ့တာ၊ အဲဒါ သူများဆီကယူဖို့မဟုတ်ဘူး၊ ကိုယ်ကပေးဖို့"

သူမက ပြောနေရင်း ကျောခိုင်းလျှောက်သွား၏။ ပြီးမှ ...

"ဘဘ ဆုံးသွားတာကို သင်္ဂြိုဟ်ခွင့်မရလိုက်တာ စိတ်မကောင်းဘူး၊ ဒါပေမယ့် ထားလိုက်နိုင်တယ်။ အနံကယ်လ်က တို့နဲ့အတူ ခဏလေး တောင် ပြန်လိုက်မပေးနိုင်ဘူးဆိုတာကိုလဲ မေ့နိုင်အောင်ကြိုးစားခဲ့ပြီးပြီ၊ နောက်ထပ်ပြီး ဥပေက္ခာတရားတွေနဲ့ ရယ်နိုင်အောင်လဲကြိုးစားနေဦးမှာ၊ အဲဒီထဲမှာ အဓိကက ငါ့ရဲ့အိမ်ထောင်ရေးပဲ"

လိုရင်းက ခုမှရောက်လာခဲ့တာဖြစ်မည်။ ရန်လေး စိတ်ဝင်စားသွား၏။

"မင်းရဲ့ကြိုးဆိုပုံထူးခြားလို့ တို့က အမှတ်တရသိမ်းထားတာ၊ ကျေးဇူးမဲ့ ရန်လေး၊ ရွာမလိုမာန်တင်းနေတဲ့မိုးရဲ့ရှေ့က မင်းက မိုးသက်လေပေါ့၊ တကယ်မရည်ရွယ်ခဲ့ပါဘူး၊ ဒါပေမယ့် မိုးသက်လေရဲ့နောက်က မိုးစက်တွေ ပါလာမှာပဲ"

ပန်း ၏စကားသံတွေက အေးစက်ခြင်းဖြင့် တစ်စတစ်စ မာကျောလာကာ ...

"ပန်းတစ်ပွင့်ဆိုတဲ့မိန်းမ ဘာတစ်ခုမှ မလေးနက်ဘူးလားလို့ တွေး



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ မင်းမျက်လုံးတွေကို တို့ သိပါတယ်၊ အခု အဲဒီအတွက် မင်း ရှင်းသွားပြီမဟုတ်လား။ လေးနက်ခြင်းကို တို့ မကြိုက်ဘူး၊ ဥပေက္ခာဆိုတာကမှ ကိုယ့်အတွက် ချမ်းသာမှုကိုရတာ။ ဒီမှာ ရန်လေး ...၊ မေတ္တာ ဆိုတာ သက်ရောက်မှု အားအပြင်းဆုံးပဲကွ၊ ဆိုချင်တာက ဒီအိမ်ထောင်ရေးကို မင်း လက်မခံချင်သလို တို့ဘက်က နာခံခဲ့ရဟာကိုလဲ မင်း နားလည်"

"မမနဲ့ကျွန်တော် ဒီလိုပုံစံနဲ့ ဘယ်လိုခရီးဆက်ကြမလဲ"

"တို့မှာ လေးနက်မှုမရှိဘူးလို့ မင်းကိုပြောပြီးပြီပဲ၊ အားလုံးကို ဥပေက္ခာထားလိုက်၊ မင်းရော ငါရော အေးချမ်းသွားလိမ့်မယ်"

"မမ စကားပြောတာ အဲဒီလောက်ထိ ..."

"ရန်လေး ..."

ပန်း က မာဆတ်ဆတ်ခေါ်ပစ်လိုက်ကာ ...

"မင်းက ရန်ဘက် ဖြစ်သလို ငါကလဲ ပန်းတစ်ပွင့် ပဲ၊ ပန်းတွေထဲမှာ ရောနှောလို့မရတဲ့ ပန်းတစ်ပွင့်ကို ဆိုလိုတာ။ အခု ငါတို့တည်ဆောက်ကြမယ့် အိမ်ထောင်ရေးကို မင်း စိတ်မဝင်စားနဲ့၊ မင်းနဲ့ငါ မညီညွတ်ကြဘဲနဲ့ အိမ်ထောင်ရေးဘဝရဲ့ ရေရှည် ရေတိုကိစ္စတွေဟာ ဘာမှဖြစ်လာဖို့မရှိဘူး။ အခု လက်ထပ်ကြမယ်၊ နောင်အခါဖြစ်လာမှာကို ဘယ်သူမှမသိနိုင်ဘူး။ စိတ်ဝင်စားဖို့ကောင်းနေတာက အဲဒါတစ်ခုပဲရှိတယ်"

"မမ မှားနေပြီ၊ လုံးဝကိုလွဲနေတာ။ ခြေထိုးခံပြီးဆောက်ထားတဲ့ သဲပုံအိမ်ကလေးမှန်းသိရက်နဲ့ ခေါင်မိုးကနေ မ,ပြီး ရွှေ့ပစ်ချင်နေတာ"

"ဟုတ်ပြီ၊ အဲဒီတော့ မင်းက လက်ထပ်ဖို့ကို မဖြစ်နိုင်ဘူးလို့ ပြောချင်တာလား"

"အဲဒီလိုမဟုတ်ဘူး။ ဒါပေမယ့် ဒီသဘောပဲ၊ ဒီသဘောပေမယ့်လဲ ရွေးချယ်ဖို့တွေ အများကြီးရှိတာပဲ။ လူတစ်ယောက်ရဲ့ ဘဝတစ်ခုမှာ အိမ်ထောင်ပြုခြင်းကို အဲဒီလိုဥပေက္ခာတွေနဲ့ ပေါ့ပျက်ပျက်ထားပစ်ရဲဟာ မမ





ကို သိပ်အံ့ဩတယ်၊ မမနဲ့ကျွန်တော် ဒီထက်မက ဆွေးနွေးလို့ရသေးတယ်၊ ဆုံးဖြတ်ကြဖို့ ..."

"ငါ့အတွက် မလိုဘူး၊ မင်းဘက်က ရွေးချယ်ခွင့်မရှိတော့ဘူးဆိုတာကိုလဲ နားလည်နေပြီမဟုတ်လား ရန်လေး၊ ပိုနားလည်အောင် တို့ ထပ်ပြောမယ်၊ 'ရန်ဘက်'ဆိုတဲ့လူ ဘယ်လိုစိတ် ဘယ်လိုဆုံးဖြတ်ချက်တွေနဲ့ပဲ လာလာ တို့ ဂရုမစိုက်ဘူး၊ မင်းဘက်က ပညာ၊ ဥစ္စာ၊ ချစ်ခြင်းမေတ္တာ ဒါတွေပါဖို့လဲမလိုဘူး။ ဒါပေမယ့် တို့လိုအပ်တာက လက်ထပ်ခြင်းတစ်ခုပဲ"

အဓိပ္ပာယ်မရှိတာတွေကိုပြောပြီးတော့ပဲ ရယ်ချင်သည်။ နိုင်နေပြီးသားကို ကြိုးထပ်တုပ်ပြီး ရိုက်ရတာလည်း ပျော်၏။

ဒါပေမယ့် ရယ်နေသူမျက်ဝန်းမှာ မျက်ရည်မိုးတိမ်တို့ အုံ့ဖွဲ့နေပါပြီ။ ဒါလည်း ဝမ်းနည်းလို့တော့မဟုတ်ပေ။ သူမက ပြုံးလိုက်ပြီး ...

"ခြင်းကျားနဲ့ရေခပ်တော့ ဘာဖြစ်လဲ၊ ရေပါပါ၊ မပါပါ ရေခပ်နေတယ်ဆိုတာကိုပဲ လိုချင်တာ။ ရန်ဘက် ... ငါ နှင့်ကို အနိုင်နဲ့ပိုင်းလိုက်တာလေ၊ ဝါသနာပါရင် ရင်ဘတ်ထုပြီး ငိုလို့ရတယ်"

"ကျွန်တော်က မငိုပါဘူး၊ မမ နောင်တရတဲ့အခါ မငိုတတ်အောင်ဘဲ ကြိုးစားပါ"

ရန်လေး ချာခနဲပြန်လှည့်သည်။ ဒီမိန်းမ၏စကားလုံးတွေအောက်မှာ ဆက်လက်မကျရှုံးချင်တော့ပေ။ သူမက မိန်းမသား၊ ကိုယ်က ယောက်ျား။

ကိုယ်က စိန်မခေါ် ရသေးခင် သူမက စိန်ခေါ် ၏။ ကိုယ် ခေါင်းမညိတ်ရသေးဘဲ ငြင်းခွင့်မရှိကြောင်း အမိန့်ချသည်။

မင်း လုပ်လိုက်စမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

မင်္ဂလာအခမ်းအနားကို ခြံကျယ်ကြီးထဲမှာကျင်းပဖို့ အားလုံး တက်ကြွစွာ ပြင်ဆင်နေကြသည်။ ခေါင်းဆောင်လှုပ်ရှားနေကြသူတွေက ဦးရန်နိုင်တို့သားအဖနှင့် အိမ်တော်ထိန်း ဦးမြတ်ထူး။

ပန်း ကတော့ ချောင်းသာမှာပါ။ ညည့်ခံပွဲအတွက် ပြင်ဆင်နေကြရင်း ဦးမြတ်ထူး ဖုန်းတဝွမ်ဝွမ်ဆက်နေရ၏။ ဒီမှာပြင်ဆင်ပြီးနေကာမှ သတို့သမီး အချိန်မီမရောက်လာမှာကို တွေးပူနေခြင်းကြောင့်ပင်။

ဒါကို ရှေ့နေကြီးတွေဆီလည်း ဖုန်းဆက်ပြောနေရသေးသည်။ ဦးရန်နိုင်လည်း စိတ်မချမ်းသာပါ။ ရန်လေး မျက်နှာကလည်း အလုပ်သာလုပ်နေရပေမယ့် နီမြန်းမြန်းတင်းမာလျက် ...

"ရန်လေး"

"ဗျာ"

သူတစ်ယောက်တည်း အိမ်ဘက်ကို ပြန်လျှောက်လာတုန်းမှာ ဦးမြတ်ထူး နောက်ကပါလာသဖြင့် ရပ်စောင့်နေလိုက်ရ၏။





"ဘဘထူး ဘာအရေးကြီးလို့လဲ"

ဦးမြတ်ထူးကလည်း ဒီအိမ်ကြီးမှာ အရေးပါသည့်ပုဂ္ဂိုလ်ပဲဖြစ်သည်။ သူ့ဘွားကြီးကိုယ်တိုင်က သူ့ကိုယ်ပွားသဖွယ် ယုံကြည်အားကိုးခဲ့တာမို့ သူ့ဘွားကြီးကို ဘဘလို့ခေါ်သလို ဦးမြတ်ထူးကို ဘဘထူးလို့ ခေါ်ခဲ့သည်။

ဦးမြတ်ထူးကတော့ ဟိုတုန်းကတည်းက သူတို့သားအဖအပေါ်မှာ တည်တည်တန်းတန်းပဲနေခဲ့သူဖြစ်၏။ တစ်ခါတလေ သူ့ဘွားကြီးက လိုက်လုံ့နွေးထွေးစွာ ဆက်ဆံနေတာကိုတောင်မှ သူ့မျက်နှာထက်မှာ အလိုမကျသည့်အရိပ်အယောင်တွေဖြစ်နေတတ်သည်။

ရန်လေး က မျက်နှာမှုန်ကုပ်ကုပ်နှင့်ရောက်လာသည့် ဦးမြတ်ထူးကို သေချာကြည့်ကာ ပြောလာမှာကို နားစွင့်ထားလိုက်၏။ ဦးမြတ်ထူးက သူ့နဲ့ အနီးဆုံးထိလာတိုးပြီး ရပ်လိုက်ကာ ...

"မင်္ဂလာပွဲကတော့ မနက်ဖြန်ကပ်နေပြီ ဒါပေမယ့် ဖြစ်လာမှာတွေကို ကြိုမြင်နေလို့ ကျုပ် တစ်ခုတော့ ပြောချင်တယ်"

"ဟုတ်ကဲ့ ပြောပါ"

"မင်းတို့သားအဖက ဆင်းရဲပေမယ့် မျိုးရိုးသန့်တယ်၊ ပန်း ဖေဖေရဲ့ ညီအစ်ကိုသူငယ်ချင်းလဲဖြစ်တော့ ဒါတွေကို သူ့ဘွားက ယုံကြည်ခဲ့တာ၊ ...တော့ ခုချိန်ထိ ရည်းစားသနာမထားဘဲရှိခဲ့တဲ့ သမီးလေးပန်း အတွက် ...တ်ချရမယ့်အိမ်ထောင်ဖက်ကို ရွေးချယ်ဖို့ဆိုတာ သူ့အရွယ်၊ သူ့ကျန်းမာ...နဲ့မဖြစ်နိုင်တော့ဘူးဆိုတာလဲ သူ သိနေတယ်၊ နောက်ထပ် အရေးကြီး...က သမီးလေးကို သူ့ဦးလေးနဲ့သူနေခဲ့တာပဲဆိုပြီး စိတ်ချထားခဲ့လို့ ...ပေမယ့် ဦးလေးဖြစ်တဲ့သူက ရွှေခြားမြေခြားမှာ ခေါင်းချမယ့်သူဖြစ်နေ...ရော၊ သမီးလေးကို နိုင်ငံခြားမှာပဲ ဘဝပြီးဆုံးတဲ့အထိ မြှုပ်နှံသွားမှာ... သူ့ဘွား အရမ်းကိုစိုးရိမ်ခဲ့တာ"

ဦးမြတ်ထူးက ပင့်သက်ရှိုက်လိုက်ရင်း လက်နှစ်ဖက်ကို နောက်ပစ်



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်သည်။ ပြီးမှ ဆက်၍ ...

"ဒီအကြောင်းတွေဟာ သူဌေးကြီး မသေဆုံးမီက တဖွဖွညည်းညူနေ ခဲ့တဲ့စကားတွေပါ။ မင်းနဲ့လက်ထပ်ပေးလိုက်ဖို့က အသင့်တော်ဆုံးဖြစ်မှာ ဆိုတဲ့အကြောင်း၊ ဦးလေးနဲ့ အဘိုးအဘွားတွေရဲ့ စည်းစိမ်ဥစ္စာတွေနဲ့ ပန်းရဲ့ ဘဝမှာ ဘာမှလိုလေသေးမရှိတော့ကာမှ စိတ်ချယုံကြည်ရတဲ့ အိမ်ထောင် ဖက်ကောင်းတစ်ယောက် ရွေးချယ်ရမှာ သူ့ရဲ့အရည်အချင်းကတော င် အဓိကဖြစ်ကြောင်း၊ ဒါတွေကို ထောက်ပြအကြံပြုခဲ့တာက ကျုပ်ပါပဲ။ ခု ဒါတွေကို အလကားပြောပြနေတာမဟုတ်ဘူး၊ ပထမအချက်က ပန်း တစ်ပွင့် ဆိုတဲ့ မိန်းကလေးဟာ ဟကယ့်တော်ဝင်ပန်းတစ်ပွင့်ပါ"

ကိုယ်နဲ့မထိုက်တန်ဘူးလို့ ဆိုချင်တာလား။ မာနစိတ်က ထောင်းခနဲ ဖြစ်၏။ ဘယ်သူကရော မရရင် သေရပါတော့မယ်လို့ ဖြစ်နေလို့လဲ။

"သူဌေး စိစဥ်ခဲ့တာတွေရှိပေမယ့် အားလုံးက သူ့ကျန်းမာရေးကြောင့် ရှိနေတဲ့လူရင်းတွေထဲက ရွေးချယ်ထားခဲ့ရတဲ့သဘောပဲ"

"ဘဘထူးကို ကျွန်တော် တစ်ခုမေးပါရစေ။ အခု မမက လက်မထပ် နိုင်ဘူးလို့ပြောနေလို့လား၊ ချောင်းသာကိုသွားနေတာ အဲဒါကြောင့် ရှောင် ထွက်သွားတာလား"

"ကျုပ်ကို မင်း ပြန်မမေးပါနဲ့၊ ခုဖြစ်နေတဲ့အနေအထားကို မင်းတ မြင်နေတာပဲမဟုတ်လား၊ သူလဲနာခံခဲ့ရပေမယ့် မနှစ်သက်တာကို မင ချင်ဘူး"

"ကျွန်တော်ကလဲ ဒီအတိုင်းပါပဲ၊ ဒါဆိုရင် မမကို ဘဘထူး ပြောပေး သူ့ဘက်ကနေ ဒီပွဲကိုဖျက်မယ်ဆိုရင် ကျွန်တော်က အဆင်သင့်ပါပဲလို့"

ဦးမြတ်ထူး က ဝမ်းသာအားရဖြစ်မသွားဘဲ ရန်လေးကိုစိုက်ကြည့် ဟန်ဆောင်ပြောနေတယ်များ ထင်လို့လား။ စိန်စော်၊ ရွှေစော်နံပြီး ကျေ တရားတွေနဲ့ ရစ်ပတ်ရှုပ်ပွနေတဲ့ ဒီအိမ်ကြီးမှာ လူတစ်ယောက်လုံးကို





မထင်တဲ့မိန်းမမျိုးနဲ့ မပေါင်းရတဲ့အရေးက တုံးကျော်လာတာပဲဖြစ်သည်။

ဒီအိမ်ကြီးကထွက်သွားနိုင်တာနဲ့ 'ငါမသေဘူးကွ၊ တုံးကျော်တဲ့ ရန်ဘက်'လို့တောင် ကြွေးကြော်လိုက်ဦးမည်။

အသံတိတ်စကားပြောနေကြရင်း ဦးမြတ်ထူးက မျက်လုံးတွေကို အရင်လွှဲ၏။

"မင်းကစပြီး ဒီပွဲကိုဖျက်ရဲမှာမဟုတ်ဘူးဆိုတာ ကျုပ်နားလည်တယ်၊ ဒီလိုပဲပေါ့၊ သမီး ပန်းမှာလဲ ဒါကိုငြင်းလို့ရတဲ့အကြောင်းလေးတွေရှိတယ်၊ တို့တွေအားလုံးက မင်းတို့သားအဖအပေါ် မှာ မပြောမဆိုရဲဖြစ်ရမယ့်လူ တွေမှမဟုတ်ဘဲ၊ ပြောလို့ရနေတဲ့စကားကို ဘယ်သူက မျိုသိပ်ထားမှာလဲ"

ရင်ထဲမှာ မြားတစ်စင်းက ထပ်ဆူးပြန်သည်။ သူဌေးကြီးဦးပန်းမြိုင် ထံမှလဲ ဒီလိုနှိမ့်ချခွဲခြားတဲ့စကားမျိုး မကြားခဲ့ရဖူးပါ။

ဦးမြတ်ထူး၏မျက်နှာကို စူးစိုက်ကြည့်နေရင်း အံကြိတ်ထားတာကို လည်း ဖုံးဖိရသည်။ ဒီထက်ဆိုးတဲ့ဘဝမျိုးရှိသေးလား။

"အဲဒီတော့ ကျုပ် တစ်ခုပြောချင်တယ်၊ အိမ်ထောင်တစ်ခုဆိုတာ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ခဲ့ဖြစ်ခဲ့ တည်ဆောက်ပြီးပြီဆိုရင် မြို့ဖျက်ဖို့ခက် တယ်။ အချစ်ဆိုတာက စိတ်ကူးယဉ်ခြင်း၊ အိမ်ထောင်ရေးကျတော့ လက် တွေ့၊ စိတ်ကူးလေးတွေကို အကောင်အထည်ဖော်ရတာ၊ သိပ်ကိုသာယာ ချမ်းမြေ့မှာပေါ့၊ ဒါပေမယ့် ပန်းနဲ့ မင်းတို့နှစ်ယောက်မှာ ဘာစိတ်ကူးတွေ ရှိခဲ့လို့လဲ"

မေးလိုက်တာမှန်းသိပေမယ့် သူ မဖြေချင်ပါ။ ကိုယ်က ယောကျ်ား လေး၊ ပြီးတော့ ပန်း ရဲ့အလုပ်သမားဘဝမှာ ရှိခဲ့တဲ့သူ။ အထူးသဖြင့် ဦးမြတ်ထူးလိုလူမျိုးရှေ့မှာ ကိုယ်က စပြီး ခေါင်းခါငြင်းဆန်ဖို့ စိတ်မကူး ခဲ့ပေ။

ကိုယ့်စိတ်ထဲမှာ မလိုလားကြောင်းတွေ ထုတ်ဖော်ပြောနိုင်တော့ရှေ



www.burmeseclassic.com

www.burmeseclassic.com



ဒီဖြသနာက ဂုဏ်သိက္ခာကြီးမားစွာနှင့် ပြီးဆုံးသွားမှာတဲ့လား။

ရန်လေး ဘာမှမပြောဘဲ နှုတ်ဆိတ်နေတော့ ဦးမြတ်ထွန်းက မိန့်မိန့်ကြီး ပြုံးလိုက်၏။

သူ့မျက်နှာကြီးပေါ်မှာ ကိုယ်ကပဲ တကယ်တမ်းစွန့်လွှတ်ဆုံးရှုံးခံလိုက်ရဖို့ဖြစ်လာလို့ တွန့်ဆုတ်နေတာလိုလို...။

"ရတယ်၊ ဒီမေးခွန်းကို ကျုပ်ပဲဖြေရှင်းမှာပါ။ မင်းနဲ့ပန်းကလေး ခု လက်ထပ်တော့မယ့်အချိန်ထိ မသင့်မြတ်ကြတာကိုတော့ ဝန်ခံလား"

"နောက်လဲ ဘယ်လိုမှပြေလည်ဖို့မရှိဘူးဆိုတာထိ ကျွန်တော် ပြောရဲပါတယ်၊ ဒါပေမယ့် ဒီအဖြစ်နဲ့ပဲရှေ့ဆက်သွားရတော့မှာကို သူနဲ့ကျွန်တော် သိပြီးသားပါ"

"သွားဖို့မလိုပါဘူး။ ဒီလိုမဖြစ်စေချင်လို့ မင်းကို ခုလိုစကားတွေအများကြီး ကျုပ် လာပြောနေတာ"

ဦးမြတ်ထွန်းလေသံက အုံ့သြဖွယ်ကောင်းလောက်အောင် မာထန်နေခဲ့သည်။ အဆင့်အတန်းခွဲခြားလွန်းသော သမီးရှင်မိဘတို့၏လေသံဟန်ပန်မျိုးဖြစ်၏။

"သမီး ခု ရှောင်ထွက်နေတယ်၊ မင်းလဲ စိတ်မချမ်းသာဘူး၊ ဘာလုပ်မှာလဲ။ အဲဒီတော့ တပည့်ကောင်းရင် ဆရာ အာပတ်လွတ်တယ်တဲ့၊ ကြားဖူးတယ်မဟုတ်လား၊ မင်းနဲ့သမီးတို့ တကယ်လက်ထပ်လို့မဖြစ်တဲ့ကိစ္စကို သမီးမသိဘဲ ကျုပ်တို့သဘောတူလျှပ်ရှားရမယ်"

"ဗျာ ... ဘယ်လို ..."

🔔 🔔 🔔





# အခန်း (၅)

"ဘာပြောလိုက်တယ်"

ဦးရန်နိုင် လှုပ်လှုပ်ရှားရှားကြီးဖြစ်သွားသည်။ ရေသောက်မလို့ ရေခွက်ကိုင်ထားပြီးမှ သူ့ရှေ့ ချက်ချင်းရောက်လာပြီး ထိုင်ချလိုက်၏။

"ဟန်ဆောင်လက်ထပ်ရမယ် ဟုတ်လား။ အဲဒါကို မင်းက ... မင်းက ဘာပြောလိုက်သလဲ"

"ကျွန်တော့်ကို ယောကျ်ားမာနတွေ ပွထလာအောင်နှိုးဆွပြီး သူ့ပြောတာ အဖေ၊ အဲဒါကြောင့် ..."

"မင်း ... မင်းက ..."

"ကျွန်တော် မခံချင်ဖြစ်သွားတာ အမှန်ပဲ၊ ဒါပေမယ့် မာနက မာနပဲ၊ ဒါ အဲဒီမာနပေါ်မှာ ထပ်ပြီးအညွန့်ခူးတာ၊ ပြီးတော့ ထပ်ပြောသေးတယ်၊ ဟန်ဆောင်လက်ထပ်ထားတဲ့အတွက် ကျွန်တော်က အကျိုးဆောင်ခ [illegible]သုံးရာကိုလက်ခံထားတဲ့အကြောင်း စာချုပ်ရမယ်တဲ့။ ဒီစကားတွေ ဘာဘာကပြောတယ်ဆိုရင် သဘောဝကျတယ်၊ သူကပြောတော့ မနာခံဘူးဆိုတဲ့အဖြေ ကျွန်တော့်ခေါင်းက ချက်ချင်းထွက်လာတယ်"

"မှန်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် မမကိုယ်တိုင် အဲဒီလိုပြောရင် ဘာတစ်ပြားမှမယူဘဲ ဒီတိုင်းအကျိုးဆောင်ပေးမယ်လို့ ပြောလိုက်တယ်"

"တောက်"

ဦးရန်နိုင် ခပ်ကြိတ်ကြိတ်တက်ခေါက်၏။ ပြီးတော့ မျက်နှာသည် ပြုံကျမယ့်မိုးသားများလို ညိုမှောင်နေလျက် ...

"ဦးထူး ဘယ်လိုတွေလုပ်လိုက်တာလဲ၊ ပန်း ကများ ခိုင်းတာလား"

"မဖြစ်နိုင်ဘူး"

ဟိုနေ့က ပန်း ၏အနိုင်နှင့်ပိုင်းချင်သည့်စကားတွေကို မမေ့နိုင်သည့်ရန်လေး က ခေါင်းခါ၏။ ရင်ထဲမှာ မခံချင်ဖြစ်သွားသည်က ကိုယ့်ကို ဘယ်ဘဝထိဖိနှိပ်ပြောဆိုပြီးကာမှ ပန်း ကို ဟန်ဆောင်လက်ထပ်ရုံပဲဆိုတာကို အမိန့်တစ်ရပ်လိုပြောသည်။

ပန်း အပေါ်မှာ မကျေနပ်ခြင်းတွေက သူ့စကားများအပေါ်မှာ ပြောင်းလဲစုဝေးသွားခဲ့၏။ ဒီလိုနေရာမျိုးထိ ဘာဖြစ်လို့ ပါဝင်ချုပ်ကိုင်လာတာလဲ။

ဒီအစီအစဉ်များမှာ ဘယ်လူကြီးတွေပါဝင်ခဲ့သလဲ။ ဒါကို ပြောင်းလဲမည်ဆိုလျှင် ဒီလူကြီးအားလုံး၏ ဆုံးဖြတ်ချက်များလည်းပါရမည်။

ခုတော့ ဦးမြတ်ထူး လုပ်ပုံက လှဘုံအလယ်မှာ ဓားနဲ့ကြိတ်ထောင်ပြီး 'မလှုပ်နဲ့နော်' လို့ ခြိမ်းခြောက်လိုက်တာမျိုး။

ဦးရန်နိုင်ကလည်း ခေါင်းညိတ်လိုက်ကာ ...

"မင်း မှန်တယ် ငါ့သား၊ ဒီတိုင်းပဲဖြစ်ရမယ်၊ သူဌေးကြီးကိုယ်တိုင် ဟိုတုန်းကတည်းက သုခမျက်နှာနဲ့ တို့ကို ယုံကြည်ခဲ့တာ၊ တစ်ယောက်တစ်ယောက် လေးစားသမှုတွေနဲ့ ခင်တွယ်ခဲ့ကြတာ၊ နောက်လဲ ဒီတိုင်းမပြောင်းလဲခဲ့လို့ သမီးကိုအပ်ခဲ့တဲ့အထိ ဆက်နွယ်ခဲ့တာပေါ့။ ဦးထူးတော့ အဲဒီကတည်းက စေးလှူလိုနေခဲ့တာ၊ သူဌေးကြီးအတွက် အ





အရာရာ သူ ဆောင်ရွက်ပေးနေခဲ့ပေမယ့် တို့သားအဖနဲ့ပတ်သက်တိုင်း နှုတ်ဆိတ်နေခဲ့တဲ့သူ၊ ဒါကိုနားလည်ရင် ခုချိန်မှာ သူ့စကားကို ခဏဖယ်ထားလိုက်ပါ"

"ကျွန်တော် မမကို အဲဒီကိစ္စ မေးချင်တယ် အဖေ၊ ဒီမင်္ဂလာပွဲမဖြစ်လို့ ကျွန်တော်တို့က ဝမ်းနည်းမှာမဟုတ်ဘူးဆိုတာတော့ သိစေချင်တယ်။ တကယ်လို့ ဘဘထူးပြောတဲ့အတိုင်း သူကလဲ ဖြစ်စေချင်တာဆိုရင် ဘာမှ ရှေ့ဆက်ဖို့မရှိဘူး"

"ဟာ ... အဲဒါ မဖြစ်ဘူး သား၊ မင်း ပန်း ကို လုံးဝမေးလို့မဖြစ်ဘူး၊ ဦးထူးက ဘယ်လိုစိတ်ကူးစေတနာနဲ့ ဒီလိုစီစဉ်တယ်ဆိုတာကို ခန့်မှန်းလို့မရတာ၊ ပြီးတော့ ငါတို့သိထားရမှာက ဦးထူးက တို့အပေါ်မှာ ဘယ်လိုသဘောပဲထားနေနေ ပန်းရဲ့အပေါ်မှာ သူ့စေတနာက မိဘလိုပဲရှိလိမ့်မယ်၊ ပန်းအတွက် ဒီတစ်ချက်နဲ့တင် ငါတို့ ဦးထူးကို နားလည်ပေးနိုင်ရမယ်။ သူက 'သုခမာလာ'အိမ်ကြီးထဲမှာ ဟိုးအရင်ကတည်းက သစ္စာရှိရှိ အမှုထမ်းနေခဲ့တဲ့ အိမ်တော်ထိန်းကြီးပဲ၊ သူ့ကို မင်း ပန်းရဲ့မိဘလို့ပဲမြင်ပြီး လေးစားမပျက် ဆက်ဆံပါ။ သူ ဒါကို လမ်းညွှန်တာ ကိုယ် မလိုက်နာခဲ့ပေမယ့် မစော်ကားမိစေနဲ့"

"ဒါပေမယ့် ကျွန်တော်ကတော့ သိန်းသုံးရာထက်မက လိုချင်နေတဲ့ လောဘသမားဖြစ်သွားပြီ အဖေ၊ အဲဒါ သေချာတယ်"

"မြေမှန်ရင် တွင်းဝင်ဖြောင့်မှာပဲ သား၊ တို့စေတနာ မှန်ဖို့ပဲလိုတာပါ"

ရန်လေး စိတ်ပျက်စွာ ကျွတ်ခနဲစုတ်သပ်သည်။

စေတနာက ဘယ်နေရာမှာမှန်းတော့မသိ၊ ပန်းတစ်ပွင့်ဆိုသည့် မိန်းမတစ်ယောက်ဆီ ရောက်မနေတာတော့ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"မင်း ဘာပြောလိုက်တာလဲ ရန်"

ရန်လေး က ချာခနဲလှည့်ကြည့်၏။

"မမ ကြားမှာပါ။ ဘာဖြစ်လို့ ထပ်မေးတာလဲ"

"မင်းရဲ့စကားမှာ တို့ နည်းနည်းအံ့သြသွားတော့ တစ်ဆက်တည်း တို့ရဲ့ ဆုံးဖြတ်ချက်ကို ပြောပေးလိုက်ဖို့ နှောက်ကျသွားတယ်လေ၊ အဲဒါ ကြောင့် မင်းနဲ့ တို့ ဆုံးဖြတ်ချက်တွေ ဘယ်လောက်ဖြစ်အောင် ထပ်ပြော လိုက်စမ်းပါ"

"ကောင်းပြီ"

ရန်လေး က ပန်း ၏ရှေ့ကိုပြန်လျှောက်လာပြီး ခပ်နွဲ့နွဲ့ရပ်သည်။ တစ်ယောက်နဲ့တစ်ယောက် စူးစူးစိုက်စိုက်ကြည့်နေကြပြီးမှ ...

"မမနဲ့ပတ်သက်နေတဲ့ မမပိုင်ဆိုင်သမျှလုပ်ငန်းတွေ ဘယ်မှာမှ ကျွန်တော် မလုပ်ဘူး၊ အဲဒါ ဆုံးဖြတ်ချက်"





"ရှင်းရှင်းပြော ရန်၊ တို့က ဦးစီးမှာကိုသိလို့ မင်းက နှောက်ထ မလိုက် ချင်တာမဟုတ်လား၊ မနေ့ကမှလက်ထပ်ခဲ့တယ်၊ မင်း လောဘကြီးနေ တာ လွန်တာပေါ့ကွ"

ဒီလိုစကားတွေနဲ့ နှိမ်ချလှောင်ပြောင်ခံရလွန်းလို့ ရန်လေး ဒေါသ မဖြစ်တတ်အောင် ကိုယ့်စိတ်ကို ကြိုးစားချုပ်တည်းလိုက်သည်။

"လောဘကြီးတဲ့သူဆိုရင် မမဘေးက ဘယ်ခွာမလဲဗျာ၊ အနိုင်နဲ့ပိုင်း နိုင်အောင် တွေ့တဲ့လက်နက်ဆွဲမသုံးပါနဲ့။ ကျွန်တော့်မှာ ပညာရှိတယ်၊ အဲတွေက မမနဲ့သိပ်တော့မကင်းပါဘူး၊ ဒါပေမယ့် ကျွန်တော့်အရည်အချင်း နဲ့ ကြိုးစားစုဆောင်းခဲ့ရတာဆိုတော့ ကျွန်တော် ပိုင်တယ်လို့သတ်မှတ် တယ်"

ပန်း က ဖွဖွလေး ပ ်ကိပိုက်လိုက်ပြီး နားထောင်နေ၏။

"ကျွန်တော့်အရည်အချင်းနဲ့ကြိုးစားမယ်၊ တစ်ခုပဲ မမ ကြိုးစားပါ၊ ရန်ဘက် ဆိုတဲ့ကောင် ဘယ်အမှိုက်ပုံကြားထဲမှာပဲတိုးနေနေ မဆိုင်သလို နေဖို့ ..."

"ဟွန်း ..."

"မမတို့ပြောခဲ့သလို အဆင့်အတန်းမတူခဲ့တာက ဟိုတုန်းကတည်း က ခုထိပါပဲ၊ အဲဒါကြောင့် မမနဲ့ကျွန်တော် သက်ဆိုင်မှုမရှိဘူးလို့ သဘော ထားရင် ရပြီ"

"ဟား ဟား ဟား"

ပန်း က ကျယ်ကျယ်လောင်လောင်မဟုတ်ဘဲ မျက်နှာလေးမော့၍ ရယ်၏။

"ဒါ မာနတွေလား၊ ဟား ဟား ကျလဲကျပါ့ကွာ၊ မဆိုင်သလိုနေကြဖို့ ဆို တို့ကပြောရမှာ၊ မင်းပြောခွင့်မရှိဘူး၊ အဲဒီလိုထင်သလို သွားလာလုပ် ဆိုင်ဖို့လဲ ခွင့်မပြုနိုင်ဘူး၊ မင်း ကြားတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"မတတ်နိုင်ဘူး မမ၊ လက်ထပ်လိုက်တဲ့ချိန်တစပြီး အများ အသိအမှတ်ပြုလိုက်တဲ့ ပတ်သက်မှုအရ ကျွန်တော်က မမရဲ့အလုပ်သမားမဟုတ်ဘူး၊ အဲဒါကြောင့် အမိန့်ဆိုတာကိုလဲ မနာခံနိုင်ဘူး"

မျက်နှာတွေ နှစ်ဖက်စလုံး အပြတ်သားဆုံးတင်းမာသွားကြသည်။ ပန်း က မျက်ဝန်းတွေကျဉ်းမြောင်းသွားတဲ့အထိ စူးစိုက်ကြည့်ကာ...

"ဟုတ်ပြီလေ၊ မင်းရဲ့တန်ဖိုးအလိုက် မင်းနဲ့ထိုက်တန်တဲ့နေရာကိုရောက်သွားမှာပါ။ တစ်ခုတော့ရှိတယ် ရန်မို့ တို့က ပြန်ငဲ့ကြည့်တာ ဝါသနာမပါဘူး၊ မသနားတတ်ဘူး၊ စဉ်းစားမယ်ဆိုရင် ရသေးတယ်"

"မမပဲစဉ်းစားပါ။ ကျွန်တော်က မမမျက်လုံးထဲမှ သိပ်စိတ်ပျက်စရာကောင်းတဲ့ယောကျာ်းတစ်ယောက်ဖြစ်လာတဲ့ ခါ နောက်ထပ် ဆုံးဖြတ်ဖို့ တစ်ခုခု ..."

🔔 🔔 🔔





<u>အခန်း (၇)</u>

မင်္ဂလာပွဲပြီးသွားသည့်နောက်မှာ ပန်းတစ်ပွင့်နှင့်ရန်ဘုက် တို့ အကြောင်းလင်မယားဖြစ်သွားကြပြီ၊ ပြီးတော့လည်းပြီးတာပါပဲ စသည့်အပြုံးများနှင့်သိမ်းတွေ့လျှင် မိတ်ဆွေတချို့က စ,ကြသည်။

အဆင်ပြေကြပါ့မလားဟု တွေးပူနေကြတဲ့သူတွေလည်း စိတ်တုံးတုံးပြုံးနိုင်ခဲ့ကြ၏။ ဒါပေမယ့် မြင့်မားထည်ဝါသည့် 'သုခမာလာ'အိမ်ကြီးထဲက လူနှစ်ယောက်၏ခြားနားခြင်းတို့ကိုတော့ ဘယ်သူမှ မမြင်မသိနိုင်။

"ဘယ်လို ..."

ခြေချင်းချိတ်ထိုင်တတ်သည့်အကျင့်ကြောင့် မတ်တတ်ရပ်ဖို့ဖြစ်တိုင်းချိတ်တင်ထားသည့်ခြေထောက်ကို အရင်ချရသည်။

ကိုယ့်ကိစ္စ ကိုယ့်အရေးနဲ့ပဲဆိုလျှင် ဒီလို-ပုံင်နေတာ ဒီပုံစံ ထ,ရပ်ဆိုက်တာ အားလုံးက ပန်းတစ်ပွင့် ၏ဆွဲဆောင်မှုရှိသောအကျင့်ရှင်တွေထဲမှ တစ်ခုဖြစ်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ငိုက်မောနဲ့ပါ ဆိုးခနဲဆတ်ခနဲဖြစ်သွားပြီဆိုလျှင်တော့ ခေါက်ပြင်
ဖိနပ်သံမင်ကြမ်းကြမ်းက ခြေချလိုက်သည့်အရှိန်အတိုင်း ခွပ်ခနဲ။
ကိုယ်သည် ရှေ့ကိုတိုးကပ်ပြီးသားဖြစ်သွားကာ တံတောင်နှစ်ဖက်
ထောက်၍ ...
"ကိုမောင်ဓမောင် အဲဒါတွေ ဒီလောက် အတိအကျ ဘယ်ကသိလာ
တာလဲ"
သူမ အားထားရသော အတွင်းရေးမှူး မောင်မောင်လွင်က ပိုင်နိုင်
သည့်မျက်နှာနှင့် ခေါင်းညိတ်ပြကာ ...
"သူဌေး ကျွန်တော့်ကိုယုံပါ၊ ဘယ်ကဘယ်လိုသိခဲ့တယ်ဆိုတာထ
ပတ်သက်ပုံတွေကို ရှင်းပြရရင် ရှည်ပါတယ်၊ အဲဒါတွေကို သူဌေး လိုအ
မှာလဲမဟုတ်ဘူး၊ ဒါပေမယ့် အားလုံး ခုဖြစ်နေတာတွေပဲ"
"ဟုတ်ပါပြီ၊ အဲဒီ အုပ်စိုးသူ ဆိုတဲ့လူကို ကျွန်မ စိတ်ဝင်စားတယ်၊ သူက
ဘယ်လိုလူလဲ"
"အရမ်းချမ်းသာတယ်၊ သိန်းထောင်ချီတဲ့ငွေကို သူ စိတ်ကူးဖြစ်တိုင်း
ပက်ပက်စက်စက်သုံးတယ်၊ သူလိုချင်တဲ့အရှုံးအမြတ်ဆိုတာက သူ့ရဲ
ပျော်ရွှင်မှုပဲလို့ ကြွေးကြော်ထားတဲ့သူပါ"
"ဘာလုပ်ငန်းတွေလုပ်တာလဲ၊ ဒီနာမည် ကျွန်မ မကြားဖူးဘူး"
"ဟား ဟား"
မောင်မင်းလွင်က ရယ်လိုက်ပြီး ခပ်မဲ့မဲ့နှင့်ခေါင်းခါ၏။
"အရမ်းနှမြောဖို့ကောင်းပါတယ်၊ သူ့မှာ ဘာလုပ်ငန်းမှမရှိဘူး၊ ဒါပေ
မယ့် သူ ဘယ်လောက်ချမ်းသာသလဲဆိုတော့လဲ ဘယ်သူမှ မခန့်မှန်းနိုင်
ဘူး၊ သူဌေးရဲ့ခင်ပွန်းနဲ့ သူက ဟိုတုန်းကတည်းက ကျောင်းမှာ ပြိုင်ဘက်
ကြားရတဲ့အတိုင်းဆိုရင် ကိုရန့်ကို သူ ဘယ်တုန်းကမှမနိုင်ခဲ့ဘူးတဲ့"
ပန်း ကခေါင်းညိတ်၏။ ရန့်လေး ကြိုးစားတာကို သူမလည်းသိသည်





အသံတစ်ချက်မှမထွက်ဘဲ စာဖတ်တတ်ကာ သူ စာကျက်ပြီဆို အခန်း
တံခါးပိတ်ထားသည်မှလွဲ၍ ဘာသံမှမကြားရ။
ဓမ္မကြည့်လျှင်မကြိုက်သလို ရယ်တာကိုလည်း လှောင်တယ်ထင်
ကာ ဒေါသတွေဖြစ်တတ်သေးသည်။ ဒါဟာ သူ့ဘက်က မျိုးသိပ်၍ကြိုး
စားတတ်သောအကျင့်ပဲဖြစ်၏။
"တက္ကသိုလ်မှာ သူ သဘောကျတဲ့မိန်းကလေးက ကိုရန့်ကို မျက်နှာ
သာပေးနေတော့ အဲဒီမှာ စပြီး သူ့ဘက်ကအတိုက်အခံကို ပြောင်းစလာ
တာတဲ့"
မောင်မောင်လွင်ပြောပြတာကိုနားထောင်ရင်း ထိုကာလများမှာ သူမ
က နိုင်ငံမှာရှိနေသည့်အဖြစ်ကို တွေးမိနေ၏။
ဟိုတုန်းက ပန်း နဲ့သူ ဘယ်လိုဆက်ဆံရေး ဘယ်လိုပဲဖြစ်ခဲ့ဖြစ်ခဲ့
ခုချိန်မှာ လက်ထပ်ထားပြီးတဲ့ ဇနီးမောင်နှံ မတော်ချင်လို့ရသလား။
ဘယ်လောက်ထိကင်းအောင်နေနေ သူက ပန်းရဲ့ခင်ပွန်း၊ ပန်း က
လည်း သူ့ရဲ့ဇနီးအဖြစ်ပဲ၊ ဒါကိုရော မဆိုင်ဘူးလို့ပြောပြီး နုတ်ထွက်ချင်လို့
ရမှာလား။
တစိမ့်စိမ့်တွေးရင်း ခံရခက်ခြင်းကို အရှိန်တင်ပေးသလိုဖြစ်လာ၏။
ပန်း နှုတ်ခမ်းလေးတင်းတင်းစေ့နေခဲ့သည်။
ကိုယ့်မှာ လုပ်ငန်းတွေ ဒီလောက်ပွထနေအောင်များတာ မိန်းမ တစ်
ယောက်တည်းနဲ့ မနိုင်မနင်းလှုပ်ရှားနေရတာလည်း သူ အသိ။
ဒါကို တခြားမှာငွေချေးပြီး လုပ်ငန်းဖောင်ဒေးရှင်း ချသတဲ့။ ငွေချေး
ပုံကလည်း ကြည့်ပဦး။ လူကြားထဲမှာ ချပြောလို့မှ မတော်။ သူ့ပညာကို
အပေါင်ထားပြီး နှစ်နှစ်တိတိ လုပ်ပိုင်ခွင့်နဲ့ ချေးယူသည်တဲ့။
ပညာရှင်အိုး လူ့မျိုးဆိုသည့်စကားကိုရော အုပ်စိုးသူ ဆိုတဲ့လူ မကြား
ဖူးခဲ့ဘူးလား။ ဘာမှအစီပွာယ်မရှိတဲ့အဖြစ်တွေမို့ ကောင်းကင်ယံမှာ ဆူး



www.burmeseclassic.com

www.burmeseclassic.com



လှည်းကြီးသွားဒ ု ာယ်၊ လာကြည့်ပှာ တပ်အပ်ပြောနေတာကို ကြားနေရသလိုမျိုး။

"ကျွန်တော်တောင် ကြားလိုက်တုန်းက အရမ်းကိုအံ့သြသွားတာ။ ကိုယ်တိုင် မရင်းနှီးခဲ့ဖူးပေမယ့် ကျွန်တော် ကြားဖူးကျင်လည်ခဲ့တဲ့ စီးပွားရေးလောကမှာ ဒီအဖြစ်မျိုး ရှိမှမရှိခဲ့တာ၊ ဒီလိုရင်းနှီးရဲတဲ့လူ ဒီလိုမျိုး အာမခံပြီးချေးငှားရဲတာမျိုး။

"နေပါဦး၊ ဒီငွေတွေကို နှစ်နှစ်တိတိ ရင်းနှီးလို့မှ ပြန်မဆပ်နိုင်ရင် နှစ်ဆပြန်လျော်ရမယ်၊ နောက်ထပ် ဒီပညာနဲ့ ဘာစီးပွားမှလုပ်မစားရတော့ဘဲ ဆယ်နှစ်တိတိနေရမယ် ဟုတ်လား"

"ဟုတ်တယ်"

သူတို့စကားပြောနေတုန်း ဘဲလ်သံမြည်လာကာ ...

"မန္တလေးဘဏ်ခွဲမန်နေဂျာဆီက ဖုန်းပါရှင်"

"အေး လွှဲပေးလိုက်"

ပန်း ခဏစောင့်ပြီး ဖုန်းကိုင်လိုက်သည်။ မောင်မောင်လွင် က ထိုင်စောင့်နေရင်း လုပ်လက်စအလုပ်ကို ဆက်လုပ်နေ၏။

"မဟုတ်ဘူးလေ၊ အထည်နဲ့ငွေကို ဒီလိုရောသစ်လို့မှမရတာ"

"......"

"ဘယ်သူပဲဖြစ်ဖြစ် ကျွန်မတို့ဘဏ်မှာ အဲဒီလိုလုပ်ပေးတာ ထုံးစံမရှိဘူး၊ ဦးနေမျိုး အဆင်ပြေအောင်ကြည့်ပြောလိုက်ပါ"

"......"

"ဟုတ်ပြီ၊ အင်း"

ပန်း က ဖုန်းချပြီးသည်နှင့် ဆုံလည်ကုလားထိုင်ကိုလှည့်ကာ မောင်မောင်လွင့်ဘက်ကိုပဲကြည့်၍ ...

"ပြောပါဦး ကိုမောင်မောင်၊ အဲဒီလူက ရန့်ကို ဒီလောက်ထိထိုးကြိတ်





ရင်းနှီးအတိုက်အခံလုပ်တာ အဓိပ္ပာယ်မဲ့နေမှန်း သူ့ကိုယ်သူ မသိဘူးလား။ လူတစ်ယောက်ရဲ့ သူတတ်ထားတဲ့ပညာကို သူ ဒီလိုချုပ်ကိုင်နိုင်မယ်လို့ ဘာဖြစ်လို့ထင်ရတာလဲ၊ ဘယ်လိုခိုင်မာမှုတွေရှိလို့ ယုံကြည်တာလဲ"

"ယုံကြည်လို့မဟုတ်ဘူး သူဌေး၊ မုန်းတာ၊ ပြီးတော့ ကိုရန့်ရဲ့မာနကို စာချုပ်နှစ်စောင်ထဲမှာချုပ်နှိမ်ထားလိုက်တာ၊ နိုင်တာကို သူ ကျူရှုံးခဲ့သမျှနဲ့ ချေလိုက်နိုင်တာမျိုး။

လူ့စိတ်တွေက ထူးဆန်းလွန်းနေတာလား။ ဒါမှမဟုတ် ဒီလူနဲ့ စိတ္တဇ လွန်ကဲနေခဲ့သည်လား။

ပန်း မျက်လုံးထဲမှာ ရှုပ်ထွေးနေဆဲရှိနေတာကို မောင်မောင်က အကဲခတ်လိုက်ပြီး ...

"ကျွန်တော်လဲ သူဌေးလိုပါပဲ၊ ယုံဖို့တော်တော်ကြိုးစားခဲ့ရတာ၊ ပြောပြတဲ့သူဟာ အုပ်စိုးသူရဲ့ အရင်းနှီးဆုံးအတွင်းလူတစ်ယောက်သာ မဟုတ်ဘူးဆိုရင် ယုံမှာမဟုတ်ဘူး၊ ပြီးတော့ ဒီဘက်ကလူက ကိုရန် ဖြစ်နေတဲ့အတွက် လက်ခံကြည့်လို့ရသွားတယ်"

"ဘယ်လို ..."

"သူဌေး စိတ်ဓာတ်မဆိုးပါနဲ့၊ ဟို ဒီလိုပါ၊ ကိုအုပ်စိုးက လုပ်ရဲသလို ကိုရန်ကလဲ သူမှားသွားရင် လည်စင်းခံမယ့်သူဆိုတာ သူ့မျက်လုံးတွေကို မြင်တာနဲ့ ယုံကြည်လို့ရတယ်၊ သူတို့နှစ်ယောက် လုပ်ခဲ့ကြတာ သာမန်စားသောက်ဆိုင်လေးတစ်ခုထဲမှာတဲ့၊ ဘာသက်သေ ဘာအထောက်အထားမှမပါဘဲ ဝိတ်တာလေးတစ်ယောက် ပြေးဝယ်ပေးတဲ့စာချုပ် နှစ်စောင်မှာ နှစ်ဦးသဘောတူလက်မှတ်ထိုးခဲ့ကြတာ။ ဒီစာချုပ်တွေထဲမှာ သိန်းပေါင်းမြောက်မြားစွာ ပေးယူခဲ့ကြတာ ဘယ်လောက်အံ့သြဖို့ကောင်းသလဲ"

ပန်း ဘာမှမမေးနိုင်သေးဘဲ ဝေးလို့မဆုံးနိုင်အောင်ဖြစ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်လွင်ပြောနေသည့်စကားတွေက ရန်လေးကို ချီးမွမ်းနေတာလား။ အုပ်စိုးသူ ခပ်ကြောင်ကြောင်လျှောက်လုပ်တာမျိုး သူ လိုက်ပြီး အရှုးထတာကို ကဲ့ရဲ့ချင်တာလား။

"ကျွန်တော်တော့ ဒါကို သေချာတွေးကြည့်မိတဲ့အခါမှာ သူတို့နှစ်ယောက်ကို အဓိပ္ပာယ်မရှိလျှောက်လုပ်နေတယ်လို့မထင်ဘူး"

ပန်းက မျက်ခုံးလေးတွေတွန့်ချီးလျှက် မောင်မောင်လွင့်စကားကို စိတ်ဝင်တစားနားစွင့်၏။

"ဒြပ်ရှိပစ္စည်းတွေကို ပေါင်နှံရောင်းဝယ်နေကြတဲ့အထဲမှာ သူတို့က လေထဲမှာ စစ်တိုက်မယ်၊ လေထဲမှာပဲ တိုင်းပြည်ထူထောင်မယ်၊ အဲဒါကြောင့် ပေါကြောင်ကြောင်တွေဖြစ်ချင်ဖြစ်သွားလိမ့်မယ်၊ တကယ်တော့ အရမ်းကိုစိတ်ဝင်စားဖို့ကောင်းတဲ့ ကစားပွဲတစ်ခုပဲ သူငွေး"

"ဒါက ဘေးလူအနေနဲ့ ဟုတ်မှာပါ ကိုမောင်မောင်၊ ရန်လေးက ကျွန်မရဲ့ ခင်ပွန်း၊ သူတို့ချင်း ရှုံးကြတာပဲဖြစ်ဖြစ်၊ တကယ်လေးနက်မှုတွေနဲ့ ရှည်နှောင်ကြတာပဲဆိုဆို သူ့ငွေကို သူက ဂရုမစိုက်လို့ စိုက်ထုတ်ရင်းနှီးတာ ဒါကို ဘဝနဲ့ပုံပြီး ရင်းနှီးယူရဲတာ သူ ရှုံးလို့ပဲ"

"ဒီလိုမဟုတ်လောက်ဘူး သူငွေး၊ ကိုရန်က အစွမ်းအစရှိတဲ့သူပါ။ စီးပွားရေးလုပ်ငန်းတွေထဲမှာ သူငွေးကြီးကိုယ်စား သူ ဦးဆောင်ခဲ့မှုတာပဲ၊ သူ့အရည်အချင်းကို ဒီကလူတွေ အားလုံးသိတယ်၊ လူငယ်ဖြစ်ပေမယ့် စေ့စပ်တယ်၊ ပြောသလိုဖြစ်အောင်လုပ်တယ်။ ဒီကစားပွဲကို အနိုင်နဲ့ပိုင်းနိုင်မယ်ဆိုတာ သူ့ကိုယ်သူ သေချာလို့ စခဲ့တာပဲဖြစ်မှာပါ"

မဟုတ်ဘူး ရှုံးတာ၊ ပန်း ရင်ထဲမှာက ဒါကိုပဲ ခိုင်မာစွာ ခွဲချက်တင်မိနေသည်။

ရန်ဘက် ဆိုတဲ့လူငယ် ရှုံးတာက မာနတွေနဲ့ပက်ပက်စက်စက်ရှုံးသွားတာမျိုး။ မင်္ဂလာဦးညမှာ သူမနဲ့ရန်လေး ဆွေးနွေးဖြစ်ကြတော့ ဒီအိမ်





ထောင်ရေးရှေ့ဆက် ဘယ်လိုစခန်းသွားကြမလဲဆိုတာ မပါခဲ့ဘဲ ...

"မင်းနဲ့တို့ မပြောင်းလဲနိုင်ကြဘူးဆိုတာ တို့ချင်း နားလည်ထားကြတယ်နော်၊ အဲဒီတော့ ဒီတိုင်းပဲ ကိုယ့်နေရာနဲ့ကိုယ် နေသွားကြမယ်၊ တို့ဆိုလိုချင်တာကို မင်း နားလည်မလားမသိဘူး။ ယောက်ျားလေးတွေက ဒီလိုနေရာမှာ မာနကြီးတတ်ကြတယ်၊ ငါက အိမ်ထောင်ဦးစီး၊ အိမ်ဦးနတ်၊ ဘာညာတွေနဲ့ နေရာလုပ်တယ်၊ အိမ်ထောင်ရှင်မက မီးဖိုချောင်ထဲသွား ဆိုတာမျိုးပေါ့၊ တို့က မီးဖိုချောင်ထဲမဝင်နိုင်ပါဘူးလို့ မပြောဘူးနော်၊ ဒါပေမယ့် မင်းလဲ တို့ရဲ့အိမ်ဦးနတ်ဖြစ်ချင်လို့မရဘူး။ တို့ဘဝ တို့ကမ္ဘာမှာ တို့က ဘုရင်"

သူမက ဤသို့အစပြုတော့ ရန်လေး က ချက်ချင်း သဘောတူသည်။

"သုခမာလာမှာ ကျွန်တော် ဘယ်တော့မှနေရာယူဖို့မစဉ်းစားဘူး၊ အဲဒီအတွက် မပူပါနဲ့ မမဘာသာ နိုင်ငံပဲတည်တည်၊ နယ်မြေပဲချဲ့ချဲ့ စိတ်ချမ်းသာသလိုနေ"

"ဒါပေမယ့် မင်းက တို့ရဲ့ယောက်ျားနော်၊ ဒီအိမ်ပေါ်ကနေ တို့မသိဘဲ တစ်ဖဝါးမှထွက်ခွာခွင့်မရှိဘူး"

အမိန့်ပေးတာမကြိုက်ပေမယ့် ပန်း ကို သူ ဘာမှပြန်မပြောဘဲနေခဲ့သည်။ ဒါတွေက မျိုးသိပ်ခြင်းတွေလား။ 'သုခမာလာ'ရဲ့ကြီးပွားချမ်းသာခြင်းအားလုံးကို မမက်မောပါ၊ မကိုင်တွယ်လိုပါဟု သူ ပြောလာတော့မှ ဒီလိုတွေ သိုသိပ်ခံစားနေခဲ့ပါလားဆိုတာကို သိခဲ့ရသည်။

စီးပွားခွဲမယ်ဆိုတော့လည်း သူမဖြင်အောင် ပန်း ဖြုံးခဲ့မိသေးသည်။ ဒီလိုမထင်မှတ် မယုံကြည်နိုင်စရာတွေ လုပ်ပြသွားမယ်လို့မှ မထင်တာ။

နေရာတကာ သူမချည်းပဲ အဆန်းထွင်ချင်ခဲ့သည့် ပန်း ရင်ထဲမှာ ကိုယ့်ထက်ဆန်းပြားနေသူကိုတွေ့တော့ နည်းနည်းတော့တုန်လှုပ်ခဲ့၏။

သူ့လိုလူတစ်ယောက်အတွက် အိပ်မက်ပင်မက်ခွင့်မရှိနိုင်သော ငွေ



www.burmeseclassic.com

www.burmeseclassic.com



ပမာဏအမျိုးကို မျက်တောင်တစ်ခတ်၊ လျှပ်တစ်ပြက်အတွင်းမှာ ရအောင်ရှာသည်။ ဖြစ်အောင်လုပ်ဖို့ ခြေလှမ်းတွေပြင်ခဲ့ပြီးပြီ။ လင်မယားတော်စပ်ရုံမျှဖြင့် တစ်အိမ်တည်းအတူနေပြီး ကျောချင်းကပ်လျက်နှင့် ခပ်မှန်မှန်နေကြသည်။

တစေ့တစောင်း အကဲခတ်ကြည့်ရုံလောက်နှင့် ကိုယ်ထင်ရာကိုယ်လုပ်၊ ကိုယ့်လမ်းကိုယ်လျှောက်။

ရန်ဘက် အလုပ်တွေတအားလုပ်နေတာကို မမြင်တာလည်းမဟုတ်ပေ။ ဒါပေမယ့် ခုလို အဆမတန် ရင်းနှီးမြှုပ်နှံထားခဲ့တဲ့အဖြစ်တွေကို ပန်းမသိခဲ့တာ အမှန်ပင်။

သူ့ကို အထင်မကြီးတာလား၊ ဒါမှမဟုတ် ကိုယ့်ကိုယ်ကိုပဲ အထင်တွေကြီးနေခဲ့မိလို့လား။ မောင်မောင်လွင် သတင်းပေးလာတာကိုတောင် ခုချိန်ထိ အံ့ဩနေဆဲဖြစ်၏။

စကားပြောနေရင်း တိတ်ဆိတ်သွားပြန်သဖြင့် မောင်မောင်လွင်က လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး ...

"ကိုရန် အခု ဖောင်ဒေးရှင်းပြီးနေပြီလေ၊ အဲဒါ ဘာအတွက်လဲ သူ့ရွှေသိလား"

"ရုပ်မြားကက်လောက်ပဲဖြစ်မယ်ထင်တယ်၊ ဒါပေမယ့် သူ ရွေးထားတဲ့နေရာက မားကက်ဖွင့်ဖို့ အဆင်ပြေမှာမဟုတ်ဘူး"

မောင်မောင်လွင်က သူ့ရှေ့ကဖိုင်တစ်ထပ်ကို ဘေးကို အသာတွန်းပို့လိုက်ပြီး ခေါင်းခါ၍ ...

"မဟုတ်ဘူး သူ့ရွှေ၊ အပေါ်ထပ်မှာ MOBILE SALES CENTER၊ အောက်ထပ်တစ်ခြမ်းမှာက လိုင်းဖုန်း၊ ခြင်းဖုန်း အမျိုးမျိုးနဲ့ အီလက်ထရွန်းနစ်ဖြစ်မယ်၊ တစ်ခြမ်းမှာတော့ SERVICES CENTER လို့ကြားတယ်၊ လုပ်ငန်းတစ်ခုလုံးကို သူငယ်ချင်းနှစ်ယောက်တည်း ဦးဆောင်တာတဲ့၊ အဲဒီ





မှာလဲ ကိုရန်က ရှယ်ယာကို အချိုးတူထည့်ထားတာ"

"ကိုမောင်မောင်က တော်တော်အသေးစိပ်သိထားတာပဲ"

"ဟုတ်တယ်၊ အုပ်စိုးသူကလဲ ကိုရန့်ကို မျက်လုံးဒေါက်ထောက်ကြည့်နေတာလေ၊ သူသိထားသမျှ ကျွန်တော် သိတယ်၊ နောက်ထပ် သူ့ရွှေသိချင်တာ၊ နိုင်းချင်တာရှိရင် အချိန်မရွေးပြောပါ"

"သင့်ခ်ယူ"

စကားတွေ ဘာမှထပ်မပြောဖြစ်တော့ပါ။ ထိုတစ်ညနေလုံး ပန်းအလုပ်ပျက်လောက်အောင် အတွေးနယ်လွန်သွားခဲ့၏။

ဒီလူဟာ မိမိတစ်ယောက်အပေါ် မှာသာမကဘဲ တစ်လောကလုံးကိုရန်စောင်ဘက်တိုက်လို့သူလား၊ ဒါမှမဟုတ်ကိုယ်ပြောဆိုခဲ့တာတွေအပေါ်မှာ ငြိုးမယ်ဖွဲ့ပြီး မခံချင်စိတ်တွေနဲ့ မဖြစ်မနေလုပ်ပြနေတာလား။

တွေးကြည့်သမျှမှာတော့ ထူးကဲတဲ့ခံစားမှုမျိုး သူ့မျက်နှာထက်မှာ မတွေ့ခဲ့ဖူးပါ။ ဟိုတုန်းကတည်းက ဒီပုံစံ ဒီအချိုးပဲမို့ နေ့စဉ် ရင်ဆိုင်တွေ့ဆုံနေကြပေမယ့် ပန်း ဂရုမစိုက်ခဲ့မိပေ။

အတွေးများနှိပ်စက်လျက် သူမ အဖျားကြီး ထပြန်လာခဲ့မိသည်။ ထိုနေ့က ညရှစ်နာရီထိုးကာမှ ရန်လေး ပြန်ရောက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

တံခါးရှေ့မှာ လူရိပ်ပေါ်လာကတည်းက မယ်မြ တံခါးပြေးဖွင့်သည်။ ဆိုဖာပေါ်မှာ ခြေချင်းချိတ်ထိုင်လျက် စာဖတ်နေသည့် ပန်း က စာအုပ်ကို အသာလေးပိတ်ပစ်လိုက်ပြီး သူ ဝင်လာတဲ့အထိ စိုက်ကြည့်နေခဲ့၏။

ရင်ဘတ်ကြယ်သီးတစ်လုံးဖြုတ်ထားသည့် ရှပ်အင်္ကျီအညိုစင်းပေါ်မှာ ကုတ်အင်္ကျီနက်ကို ထပ်ဝတ်ထားကာ ဘောင်းဘီရှည်နက်ပြာစင်းက ရှူးဖိနပ်နှင့်အပြိုင် တောက်ပနေသည်။

သူ ဖိနပ်ချွတ်နေစဉ်မှာ ပန်းကို တစ်ချက်လှမ်းကြည့်ပြီး နောက်ထပ် အထဲဝင်သွားတဲ့အထိ မျက်လုံး တစ်ချက်မှ ဖွေမလာတော့ပေ။

သူ ထွက်သွားပြီး မလတ်ဆတ်သောရေမွှေးနံ့တစ်ချက် ငေ့ကျန်ခဲ့၏။ ထိုရနံ့ ပျောက်ကွယ်သွားသည့်တိုင် ပန်း၏နားထဲမှာ သူ့အကြောင်း ပြော ခဲ့သော မောင်မောင်လွင့်စကားတွေက အစီအရီတင်ကျန်ခဲ့ကြသည်။

သူတို့ပြုခဲ့သည့် အလောင်းအစားကို ဟုတ်သလားလို့မေးပြီး ဟုတ် တယ်ဟု ဝန်ခံတာနှင့် တားဆီးလိုက်ရမည်လား ...၊

ဘာမှမေးမနေတော့ဘဲ ဘာဖြစ်ဖြစ် ဒီတိုင်းကြည့်နေလိုက်ရမည်





လား။

ပန်း ရင်ထဲမှာ 'ဘာလို့မေးရမှာလဲ' ဟူသည် မာနတွေလည်းဖြစ်နေ သည်။ 'ဒါ မေးသင့်တယ်'ဆိုသော မနေနိုင်သည့်သိချင်စိတ်တွေလည်း ပြင်းပြနေ၏။

သူ ရေချိုးနေသံကြားလိုက်ကာမှ တော်ကြာ ထမင်းစားခန်းထဲ ရောက်လာတော့မှာကို သတိရ၏။

ဒီတစ်ခုကတော့ မဆိုးလှပါ။ ညဘက် ဘယ်အချိန် အိမ်ပြန်ရောက် ရောက် အိမ်ရောက်မှ ညစာစားတတ်သည့်အကျင့် ရန်လေးမှာရှိသည်။

စားသောက်ပြီးသည်နှင့် စာကြည့်ခန်းထဲ တန်းဝင်၏။ ပန်းရဲ့အလုပ် စားပွဲက ကိုယ့်အိပ်ခန်းထဲမှာပဲဖြစ်ကာ သူ့စားပွဲက စာကြည့်ခန်းထဲမှာ။ ထို့ပြင် ထိုအခန်းထဲ ဘယ်အချိန်ရောက်သွားသွား သူ့စားပွဲပေါ်မှာ ဖတ် စရာစာအုပ် တစ်အုပ်နှစ်အုပ်လောက်သာရှိနေတတ်ပြီး စာရင်းနဲ့တူတာ ဆိုလို့ စာရွက်တိုစာရွက်စလေးတောင်မရှိပေ။ စားပွဲအောက်က အံဆွဲ အထပ်တိုင်းမှာလည်း သော့ခတ်ထားတာတွေချည်းဖြစ်၏။

**Lap Top** ကွန်ပျူတာလေးကိုပဲကိုင်တာမို့ သူ ဘာလုပ်နေသလဲ၊ ဘာတွေသိမ်းဆည်းထားသလဲဆိုတာ ဘယ်မှာမှလည်း ကြည့်လို့မရပေ။

ယုတ်စွအဆုံး စားပွဲဘေးမှာ အမှိုက်ခြင်းကလေးရှိနေတာမတောင်မှ ထိုခြင်းထဲမှာ ဘယ်သောအခါမှ အမှိုက်ရှိမနေတတ်။ တစ်ခါကတော့ ဒါကို သတိထားမိပြီး မယ်မြကို မေးမိသေး၏။

"အမှိုက်ခြင်းကို ဘယ်အချိန်ကပစ်တာလဲ မယ်မြ၊ ရန် သူ့ဘာသာ အမှိုက်ပစ်နေရတာလား"

"မဟုတ်ပါဘူး မမလေးရယ်၊ ကျွန်မ ဝင်တိုင်း ခြင်းထဲမှာ အမှိုက်ကို ရှိမနေတာပါ။ အစ်ကိုလေးက သူ့စားပွဲမှာ ဖုန်သုတ်ပေးတာတောင် မကြိုက် ဘူး။ စာကြည့်ခန်းရှင်းချင်ရှင်း၊ သူ့စားပွဲကို မရှင်းရဘူးလို့ မှာထားတာ



www.burmeseclassic.com

www.burmeseclassic.com



ဟု ဖျာဖျာသလဲ ရှင်းပြရှာသည်။ ပန်း သည်ရှုပ်ထွေးနေဆဲအတွေး များနှင့် ထမင်းစားခန်းထဲရောက်လာခဲ့၏။ မယ်မြက ထမင်းပွဲပြင်နေရင်း ပန်းကိုမြင်တော့ စားပွဲနားပြေးလာကာ ...

"မမလေး ဒီမှာ ဘာလိုသလဲကြည့်ပါဦး။ ငါးရဲ့ခေါင်းချဉ်ဟင်းက ငါးခြောက်မရလို့ ငါးစိမ်းခေါင်းနဲ့ပဲချက်လိုက်ရတာ၊ အစ်ကိုလေး ကြိုက်ပါ့ မလားဟင်"

ပန်း က ပြင်ထားသည့်ဟင်းပွဲတွေကို ငုံ့ကြည့်သည်။ ဒီအိမ်မှာ ပြင် ဆင်ပေးစရာလူနှစ်ယောက်ပဲရှိသည်။ အိမ်တော်ထိန်းကြီးက စားစရာ ဈေးမများတတ်သလို ဘာဟင်းတွေရှိရှိ ဟင်းတစ်မျိုးနဲ့ပဲ စားသွားတတ်တဲ့ သူ။

ပန်းနဲ့ရန်လေး နှစ်ယောက်ကျတော့ ဘယ်တော့မှလည်း ထမင်း လက်ဆုံမစား၊ ပန်းက စားချင်တာကိုချက်ခိုင်းပြီး ဟင်းပန်းကန်တွေနှင့် အပြီးပါသော ပန်းကန်ပြားလှလှလေးတစ်ချပ်ပဲလိုသည်။

ဟင်းသုံးမျိုးလောက်ထည့်ပြီး ထမင်းလေးနည်းနည်းနှင့် အလုပ်စားပွဲ ပေါ်မှာ တင်ထားကာ အလုပ်လုပ်ရင်း ထမင်းစားသည်။

စာဖတ်နေရင်းစားသည်။ ငယ်ငယ်ကကျတော့ စာကျက်ပြီဆိုမှ ထမင်းစားဖို့ သတိရတတ်၏။ ဒါကို ဦးပန်းမြိုင်က မကြာခဏ တဗျစ် တောက်တောက်ပြောတတ်သည်။

"ထမင်းမှာ ကြီးမြတ်တဲ့ဂုဏ်ရှိတယ် မြေးရဲ့၊ ကိုယ်ရှာနိုင်လို့ ကိုယ်စား ရတာမှန်ပေမယ့် ထမင်းစားနေတဲ့အခါမှာ ထမင်းရဲ့ဂုဏ်ကျေးဇူးကို အောက်မေ့ပြီးစားမှ တာဝန်ကျေတဲ့သူဖြစ်တယ်၊ ဒီလို ပြီးစလွယ်မျိုးချပြီး ပေါ့ပျက်တာ အပြစ်ကျူးလွန်နေတာနဲ့ အတူတူပဲ"

ထိုအချိန်က ကလေးမို့ ဘိုးအေဖြစ်သူက ဆူလျှင် ဇက်ကလေးပုပြီး ငြိမ်နေခဲ့ရ၏။ ခုကျတော့ ဟိုနိုင်ငံရောက်၊ ဒီနိုင်ငံရောက်နှင့် အသိစိတ်မှာ





တိုးတက်တာတွေရော၊ ဆုတ်ယုတ်တာတွေရော စပ်ကူးမတ်ကူးဖြစ်လာခဲ့ လို့ထင်သည်။

"ခုခေတ်မှာ ထမင်းယပ်ခတ်ပြီး စားနေနိုင်တဲ့သူက လက်ချိုးရေလို့ ရတယ် ဘာဘရဲ့၊ နိုင်ငံခြားမှာဆိုရင် ဘယ်လောက်ချမ်းသာနေနေ အိမ်ဖော် မထားဘူး၊ ဆင်းရဲတဲ့သူ အလုပ်လုပ်နေရတာတွေကျတော့လဲ နာရီနဲ့အမျှ ပြေးလွှားရှာဖွေနေရတာ၊ နေ့မှန်းညမှန်းမသိကြဘဲ အိပ်ချိန်ဆိုတာလဲ ညကျမှ ဘယ်နှစ်နာရီထိုးမှ ဆိုတာတွေ မရှိဘူး၊ ထမင်းစားဖို့အတွက် မြန်မာပြည်ကလူတွေလို အိမ်ဖော်က ယပ်ခတ်ပေးပြီး ချဉ်ဟင်းလေးနဲ့ ဆီပြန်လေးနဲ့ တို့စရာကို နှစ်မျိုး၊ သုံးမျိုး လှီးဖြတ် ပြုတ်သုပ်ပြီး လှအောင် တမင်ပြင်ဆင်နေဖို့ဆို ဝေးရော၊ အသားငါး ဆီသွတ်ဘူးတွေ ဆောင်ထား ကြတယ်၊ ထမင်းပေါင်းအိုးထဲ ပစ်ထည့်ရောပြီး ဖြစ်သလိုမျိုချကြတဲ့သူတွေ အများကြီး။ ဘာပဲဖြစ်ဖြစ် အဲဒါကြိုးစားတဲ့လုပ်အားတွေပဲ၊ ပန်းကတော့ အလုပ်ရှုပ်နေရတာကို သဘောကျတယ်။

ဘာမှလုပ်စရာမရှိလို့ ခြေတွေလက်တွေက နားနေရင်းတောင်မှ ခေါင်းထဲမှာ စဉ်းစားစရာထည့်ထားရမယ်။ ကိုယ့်ရဲ့ဘဝတိုးတက်အောင် မြင့်ဖို့ဆိုတာ ဒီခေါင်းထဲမှာ စိတ်ကူးကောင်း၊ အတွေးကောင်းတွေရှိမှ ထမင်းစားဖို့အတွက် စားပွဲမှာ တခမ်းတနားကြီးထိုင်ပြီး လူစုံမှစားတာ၊ စားပြီးတော့ အချိုပဲလာဦး၊ အဲဒီစားသောက်ကိစ္စကြီးမှာ အချိန်တွေ ဘယ် လောက်ပေးလိုက်ရသလဲကြည့်"

"ခက်ပါလား မြေးရယ်၊ ဟိုရောက်တော့ ဟိုလိုကျင့်၊ ကိုယ့်နိုင်ငံ ရောက်တော့ ကိုယ့်ယဉ်ကျေးမှုနဲ့ပေါ့၊ ဘယ်နေရာမှာ ဘယ်အထာတွေရှိရှိ ဘယ်လိုကောင်းနေနေ အကောင်းချည်းပဲ မရှိနိုင်ဘူး။ ချို့ယွင်းချက်တစ်ခုခု ဆိုတာ ရှိကိုရှိတယ်၊ ကောင်းမွန်တဲ့နည်းလမ်းကို အတုယူရမှာဖြစ်သလို မကောင်းတာကို ရှာဖွေဖယ်ရှားနိုင်မှ လူတော်ကွယ့်၊ ကျောက်ခဲသလဲတွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ စိန်တွေ အပုံလိုက်ချထားပြီး အဲဒီမှာ မင်းလိုသလောက်သယ်ပေတော့ ဆိုရင် မြေးက အားလုံးကိုသိမ်းကျုံးယူမှာလား"

"ဘာလို့ယူရမှာလဲ၊ စိန်တွေပဲရွေးယူမှာပေါ့"

"ဒါပေါ့၊ အဲဒါ မြင်နိုင်တဲ့အရာလေ၊ မမြင်နိုင်တဲ့အရာကိုလဲ ရွေးချယ်ပိုင်းဖြတ်ရမယ်၊ သတ္တဝါတွေထဲမှာ လူသတ္တဝါလောက် အသိဉာဏ်မြင့်မားတာရှိသေးလို့လား။ လူမှန်ရင် စဉ်းစားတွေးခေါ်ဉာဏ် မြင့်မားရမယ်"

ထမင်းပွဲကိုငုံ့ကြည့်ရင်း နှုတ်ခမ်းမှာပြုံးရိပ်ထင်နေသည့် ပန်း ကို မယ်မြက သေချာကြည့်နေသည်။ သူမလုပ်ကိုင်ထားတာကို ချီးကျူးမလို့လား၊ တစ်ခုခုကို တွေးမိပြီးပြုံးတာလားဆိုတာ အသေအလဲ စဉ်းစားပေမယ့် နားမလည်။

"မယ်မြ"

"ရှင် မမလေး"

"နာနတ်သီးတွေစိပ်လိုက်တော့"

"ဟုတ်ကဲ့"

"ပြီးရင် သံပရာသီးများများလေးညှစ်ထားပေးနော်"

"ဟုတ်ကဲ့ မမလေး"

မယ်မြ ပျာပျာသလဲထွက်သွား၏။ ပန်း က ရန့် အပေါ်မှာ သူမ ဘယ်လိုပြောပြော ဘယ်လိုနေနေ အလုပ်သမားတွေ မလေးမစားဖြစ်လောက်တဲ့အထိတော့ မလွန်ကျူးခဲ့ပါ။

ထို့ပြင် သူမကိုယ်တိုင်က ဝတ္တရားရှိတဲ့အတိုင်းတော့ ပြုမူဆောင်ရွက်သင့်တာလေးတွေပေါ်မှာ တာဝန်ကျေခဲ့သည်။

ဒါကလည်း လက်ထပ်ပြီးမှ တမင်တကာကြိုးစားယူခဲ့ရတာမဟုတ်ပေ။ နဂိုအံ့သိစိတ်လေးကိုက သိမ်မွေ့တတ်သည့်ဗီဇလေးရှိလို့။

"မမကို လူတစ်ယောက် လာမေးတယ်"





"ဟင့်"

နောက်ကစကားသံကြားမှ သူမ လှည့်ကြည့်မိ၏။ ရန်လေး က နဂိုအတည်းက တိုကပ်ကပ်ဆံပင်မှာ ရေစိုနေတာကိုပြောင်စင်အောင်မသုတ်ဘဲ လက်တစ်ဖက်နှင့် ခါထုတ်ရင်းဝင်လာသည်။

ရှပ်အင်္ကျီလက်တိုပွပွ၊ ပုဆိုးအနီရောင်ကွက်စိပ်နှင့် စားပွဲမှာ ခုံဆွဲထိုင်လိုက်၏။

"ဘယ်သူမေးတာလဲ"

"ကိုရှမ်းလို့ပြောတာပဲ၊ ဖုန်းနံပါတ်တောင်းတယ်"

"မင်း ဘာပြောလိုက်လဲ"

"မသိဘူးလို့ပြောလိုက်တယ်"

ရန်လေး က ပန်းကန်လှန်ပြီး သူ့ဘာသာ ထမင်းထည့်သည်။ နောက်ထပ်မကြည့်တော့ဘဲ ဘာမှလည်း ထပ်မပြောတော့ပေ။

ထမင်းစားနေတော့လည်း တော်တော်ကိုဆာလောင်နေတဲ့ပုံစံ။ ဇွန်းခက်ရင်းကိုကိုင်ပြီး ဟင်းအမည်ရွေးနေတာမရှိဘဲ စားချင်တာကိုပဲ ယူစားသည်။ မစားချင်တာကို နောက်ထပ်လည်းမကြည့်၊ ဘာမှလည်းမပြော။

"အစ်ကိုလေးက ထမင်းစားရင် ဘာမှတော့မပြောပါဘူး၊ ဒါပေမယ့် စားချင်တာမပါရင် တို့စရာချည်းပဲ တစ်ခုနှစ်ခုနှိုက်စားပြီး ထသွားရော၊ သူ့မျက်နှာကြီးက တင်းမာနေတော့ ကျွန်မ ဘာမှလဲမပြောရဲဘူး မမလေးရဲ့၊ အဲဒါကြောင့် အစ်ကိုလေး ဘာစားတတ်တာလဲ ကျွန်မကို ပြောပြထားပါ မမလေးရယ်"

သူစားနေပုံကိုကြည့်ကာ မယ်မြ မျက်နှာငယ်လေးနဲ့ပြောတာကို သတိရမိသည်။

"မင်းကို တို့ မေးစရာရှိတယ်"

ရန်လေး က ခက်ရင်းနဲ့ အသာလေးသဲ့ပြီး ဇွန်းပေါ် ထမင်းပုံရင်း



www.burmeseclassic.com

www.burmeseclassic.com



မျက်လွှာပင့်ကြည့်၏။ သူနဲ့မျက်နှာချင်းဆိုင်မကျတကျမှာ ပန်း က ခုံဆွဲ ထိုင်ကာ ...

"အုပ်စိုးသူ ဆိုတဲ့လူနဲ့ မင်း ဘယ်လိုပတ်သက်နေတာလဲ"

ပါးစပ်နား‌ရောက်နေသည့်ထမင်းလုတ်က တုံ့ခနဲဖြစ်သွား၏။ ထူထဲသော မျက်ခုံးနှစ်ဖက်သည် ပို၍တွန့်ကုပ်သွားလျက် တစ်ခွန်းမှမဖြေဘဲ ထမင်းငုံ့စားသည်။

"ဘယ်သူမှမသိနိုင်ဘူးဆိုတဲ့ လျှို့ဝှက်ချက်မရှိဘူး ရန်၊ မင်းတို့ရဲ့ လုပ်ရပ်တွေကို လူတွေ ဘယ်လိုဝေဖန်နေကြသလဲ သိလား"

ရန်လေး မျက်နှာ သိသာစွာရဲတက်လာ၏။ သူ့အသားမဖြူပါ။ ခပ်လတ်လတ်အသားရောင်က ညိုသည့်ဘက်ကို ပြေးချင်သေးသည်။ ထိုမျက်နှာပေါ်မှာပဲ အနီရောင်လွှမ်းလာပုံက သိသာနေ၏။

"ပတ်ဝန်းကျင်ဆိုတာက ..."

"မမ ..."

ပန်းကန်ထဲမှာ ထမင်းက တစ်ဝက်မကျိုးသေးပေ။ ရန်လေး က ဖွန်ခက်ရင်းတွေကို နှစ်ဖက်စလုံးချထားလိုက်ပြီး ဆက်မပြောသေးဘဲ နှုတ်ခမ်းတွေပိတ်လျက်နှင့် ပါးစပ်ထဲကဝါးလက်စကို အဆုံးသတ်သည်။

မျက်လုံးတွေက သူ့မျက်နှာမှာ စူးစူးရဲရဲရှိနေတာမို့ သူ ပြောလာမှာကို ပန်း က သည်းခံစောင့်ဆိုင်းနေလိုက်၏။

"ကျွန်တော်က ပတ်ဝန်းကျင်မှာ လိုက်ပြီး အလှူခံခဲ့တာမဟုတ်ဘူး သူတို့ခေါင်းတွေပေါ်မှာ မတ်တတ်ရပ်ပြီး ဖနောင့်နဲ့လိုက်ပေါက်နေတာလဲ မဟုတ်ဘူး၊ အားလုံး ကိုယ်အသက်ရှုဖို့အတွက်ပဲ ကြိုးစားနေကြတာ ပတ်ဝန်းကျင်မပြောနဲ့ မမကိုတောင် ပြောဖို့မလိုဘူးထင်လို့ မပြောခဲ့တာ ဘာကိုမှဂရုမစိုက်ဘူး။ လျှို့ဝှက်နေဖို့လဲမလိုဘူး"

"ဘယ်ဟုတ်မလဲ၊ လူမှုရေး စီးပွားရေး အားလုံးမှာ ပတ်ဝန်းကျင်





တယ်"

"ဘာကိုမှ ဂရုမစိုက်တတ်တာ မမရဲ့အကျင့်တွေပါ။ ကျွန်တော့်ကျမှ ဒါ မတော်ဘူးလို့ဝေဖန်နေတာလား"

"ဟုတ်တယ်"

ပန်း က မျက်နှာလေးမော့၍ခေါင်းညိတ်သည်။ နေရာမှထရပ်လိုက်ပြီးမှ စားပွဲစွန်းမှာ တင်ပါးလေးနှင့် ခပ်နွဲ့နွဲ့ကပ်မှီကာ ...

"မင်းရဲ့ကြိုးစားမှုက မရိုးသားတော့ တို့ကိုထိခိုက်တယ်"

"ဘာဗျ"

ရန်လေး က စားပွဲစွန်းမှာ လက်တင်ထားရင်း ထ,ရပ်လိုက်၏။

"အလုပ်လုပ်ချင့်ပေမယ့် ငွေရှိမှဖြစ်တာ၊ မရှိလို့ ချေးရတာ ဘာမရိုးသားတာလဲ"

"မင်းတို့ ဘယ်လိုပုံစံတွေနဲ့ အပေးအယူဖြစ်ကုန်တာလဲ၊ မင်းမသိဘူးလား"

"ဘယ်လိုပုံစံဖြစ်ဖြစ်၊ ခေးစကာ်လ်စက်ထဲပဲ ပြေးဝင်ဝင် အဲဒါ ဘယ်သူ့ကို ထိခိုက်နိုင်သလဲ၊ စကားကို ဒီထက်ရှင်းအောင်ပြောလိုက် မမ၊ မမကိုကျော်ပြီး သူများဆီက ငွေယူလိုက်တာကို မကျေနပ်တာလား။ ငါ့ဆီမှာတော့ ဒူးမထောက်ဘဲ သူများဆီမှာတော့ အောက်ကျခံတယ် ဆိုပြီးတော့..."

"မင်း ဒူးထောက်မှာကို တို့ကစောင့်နေတယ်လို့ ပြောလိုက်တာလား"

"ဟုတ်တယ်၊ အဲဒီအတိုင်းပဲ"

"ဟွန်း"

ပန်း က လက်ပိုက်လိုက်ပြီး ပခုံးနှစ်ဖက်ပါအောင်မဲ့၏။

"အင်း ... ဟုတ်တယ်လို့ပဲထားလိုက်တော့၊ ဒူးထောက်ဖို့ထိမလိုဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကိုပြောတဲ့အတိုင်း မင်းလိုက်နာမယ်လို့ ခေါင်းညိတ် လိုသလောက် ထုတ်ပေးလိုက်မယ်"

"ဟား ဟား ဟား"

ဒီလို တစ်သက်လုံးက လျောင်ရယ်မခံခဲ့ဘူးသဖြင့် ပန်း ရင်ထဲမှာ ဖျင်းခနဲဖြစ်၏။

"ရယ်ရတယ်ဗျာ၊ ဒီမှာ ပန်းတစ်ပွင့် ဆိုတဲ့မိန်းမနဲ့ပတ်သက်ရမယ် ဆိုရင် ငွေမပြောနဲ့ လူပါရမယ်ဆိုရင်တောင် ကျွန်တော်က ပြန်အမ်းလိုက်ဦးမယ်"

"ဘာပြောတယ်"

အမြဲတမ်း ပြုံးရယ်နိုင်ခြင်းတွေပျောက်ကွယ်သွား၏။ ခေါင်းထဲမှာ ဒိုင်းခနဲမီးပွင့်သွားကာ ပန်း ၏လက်တစ်ဖက် အရှိန်နှင့်မြောက်တက်သွား၏။

အားပြင်းစွာကျလာသော်လည်း ရန်လေး က သိသိလေးကပ်ရှောင်လိုက်သဖြင့် လွဲချော်သွား၏။ နောက်ထပ် လက်ပြန်ထပ်ရောက်လာတော့ ထိုလက်ကို ဖတ်ခနဲဖမ်းဆုပ်ထားလိုက်ကာ...

"ဆောရီး မမ၊ ခင်ဗျားကိုယ်ချင်းစာတတ်အောင် တမင်မိုက်ရိုင်းပြလိုက်တာပါ၊ လူတိုင်းမှာ မာနရှိတယ်၊ ဂရုမစိုက်ရင်နေပေါ့၊ မစော်ကားပါနဲ့"

🔔 🔔 🔔





## အခန်း (၉)

"ပစ္စည်းဥစ္စာ ဆိုတာ လင်ပိုင်တာကို မယားကပိုင်သလို မယားပိုင်သမျှလဲ လင်ကပိုင်ဆိုင်ခွင့်ရှိတယ် သမီး၊ အဲဒါကြောင့် အမွေတွေအားလုံး သမီးကို လွှဲပြောင်းပေးပြီးဖြစ်ပေမယ့် လွှဲပြောင်းပြီဖြစ်တဲ့ကိစ္စကို ရှေ့နေကြီးနဲ့တိုင်ပင်ပြီး ဘဘထူးက လျှို့ဝှက်ထားခဲ့တယ်၊ ပစ္စည်းတွေအားလုံးကိုလဲ ခုချိန်ထိ ဘဘထူးပဲ လုံလုံခြုံခြုံထိန်းသိမ်းထားခဲ့တဲ့ကိစ္စမှာ သမီးစိတ်ကြည်လင်မှုရှိရဲ့လားကွယ်"

"ဘာဖြစ်လို့မေးတာလဲ ဘဘထူး"

ဦးမြတ်ထူးက ပန်း ထိုင်နေသည့်ဘေးက ခုံလေးမှာထိုင်နေလျက် လောကကြီးထဲမှာ အထီးကျန်တစ်ကိုယ်တည်း ကျန်ခဲ့ရှာသည့်မိန်းကလေးဆိုသော ကရုဏာမျက်လုံးများနှင့် ပန်း မျက်နှာလေးကိုကြည့်သည်။

ဟိုတုန်းက ဦးပန်းမြိုင် တစ်ကိုင်ကိုင်နှင့်ရှိတတ်သော ဆေးတံကောက်ကြီးကို ကိုင်ထားရင်း သက်ပြင်းချ၏။ ပြီးနောက် ဆေးတံကြီးကိုလွမ်းဆွေးစွာငေးမော၍ ...

"ဘာမှမဟုတ်ပါဘူး၊ ဒါပေမယ့် သမီးမှာက သူစိမ်းဖက်လာပြီလေ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သဘောကနေ နှစ်ယောက်သဘောဖြစ်လာပြီ”

“အမွေကိစ္စနဲ့ပတ်သက်ပြီး ဘဘထူးခေါင်းထဲမှာ တာဝန်ကြီးတစ်ရပ်လို သဘောထားမနေပါနဲ့ ပန်း က ဘဘထူးကို မိဘနေရာမှာထားခဲ့တာ”

ဒါ အမှန်ပဲမို့ ဦးမြတ်ထူးက ခေါင်းညိတ်၏။ ယခု သူ ကိုင်တွယ်သုံးစွဲခွင့်ရနေသည့် သူဌေးကြီးဦးပန်းမြိုင်၏ ဆေးတံကောက်ကြီးကိုလဲ ပန်း ကိုယ်တိုင်ပေးခဲ့တာဖြစ်သည်။

“ဒီဆေးတံကြီးကို ဘဘထူး ယူလိုက်ပါ။ ဘဘထူးက ဘဘနဲ့ ညီအစ်ကိုလိုပေါင်းသင်းဆက်ဆံလာခဲ့တဲ့သူဆိုတော့ ဘဘထူး ဒီဆေးတံနဲ့ထောက်နေရင် ဘဘကိုမြင်နေရသလိုပဲ”

ဟုလည်း ပြောခဲ့ရှာသည်။ ပန်း က ဦးမြတ်ထူး ဘာဖြစ်လို့ အထူးတဆန်းတွေလာပြောနေတာလဲဆိုတော့ စူးစမ်းသည့်မျက်ဝန်းလေးများနှင့်ကြည့်ကာ ...

“အခု လုပ်ငန်းတွေထဲကထွက်လာတဲ့ အမြတ်အစွန်းတွေနဲ့ပဲ နောက်ထပ်လုပ်ငန်းတိုးချဲ့မယ်ဆိုရင် ရသေးတယ်၊ အမွေပစ္စည်းဆိုတာတွေကို ပန်း ခေါင်းထဲမှာ အဲဒီလောက်အရေးတကြီးဖြစ်မနေပါဘူး ဟိုတုန်းကတည်းက ဘဘထူးပဲ အစဉ်အဆက် စောင့်ရှောက်ပေးခဲ့တာ၊ နောက်ထပ်ပြီးတော့လဲ ဒီတိုင်းပဲပေါ့၊ ပန်း က ဘဘထူး မကျန်းမမာဖြစ်သွားမှာကိုတောင် စိုးရိမ်နေတာပါ”

“ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ဘဘက သမီးရဲ့ အိမ်ထောင်ဘက်အပေါ်မှာ မယုံကြည်မသင်္ကာသလိုဖြစ်သွားတော့ သမီးစိတ်ထဲမှာများ ...”

“ဟင့်အင်း မဖြစ်ပါဘူး။ ပန်း တွေးတောင်မတွေးမိဘူး၊ ဘဘထူးက ပန်းရဲ့ အုပ်ထိန်းသူ၊ မိဘဆိုလဲဟုတ်တာပဲ၊ ဘဘထူးက သင့်တင့်သလိုစီမံတာကို ဘာဖြစ်လို့ တစ်မျိုးထင်ရမှာလဲ”





“ဟုတ်တယ် သမီး၊ တစ်ယောက်အကြောင်းတစ်ယောက် မသိကြသေးခင်မှာ ယုံကြည်မှုမလွန်သင့်ဘူး၊ သမီးက ချမ်းသာကြွယ်ဝရုံကလေးနဲ့ လူကုံထံစာရင်းဝင်ဖြစ်နေတဲ့သူမဟုတ်တော့ ပိုပြီးသတိထားရတယ်၊ မြန်မာပြည်မှာရော အမေရိကားက သမီးအန်ကယ်ဆီမှာပါ သမီးပိုင်ဆိုင်ရမယ့်အမွေတွေက တိုင်းတာမကြည့်ရဲလောက်စရာ၊ ရန်လေး က ကိုယ့်ခြံဝင်းထဲက ငယ်မွေးခြံပေါက်ဆိုပေမယ့် ဒီကောင်လေးက စိတ်ဆတ်လွန်းတယ်၊ မုချိန်ထိလဲ သမီးတို့အိမ်ထောင်ရေး အဆင်မပြေဘူးဆိုတာကို ဘဘ အကဲခတ်မိတယ်”

‘ဒါလေးများဘာဖြစ်လို့လဲ’ဆိုသည့် ကြည်လဲ့သောမျက်ဝန်းလေးများနှင့် ပန်းက ပြုံးနေ၏။

“ငွေဆိုတာ သည်းခြေကြိုက်တယ်ကွယ့်၊ စိန်ရွှေရတနာကြောင့်ဆိုရင် လူကောင်းကနေ လူဆိုးဖြစ်သွားဖို့မခဲယဉ်းဘူး၊ ဆိုးနေတဲ့လူက ထပ်မိုက်ချင်လာမယ်။ သူဌေးကြီးရဲ့တစ်ဦးတည်းသောသမီးကို လက်ထပ်ခွင့်ရတာတောင်မှ မရောင့်ရဲနိုင်ဘဲ လက်ဝတ်ရတနာတွေကို ဖြုတ်ခိုင်းပြီး ခေါင်းပေါ်ကတွန်းချသတ်ဖို့ကြံတဲ့ ခိုးသားအကြောင်း သမီး ဖတ်ခဲ့ဖူးမှာပေါ့”

“ဒါတွေက ပညာပေးပုံပြင်တွေပါ ဘဘထူးရယ်၊ အဲဒီလောက်မစိုးရိမ်ပါနဲ့ ပြီးတော့ ရန် က ဘာနဲ့ရှိတယ်၊ ပေးတာကိုယူခိုင်းရင်တောင်မှ လက်ဖြန့်ခံရမှာ အောက်ကျတယ်ထင်ပြီး ခေါင်းခါလိမ့်ဦးမယ်”

“သမီးရယ် ...”

ဦးမြတ်ထူးက ပန်း ကို ပီဘိကလေးငယ်လေးတစ်ယောက်သဖွယ် ခေါင်းတညိတ်ညိတ်နဲ့ကြည့်နေပြီးရယ်သည်။ ထို့နောက် မျက်ဝန်းထဲမှာ ဘည်းတဲ့ပေါ့ပါးဟန်များနှင့် ကြည်စင်သွားခဲ့ပြီး ...

“သမီးတို့ချင်း ယုံကြည်မှုတွေ၊ နားလည်မှုတွေနဲ့ ဘာကြောင့်ဘဲဖြစ်ဖြစ် အဆင်ပြေသွားစေချင်ပါတယ်၊ ဘဘကတော့ ‘ကိုယ့်ဥမှကိုယ်’ဆိုသ



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးထင်တယ်၊ သမီးလေးကို ဆိုးလှတယ်လို့ ဘယ်တုန်းကမှ မမြင်ခဲ့ဘူး။ အဲဒီတော့ သမီး ဘယ်လိုနေနေ ဘယ်လိုဆိုးဆိုး ရန်လေး ကပဲ သည်းခံခွင့်လွှတ်ပေးစေချင်တာ”

ပန်း က အံသံမထွက်ပေမယ့် နှစ်ခြိုက်စွာရယ်သည်။

“တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုတွေနဲ့ သံယောဇဉ်တွေဖြစ်ကြပြီး သမီးလိုမိန်းကလေးကို သူ ပိုင်ဆိုင်ခွင့်ရခဲ့တာ ဒါ သူ အိပ်မက်တောင်မမက်ရဲခဲ့တဲ့ဘဝကို နတ်ကိုဖန်ဆင်းသလို ချက်ချင်းရောက်သွားခဲ့တာပဲ၊ တကယ်ဆို ဒီပုံ၊ ဒီလိုအချိုးမျိုးနဲ့ သမီးကို ဆက်ဆံရမှာမဟုတ်ဘူး”

ပန်း က အပြုံးမပျက် ခေါင်းညိတ်သည်။ ဦးမြတ်သူစကားကိုထောက်ခံလိုက်တာမဟုတ်ပါ။ ဦးမြတ်သူ နားမလည်သေးသည့် ရန်လေး ၏စိတ်ဓာတ်ကို သူမက သိနေ၍ဖြစ်သည်။

ရန်ဘက် ဆိုသည့်နာမည်ကို ပညာတစ်ခုအနေနှင့်ရော အမည်နာမအနေနှင့်ရော ရန်လေး က အတိအကျပိုင်ဆိုင်ထားသူဖြစ်၏။

သူစိမ်း၊ သူကျွတ် ဘယ်သူ့အပေါ် ဖြစ်ဖြစ် ဒီမျက်နှာနဲ့ပဲနေသည်၊ ဒီလေသံနဲ့ပဲပြော၏။ သူ့အဖေ ဦးရန်နိုင်ကိုတောင်မှ ဘယ်တုန်းက နူးညံ့စိုပြည်စေခဲ့လို့လဲ။

“သူ့ဖွေးက ဒီလိုအစီအစဉ်တွေချပြီး သူ့ရင်ထဲမှာ ချမ်းမြေ့နေရှာတော့ ဘာဘ မပြောဖြစ်ခဲ့ပါဘူး။ တကယ်ဆို ဟိုတုန်းကတည်းက ဒီကိစ္စစီစဉ်တာကို ဘာဘ ရင်လေးခဲ့မိတယ်”

“ဘာဖြစ်လို့လဲ”

“သမီးလေးအပေါ်မှာ စိတ်ချမ်းသာစေနိုင်မယ့်အိမ်ထောင်ဖက်ဖြစ်လာဖို့ မလွယ်ဘူးဆိုတာကိုသိနေလို့ပေါ့၊ ထင်တဲ့အတိုင်း ခုချိန်ထိ သမီးစိတ်ကျေနပ်နိုင်ခဲ့တာ ဘာရှိခဲ့လို့လဲ”

“ဒါပေမယ့် ပန်း စိတ်မညစ်ပါဘူး ဘာဘထူးရဲ့၊ မိန်းမသားသဘာဝ





အတိုင်း ကိုယ့်ရဲ့ခင်ပွန်းက ကိုယ့်ကိုအလိုလိုက်တာ၊ ယုယကြင်နာတာကို ဘယ်အချိန်မှာ ပန်း လိုချင်လာမလဲမသိဘူး၊ ဒါပေမယ့် ခုတော့ ဘာကိုမှ မမျှော်လင့်ဘူး၊ သူက ဟိုအရင်ကတည်းက ပန်း နဲ့အတူဆော့ကစားလာခဲ့တဲ့ ကစားဖော်၊ ရန်ဖြစ်ဘက်၊ ချက်ချင်းကြီး ကိုယ့်ရဲ့ခင်ပွန်းဖြစ်လာပေမယ့် ပန်း စိတ်ထဲမှာ အရင်အတိုင်းပဲမြင်နေသေးတယ်၊ ဘယ်တုန်းကမှ မတည့်ခဲ့တဲ့လူနဲ့ ဆက်လက်ရန်ဖြစ်နေတာ အပျင်းတောင်ပြေသေးတယ်”

ဦးမြတ်ထူး မျက်နှာကြီးက အံ့သြဟန်များနှင့် ရယ်တော့မလိုလို၊ တည်တော့မလိုလို။

“သူ ချက်ချင်းကြီးပြောင်းလဲပြီး ပန်း ကို အလိုလိုက်ကြင်နာတာတွေ ဖြစ်လာရင်တောင်မှ ကျေနပ်မှာမဟုတ်တဲ့အပြင် ပန်း သူ့ကို အထင်သေးသွားမှာပဲ”

“သမီးရယ် အဲဒီလိုကြီးသိနေလို့များ အကြံကြီးကြံမလို့ ပညာတွေ သုံးနေတာလားမသိဘူး၊ ရန်လေးရဲ့ရိုင်းစိုင်းမှုက ဘာဘကိုတောင် ချန်မထားဘူး”

“ရိုင်းပါစေ ဘာဘထူးရယ်၊ ပညာတွေဖြစ်ဖြစ် အလကားတွေဖြစ်ဖြစ် ဘာမှရစိုက်ဖို့မလိုပါဘူး၊ သူ့မှာပဲ ကြံစည်နိုင်တဲ့ဉာဏ်ရှိတာမှမဟုတ်တာ၊ ပန်းတို့မှာလဲ စဉ်းစားနိုင်တဲ့ဦးနှောက်ရှိတယ်၊ ဒါပေမယ့် ဘာဘထူး မပူပါနဲ့ အဲဒါတွေ တစ်ခုမှမဟုတ်နိုင်ဘူးဆိုတာ ပန်း သိနေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပန်း ရင်ထဲမှာရှိတဲ့အတိုင်း သူ့မှာရှိနေလို့”

ဦးမြတ်ထူး မျက်နှာပျက်ပျက်နှင့်ပဲ ပန်းကိုငေးစိုက်ကြည့်နေခဲ့၏။ သူ့မျက်ဝန်းတွေ ‘ပြောရခက်တဲ့မိန်းကလေးပါလား’ လို့ ညည်းညူနေသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ရန်လေး အလုပ်ထဲမှာပဲ အနေများကာ ပြန်ရောက်သည်နှင့် ရေချိုး စားသောက်ပြီး အလုပ်စားပွဲထိုင်ချင်ထိုင်၊ မဟုတ်လျှင် ဦးရန်နိုင်ဆီမှာ သွားထိုင်ပြီး စကားပြောနေတတ်၏။

ဦးရန်နိုင်သည် အရင်လိုဒရိုင်ဘာလုံးလုံး မဟုတ်တော့သော်လည်း တိုက်ကြီးပေါ်မှာလိုက်နေဖို့တော့ ဘယ်လိုမှပြောမရခဲ့ပေ။

လူကြီးမို့ လူ့အရိပ်အကဲခတ်တဲ့နေရာမှာ လူငယ်တွေထက် ပိုသိနေသည်။ ဦးမြတ်ထူး၏ မလိုလားသောမျက်လုံးတွေကို ဦးရန်နိုင် နားလည်နေ၏။

ထို့ပြင် ဟန်ဆောင်လက်ထပ်ဖို့တိုက်တွန်းခဲ့တာကိုလည်း မမေ့နိုင်။ ပိုသေချာတာက သူငွေကြီးရှိနေစဉ်ကတည်းက ကလေးတွေ မင်္ဂလာကိစ္စ ပြောဆိုကြတိုင်း ဦးမြတ်ထူးထံမှ အားတက်သရော ပါဝင်ပြောဆိုခဲ့ဖူးတာ မရှိခြင်းပင်။

ထိုမလိုလားမကြည်ဖြူခဲ့ခြင်းဟာ ခုချိန်ထိ ခိုင်မာနေမှန်း ကြာလေ





ပိုသိလေ။ ဒါတွေကို လူကြီးပီပီ ရင်ထဲမှာပဲသိမ်းဆည်းထားခဲ့ရင်း သားကိုတော့ မသိသာစေအောင်သွယ်ဝိုက်၍ မေးမြန်းကြည့်ဖူးသည်။

"ရန်လေး ... မင်း ဦးထူးကို မလေးမစားမဆက်ဆံနဲ့နော်၊ သမီးရဲ့ မိဘဘိုးဘွားလိုပဲ သဘောထားပြီး သိမ်မွေ့ပါ။ သူ့ဘက်က မချေမငံပြောဆိုလာတာရှိရင်တောင်မှ မင်း မရိုင်းစိုင်းရဘူး၊ ခုရော အတူနေထိုင်ရတာ အဆင်ပြေရဲ့လား၊ မင်းပုံစံ ကျွတ်ဆတ်ဆတ်မို့လို့ ငါ စိတ်မချဘူး"

"ဘာဖြစ်စရာရှိလို့လဲ အဖေ၊ တစ်နေကုန် ကျွန်တော် အိမ်မှာရှိတာမှ မဟုတ်တာ၊ သူနဲ့ရော မမနဲ့ရော မျက်နှာချင်းဆိုင်ပြီး တစ်နာရီပြည့်အောင် မထိုင်ဖူးဘူး"

"မင်းတို့ ခုချိန်ထိ မသင့်မြတ်ကြဘူးဆို ကိုယ်ကယောကျ်ားပဲကွ၊ မိန်းကလေးထက်ပိုပြီး သည်းခံစိတ်မွေးရမှာပေါ့။ ဘယ်လိုနေနေကြတာလဲ"

"သည်းခံဖို့လဲမလိုဘူး၊ ရန်ဖြစ်ဖို့လဲမရှိဘူး၊ အရင်အတိုင်းပဲ"

ရန်လေး က ဖခင်ဆိုပြီးတော့လည်း ထူးခြားကြောင်နာဟန်မပြခဲ့ပေ။ ဒါပေမယ့် ဒီအဖေကို သူ သံယောဇဉ်ကြီးသည်။ စကားပြောမချော်တာပဲရှိသည်။

မလေးမစားစော်ကားပြောဆိုဖူးခြင်းမရှိ သားလိမ္မာတစ်ယောက်ကို ညစဉ် ဒူးတုပ်ရှိခိုး၍ ရိုသေသမှုမပြုခဲ့သော်လည်း အဖေ စိတ်ဆင်းရဲသွားပြီဆို သူကပဲ ပြန်လျှော့ခဲ့၏။ မျက်နှာထက်မှာ မနူးညံ့ခဲ့ပေမယ့် ဖအေအတွက်ဖြစ်လာပြီဆို မထင်မှတ်စွာ လိုက်လျောပေးခဲ့သည်ချည်းသာ။

ထို့ကြောင့်လည်း ဒီနေ့ အိမ်ထောင်ရေးထဲမှာ ဘာလိုလိုကူးခတ်ရင်း ဘာမှန်းမသိသောကမ်းပါးကို မောပန်းစွာ ရှာဖွေနေခဲ့ရတာဖြစ်သည်။

သားအဖြစ်ကို ဦးရန်နိုင် ခန့်မှန်းမိပါသည်။ ကိုယ့်ဘက်က ကျေးဇူးဆပ်ခြင်းဟုမြင်ပေမယ့် အများအမြင်မှာ ဒီလိုမဟုတ်ခဲ့မှန်း လွန်ကျူးခဲ့ပြီဆိုမှ နားလည်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်ကြည်ဖြူစွာ လက်ထပ်ထိမ်းမြားပေးခဲ့သူက ထာဝရ မျက်ကွယ်ပြုသွားခဲ့ပြီဖြစ်ကာ ကျန်ရစ်သည့်သူတွေမှာတော့ တစ်ယောက်က မေ့ပျောက်မျှနိုင်သူဖြစ်ပြီး တစ်ယောက်ကတော့ မတူမတန်ခွဲခြားဟန်တွေနှင့် ပြန်ကြည့်လိုက်တော့လည်း ထင်စရာပါ။

ကိုယ့်ဘက်မှာ ကျေနပ်ကြည်ဖြူသူမရှိတော့ဘဲ သေတမ်းစာတစ်စောင်ကိုအားကိုးပြီး သူဌေးသမီးကို အမိအရကပ်တွယ်နေကြသည့် သရုပ်အတိုင်းပဲ သူတို့သားအဖဘက်မှာ ပီပြင်နေခဲ့သည်။

"မင်းလဲ ဒီကို ဘာဖြစ်လို့ဆင်းဆင်းလာနေတာလဲကွာ၊ မင်းအဖေဆိုတာကို ခဏမေ့ထားပြီး ကိုယ့်အိမ်ထောင်ရေး အဆင်ပြေသွားအောင် ကြိုးစားပါလား"

စိတ်ဆင်းရဲလွန်းလို့လား။ ကိုယ့်ကုသိုလ်ကံအားက ဒီလောက်ပဲ ရှင်သန်ခွင့်ရှိခဲ့တာလား။ ဘာမှန်းမသိပေမယ့် ဦးရန်နိုင် ချုံးချလာ၏၊

"ဖြစ်နိုင်ရင် မလာပါနဲ့ကွာ၊ တို့နှစ်ယောက်က တစ်ဖက်၊ သူတို့က တစ်ဖက် ကွဲပြားလျက်နဲ့ အတူတူနေကြရတာကြီးက စိတ်ပျက်ဖို့ကောင်းတယ်"

ဒီစကားတွေကို မကြာမကြာပြော၍ ညည်းညူနေခဲ့ရင်း ဦးရန်နိုင် ဆုံးသွားခဲ့၏။ မှတ်မှတ်ရရပါပဲ ဦးရန်နိုင် ဆုံးသွားသည့်နောက်မှာ ဦးမြတ်ထူး မျက်နှာက နူးညံ့ကြည်လင်မှုတွေကို အံ့သြဖွယ်တွေ့ခဲ့ရ၏။

မိဘမဲ့သွားခဲ့သည်မို့ သနားသွားတာလားတော့မသိ။ နေထိုင်သူ မရှိတော့သည့်အိမ်ကလေးပေါ်ကို ကိုယ့်ဘာသာ တံခါးဖွင့်ဝင်ခဲ့ရင်း ရန်လေး၏ခြေလှမ်းတွေက နှေးထိုင်းနေကြ၏။

သူတို့ အိမ်ထောင်ဖက် တစ်နှစ်ပြည့်ပြီးသည့်နေ့မှာ အဖေ ဆုံးခဲ့သည်။ ဒီနေ့ဆို သုံးလပြည့်ဖို့နှစ်ရက်ပဲလိုတော့သည်။ အဖေနဲ့သူ့အကြောင်းကို တွေးနေရင်း အဖေ သေဆုံးခါနီးမှာ စိတ်ဆင်းရဲမှုတစ်စုံတစ်ရာ ခံစား





သွားခဲ့ရတာကိုတော့ သိနေသလိုပင်။

ဒါဟာ သူ့အိမ်ထောင်ရေးအဆင်မပြေမှုကြောင့်ပဲဟု တွက်လိုက်ပြီး ရင်ထဲမှာ စိတ်မကောင်းခြင်းကြီးစွာဖြစ်မိသည်။

သူသည် သားပီပီ မိဘ၏မျက်နှာထက်ကသောကကို သေချာမဖတ်နိုင်ခဲ့ပေ။

အဖေ့ခံစားချက်တွေကို ဂရုတစိုက်မကြည့်မိခဲ့။

"ရန် ..."

အပြင်ကခေါ်သံကြောင့် ရန်လေး ရှေ့ဆက်မတိုးဖြစ်တော့ဘဲ နေရာမှာပဲရပ်လိုက်မိသည်။ ပန်း ခေါ် လိုက်တာမှန်းသိပေမယ့် အသံပြန်ပေးဖို့ သတိမရ။

"မင်းနဲ့တို့ အရင်လို ဘာမှမပြောင်းလဲဘူးနော်" ဟု သူမကပဲ ပြောခဲ့တာဖြစ်သည်။ 'ရန်လေး' ကနေ 'ရန်' တစ်လုံးတည်းပြောင်းလဲခေါ်ခဲ့တာလည်း သူမပါပဲ။

"မင်း အထဲမှာလား၊ ခဏထွက်ခဲ့"

သူမ၏နောက်ထပ်စကားအဆုံးမှာ ရန်လေး က တံခါးဝမှာရပ်လိုက်ပြီးသားဖြစ်ကာ ...

"ဘာကိစ္စရှိလို့လဲ"

"မရှိဘူး။ မင်း ဒီဘက်ထွက်သွားတာမြင်လိုက်လို့ ခြံထဲကနေ ထလိုက်လာတာ"

ပြောပြီး ပန်း က ဦးရန်နိုင် ထိုင်နေကျ အိမ်ရှေ့ဝရန်တာငယ်လေးမှာရှိသည့် ကုလားထိုင်မှာ ထိုင်လိုက်၏။ ခြေချင်းချိတ်၍ ဒူးပေါ်မှာ လက်နှစ်ဖက်ယှက်တင်လိုက်ပြီးမှ ...

"ဦးနိုင် ဆုံးတာ သုံးလပြည့်တော့မယ်၊ မင်း တစ်ခုခုလုပ်ဖို့ ဆန္ဒမရှိဘူးလား။ အလှူအတန်းလေး ဘာလေးပေါ့၊ ဘိုးဘွားရိပ်သာတို့ စာသင်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တို့မှာဖြစ်ဖြစ်၊ ဘုရားမှာ ရွှေသက်န်းကပ်တာမျိုး၊ ပြီးတော့ ...”

“ရပါတယ်၊ တစ်လပြည့်တဲ့နေ့က မိဘမဲ့ကလေးထိန်းစာသင်ကျောင်းမှာ လှူခဲ့ပြီးပြီ၊ သုံးလပြည့်အတွက် ပြည့်တဲ့နေ့ကျမှ အဆင်ပြေသလိုလုပ်မယ်”

“တစ်လပြည့်တုန်းက ဘဏ်အသစ်ဖွင့်ပွဲအတွက် လုံးပမ်းနေရလို့ မေ့သွားတာ၊ အဲဒီအတွက် ဆောရီးပဲ”

ရန်လေး က ပန်း မျက်နှာကို ခပ်စူးစူးကြည့်ပြီးပြုံးသည်။ ခပ်မှုံမှုံအပြုံးမို့ ပန်း က မကျေမနပ်ဖြစ်သွားသည့်မျက်နှာလေးနှင့် ...

“ဘာလဲ၊ အပိုတွေလာပြောနေတယ်ထင်လို့လား၊ မင်းကလွဲရင် ‘သုခမာလာ’ခြံကြီးထဲက အိမ်သားတွေအားလုံးကို တို့က သံယောဇဉ်ရှိပြီးသား၊ ဦးနိုင် မကျန်းမာတုန်းကလဲ တို့ တစ်ခါပဲလာကြည့်ဖြစ်ခဲ့တယ်၊ အဲဒါကြောင့် စိတ်မကောင်းလို့ လာမေးတာ”

“အဟွန်း ... နောက်ထပ် ကျေးဇူးတွေထပ်တင်နေရမှာစိုးလို့ မပြောပါနဲ့တော့၊ သေတာဖြစ်ဖြစ်၊ ရှင်သန်ဖို့ဖြစ်ဖြစ် ကျွန်တော်တို့လိုလူတွေမှာ အသိုင်းအဝိုင်းတွေ ပကာသန မလိုဘူး”

ရန်လေး က အိမ်ကလေးကို တံခါးပြန်ပိတ်ခဲ့ပြီး ချာခနဲလှည့်ထွက်သွား၏။

ပန်း တစ်ယောက်တည်း ထိုင်လျက်ကျန်နေခဲ့သည်။

သွားပေါ့။ ကျောခိုင်းထွက်သွားသည့်ကျောပြင်ကို လှမ်းကြည့်၍ ပန်း ထ,ရပ်လိုက်၏။ ပြန်မလှည့်လှည့်လိုက်ပြီးကာမှ အိမ်ကလေးကို သမင်လည်ပြန် ငဲ့ကြည့်မိသည်။

“သမီး ဘာလိုလို့လဲ”

“သမီး လိုအပ်တာရှိရင် ရန်လေးကိုပြောနော်၊ ဘာဖြစ်ဖြစ် ခိုင်းပေါ့လင်နဲ့မယားဆိုပေမယ့် မောင်နှမတွေလိုနေလာခဲ့ကြတဲ့ဟာ ...”





အစစအရာရာ သူမကိုမြင်လိုက်တာနှင့် ပျာပျာသလဲနေတတ်သည့် သူ။ ဦးနိုင် ကို ပန်း ခင်ပါသည်။ ဖေဖေ့သူငယ်ချင်းဆိုတာသိလို့လည်း ကိုယ့်အလုပ်သမားလိုမဆက်ဆံဘဲ ဦးလေးသားချင်းတစ်ယောက်လို သဘောထားခဲ့သည်။

ငယ်ငယ်တုန်းကဆို ဖေဖေက အလိုလိုက်ပြီး ဘာဘာကတော့ ကြောက်ရွံ့ရိုသေတတ်တဲ့အကျင့်လေးရှိအောင်ဆိုပြီး ပန်း ကို ခုလောက် အလိုမလိုက်ခဲ့ပါ။

ဆူတာငေါက်တာတွေလည်းရှိလျက် တစ်ခါတလေ ရိုက်တော့မလိုလိုပုံနှင့် ကြိမ်လုံးကိုင်တာမျိုးလည်းရှိ၏။

ထိုအခါမျိုးမှာ ပန်း အော်ငိုပြီး ဖေဖေ့ဆီပြေး၏။ ဖေဖေ အနားမှာမရှိလျှင် ရှိနေသည့် ဦးနိုင်ရင်ခွင်ထဲ ပြေးဝင်ခဲ့သည်။

ရှေးဟောင်းနှောင်းဖြစ်တွေထဲမှာရော လက်ရှိပစ္စုပ္ပန်ဘဝထဲမှာရော ဦးနိုင်အကြောင်းက ဘာတစ်ခုမှ အစွန်းအထင်း အညစ်အကြေးမရှိခဲ့ပေ။

ထို့ကြောင့် သတိရမိတော့လည်းလွမ်းသည်။ ဒီနေ့ ဦးနိုင် သေဆုံးခဲ့သည့် သုံးလပြည့်အတွက် သတိတရဖြစ်လာခဲ့တာဟာ ရန်ဘက်၏အဖေဆိုသည့် တော်စပ်မှုနှင့် ဘာမှမဆိုင်။ သံယောဇဉ် အမှန်တကယ်ကနေ ကြွင်းကျန်ခဲ့သော အဖြူရောင်နှောင်ကြိုးသာဖြစ်သည်။

အဲဒါကို သူက ဘာထင်နေလို့လဲ။ မခံချင်စိတ်တွေ ပြန်လည်နိုးကြားကာ ပန်း တစ်ယောက်တည်း ခြံထဲ ပြန်ရောက်လာခဲ့၏။

ဘဝဟာ တစ်ခါတလေ အထီးကျန်ဆန်လာတဲ့အခါမှာ လက်ရာညံ့တဲ့ပန်းချီကားကြီးတစ်ချပ်လို တစ်ယောက်တည်း ပျင်းရိငြီးငွေ့စွာ ထိုင်ကြည့်နေရသလိုပါလား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ဘယ်လိုလဲ မယ်မြ"

"ဒီမှာလေ မမလေးအတွက် ရေချိုးခန်းထဲမှာ တဘက် သွားထားပေးမလို့"

"အဲဒါ ငါ့ကိုပေး"

စီစီက မယ်မြလက်ထဲကစောင်ခေါက်ကို ပြောင်းယူလိုက်ကာ ...

"ငါ့ကို ညနေစာချက်ဖို့ ရေတ်သီးတစ်ဆုံလောက် သွားထောင်းပေးစမ်းပါ။ မြန်မြန်နော်၊ ငါ့လက်တွေ နာနေလို့ပါ"

စောင်ကိုဆွဲယူပြီးထွက်သွားတော့ မယ်မြ ဒီတိုင်းရပ်ကျန်ခဲ့သည်။ အိမ်ထဲမှာ ဟိုအရင်ကတော့ မိန်းကလေးအိမ်ဖော် သုံးယောက်ရှိသည်။ အကြီးဆုံးဖြစ်သော ဒေါ်နက်ရွှေနှင့် ဒုတိယာ စီစီ၊ မယ်မြက အငယ်ဆုံးဖြစ်၏။ ခုတော့ ဒေါ်နက်ရွှေက ကျန်းမာရေးမကောင်းဖြစ်လာသဖြင့် တောပြန်သွားခဲ့တာ ကြာပါပြီ။ စီစီနဲ့မယ်မြပဲရှိသည်။

စီစီက မီးဖိုချောင်မှာရော၊ အိမ်သန့်ရှင်း ဈေးဝယ်က အစ အားလုံးမှာ





သူမပါသည်။ မယ်မြကတော့ ပန်း ရဲ့ဘေးနားမှာပဲ ရှိနေရသူဖြစ်သောကြောင့် အိမ်ကအလုပ်တွေဆို သူမ သိပ်လုပ်ရသည်မရှိပေ။

ဒါပေမယ့် ခုလိုခိုင်းလိုက်တာမျိုးဆိုလျှင်တော့ မညည်းမညူလုပ်ပေး၏။

စီစီက မယ်မြ မီးဖိုချောင်ဘက်ကိုထွက်သွားတာ တစ်ချက်လှည့်ကြည့်ပြီး ပြုံး၏။ မယ်မြက ခပ်ပေါပေါ ကြောင်တောင်တောင်လေး ပြောဆိုတတ်သလောက် သဘောထားလည်းဖြူစင်သူပါ။

"ဝင်လာခဲ့ မယ်မြ"

အထဲကနေ ခြေသံကြားသဖြင့် မယ်မြ လာသည်ထင်ပြီး ပန်း က သုံးခေါ်သည်။

"မမလေး ကျွန်မပါ"

ရေကန်ထဲက လှမ်းကြည့်ပြီး ပန်း က ဒီဘက်ပြန်လှည့်သည်။ မျက်နှာအြက်ပေါ်ကကျနေသည့်ရေပန်းမှာ မျက်နှာလေးမော့ထားရင်း ...

"မယ်မြ ဘာလုပ်နေလို့လဲ၊ ပန်း ရဲ့အခန်းထဲမှာ ဝင်ရှင်းခိုင်းထားတာနေဦးမယ်"

"ဟုတ်ကဲ့ပါ"

စီစီက အသက်သုံးဆယ်ကျော်နေပါပြီ။ ဒါပေမယ့် ပန်း ကို မမလေးသို့ပဲ ခေါ်သည်။ ပန်း ကတော့ တလေးတစားပဲ ဆက်ဆံတာပါ။

ရေချိုးလို့အားရတော့ ကန်ထဲကနေ ဆင်းလိုက်သည်။ ဘုံဘိုင်ခေါင်းတွေ ငုံ့ပိတ်လိုက်ပြီး ဒီဘက်ပြန်အလှည့် ...

"အမေ့"

"ဒုတ်"

"အား"

ခြေတစ်ဖက်ချော်ထွက်သွားတာကို ဘယ်လိုမှ မထိန်းလိုက်နိုင်။ ဇေမ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံး ပစ်စလက်ခတ်လန်ကျလျက် ကန်ပေါင်နှင့် လူကို ကိုင်ရိုက်ပစ်လိုက်သလိုဖြစ်သွား၏။

"မမလေး ... မမလေး"

"ဒုံး ... ဒုံး"

"အ ... အား ..."

ခေါ်နေတာကိုကြားသည်။ ဒါပေမယ့် မထူးနိုင်။

"အစ်ကိုလေး လာပါဦး၊ အထဲမှာ မမလေး အော်သံကြားတယ်၊ လုပ်ပါဦး"

"တံခါးပိတ်ထားသလား"

"မမ"

"အား"

သတိမလစ်သေးသည်မို့ ပန်း မျက်နှာလေးရှုံ့မဲ့ညည်းသည်။ နာကျင်သည့်ဝေဒနာကြားကနေ ကိုယ်မှာ ဖရိုဖရဲဖြစ်နေသည့် မွေးပွ တဘက်စောင်ကြီးကိုလည်း အရှက်လုံအောင် စုဆွဲနေမိ၏။

ကြွေကန်ဘေးမှာ ခွေခွေလေးလဲကျနေသည့် ပန်း ကို ရန်လေး ကမန်းကတန်းပွေ့ယူလိုက်၏။ နောက်မှာ မယ်မြက ပြေးလွှားလိုက်ပါလာသဖြင့် မွေ့ရာနုနုထက်မှာ ချသိပ်လိုက်ကာ ...

"မမ အဝတ်အစားလဲဖို့ မြန်မြန်လုပ်လိုက်၊ ငါ ဆရာဝန်ဆီ ဖုန်းဆက်လိုက်မယ်"

"ဟုတ်"

သူ ပျာယာခတ်နေသလောက် ပန်း ကတော့ ရှက်နေမိတာ ဝေဒနာထက်ဆိုးနေ၏။ သူ ပွေ့ခေါ်သွားသည့်အချိန်မှာ ပန်း ပုံဆိုးပန်းဆိုးကြီးနဲ့ပါ။

ရေကန်နှင့်ဆောင့်တိုက်ပစ်လိုက်မိသော ကျောပြင်က အဆမတန်နာကျင်ကာ လဲကျသွား၍ လက်ထောက်လိုက်မိသဖြင့် လက်ကောက်





ဝတ် အဆစ်ရောင်သွားသေးသည်။

ဒီဝေဒနာတွေနဲ့ စောင်ကို ကိုယ်မှာ လုံခြုံအောင် ရစ်ပတ်မထားနိုင်ခဲ့ပေ။ သူက ကြည့်တာ၊ မကြည့်တာထား၊ ပန်း ရှက်နေမိတာ သူ့မျက်နှာ ကိုယ့်ရှေ့ရောက်လာတိုင်း 'ထွက်သွား' လို့သာ အော်ထုတ်ပစ်လိုက်ချင်၏။

ဆရာဝန်က ပြန်ခါနီးမှ ပန်းကို အားပေးသလိုကြည့်ကာ ...

"ခါးဆစ်လွဲသွားတာပါ၊ ဒါပေမယ့် ဒဏ်ရာနည်းနည်းပြင်းသွားတော့ ဒီကာလအတွင်းမှာ ကိုယ်လက်လှုပ်ရှားမှု သိပ်မလုပ်ပါနဲ့ တချို့ကျတော့ လူမမာလိုနေရတာကို ငြီးငွေ့ပြီး မရမက ကြိုးစားကြတယ်၊ မနိုင်ဝန်မထမ်းတာ အကောင်းဆုံးမို့လို့ ဆရာက အကြံပြုတာပါ၊ ဒီတိုင်းပဲ အေးအေးဆေးဆေးအနားယူဖို့တော့လိုမယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ပန်း က မလုံမလဲနှင့် ဝန်ခံသည်။ ဆရာဝန် ပြန်သွားတာနှင့် အိပ်ရာပေါ်ကနေ ဆင်းလျှောက်ကြည့်မလို့ စိတ်ကူးက ခုလို တည့်တည့်ကြီးပြောပြီး တားမြစ်လိုက်သဖြင့် အထမမြောက်တော့မှာ သေချာသွား၏။

ရန်လေး ကတော့ ဆရာဝန်နဲ့အတူပါသွားခဲ့ပြီး နေ့လယ်ကျတော့ တစ်ခေါက်ပြန်ရောက်လာသည်။

"မယ်မြ"

"ရှင် အစ်ကိုလေး"

"ရေချိုးခန်းထဲမှာ ဆပ်ပြာရည်တွေပြန့်နေတာ ဘာလဲ၊ မှောက်ကျတာလား၊ ကြမ်းခင်းဆေးထားတာကို ပြောင်အောင်မဆေးတာလား"

"ဟင် ... ဆပ်...ဆပ်ပြာရည်တွေ ..."

မယ်မြ မျက်လုံးတွေ ဝိုင်းသွား၏။ ရန်လေး မျက်နှာက တင်းမာလျက် မယ်မြကို စူးစိုက်ကြည့်ရှုကာ ...

"ငါ သေချာကြည့်ပြီးပြီ ကြွေပြားပေါ်မှာ ဆပ်ပြာရည်တွေမနည်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



မယ်မြ ပါတွေးမျိုချနေလျက် ဘာမှလည်းမပြောနိုင်၊ ဆပ်ပြာရည်ဆိုတာက မမလေးကိုင်သည့်ပစ္စည်း မဟုတ်ပေ၊ ပြီးတော့ ရေချိုးခန်းနဲ့ ရေအိမ်ဆေးမှသာ အထဲကိုရောက်တာဖြစ်၏။

ဒါပေမယ့် ဆပ်ပြာရည်ပုံးကို သူမ မကိုင်ခဲ့ပါ။ ဆပ်ပြာရည် ထည့်ထားသည့် ပုလင်းကိုလည်း မကိုင်မိ။

"ဟိုလေ … အစ်ကိုလေး ခေါင်းလျှော်ရည်တွေ ဘာတွေများလား"

"မဟုတ်ဘူး၊ ဘာဖြစ်လို့ ငါ့ကို ပြန်မေးနေရတာလဲ၊ ဘယ်မှာလဲ မစီ"

"ကျွန်မ ရှိပါတယ်"

စီစီ မျက်နှာလေးငုံ၍ထွက်လာသည်။ သူမကို ပန်း ကတော့ စီစီလို့ပဲခေါ်ကာ ရန်လေး က မစီ ဟုခေါ်၏။ ဧည့်ခန်းထဲမှာ လူသုံးယောက်မျက်နှာချင်းဆိုင်နေကြပုံက သုံးပွင့်ဆိုင်ပုံစံ။

ခန်းဆီးစကို အသာလေးမ,ပြီး အထဲကနေ ပန်း ကလှမ်းကြည့်နေ၏။ ခပ်ဖြည်းဖြည်းလျှောက်ထွက်သွားလို့ ရနေပြီဖြစ်သော်လည်း ရန်ငလေး က ပြောလိုက်ပြီဆို တစ်တစ်ခွခွ။

"ဆရာဝန် ပြောသွားတာ မမ မကြားလို့လား၊ ရောဂါဖြစ်တော့ ဆရာဝန် ပြေးပြင့်ပြီး ဆရာဝန်ပြောတဲ့စကားကိုမှ နားမထောင်ရင် အဲဒီရောဂါ ပျောက်မှာကိုမဟုတ်ဘူး၊ မမက ကိုယ့်ကိုယ်ကို မညာတာ အရေးမကြီးဘူး၊ ကျွန်တော်က စပြီး အားလုံး ဗျာများနေကြရတာ သိလား၊ ခုချိန်ထိ အလုပ်ဖြောင့်ဖြောင့်သွားရတာ တစ်ရက်မှမရှိသေးဘူး"

ဆိုတာမျိုး …၊

"မင်းကို ဘယ်သူက လာပါ၊ ကယ်ပါနဲ့ခေါ် နေလို့လဲ၊ ကြိုက်တဲ့လမ်းကို ဖြောင့်ဖြောင့်သွား"

"လာပါ၊ ကယ်ပါမခေါ် ပေမယ့် မြင်နေ၊ ကြားနေရတာ စိတ်မချမ်းသာလို့ပေါ့၊ ကျေးဇူးပြုပြီး ဒဏ်ရာ လုံးဝသက်သာသွားတဲ့အထိ ငြိမ်ငြိမ်လေး





နေပါ၊ အဖြင်ကို မထွက်ပါနဲ့" တဲ့။

ဒီဒဏ်ရာဖြစ်သွားတာက သူပြောသမျှခံရဖို့နဲ့တူနေသည်။ အပြင်မှာပြောနေသမျှကို ကြားနေရသဖြင့် ပန်း မချင့်မရဲဖြစ်နေ၏။

"မစီ"

"ရှင်"

"အိမ်အလုပ်တွေ မစီပဲ အလုပ်များတာမဟုတ်ဘူးလား"

"ဟုတ် … ဟုတ်ပါတယ်"

ခါးထောက်လျက် မျက်နှာကြီးမှုန်ကုပ်နေသည့် ရန်လေး ရှေ့မှာ မစီကြောက်ကြောက်လန့်လန့်နှင့် ခေါင်းငုံ့နေတာ ဇက်ကျိုးမတတ်ပင်။

"ကျွန်တော်တို့တွေ အိမ်မှာ နေကုန်ကပ်ကြတာမဟုတ်ဘူး၊ မနက်ပိုင်းနဲ့ ညနေပိုင်း၊ ညပိုင်းလေးပဲ ရှိကြတာ၊ အဲဒီအချိန်လေးမှာတောင်ခင်ဗျားတို့ဘက်က တာဝန်မကျေနိုင်ဘူး၊ မမ ခုလိုဖြစ်ရတာ ဘယ်သူတာဝန်မကျေတာလဲ သိလား"

"အစ်ကိုလေးရယ် ကျွန်မတို့ ရေချိုးခန်းကို အမြဲတမ်း တိုက်ချွတ်ဆေးပါတယ်၊ ဒါက မတော်တဆ …"

"မတော်တဆ နောက်ထပ်မဖြစ်ပါစေနဲ့၊ အမှတ်တမဲ့ မတော်တဆဆိုတာတွေက တောင်းပန်လိုက်ရုံနဲ့ ခွင့်လွှတ်လို့ရတာရှိတယ်၊ ဘယ်လိုမှ ခွင့်မလွှတ်နိုင်အောင် တစ်ဖက်မှာ နစ်နာကြေးတွေလဲ အများကြီးပဲ၊ ဒီကိစ္စပေါ်မှာ မစီတို့ ဘယ်လိုအလေ့အကျင့် ဘယ်လိုအထာတွေနဲ့ အလုပ်လုပ်ခဲ့ကြသလဲ ကျွန်တော် မသိဘူး၊ အခုကစပြီး အမှားအယွင်းနည်းစေချင်တယ်၊ ကျွန်တော်ကတော့ ခွင့်လွှတ်ပေးလို့မရတာဆိုရင် အပြစ်ယူရမှာပဲ"

"ဘာတွေထပ်ဖြစ်နေလို့လဲ ရန်ငေး"

ဦးမြတ်ထူး က ဆေးတံကြီးတစ်ဖက်နှင့် ခပ်လှုပ်လှုပ်ဝင်လာသည်။ မစီရယ်၊ မယ်မြရယ် နှစ်ယောက်ကို ငေ့ကြည့်ပြီးမှ ရန်လေးဘက်ကိုလှည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး မေးဆတ်သည်။

"ပြောပါဦး၊ အခု ဘာထပ်ဖြစ်လို့လဲ"

"ဘာမှထပ်မဖြစ်ပါဘူး၊ ဖြစ်ပြီးမှပြောနေလဲ အပိုပဲဖြစ်မှာမို့လို့ ကြို သတိပေးနေတာ။ အခု မမ ချော်လဲတဲ့ပြဿနာက ဘာမှ အကြီးအကျယ် မဖြစ်လို့ပေါ့၊ ခေါင်းကိုထိရင် ရူးသွားနိုင်တယ်၊ သေသွားဖို့လဲရှိတယ်၊ ဒါတွေ မဖြစ်ဘူးဆိုတာတောင်မှ မမ အလုပ်နားနေရတာ ဘယ်နှစ်ရက်ရှိပြီလဲ"

ဦးမြတ်ထူး က ခေါင်းညိတ်လိုက်ပြီး မစီတို့ဘက် လှည့်ကာ ...

"သွားကြတော့"

ဟု အမိန့်ပေးလိုက်၏။ ရန်လေး မျက်လုံးတွေက ဦးမြတ်ထူး၏ အပြု အမူအပေါ်မှာ တစ်စုံတစ်ရာထိရှသွားခဲ့သည်မှန်း သိသာနေသည်။ ဒါကို ဦးမြတ်ထူးကလည်း နားလည်သလိုမျိုး...။

"အလုပ်သမားတွေကိုဆုံးမတာဆိုရင် အပြစ်နဲ့ပတ်သက်တာကိုပဲ မင်း ပြောစေချင်တယ် ရန်လေး။ ဒီအိမ်မှာ ဘယ်လိုနေတာထိုင်တာ၊ ဘယ် လိုအထာဆိုတာတွေက သွားလေသူတွေကိုရော၊ ရှိနေတဲ့သူတွေကိုရော စော်ကားတဲ့သဘော သက်ရောက်နေတယ်"

"အဲဒီလိုဖြစ်သွားတယ်ဆိုရင် ကျွန်တော် တောင်းပန်ပါတယ် ကျွန်တော်က ဒီအိမ်ပေါ်မှာ အနေမကြာသေးဘူး၊ နေခဲ့တဲ့ကာလမှာလဲ မမတို့၊ ဘဘထူးတို့ကိုကျော်လွန်ပြီး ဘာတစ်ခုမှ ကျွန်တော့်သဘော ပြုပြင်ပြောင်းလဲခဲ့တာမရှိဘူး"

"ဒါကတော့ မင်းကိုယ်တိုင် ဒီလိုနေတာကို သဘောကျခဲ့တာမဟုတ် ဘူးလား၊ ဆရာမလုပ်ပါနဲ့၊ မဝေဖန်ပါနဲ့လို့ ဘယ်သူပြောခဲ့တာရှိသလဲ"

ဦးမြတ်ထူးမျက်နှာပေါ်က တင်းမာမှုကို မြင်ရုံနှင့် သူ့အပေါ် ဘယ် သဘောထားနှင့်ပြောနေတာမှန်း ရန်လေး ရိပ်မိလိုက်၏။

"ဘဘထူးပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်အယူအဆ





အဲဒီလိုမဟုတ်ဘူး၊ မလိုအပ်တဲ့စကားကို လုံးဝကိုမပြောချင်တာ၊ အိမ်ဖော် ထမင်းချက်တာကအစ အမှိုက်လှည်းတာ၊ သီချင်းဆိုတာ နေရာတကာ ဝင်ပြော၊ ဝင်ဆိုနေရအောင် ကျွန်တော်တို့က အိမ်ဖော်သင်တန်းဖွင့်ထား တာမှမဟုတ်တာ၊ ပြောဖို့မလိုတာကိုပြောနေရရင် အချိန်ကုန်တယ်၊ မိမိ ဘာသာ သိတတ်နားလည်နေသင့်တာကို မကျွမ်းကျင်လို့ အမှားလုပ်မိ တော့ ခုလိုပြဿနာတွေဖြစ်ကုန်ရော။ အစက ဒီလိုမဖြစ်ခဲ့ဖူးလို့ ခပ်ပေါ့ ပေါ့နေခဲ့ရင် အခု ဖြစ်ဖူးပြီဆိုတော့ နောက်ကို ဂရုစိုက်ရမယ်၊ လိုရင်းက ဒါပဲ။ ကျွန်တော် အပြောမတတ်လို့ ဘဘထူး တစ်မျိုးထင်သွားတာကို စိတ်မကောင်းပါဘူး"

ရန်လေး က နုတ်မဆက် ခွင့်မပန်ဘဲ ချာခနဲလှည့်ထွက်သွား၏။ ဒါ ဟာ ရိုင်းစိုင်းသည့်အပြုအမူဆိုတာ နားလည်ရဲ့လား။ ခန်းဆီးစကို အသာ လေးပြန်ချကာ ပန်း သက်ပြင်းချလိုက်မိ၏။

ဘဘထူး၏ မျက်လုံးထဲက မေတ္တာစကို သူမ သေချာဖတ်လိုက် မိသည်။ ရန်လေး ကို မလိုလားစွာဖြစ်နေသည့်အကြည့်တွေက သိသာ လွန်းပါ၏။ ဒါ ဘာဖြစ်လို့လဲ။

ဘာဖြစ်ဖြစ် ခုလိုမျိုး အလုပ်သမားတွေရှေ့မှာ မားမားမတ်မတ် ဝင် ရပ်ပြီး တိုက်နိုက်ပေးလိုက်တာ မသင့်တော်ဘူး ဆိုတာလောက်တော့ သိသင့်သည်။

ဘယ်လိုတွေ လွဲချော်နေကြတာလဲ ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

ကိုယ်က ဒီလိုဖြစ်စေချင်ခဲ့တာ မှန်ပေမယ့် ရန်လေး မျက်နှာတင်းတင်းက တစ်နေ့တခြား ပိုတိုးလာပုံက မခံချင်စရာပင်။ နားထောင်ကြည့်လိုက်တော့ သူ့အလုပ်က တော်တော်အောင်မြင်နေသည်ဆိုပဲ။

သူမထက် ကြိုပြီး ခြေကျင်လျှောက်ထွက်သွားတတ်သော သူက ရှုပါရုဖ်လေးတစ်စီးနှင့်ဖြစ်လာ၏။ ပန်း ၏လင့်ခရိုဓာကားကြီးဘေးမှာ အဖြူရောင်လေးက မျက်နှာငယ်စွာရှိနေတတ်သော်လည်း ရန်လေး က ဘယ်ကိုမှမော့ကြည့်နိုင်းယှဉ်နေပုံ မရှိပေ။

ကားမရှိတုန်းကအတိုင်းပဲ ပန်း ထက်အရင် သူ အမြဲတမ်း အရင်ထွက်သွားတတ်သည်။

ဒီနေ့တော့ ပန်းက တမင်တကာ ရပ်စောင့်နေလိုက်ကာ ...

"တို့ကား တံခါးဂျက်မကျလို့ သွားပြင်ရမယ်၊ တို့ကို မင်း လိုက်ပို့နိုင်မလား"

"ရပါတယ်၊ လိုက်ခဲ့လေ"

ဒီလိုကျတော့လည်း ပန်း အတွက် တံခါးဖွင့်ပေးပြီး ပန်း ဝင်ထိုင်လိုက်





ပြီးကာမှ သူ့နေရာမှာထိုင်သည်။ ကား ခြံထဲကနေထွက်ခဲ့သည်နှင့် ပန်းက စ၍ ...

"မင်းတို့ရဲ့စာချုပ်အရ နှစ်ဝက်ကျော်လာပြီဆိုတော့ အခု အဆင်ပြေပြီလား"

ရန်လေး က သူမထံသို့ မျက်လုံးမရောက်လိုက်ဘဲ လှမ်းကြည့်ပြီးမှ ရှေ့ပြန်လှည့်ကာ ...

"အချိန်မှမစေ့သေးတာ အဆင်ပြေတာ၊ မပြေတာကို ပြောလို့မရသေးပါဘူး"

"အဆင်ပြေဖို့ရှိပေမယ့် လိုနေတဲ့ငွေအမောင့်က တော်တော်များနေသေးလို့ မင်း ခေါင်းခဲနေတယ်မဟုတ်လား"

"မမကို ဘယ်သူပြောတာလဲ"

"မင်းနဲ့တို့က လင်မယားတော်နေတာ၊ မင်းရဲ့သတင်းကို တို့ လိုက်ပြီးစုံစမ်းဖို့မလိုပါဘူး"

"ဟုတ်ပါပြီ၊ အဲဒါ ဘာဖြစ်လို့လဲ"

"ဖြစ်တာပေါ့ကွ၊ တို့လုပ်ငန်းတွေ ဒီလောက် လက်ညှိုးထိုးမလွဲရှိနေတာ မင်းက မီးခြစ်ဘူးလောက်လုပ်ငန်းလေးထောင်ပြီး ဖတ်သီလိုက်အောင်-ပြေးလွှားနေတာ မြင်လို့ကောင်းမလား"

"ကျွန်တော်က လူမြင်ကောင်းအောင်လုပ်နေတာမဟုတ်ဘူး"

"မင်း အဲဒီလိုမပြောနဲ့လေ၊ လူဖြစ်လာရင် လူအသိုင်းအဝိုင်းမှာ ဝင်ဆံ့ခြင်း၊ မဝင်ဆံ့ခြင်းဆိုတာတွေရှိတယ်၊ ယောကျ်ားမိန်းမ ဘယ်သူဖြစ်ဖြစ် အမိဝမ်းကကျွတ်လာကတည်းက ပထမဆုံး အနီးလေးနဲ့တွေ့ရတယ်၊ ပြီးတော့ အရှက်လုံအောင် ဘောင်းဘီ၊အကျီတွေ မဝတ်ကြရဘူးလား၊ အဲဒါ ပတ်ဝန်းကျင်ပဲကွ"

"အဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းရင်း ဖျတ်ခနဲလှည့်ကြည့်ပြီး ရန်လေး ကရယ်လိုက်သည်။

"အရှက်လုံအောင်ဆိုပြီး ဝတ်လိုက်ရတဲ့ အကျီ ဘောင်းဘီတွေကို ပတ်ဝန်းကျင်က ဖန်တီးပေးကြတာတော့ မဟုတ်ဘူးထင်တယ်"

စကားကို ကတ်သတ်ပြီးပြန်ဖွဲ့ချသည်။ ထိုပြင် ရယ်နေတာ မပြီးနိုင်။

"မမပြောတာကို ကျွန်တော် နားလည်တယ်၊ ကျွန်တော့်သဘောကို မမ နားလည်အောင်တော့ မပြောတတ်ဘူး။ တစ်ခုရှိတာက ကျွန်တော့် ခေါင်းထဲမှာ ကျွန်တော့်အလုပ်နဲ့ ဘဝ နှစ်ခုက အဓိက၊ မိမိလုပ်ဆောင်ချက် မှားယွင်းသွားရင် သူတို့ ကဲ့ရဲ့ကြမယ်၊ မှန်နေရင် မှန်တဲ့အကြောင်း ပြော မယ်၊ အဲဒါက သူတို့အလုပ်ပဲလေ။ ကောင်းသတင်း ထွက်လာအောင်၊ အတင်းအဖျင်းအပြောမခံရအောင် ပတ်ဝန်းကျင်မှာ တင့်တယ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်သပ်သပ် ကျွန်တော် မမွေးဘူး"

"ဒါပေမယ့် ကဲ့ရဲ့ခံရတာကို ဘယ်သူမှ မနှစ်မြို့ကြပါဘူး"

"ကဲ့ရဲ့ခံနေရမှန်းသိရင်တော့ ဟုတ်မှာပေါ့။ မသိရင် ဘာမှမဖြစ်ဘူး မြွေဆိုးကိုက်သွားတာကို အကိုက်ခံရတဲ့သူက သူ ငုံ့ကြည့်လိုက်တော့ မြွေဆိုးကိုမမြင်ဘဲ မြက်လျှောမြွေလေးကိုပဲမြင်လိုက်တယ်၊ မြက်လျှော ကိုက်တာလဲ နာလိုက်တာလို့ညည်းပြီး ဒီတိုင်းပဲနေလိုက်တာ မသေဘူး မယုံရင်တော့ မတတ်နိုင်ဘူး။ အဲဒါ တကယ်ဖြစ်ခဲ့တာ။ ဆိုးတယ်၊ ကောင်း တယ် ဆိုတာ မိမိ ယုံကြည်တဲ့စိတ်ခံစားချက်ပေါ် မှာပဲဆိုင်တာပါ။ ကျွန်တော့် ကို ဘယ်သူတွေ ဘယ်လိုမျက်လုံးနဲ့ကြည့်နေကြသလဲဆိုတာ ကျွန်တော်မှ စိတ်မဝင်စားတာ၊ သူတို့ မဲ့တာရွဲ့တာတွေရှိရင်လဲ အလကားပေါ့"

"ကောင်းပါတယ်၊ မင်း အဲဒီလိုနေတတ်တာကို ချီးလဲချီးကျူးတယ် ဒါပေမယ့် မင်းသိထားရမှာက တို့က မင်းနဲ့မတူတဲ့လူ၊ ဖြတ်ကိုက်တာကို ကင်းထိုးလိုက်ပါပြီဆိုပြီး လူးလှိမ့်အော်တတ်တဲ့အကျင့်မျိုးလဲ ရှိနိုင်တယ် မိုးခြိမ်းတာကို မိုးပြိုတော့မှာလားလို့ စိုးရိမ်ပြီး တစ်ယောက်တည်း ပြေ





စရာမရှိဖြစ်နေတာမျိုးပေါ့။ ပြောချင်တာက တို့က အရမ်းစိုးရိမ်ပိုတဲ့သူ ဖြစ်နေမယ်ဆိုရင် နှစ်ယောက်တစ်ဘဝ ပေါင်းခဲ့ကြတဲ့ မင်းနဲ့တို့အတွက် မင်းတစ်ယောက်တည်း ကိုယ့်စိတ်၊ ကိုယ့်သဘော ထင်သလိုနေချင်လို့မရ ဘူး"

"မမ ဘာပြောချင်တာလဲ"

"ပြောဖို့ရှိပေမယ့် ခု မပြောချင်တော့ဘူး။ ရပြီ ရပ်တော့"

စကားနဲ့မနိုင်လို့ ဒေါသတွေဖြစ်နေသည့် ပန်း မျက်နှာလေးကို ငုံ့ ကြည့်ပြီး ရန်လေး ကပြုံးလိုက်၏။ ပြီးတော့ ကားကို ဒီတိုင်းဆက်မောင်း နေသဖြင့် ...

"ရပ်လေ၊ ဘာလုပ်တာလဲ"

"လမ်းလယ်ကောင်မှာဆင်းနေခဲ့မလို့လား၊ လူမြင်မကောင်းမှာစိုးလို့ ပါ။ ပတ်ဝန်းကျင်ဆိုတာ ရှိတယ်"

ပန်း မျက်ဝန်းလေးတွေ လက်ခနဲပြေးလာ၏။ ရန်လေး က မမြင် သလိုနေသည်။ ဒါပေမယ့် ပြုံးရိပ်ထင်နေခဲ့သော နှုတ်ခမ်းတို့က အနိုင်ရလို့ ပြုံးနေတာ အသိသာကြီး။

အစုတ်ပလုတ်ကောင် ...။

🔔 🔔 🔔



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"အစ်ကိုလေး အပြင်မှာ ညွှန့်သည်ရောက်နေတယ်၊ မမလေး မှာထားတာတဲ့"

"မမလေးမှာထားတာ မမလေးကို သွားပြောပေါ့"

—ရှေ့မှာရပ်နေသည့် မယ်မြကိုကျော့ရှောင်ကာ ရန်လေး က လှေကားအတိုင်းဆင်းသွား၏။

"အစ်ကိုလေး ..."

မယ်မြက ကြောင်တောင်တောင်ကျန်နေခဲ့ပြီးမှ ချက်ချင်းပြေးလိုက်လာကာ ...

"မမလေး အခု မရှိလို့ပါ အစ်ကိုလေးရယ်၊ ညွှန့်သည်က ရပ်ရှင်မင်းသမီးထင်တယ်။ တီဗီကြော်ငြာမှာ ပါပါလာတဲ့သူလေ၊ သူကလဲ အချိန်မရဘူးတဲ့၊ မမလေးအတွက် အရေးကြီးတဲ့ညွှန့်သည်ဆိုရင် စောင့်ခိုင်းမထားရကောင်းလားဆိုပြီး ကျွန်မကိုဆူမှာ၊ အဲဒါ ..."

"တော်ပြီ"





ရန်လေး ပိတ်ပြောလိုက်မှ မယ်မြ အသံတိခနဲတိတ်ကျသွားသည်။ ဒီနေ့ နာတွေမွှန် ခေါင်းတွေကိုက် ဖြစ်နေသဖြင့် အလုပ်ထဲလည်းမသွားနိုင်။

လူက မသွားပေမယ့် ဖုန်းဆက်နေရတာ ပိုပင်ပန်း၏။ ထို့ကြောင့် ဆေးတစ်ခွက်သောက်လိုက်ပြီး အလုပ်ထဲ လိုက်သွားမလို့ ဆင်းလာခဲ့တာဖြစ်သည်။ ခေါင်းစွပ်ဆွယ်တာအဝါနုရောင်လက်ရှည်နှင့် ခိုပြာရောင်ဘောင်းဘီရှည်ကိုလည်း ဝတ်နေရတာတောင် စိတ်က သိပ်မရှည်ချင်ခဲ့ပေ။

ခုတော့ ကိုယ့်အလုပ်ကိုမသွားရဘဲ ညွှန့်သည်ကိုညွှန့်ခံဖို့ ထွက်လာရသလိုပင် ဘောင်းဘီအိတ်ထဲက ဖုန်းထုတ်ကာ ပန်း ကို လှမ်းခေါ် လိုက်၏။

ဖုန်းကိုင်ရင်း သူ ထွက်လာခဲ့တာ ညွှန့်ခန်းဘက်ကို လှည့်ထွက်လိုက်မိလျှင် ...

"ဟင် ..."

သူ့ခြေလှမ်းတွေ တုံ့သွားသည်။ ညွှန့်ခန်းမှာထိုင်နေကြသည့် အမျိုးသမီးနှစ်ယောက်ထဲမှ အပြာရောင်တောက်တောက် ကိုယ်ကျပ်နှင့် သူမသည် ...

"ကိုရန် ..."

သူမက ဒီဘက်ကို မျက်နှာချင်းဆိုင်ထိုင်နေတာမို့ နှစ်ယောက် ပြိုင်တူ မျက်လုံးချင်းဆုံသွားခဲ့ကြသည်။

နဖူးကနေအပြောင်သိမ်းကာ ဆံပင်တွေကို ကျစ်ဆံမြီးသေးသေးလေးတွေကျစ်ချထားတာ ပခုံးအောက်စပ်နားမှာ ခွေဆင်းနေကြသည်။

မျက်ခွံစပ်စပ်နှင့် မျက်တောင်ကော့တို့မှာ အပြာရောင်တွေတင်ထားသဖြင့် ဝတ်ထားသည့်ဝတ်စုံရောင်နှင့် ထင်းနေ၏။

ပန်းနုရောင်မျက်နှာနုနုလေးမှာ နှုတ်ခမ်းအနီရောင်က ခရမ်းရင့်ရောင်၊ ထို့ပြင် နားကပ်တွေ၊ ဆွဲကြိုး၊ လက်ကောက် အားလုံးက အသ-

www.burmeseclassic.com



အပြာရောင်စပ်ကျားလေးတွေပဲ ဝတ်ထားသဖြင့် သူမကိုမြင်တာနှင့် မော်ဒယ်သရုပ်ဆောင် ဘယ်သူဘယ်ဝါဆိုတာမှန်းလည်း သိသာစေသည်။

"ကိုရန် က... ကိုရန် က... ဒီမှာ ..."

သူမက မတ်တတ်ထ,ရပ်တော့မလိုဖြစ်နေသဖြင့် ရန်လေး က ခပ်သွက်သွက်လျှောက်သွားကာ ...

"ဟုတ်တယ်၊ တို့ အစကတည်းက ဒီမှာနေတာလေ၊ ချို့ကို မမ ချိန်းထားတာလား"

"အင်း ..."

ချိုက ခေါင်းညိတ်လိုက်ပေမယ့် 'အင်း'ဆိုသည့်အသံလေးက တိမ်နေ၏။ ဘေးမှာပါသည့်အမျိုးသမီးက ချို့မျက်နှာလေးပျက်နေဘာကို အံ့ဩသလိုလှည့်ကြည့်ကာ၊ ပြီးတော့ ရန်လေးကိုပြန်ကြည့်သည်။

"မမ သူ ... အဲဒါလေ ... မမလင်းရဲ့ ... ဟို ..."

"သြော် ... ရန်ဘက် ဆိုတာလား"

ယဉ်သူဇာ၏မေးသံက အဖျားခတ်မှာ မာကျောသလိုဖြစ်သွားသဖြင့် ချို ခေါင်းညိတ်ဖို့ခက်သွားသည်။ ကာရန်လင်းနဲ့ ကာရန်ချို ဆိုတာက ညီအစ်မအရင်းဖြစ်ကာ ကာရန်လင်းက ချို့အစ်မပါ။

ရန်ဘက်ကို မမလင်းက သူငယ်ချင်းလိုလို၊ ချစ်သူလိုလိုအနေအထား နှင့် ရက်ရှည်လများ တိတ်တခိုးချစ်နေခဲ့ရှာ၏။ ရန်ဘက်က ဘယ်လိုမှ ဖွင့်ပြောမလာလေ သူမမှာ ကြိတ်မှိတ်ခံစားရလေ။

"ဒီကောင်က ဘယ်လောက်များချောနေလို့လဲ မမလင်းရယ်၊ အသားကညိုချင်ချင်၊ နှာခေါင်းကကြီးကြီး၊ မျက်ခုံးထူတာကြီးကလဲ ကြည့်ရှုမကောင်းအောင်ဘဲ၊ အရုပ်အမောင်းနဲ့လမ်းသွားပုံလေးမဆိုးတာနဲ့ဘဲ မမ လဲသေတော့မလောက်ဖြစ်နေရသလား"

ကွယ်ရာမှာ တညည်းညည်းနဲ့ပြောလွန်းလို့ ချို့ မခံချင်ဖြစ်ခဲ့မိသည်။





မမလင်းနဲ့တွဲသွားတွဲလာနေတိုင်းဖူးသည့် ရန်ဘက် ဆိုသူကို သေချာမြင်ဖူးသည်မို့လည်း 'ဒီပုံစံကိုများ'ဟု ပြောပြီး မဲ့ရွဲ့ပစ်ခဲ့ဖူး၏။

"ချိုရယ် လူတစ်ယောက်ရဲ့အလှဟာ အပေါ်ယံအရေပြားမှာပဲရှိတာ မှမဟုတ်တာ၊ ကိုရန့်ကို နင် အနီးကပ်ပြောဆိုမဆက်ဆံဖူးလို့ပါ၊ သူနဲ့စကားပြောမိရင် သူ့ကို သဘောကျသွားမယ်၊ တကယ်ဆို ငါတို့အခြေအနေနဲ့လဲ ဘာမှမဆိုင်ပါဘူး၊ ဒါပေမယ့် သူ့ကို ငါ အထင်ကြီးတယ်၊ သူ့မှာ မိန်းကလေးတွေပေါ် လွှမ်းမိုးနိုင်တဲ့ဆွဲအားတစ်မျိုးရှိနေသလိုပဲ"

"မမလင်းက ကြိုက်နေတာကိုး"

"ဪလိုပဲ သူ့ကို သဘောကျနေတဲ့မိန်းကလေးတွေရှိလို့ပေါ့၊ ဒါပေမယ့် သူနဲ့ငါက အရင်းနှီးဆုံးပါပဲ၊ သူငယ်ချင်းတွေကလဲ ငါတို့ကို ချစ်သူတွေဖြစ်သွားကြမှာပဲ တစ်ထစ်ချတွက်ထားကြတာ"

"အခု ဘယ်သူနဲ့ဖြစ်သွားလို့လဲ"

"ဘယ်သူနဲ့မှမဖြစ်ဘူး၊ ဒါပေမယ့် ငါ့ကိုလဲ ဒီအတိုင်းထက်ပိုမလာဘူး၊ ငါ အရမ်းခံစားရတယ်ဟာ"

"ဟုတ်မှာပေါ့၊ တချို့ယောက်ျားလေးတွေက မိန်းကလေးတွေ သူတို့ကို သဘောကျမှန်းသိရင် အဲဒါကို သာယာတာ၊ ချစ်မလိုလို ကြိုက်သလိုလိုနဲ့ လူပါးဝတာတ်ကြတာလေ"

"မဟုတ်ပါဘူး၊ သူ့ကိုက အဲဒီလိုမဟုတ်ခဲ့တာ၊ ငါက ရူးသွပ်ခဲ့တာပါဟာ"

မမလင်းခမျာ ကျောင်းတွေပျက်၊ ကျန်းမာရေးထိခိုက်တဲ့အထိ တစ်ဖက်သတ်ချစ်ခဲ့ရှာ၏။ ဒါကို ဘယ်လိုမှမခံရပ်နိုင်ဖြစ်ကာ ချိုက တစ်ဖက်လှည့်နှင့် ဆက်သွယ်ပြီး ရန်လေး ကို ရင်းနှီးအောင်လုပ်သည်။

ကိုယ့်ရှေ့မှာ ဒူးထောက်လာပြီဆိုတော့မှ ကျကျနနကြီးပြောပြီး အသည်းကွဲစေဖို့ သေချာစီစဉ်ထားခဲ့ခြင်းဖြစ်၏။ ဒီလို အပိုင်တွက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းသည် ဟိုတုန်းကတည်းက ကာရန်လင်းက အေးဆေးသလောက် ကာရန်ချို့က မျက်နှာချိုသည်၊ စကားပြောသွက်သည်။

လင်း က တက္ကသိုလ်ကျူမှ ယောက်ျားလေးအပေါင်းအသင်းထားဖူးပေမယ့် ချို့ကတော့ ဆယ်တန်းမှာကတည်းက ရည်းစားထားခဲ့ဖူးသူ ဖြစ်၏။ ထို့ပြင် ...

လင်း က ရှက်ကြမ်းရေချိုလောက်ပဲ ကြည့်ရှုကောင်းတာဖြစ်ကာ ချို့ က အရမ်းလှတဲ့ကောင်မလေးအဖြစ် နာမည်ကျော်တဲ့သူ။

အထက်ပါအရည်အချင်းများစွာနှင့် ကာရန်ချို့သည် ဒီပွဲမှာ အနိုင်ရပိုင်းနိုင်မည်ဟု သေချာတွက်ခဲ့ပေမယ့် ရန်လေးနဲ့ရင်းနှီးခဲ့တာသာရှိပြီး ချစ်ရေးဆိုလာဖို့ထိတော့ မဆွဲဆောင်နိုင်ခဲ့ပေ။

ပိုဆိုးတာက သူမ၏နှလုံးသားသည် အောင်ပွဲမခံနိုင်ခဲ့လို့ တက်ခေါက်လက်သီးဆုပ်ကျန်ခဲ့ရတာမျိုးမဟုတ်ဘဲ ဖိဆုပ်ချေမွပစ်လိုက်ခြင်းခံရသကဲ့သို့ ပြင်းထန်စွာဒဏ်ရာရခဲ့ခြင်းပင်။

ဒီအဖြစ်တွေကို မမလင်းက ချို့ ပြောပြမှ သိသွားခဲ့တာဖြစ်၏။ သူမသိခဲ့သောအချိန်မှာ ညီမဖြစ်သူ၏အသည်းကွဲခြင်းကိုပါ နားလည်သွားခဲ့သောကြောင့် ခံစားချက်က နှစ်ဆတိုးသွား၏။

"ငါပြောသားနဲ့ချို့ရယ်" ဟု မျက်ရည်ကျပြောရင်း ဦးလေးဖြစ်သူနှင့် စင်ကာပူကို ပါသွားခဲ့တာ ဒီနေ့ထိ ပြန်မလာတော့ပေ။

နာကျင်ဖွယ်ကောင်းခဲ့သည့် အတိတ်အကြောင်းက သူများတွေလိုတော့ အဖြစ်ဆိုးခဲ့တာမဟုတ်ပါ။ ဒါပေမယ့် ဒဏ်ရာမထင်သည့် နာကျင်မှုက ပိုဆိုးနေခဲ့သည်။

ရန်လေး ကိုမြင်လိုက်ရတော့ ချို့ ဘယ်လိုမှဟန်မဆောင်နိုင်။ အစိမ်းဝမ်းကွဲတော်သည့် ယဉ်သူဇာကတော့ ရန်ဘက် ဆိုသည့် နာမည်ကိုပဲ သိထားခဲ့ပြီး လူကို ခုမှမြင်ဖူးတာဖြစ်သည်။





ဟိုးအရင် ချို့ ပြောပြတုန်းက ...

"မမသူရယ် နှာခေါင်းကြီးကြီး။ အသားညိုညိုနဲ့ ဆံပင်က တိုကပ်ကပ်နဲ့ ပုံပန်းမကျတော့ တကယ့်ကို ကုလားဒိန်ရုပ်ပါ" တဲ့။

မြင်လိုက်ရတော့ တခြားစီ။ ဒါပေမယ့် ကိုယ့်ညီမတွေကို ခပ်ကျောကျောဆက်ဆံသွားသည့်သူအဖြစ် သူမှန်းသိလိုက်တာနှင့် ဒေါသက ထောင်းခနဲ။

"ကဲ ကဲ ဒေါ်ပန်းတစ်ပွင့်မရှိဘူးထင်တယ်၊ တို့ သွားစို့"

ယဉ်သူဇာက မျက်နှာတည်တည်နှင့် ပြန်ဖို့ ချက်ချင်းထဖြစ်၏။ ချို့က သူမလက်ကိုဆွဲထားကာ ...

"ခဏနေပါဦး မမသူကလဲ"

ဟု ခပ်တိုးတိုးကြိတ်ပြော၏။

"ကိုရန် က ဟို ...FLOWER ဘဏ်သူဌေး ဒေါ်ပန်းတစ်ပွင့်နဲ့ ဘာတော်တာလဲဟင်"

သိချင်ဆုံးက ဒါပဲဖြစ်သည်။ ကျောင်းတုန်းကထက် အများကြီးပိုချောလာကာ ပန်းတစ်ပွင့် လက်ထပ်ပြီးတာ သိပ်မကြာသေးဘူးဆိုတာကိုလည်း သိထားသောကြောင့် စိတ်ထဲမှာ ရိပ်မိသလိုလို၊ မသိသလိုလို။

ရန်လေး က ဖုန်းကို ဘောင်းဘီအိတ်ထဲ ထည့်လိုက်ရင်း သူမတို့နှစ်ယောက်ရှေ့မှာ ထိုင်လိုက်သည်။ ပြီးမှ ...

"ပန်းတစ်ပွင့်က ကိုယ့်ဇနီးလေ။ လက်ထပ်ခဲ့တာ တစ်နှစ်ကျော်သွားပြီ ချို့တို့ရော ..."

"ချို့တို့ဆိုတာက မမလင်းကို ထည့်မေးတာလားဟင်"

ရန်လေး ခေါင်းညိတ်လိုက်တော့ ချို့ က နာကျင်သည့်အပြုံးလေးနှင့် ပြုံးနိုင်အောင်ကြိုးစားသည်။

တစ်ဖက်သတ်အချစ်၏ပူလောင်ခြင်းကို တကယ်ခံစားဖူးမှ စာနာ



www.burmeseclassic.com

www.burmeseclassic.com



တတ်မှာပါ။ အားလုံးကို မေ့ပျောက်နိုင်အောင်ကြိုးစားခဲ့ပြီးမှ ထပ်ခံ
တွေ့ကြုံရခြင်းဟာ ကိုယ်ပဲ ကံဆိုးခဲ့တာလား။

"လင်း က အိမ်ထောင်ကျသွားပြီလေ၊ သူ့ယောကျ်ားက သူ့ကို
လိုက်တာမှ တုန်နေတာပဲ၊ အခု ဟန်နီးမွန်းထွက်ရင်း အလုပ်ကိစ္စလေး
ရှိတာနဲ့ လင်မယားနှစ်ယောက်စလုံး စင်ကာပူမှာ"

"ဟုတ်လား"

ရန်လေး က ဖော်ရွေသည့်အပြုံးမှာ ညစ်နွမ်းမှု ဘာမှမပါပေ။ အုံ
သွားရသူက ချို ပဲဖြစ်၏။ ဦးလေးနဲ့လိုက်သွားတာကို မမသူ ဘာ
လျှောက်ပြောလိုက်တာလဲ။

ယဉ်သူဇာကလည်း မဟုတ်တာကို တမင်ပြောလိုက်တာဖြစ်သည
သင်းက ဘာမို့လို့ ဒီလောက်သေအောင်ကြိုက်နေကြတာလဲ။

မိန်းမယူထားပြီးပါပြီဆိုတာတောင် ဆွေးရိပ်သမ်းနေ၏။ ချို့ မျက်
လေးကို သူမ ဘယ်လိုမှ စာနာပေးလို့မရဘဲဖြစ်နေ၏။

ပြောပြချက်အရဆိုလျှင် ရန်ဘက် ဆိုသူက ဆင်းရဲတဲ့သူပဲ။ ဒီ
တကယ်လက်ထပ်လိုက်တော့ ဘဏ်သူဌေးကိုမှ အရယူခဲ့သည်။
စောက 'မမ' လို့ထည့်ပြောလိုက်တာကို ပြန်ကြားမိပြီး နှုတ်ခမ်းမဲ့လိုက်မိ

ဒါမျိုးတွေ ဒါပါပဲဆိုသည့် မျက်လုံးတွေကို ရန်လေး က သတိထား
လိုက်ကာ သူမ၏မျက်နှာထားကြောင့် ဒီပုံစံဖြစ်နေရတာကို တွေးလိုက်
သည်။

ဒါပေမယ့် ဂရုမစိုက်တတ်သည့် သူ့ဉာဉ်အတိုင်း ထိုအတွေးကို ခေ
အတွင်းမှာပဲ ဖျောက်ပစ်လိုက်သည်။

"မင်းရဲ့ကြော်ငြာတွေကိုကြည့်ရပါတယ်၊ အရမ်းသွက်တာပဲနော်"

"ချီးကျူးတာလား၊ ကဲ့ရဲ့တာလားဟင်"

"ကဲ့ရဲ့စရာလား ချိုရဲ့၊ အခု မမနဲ့ချိန်းထားတာ ကြော်ငြာကိစ္စ ထ
ယ်"

"ဟုတ်တယ်"

ချိုက ဖြေတာမဟုတ်ပါ။ တံခါးဝမှာ ပန်းက လက်ကိုင်အိတ်ကို
တောင်ဆစ်နားမှာချိတ်လျက်ခဏရပ်သည်။ ပြီးမှ ဆက်လျှောက်လာ
သ ...

"ဆောရီး ညီမရယ်၊ မထင်မှတ်ဘဲ တို့ နောက်ကျသွားတာ၊ ကိုယ်က
ထားပြီးမှဖြစ်ရတယ်လို့"

"ရပါတယ် မမ"

ချို က ထရပ်မလိုပြင်လိုက်တော့ ပန်း က လက်ကာပြလိုက်ပြီး
ကိုလျှောက်လာကာ ...

"ထိုင် ညီမ ထိုင်၊ ရန် ဖုန်းဆက်တော့ တို့ ပြန်လာနေပြီ၊ အဲဒီမှာ
ရခန်းပြီး ထိုးရပ်သွားတယ်"

ခမကိုခေါ်ပြီးမှ ချိုတို့ကိုမြင်တော့ သူ ဘာမှမပြောဖြစ်ဘဲ ဖုန်းပြန်
ိုက်တာကို ရန်လေး သတိရသည်။ ပန်း ကလည်း သူ ဘာမှမပြော
ယ့် ဘာကြောင့်ခေါ်တာမှန်းသိနေကြောင်း တမင်ပြောတာဖြစ်၏။
န်း က ဘေးမှာဝင်ထိုင်လိုက်တော့ ရန်လေး က ထရပ်လိုက်ကာ..

"ကျွန်တော် အလုပ်သွားရဦးမယ် မမ"

"အို ... နေပါဦး၊ ညှိသည်တွေက ရန် နဲ့သိတယ်မဟုတ်လား"

ချို နဲ့ ရန်လေး တို့ မျက်လုံးချင်းဆုံသွား၏။

"ကိုရန်က ဒီတိုင်းပဲ မမရဲ့၊ သူက ထားခဲ့ရတာကို ဝါသနာပါပုံရတယ်၊
ယ်ဆိုလဲ သွားပါစေ"

နေသည့် ပန်း ၏မျက်ဝန်းလေးထဲမှာ အရိပ်တစ်မျိုးဖြတ်ပြေးသွား
က နှုတ်ခမ်းလေးစေ့ပြီးပြုံးနေသော်လည်း ရန်လေး မပြုံးနိုင်။
ဘယ်လိုသဘောနှင့်ပြောလိုက်တာမှန်း ရုတ်တရက် နားမလည်







www.burmeseclassic.com

www.burmeseclassic.com



လိုဖြစ်သွားပြန်လည်းပါသည်။ အခြေအနေကို ပန်း က ပေါ့ပါးစေလိုက်ရင်း ...

"ဟုတ်သားပဲ၊ ခဏထိုင်ပါဦး၊ တို့က ဘဏ်ကြော်ငြာအတွက် ကာရန် ချို နဲ့ချိန်းထားတာလေ၊ အားလုံးနဲ့ ခင်မင်နေကြတယ်ဆိုတော့ ပိုအဆင်ပြေတာပေါ့"

ရန်လေး က ပြန်ထိုင်လိုက်တော့ ချို က ရယ်ပြလိုက်ရင်း ...

"အင်း... မှဲ့ Queen ခေါင်းလျှော်ရည်ကြော်ငြာရိုက်ပြီး ပြန်လာတာလေ၊ ဒီကနေ တစ်ခြိကျော်မှာ"

"ဟုတ်လား"

"ဟုတ်ကဲ့၊ အဲဒါကြောင့် ဘဏ်ကြော်ငြာရိုက်ဖို့မဖြစ်တဲ့အကြောင်းဝင်ပြောတာ"

"အို... ဘာဖြစ်လို့လဲ၊ တို့က ညီမရဲ့မျက်နှာလေးကို အရမ်းသဘောကျတာ"

"ဒီလိုပါ၊ ချို့ဒေါ်လေးတစ်ယောက်ကလဲ ဘဏ်လုပ်ငန်းပဲလေ၊ ဘယ်သူဆိုတာ မမသိမှာပါ၊ သူ့ကြော်ငြာကိုလဲ ချိုက လက်ခံပြီးပြီ အန်တီထမမရဲ့ကြော်ငြာကို လက်ခံခွင့်မပြုဘူး"

"ဩော် ..."

"ဒါပေမယ့် အခု ချို လက်ခံဖို့ဆုံးဖြတ်လိုက်ပါပြီ"

ချိုက ရန်လေးမျက်နှာကိုကြည့်ပြီး တည့်တည့်ပြော၏။ ပန်း မျက်နှာလေးတွေ ပင့်တက်သွားကြသည်။

"မမလုပ်ငန်းပေမယ့် ကိုရန့် အလုပ်ပဲလေ၊ ချိုက လက်မခံဘူးဆိုရင်အစကတည်းက လက်မခံဖို့ ဆုံးဖြတ်ပြီးသားပါဆိုတာကို ယုံကြည်တောမှာမဟုတ်ဘူး။ ဟိုတုန်းကအကြောင်းတွေကြောင့် တုံ့ပြန်သွားတယ်၊ ကလဲစားချေတယ် ဘာညာတွေဖြစ်လာဖို့လဲရှိတယ်"





"မဟုတ်တာကွာ၊ ချို ... မင်း..."

ရန်လေး မျက်နှာအကြီးအကျယ်ပျက်သွား၏။ ဘာဆိုင်လို့လဲ။ ဟိုတုန်းကဆိုတာမှာ သူမနဲ့သူ ဘာအကြောင်းတွေရှိခဲ့လို့လဲ။ ချိုကတော့ ဘာလိုလိုတွေပြောတုန်း။

"ပြောမနေပါနဲ့တော့ ကိုရန်ရယ်၊ အမြဲတမ်းပဲ ချိုတို့က လိုက်လျောခဲ့ရတဲ့ဥစ္စာ၊ ခုလဲ ကိုရန် တို့အလုပ်ကို ချိုက လက်ခံမှာပါ၊ မမ ဘယ်နေ့ဒိတ်လုပ်မလဲ"

"မြန်လေကောင်းလေပဲ ညီမရယ်၊ အနုပညာကြေးကိုလဲ သူများပေးတဲ့အတိုင်း တို့ ပေးမှာပါ"

"ရပါတယ်၊ ကိုရန်နဲ့ ချို တို့က ပြောရမယ့်လူတွေမှမဟုတ်တာ"

ပြန်ဖို့ထ,ရပ်လိုက်တဲ့အထိ ချို့ မျက်လုံးတွေက ရန်လေးဆီမှာ ...

"ညှေ့သည်ကို လိုက်မပို့တော့ဘူးလား"

ရန်လေး ကားနားထိပါသွားခဲ့ပေမယ့် ဘာစကားမှမပြောဖြစ်ခဲ့ပေ။

"ကိုရန်က ခပ်စိမ်းစိမ်းနေခဲ့ပေမယ့် ချို က အရင်အတိုင်း မပြောင်းလဲဘူးဆိုတာ သိပြီနော်၊ နောက်တွေ့ရင် ပြုံးပြကြေး"

ပွင့်လင်းတတ်သူတစ်ယောက်လို လေသံက ခပ်ကျယ်ကျယ်။ လက်ပြသွားတာကို ဒီတိုင်းရပ်ကြည့်နေရင်း ရန်လေး ခေါင်းထဲမှာ ရှုပ်ထွေးနေ၏။

သူ သိထား တတ်ထားတဲ့ပညာတွေထဲမှာ မိန်းမတို့တတ်အပ်သည့် မာယာပရိယာယ်တွေ တစ်ခုတလေမှ မပါခဲ့ဘူးလား။

ချို ဘယ်လိုသဘောနဲ့ရောက်လာပြီး ဘယ်လိုပုံစံ လှုပ်သွားတာလဲ။

"ကာရန်ချို ကို မင်း လျှော့မတွက်နဲ့ [illegible]လေး၊ သူက ကာရန့်လုပ်ငန်းရဲ့ ညီမ ဆိုတာ လုံးဝ သေချာနေတာကိုသိရက်နဲ့ မင်း မတွဲသင့်ဘူး၊ သူ့မျက်လုံး၊ သူ့စကားတွေထဲမှာ မာယာတွေအပြည့်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ချို့နဲ့ရင်းနှီးသွားခဲ့ပြီး မကြာခင်မှာ သူငယ်ချင်းတွေက သတိပေးခဲ့၏။ ဒါကလည်း ခပ်ကောင်းကောင်းပါ။ သို့မဟုတ်လျှင် အလွန်လှ၍ စကားပရိယာယ်ကြွယ်သော ကာရန်ချို့ ဆိုသည့် မိန်းကလေး၏ ချည်နှောင်မှုမှာ သူ အသေအချာမိတော့မှာဖြစ်သည်။

ဒါကိုသိလိုက်ရသဖြင့် သူ့ဘက်ကစပြီး ဆင်ခြင်လိုက်၏။ နောက်ပိုင်းမှာ တဖြည်းဖြည်းအဆက်အသွယ်တွေ၊ ခင်မင်မှုတွေ ပြတ်တောက်သွားခဲ့ကြသည်။ ရယ်ရယ်မောမောပြောဆိုရင်းနှီးခဲ့ကြသည်ထက် ဘာမှမပိုခဲ့ဘဲ ချို့ ပြောသွားတာက ဘယ်လိုအဓိပ္ပာယ်တွေလဲ။

ရန်လေး ဘောင်းဘီခါးစပ်မှာ လက်မနှစ်ဖက်နှင့်ချိတ်၍ ငှပါတီကို ငုံအောက်မှာပဲ ကြာရှည်စွာရပ်နေခဲ့မိသည်။

သူ မတတ်သေးသော လူကဲခတ်ပညာတွေ အများကြီးရှိပါသေးလား။

"အတိတ်ရေပြင်ကျယ်ကြီးထဲကို လက်ပစ်ကူးသွားနေတာလား ရန်"

နောက်ကစကားသံကြောင့် ရန်လေး က လှည့်ကြည့်၏။ ရွှေအိုရောင် ပါတိတ်ဝတ်စုံလေးနှင့် ပန်း က ဆိုဖာမှာ ခြေချင်းချိတ်ထိုင်နေတာဖြစ်သည်။

သူ ပြန်လှည့်လာခဲ့သည့်ခြေလှမ်းများကို စိုက်ကြည့်ကာ ...

"အလုပ်ထဲသွားမလို့ဆို သွားလေ၊ စိတ်မပါတော့လို့လား"

"ဘာဖြစ်လို့ မမ ကျွန်တော့်ကို ရိနေတာလဲ"

"ဝါသနာမပါဘူး ရန်၊ မင်း စိတ်ကျဉ်းကျပ်သွားတာကို စာနာလို့ လွတ်လပ်ခွင့်ပေးနေတာ၊ ဒါပေမယ့် လွတ်လပ်စွာခံစားခွင့်နော်၊ ဆုံးဖြတ်ခွင့်မဟုတ်ဘူး"

သူမဘာသာသာပြောပြီး သံဘောကျတာလား၊ ရွှဲ့တာလား မသိသော မဲ့ပြုံးနှင့် နေရာမှ ထ,ရပ်လိုက်၏။





"အချစ်ဆိုတာ လူတိုင်းရင်ထဲမှာရှိနေတာပဲ၊ ချုပ်နှောင်ထားလို့မရတာကို အတင်းချုပ်နှောင်ဖို့ တို့ ဘယ်တော့မှမကြိုးစားဘူး။ ဒါပေမယ့်..."

"ကောင်းတာပေါ့၊ အဲဒီလွတ်လပ်ခွင့်တွေကို စားသုံးဖို့ ကျွန်တော် ကြိုးစားလိုက်ဦးမယ်၊ ဒါပေမယ့်တွေ ခံနေဖို့မလိုပါဘူး။ တစ်ယောက်နဲ့တစ်ယောက် နားလည်ထားကြပြီးသားပဲ"

ရန်လေး က နောက်ကို ပြန်လှည့်သွားသည်။ ကားပေါ်တက်ပြီး မောင်းထွက်သွား၏။ ပန်း မျက်နှာလေးမှာ နီမြန်းမြန်းကျန်ရစ်ခဲ့ရင်း နှုတ်ခမ်းလွှာတို့မှာ တင်းခနဲဖြစ်၏။ နားလည်တယ် ရန်၊ မင်းလည်း နားလည်ဖို့လိုတယ်၊ ဘာဖြစ်ဖြစ် မျှမျှတတပေါ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ပန်း တို့လင်မယားကတော့ အားကျစရာပဲကွာ၊ တစ်ယောက် တစ်မျိုးစီအောင်မြင်နေကြတယ်နော်၊ **Sky Center** က အရမ်းကိုနာမည်ကြီးလာတာ သိလား၊ အဲဒီမှာဝယ်တာ၊ ပြင်တာ **Hand Set** တွေအားလုံးစိတ်ချရတယ်တဲ့၊ ဘယ်သူ့ပါးစပ်ဖျားမှာဖြစ်ဖြစ် **Sky** ချည်းပဲ"

ဒီနေ့ ထမင်းချိုင့်ယူမလာခဲ့သဖြင့် အပြင်မှာ နေ့လယ်စာထွက်စားဖြစ်သည်။ အရင်းနှီးဆုံးမိတ်ဆွေဖြစ်သည့် ဒေါက်တာစိမ့်နှင့်မှ လာတွေ့ရသည်။ သူမတို့လင်မယားက တစ်ယောက်က ဆရာဝန်၊ တစ်ယောက်က အင်ဂျင်နီယာ။

"ကိုစိုးကတောင် ပြောနေတာ၊ အင်ဂျင်နီယာချင်းတူပြီး ငါတို့ကျတော့ အုတ်တွေ၊ သံတွေကြားထဲမှာ ချွေးဒီးဒီးကျနေရတယ်တဲ့၊ ရန်လေးကျတော့ အကြံနဲ့ဉာဏ်နဲ့ ငွေလဲလိုက်နိုင်တော့ ထ,ဖြစ်သွားလိုက်တာ ဘယ်လောက် အားကျဖို့ကောင်းလဲတဲ့"

ထမင်းဟင်းမှာပြီး ရေသန့်တစ်ဘူး အရင်ရောက်လာသည်။ ပန်း က





ရေသန့်ဘူးကိုဖွင့်ရင်း ဘာမှမပြောဘဲ ပြုံးနေခဲ့၏။ စိမ့် တို့က နှစ်ဖက်မိဘအမွေအနှစ်ရယ်လို့ သိပ်တောင့်တောင့်တင်းတင်းမရှိကြပေ။ ထို့ကြောင့် လင်မယားနှစ်ယောက်၏လစာတာပဲ အိမ်ထောင်၏စီးပွားရေးဖြစ်၏။

"နှင့်ယောကျ်ား မပါဘူးလား"

"မပါပါဘူး၊ သူက တို့လက်ရာကိုမကြိုက်ဘူး၊ အပြင်က ထမင်းဟင်းနဲ့ပဲ ပြီးတာလေ၊ နောက်ပြီး ဘာပြောတယ်မှတ်လဲ၊ ဆရာဝန်ကိုယူမိလို့ မီးဖိုချောင်မနိုင်တာဘဲဖြစ်မယ်တဲ့၊ သူတို့အလုပ် သူတို့စာတွေ ဖတ်နေတာနဲ့ပဲ ထမင်းဟင်းချက်တဲ့ပညာ ပါမလာတာတဲ့"

ထမင်းချိုင့်လေးကိုဖွင့်ရင်း ပြောတော့ ပန်း က ရယ်သည်။

"နင်ကလဲ တကယ် ဘာမှမချက်တတ်ဘူးလား စိမ့်ရယ်"

"အံမယ် ဘာလို့မချက်တတ်ရမှာလဲ၊ ဆီပြန်ဆို ဘယ်လိုအသားငါးဖြစ်ဖြစ် လာခမ်းပဲ၊ သူက ကြိုက်တော့ ဟင်းရွက်ဟင်းသီးလေ၊ အစိမ်းကြော်ဆိုရင် ငါက မုန်လာဥနီဆို အသေမုန်းတာ၊ ငါ မကြိုက်တော့ မထည့်ဘူးပေါ့၊ အဲဒါကို ဘာပြောလဲ သိလား၊ အစိမ်းကြော်က တရုတ်မျက်နှာ စက္ကူကပ်ထားသလိုပဲ တဲ့"

စိမ့်မျက်နှာဝိုင်းဝိုင်းသေးသေးလေးကိုကြည့်ကာ ပန်း တအားရယ်မိသည်။ စိမ့်ခမျာ မရယ်နိုင်ရှာပါ။ ရင်ထဲမှာ ခံစားချက်တွေလည်း တော်တော်များနေပုံရကာ ထမင်းချိုင့်ထဲကတစ်ဆင့်ကို ပန်းရှေ့ထိတိုးပြလိုက်ပြီး ...

"ကြည့်စမ်းပါဦး၊ ဆိတ်ကလီစာချက်ထားတာ အဆင်း၊ အနံ့ အရသာ ဘာလိုတာရှိလဲ၊ မြည်းကြည့်၊ မြည်းကြည့်လိုက်စမ်းပါ"

"တော်ပါပြီ စိမ့်ရယ်၊ မြင်တာနဲ့တင်သိပါတယ်၊ အဲဒီတော့ နင်ကလဲ သူ ဟင်းသီးဟင်းရွက်ကြိုက်တဲ့ဟာကို အကြော်အလှော်ကောင်းကောင်း တတ်အောင်ကြိုးစားပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုးစားတာပဲ ပန်းရယ်၊ ငါသိတာက ဟင်းချက်ကောင်းတဲ့သူဆိုရင် မွှေးကြိုင်နေတဲ့ ဆီပြန်ဟင်းတို့၊ ချဉ်ရည်ဟင်းတို့ ကောင်းကောင်းချက်တတ်ဖို့ပဲလိုတာလို့လေ၊ ကန်စွန်းရွက်ကြော်ပေးပါဆိုတော့ အစိမ်းရောင်မပျောက်စေနဲ့တဲ့"

"အေးလေ၊ ဟတ်ဖ်ရိုက်လေးကြော်ပေးလိုက်ပေါ့"

"ကြော်တာပဲဟယ်၊ အစိမ်းရောင်လေးကျန်အောင် ချပေးလိုက်တော့ စားရတော့မှာလားတဲ့၊ မသိပါဘူး မကြော်ရသေးဘူးလားလို့ တဲ့"

"စိမ့်ရယ် ..."

ပန်းနုတ်ခမ်းမှာ လက်ခုံနဲ့ကပ်ရင်းရယ်နေမိတာ စိမ့် ကိုသနားဖို့ မေ့နေတဲ့အထိပင်။

"ဟုတ်ပါတယ်ဆို ပန်းရယ်၊ ကန်စွန်းရွက်ကို အစိမ်းရောင်မပျောက်အောင် ဘယ်လိုလုပ်ကြော်ရမလဲ၊ အရိုးက တုတ်တုတ်ပွပွကြီး၊ အရွက်က ပျော့ပျော့နဲ့၊ ရှဲခနဲဆို ဆီအိုးထဲမှာ နှစ်ပတ်သုံးပတ်လှိမ့်ပစ်လိုက်တာနဲ့ အရွက်က အရိုးတွေကြားထဲ တိုးဝှေ့ဝင်သွားပြီး တစ်ခါတည်းပင်စင်ယူသွားတာ"

စိမ့်သည် ဒီနေရာမှာတော့ ဆရာဝန်မလေးနှင့်မတူဘဲ အထက်တန်းကျောင်းသူလေးဘဝက မွှေးမွှေးစိမ့် ဆိုသည့် သဘောကောင်း၍ အူချာချာပုံလေးပေါက်နေသော ကောင်မလေး ပြန်ဖြစ်သွားခဲ့၏။

ကိုးတန်းမအောင်ကြခင်အထိ ပန်း တို့သူငယ်ချင်းအုပ်စုတွေ အရမ်းချစ်ခဲ့ကြသည်။ ခုလည်း ပြန်ဆုံကြတော့ ချစ်ခင်ရင်းနှီးမှုတွေ မပြေသေးပါ။

ခဏခဏမဆုံဖြစ်ကြတာကတော့ စိမ်းသက်ခဲ့ရခြင်း၏အကြောင်းတစ်ခုသာ။

"ထမင်းဟင်းအကြောင်းပြောရင်းနဲ့ နှင့်ယောကျ်ားအကြောင်းပြောနေတာတောင် ဘယ်ရောက်သွားမှန်းမသိဘူး။ ဟဲ့ နှင်ကလဲ ဆိုင်မှာပဲ





စားနေကျလား။ နှင့်ကို ဒီလိုဆိုင်မျိုးလေးထဲမှာမြင်လိုက်ရတော့ အံ့ဩသွားလို့"

"ဘာအံ့ဩတာလဲ၊ ငါက မြန်မာထမင်းဟင်းပဲစားချင်တာ၊ ဒီဆိုင်က လက်ရာကောင်းပါတယ်၊ ပြီးတော့ သန့်ရှင်းတယ်၊ ခါတိုင်းဆို ထမင်းချိုင့်ပါတော့ မထွက်ဖြစ်ပါဘူး။ တစ်ခါတလေပဲထွက်စားတာ"

"ဆုံချင်လို့ဖြစ်မယ်တော်၊ ငါလဲ နားနေခန်းထဲမှာပဲစားဖြစ်တာပါ၊ ဒီနေ့ကျမှ နားချိန်မရောက်သေးခင်တည်းက ဂျူတီအော့ဖ်လုပ်ပြီး ဒီဘက်ကို တမင်လာတာ"

"ဘာလာလုပ်တာလဲ"

"ငါ့ယောကျ်ားကို လာချောင်းတာ"

"ဘာ..."

စိမ့်က နောက်တွဲဆံထုံးလေးနှင့်မျက်နှာကို ရှေ့တိုးလာပြီး အသံကို နှိမ့်ချကာ ...

"ငါ့ယောကျ်ားနဲ့ အင်ဂျင်နီယာမလေးတစ်ယောက်ကို လူပြောများနေလို့"

"ဟုတ်ရဲ့လား စိမ့်ရယ်၊ မသေချာဘဲနဲ့ တော်ကြာ ကိုယ့်ယောကျ်ားသိက္ခာကျပုံမယ်"

"ဘာဖြစ်ဖြစ် မြင်ရမှပဲ စိတ်ရှင်းမှာဟ၊ သိပ်ကို အပြင်စာကြိုက်တဲ့ယောကျ်ား ငါ့ကိုပါ ပစ်ချင်နေပြီလားမသိဘူး၊ 'မင်းမှာ ဆေးထိုးအပ်နဲ့ စာတွေဖတ်နေဖို့ပဲ တာဝန်ရှိတာ၊ ငါ့ကို ဂရုမစိုက်ပါနဲ့'လို့ ခဏခဏထေ့ငေါ့နေတာလေ"

"အဲဒါဆို နှင်ကလဲ လိုတိုးပိုလျှော့လေးလုပ်ပြီး ကိုယ့်ယောကျ်ားအတွက်လဲ အချိန်ပေးဦးပေါ့"

"အံမယ် နှင်ကရော ..."



www.burmeseclassic.com

www.burmeseclassic.com



"ငါ ..."

ကိုယ့်ဘက်လှည့်လာတော့ ပန်း အံ့သြသလိုလေးဖြစ်သွား၏။

"ငါက ဘာဖြစ်နေလို့လဲ"

စိမ့် မျက်နှာလေးက စောစောက သူမအကြောင်းတွေပြောနေတုန်းကလို ရွှံ့တွတွ စိတ်ပျက်နေပုံလေးမဟုတ်တော့ဘဲ လေးနက်မှုတွေ ချက်ချင်းပြောင်းလဲသွားကာ ...

"နင့်ယောက်ျားကို ဂရုစိုက်ဖို့ပြောချင်လို့ ငါက ငါ့အဖြစ်တွေကို ပြောပြနေတာ၊ နင်နဲ့ငါ သိပ်မတွေ့ဖြစ်ပေမယ့် ငါ့ပတ်ဝန်းကျင်မှာ မော်ဒယ်ကာရန်ချိုနဲ့အကြောင်းတွေ ပြောနေကြတာ ပွထနေတာပဲ သိလား"

"ကာရန်ချို"

"ဟုတ်တယ်လေ၊ နင့်ရဲ့ FLOWER ဘဏ်ကြော်ငြာကို ငါတို့ကြည့်လိုက်ရတယ်၊ မော်ဒယ်တွေအများကြီးပေမယ့် ကာရန်ချိုက စူပါပဲ"

"သူ့အကြောင်း ဘာဖြစ်လို့လဲ"

"သူ့အကြောင်းမဟုတ်ဘူး၊ နင့်ယောက်ျားနဲ့ ငယ်ရည်းစားဆိုတဲ့အကြောင်းတွေ"

ပန်း မျက်နှာလေးပျက်သွား၏။ သဝန်တိုခြင်းမဖြစ်နိုင်သော်လည်း ရှက်သည့်စိတ်က ဘယ်နေရာကလာမှန်းမသိပေ။

"ပြီးတော့ နင့်ကိုလဲ အံ့သြတယ် တကယ်ပဲ၊ အစက မသိခဲ့ဘူးလား သူတို့အကြောင်းကို"

မေးပြီး ပန်းက ပြန်မဖြေရသေးဘဲ သူမကပဲ ဆက်ပြောသည်။

ထမင်းဟင်းတွေ စားပွဲပေါ် ရောက်လာတော့လည်း ပန်း အတွက် သူမကပဲ ရွှေ့ပြောင်းဆင်ပေးကာ ...

"ဘာပဲဖြစ်ဖြစ် ဒါမျိုးကိစ္စတွေက အကဲခတ်ရတာ သိပ်လွယ်တာ၊ အစက မသိခဲ့ရင်တောင်မှ ကြော်ငြာရိုက်နေတုန်း ဒါမှမဟုတ် ပြီးတဲ့အခါ





တော့ နင် သိသင့်တယ်၊ ပြောစမ်းပါ ပန်းရယ်၊ နင် ခုထိ ဘာမှကိုမသိဘူးလား"

"သူတို့ချင်းရင်းနှီးတာတော့ သိတာပေါ့"

"ဩော် ... ဩော် ... ရင်းနှီးတာတဲ့လား၊ သူက ပြောတာပေါ့"

ဒီကိစ္စကို ရန်နဲ့သူမ ဘာမှအကျယ်တဝင့်မပြောဖြစ်ခဲ့ပါ။ ကာရန်ချိုရောက်လာတဲ့ညနေပိုင်းမှာ တစ်ခါပဲပြောဖြစ်ခဲ့သည်။

နောက်ပိုင်းမှာ သူမလည်း ကြော်ငြာရိုက်တဲ့နေရာ တကောက်ကောက်လိုက်နေနိုင်တာမဟုတ်၊ အဲဒါတွေကို ပန်း စိတ်လည်းမဝင်စားပေ။

ကြော်ငြာဆင်ဆာကျလာပြီဆိုတော့မှ သေချာကြည့်ဖြစ်ခဲ့၏။ ဒီအတောအတွင်းမှာ ရန်နဲ့ကာရန်ချို ဘယ်လိုထပ်မံဆုံစည်းခဲ့သလဲ၊ နောက်ထပ် ဘယ်လိုဆက်သွယ်ချက်တွေ ရှိခဲ့သလဲ။

သို့တည်းမဟုတ် ပြောနေကြတာတွေက တကယ်မဟုတ်သည့် ကောလာဟလတွေလား၊ သူမ တကယ်လို့ ဘာသံတင်း ဘာသံမှမကြားခဲ့မိတာ ဘာဖြစ်လို့လဲ။

ချက်ချင်းပဲ ခေါင်းထဲမှာ ချာချာလည်သွား၏။ ကိုယ့်လွတ်လပ်ခွင့်နဲ့ကိုယ် မဆိုင်သလိုနေကြေးဆိုရင်တောင်မှ ဒီနည်းနဲ့လွတ်လပ်ခွင့်ရှာတာကိုတော့ ခွင့်မလွှတ်နိုင်ပါ။

ခုလို လူပြောသူပြောတွေဖြစ်လာတဲ့အထိ သူ့မှာ ကိုယ်ကျင့်တရားပျက်ယွင်းနေခဲ့သည်လား။

"ဒီမှာ ငါပြောမယ် ပန်း ..."

စိမ့် စကားစ ပြောလာပြန်သည်။ သူမလည်း ထမင်းချိုင့်လေးကိုဖွင့်ထားပြီး မစားဖြစ်။ ပန်း လည်းစားဖို့မေ့သွားခဲ့၏။

"နင်နဲ့နင့်ယောက်ျား ငါတို့လင်မယားထက် အများကြီးပိုဆိုးမှာ သိလား၊ ငါတို့က သာရန်ရပ်ကွက်ထဲက်လူတွေ၊ နင်တို့က နိုင်ငံကျော်တဲ့



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးလုပ်ငန်းရှင်တွေ၊ နင့်ယောကျ်ားက နင့်လောက် လုပ်ငန်း မကြီးမားပေမယ့် နင့်ထက်ပိုပြီးပေါ် လွင်နေတာ သိလား။ ရုပ်က အချောကြီး မဟုတ်ပေမယ့် စတိုင်လ်မိတယ်၊ အောင်မြင်နေတယ်၊ နင့်ယောကျ်ားဆိုတာ လူသိပေမယ့် နင်က သူ့ထက် အသက်နည်းနည်းကြီးတယ်လေ၊ အဲဒါလဲ ငါတို့တွေပဲသိတာ၊ အများတကာပါးစပ်ထဲမှာ အသက်အရမ်းကွာတယ်၊ ယောကျ်ားငယ်ငယ်ကိုယူထားပြီး ယောကျ်ားက အပြင်မှာ မော်ဒယ်လေးတွေနဲ့တွဲနေတယ်၊ ဘာညာ ...”

“တော်ပါတော့ဟာ၊ ငါ့ခေါင်းတွေနောက်နေပြီ”

“အေး ... ခေါင်းပဲနောက်သွားတာ ကျေးဇူးတင်၊ အသည်းပါ ပျော့ကျသွားမှာစိုးလို့ ငါကပြောနေတာ။ နေပါဦး နင်တို့လင်မယားကို တွဲသွားတွဲလာလဲ ငါ မမြင်ဖူးခဲ့ဘူး၊ ရန်ဘက် ဆိုပြီးကြည့်လိုက်တော့ တကယ့်နာမည်နဲ့လိုက်တဲ့မျက်နှာပဲ၊ နည်းနည်းမှ နူးညံ့တာ ရှာမရဘူး၊ နင့်ကိုကြင်နာရဲ့လား ပန်းရယ်၊ နင်တို့ချင်း ကြင်ကြင်နာနာ တကယ်ရှိရဲ့လား”

ပန်း က ထမင်းပန်းကန်ကို စိတ်မပါတဲ့ အနားကိုထပ်ဆွဲယူကာ ဇွန်းနဲ့ခက်ရင်းကို တစ်သျှူးလေးထုတ်ပြီး အကြာကြီးသုတ်နေ၏။ ဘာစကားမှ ပြန်မပြော။

“ငါထင်ပါတယ်၊ နင်ကလဲ မာနကြီးကြီး၊ ဟိုက ဂရုမစိုက်”

ကွက်တိမှန်သွားသဖြင့် ပန်း မျက်လွှာပင့်လာ၏။ စိမ့်က သူမရှေ့ထဲကဟင်းတွေကို ပန်း ပန်းကန်ထဲမှာ နည်းနည်းစီလှမ်းထည့်ပေးနေရင်း—

“မာနတော့ကြီးပေ့ါ ပန်းရယ်၊ ဘယ်ယောကျ်ားကိုမှ ဂရုမစိုက်ဘူးဆိုပေမယ့် ကိုယ့်ယောကျ်ားကိုတော့ မစိုက်လို့မရဘူး။ မရဘူးဆိုတာကလဲ ချစ်ဖို့ပြောတာမှမဟုတ်တာ၊ နင်တို့အိမ်ထောင်ရေးကို ငါ နားလည်ပါတယ်ဒါပေမယ့် ခုလို လူပြောသူပြောတွေရှိလာတော့ နင့်သိက္ခာတရားက မဆိုင်သလိုနေလို့ရသေးလား”





“သူတို့က ဘာတွေပြောနေတာလဲ”

“မော်ဒယ် ချို့အကြောင်းပေ့ါ။ ငါတို့နဲ့ ထမင်းတစ်ဝိုင်းတည်း လာစားတဲ့ အလုပ်သင်ဆရာဝန်မလေးတစ်ယောက်က ကာရန်ချိုနဲ့ ခြံချင်းကပ်လျက်တဲ့၊ ပြီးတော့ ငယ်ငယ်က ကျောင်းနေဖက်တဲ့၊ ခုချိန်ထိ တအားရင်းနှီးကြတာတဲ့။ တစ်ယောက်က Sky က ရန်ဘက် ဆိုတာ ဘယ်လိုဘာညာနဲ့ပြောတယ်၊ သူက ကာရန်ချို နဲ့ ဘာညာကိစ္စတွေပြောတယ်၊ ရန်ဘက်ဆိုတဲ့နာမည်က ဘယ်လောက်အများကြီးရှိနိုင်မှာမို့လို့လဲ ပန်းရယ်၊ ပြီးတော့ Sky ကနဲ့တွဲပြောကတည်းက နင့်ယောကျ်ားမှန်း ငါ သိလိုက်တာပေ့ါ”

“ဘယ်အခြေအနေထိလဲ”

“အဲဒါတော့မပါဘူး။ အရမ်းတွဲနေတာကိုပဲပြောတာ၊ ကာရန်ချို့ကိုဂျာနယ်အင်တာဗျူးမှာ မေးထားတာ၊ ငါတို့ပဲမဖတ်ဖြစ်တာဟ၊ တော်တော်များများသိကြတယ်။ အဲဒီမှာပြောထားတယ်တဲ့၊ သူ့ရဲ့အိမ်ထောင်ဖက်ကို အနုပညာလောကထဲကနေ ရွေးထုတ်ဖို့ စိတ်ကူးပါဘူးတဲ့၊ အနုပညာနဲ့ပတ်သက်ရင် မောင်နှမတွေဆိုတဲ့စိတ်နဲ့ သရုပ်ဆောင်တာပါတဲ့၊ အိမ်ထောင်ဖက်ရွေးရင်တော့ သူ သဘောကျလောက်တဲ့အရည်အချင်းမျိုးနဲ့ အရမ်းတော်တဲ့ စီးပွားရေးလောကထဲမှာပဲ ရွေးမယ်တဲ့၊ အဲဒီအင်တာဗျူးကလဲ သိပ်တော့မဟုတ်လောက်ပါဘူးဟာ၊ သူဖြစ်ချင်တာကိုပဲ မေးနေတဲ့အတိုင်းပဲတဲ့၊ သူတို့ပဲပြောပြီး ဝေဖန်နေကြတာ၊ ငါတော့ နားထောင်ရုံသက်သက်နဲ့ ငြိမ်နေလိုက်တယ်၊ သူ ဒီလောက်ကြီးအောင်မြင်သေးတာလဲမဟုတ်တဲ့နဲ့ ဘယ်ဂျာနယ်မှာမဆို သူ့အင်တာဗျူးတွေပဲလို့ ပြောကြတယ်”

“ရန်လေးနဲ့က ဘယ်လိုပတ်သက်ပြီးပြောကြတာလဲ”

“ဟို အလုပ်သင်တစ်ယောက်က ပြောတာပါဆိုမှ၊ ချို့က တကယ်အဲဒီလိုစိတ်ကူးရှိတာ သေချာတယ်တဲ့၊ ပါဂျရိုးကားအနက်နဲ့ သူ့ကို အိမ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့ဖူးတဲ့ Sky က သူ့ဌေးဆိုရင် နာမည်ကျော်သူဌေး ဘာညာပေါ့ ဟာ၊ လူတွေအများကြီးစုမိပြီဆို သတင်းစုံဝါလာတာပဲ၊ မိန်းကလေးတွေ စုမိတော့ ဘာတွေပြောဖြစ်ကြမလဲ နှင် စဉ်းစားကြည့်”

ထမင်းတွေ မျိုချနေမိပေမယ့် ချိုသလား၊ ဆိမ့်သလား ဘာမှန်းမသိခဲ့ပေ။ ဒေါသတကြီးဖြစ်လာတာမဟုတ်ဘဲ တစ်ပေါက်ချင်းကျနေသည့် ရေပေါက်ကလေးကြောင့် အသားတွေနာကျင်လာတာမျိုးဖြစ်သည်။

နှလုံးသားနှင့်ပတ်သက်၍ နာကျင်ရသောအကြောင်းရင်းတွေ ဘယ်လောက်များများရှိနေသလဲ။





## အခန်း (၁၅)

အိမ်ထောင်သည်ဆိုသည့်အဖြစ်ကို ဘယ်တုန်းကမှ အမှတ်တရ တွေးမကြည့်ခဲ့ပါဘဲ မတွေးဘဲနေလို့မဖြစ်တော့သည့် လူမှုကိစ္စတွေက စ၍ ရှုပ်ထွေးစပြုလာခဲ့၏။

“လူပြောများနေတာတော့သေချာတယ် ရန်လေး၊ မင်းဘက်က ဘာမှမဟုတ်ဘူးဆိုရင် သွားတာလာတာ ဆင်ခြင်ဖို့တော့လိုပြီကွ”

ဓာလေးထိုင်လိုက်တာနှင့် ဒီအကြောင်းက စလာသဖြင့် ရန်လေး အမောမပြောဘဲ ဖြစ်သွားသည်။ သူငယ်ချင်းတွေမို့ လင်းထွဏ်းကလည်း မျက်နှာရိပ်မျက်နှာကဲခတ်နေတာမဟုတ်။

“မင်းပဲတွေးကြည့်၊ ကာရန်ချိုက တက်သစ်စမော်ဒယ်၊ မင်းက လူသိများနေပြီဖြစ်တဲ့လူငယ်စီးပွားရေးသမား၊ ဒီကြားထဲ ပန်းတစ်ပွင့်ရဲ့ဘဏ်ကြော်ငြာမှာ ကာရန်ချိုက ခေါင်းဆောင်၊ ပြီးသွားတော့ မင်းတို့တွဲနေကြတယ်၊ လူတွေမျက်လုံးထဲမှာ ဘယ်လိုမြင်ကုန်ကြမလဲ”

“ငါက ငါ့အတွေးနဲ့ငါပဲ၊ သူတို့ညီအစ်မနဲ့ပတ်သက်ပြီး ငါ့ဘက်က တစ်စုံတစ်ခုကျူးလွန်ထားမိသလိုကြီးခံစားနေရလို့ အလိုက်အထိုက်ဆက်ဆံ

www.burmeseclassic.com



ခဲ့တာ၊ နောက်ထပ် ကိုယ့်ဘက်ကချို့ယွင်းချက်မရှိစေချင်လို့"

"အဲဒါ ယောကျ်ားတွေရဲ့ ပျော့ညံ့ချက်ပဲကွ၊ အဲဒါကြောင့် မရိုးသားတဲ့ မာယာတွေထဲမှာ မှောက်လျက်လဲ ဒူးကွဲဖြစ်ကုန်တာ။ မင်းသိထားရမှာက ဟိုတုန်းက သူတို့ညီအစ်မနှစ်ယောက်စလုံး မင်းကြောင့် တစ်စုံတစ်ရာ ထိထိုက်ခံစားကြရတာမျိုးရှိချင်ရှိမယ်၊ မင်းတို့က သမီးရည်းစားမှမဟုတ်တာ၊ ဒါကို မင်းဘက်က ကျူးလွန်ခဲ့တယ်လို့ပြောလို့ရမလား။ တစ်ဖက်သတ်ချစ်တာမျိုး လူတိုင်းလိုလိုခံစားဖူးတယ်၊ ခံစားခဲ့ရဖူးတိုင်း အဲဒီလူဆီက တစ်ခုခုပြန်ရသွားကြသလား"

"ဒါက မှန်ပါတယ်၊ အခု သူနဲ့ငါ ပြန်ဆုံခဲ့တော့..."

"ပြန်ဆုံကြတော့ မင်းမှာ အိမ်ထောင်ရှိနေပြီလေ၊ တကယ်တမ်းဆိုရင် သူ့ဘက်က ပိုပြီးဆင်ခြင်ရဦးမှာ၊ ပြီးတော့ သူက အောင်မြင်နေပြီဖြစ်တဲ့ အနုပညာသမား၊ မင်းက ကာယကံရှင်မို့ သတိမထားမိတာရှိလိမ့်မယ်၊ သူ မရိုးသားဘူးဆိုတာ ငါတို့ကတောင်ရိပ်မိကြတယ်"

ရန်လေး က စီးကရက်တစ်လိပ်ထုတ်လိုက်ပြီး သူ့ကိုငဲ့ကြည့်၏။ လင်းထွဏ်းက စကားရပ်လိုက်ပြီး သူ့ဆီ လက်လှမ်းသဖြင့် ဆေးလိပ်နဲ့ မီးခြစ်ကို ထည့်ပေးလိုက်မှ ...

"ဂျာနယ်တွေမှာဖြေထားသမျှ ဘာလိုလိုစကားတွေကလည်း မင်းကို လက်ညှိုးထိုးပြနေတဲ့အတိုင်းပဲ၊ ဘာပဲဖြစ်ဖြစ် ဒီလောက် လူပြောများလာတာတွေ မင်းမိန်းမ သိနေမှာပဲ"

ဒီနေ့ထိ မမ်ထံမှ ထိုသတင်းစကားနှင့်ပတ်သက်ပြီး မေးမြန်းပြောဆိုခဲ့တာ ဘာမှမရှိသေးပေ။ သူ့မျက်နှာငိုင်နေတာကို လင်းထွဏ်းက သေချာစိုက်ကြည့်၍ ...

"မင်းမှာ အိမ်ထောင်ရှိနေမှန်းသိသားနဲ့ ကာရန်ချို ဒီတိုင်းလိမ့်နေတဲ့ပုံက မရိုးသားဘူး ရန်လေး၊ အဲဒါ မင်း လုံးဝ သတိထားသင့်တဲ့အချက်ပဲ၊





လူကိုလိုချင်တာလား၊ ဖျက်ဆီးချင်တာသက်သက်လား၊ ငါတို့ကတော့ ဖြစ်နိုင်ချေတစ်ခုပဲတွက်မိကြတာ"

စကားက ဒီမှာပဲရပ်သွားပေမယ့် အဆုံးမသတ်ရသေးပါ။ ထိုအချိန်မှာပဲ သူတို့မျက်စိရှေ့သို့ အနီရောင်ကားလေးတစ်စီး တိုးဝင်လာခဲ့၏။

"လာပြီ မင်းသမီး"

လင်းထွဏ်းက နှာခေါင်းတစ်ချက်ရှုံ့ပြီး ထ,ထွက်သွားသည်။ အနီရောင်ကားပေါ်ကနေ နက်စွေးသောဝတ်စုံကပ်ကပ်လေးနှင့် ဆင်းလာသူက ကာရန်ချို ...

ပြုံးနေသည့် သူမ၏ အညိုရင့်ရောင်နှုတ်ခမ်းလေးတွေကို မျက်မှောင်ကြုတ်နှင့်စိုက်ကြည့်ရင်း ရန်လေး ငြိမ်သက်နေခဲ့၏။

မိန်းမလှတို့ရဲ့မာယာက နှုတ်ခမ်းပေါ်မှာလား ...

🔔 🔔 🔔



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"မင်းကို ငါယောကျ်ားဆိုပြီး သဝန်တိုလွန်းလို့ ပြောနေတာမဟုတ်ဘူး၊ သူများပြောမှသိရတာကို ရှက်တာ၊ ပန်းတစ်ပွင့်ရဲ့ယောကျ်ားဆိုတဲ့ ခေါင်းစဉ်နဲ့ ထွက်လာသမျှသတင်းတွေကို မကြားချင်ဘဲကြားရ၊ နား မထောင်ချင်လဲထောင်ရ၊ မင်းကို အဲဒီလိုလူမျိုးဖြစ်လိမ့်မယ်လို့ ငါ လုံးဝ ထင်မထားခဲ့ဘူး၊ တကယ်"

ကွန်ပျူတာခလုတ်တွေပေါ်မှာ လက်တွေကိုအလုပ်ပေးထားရင်း ငြိမ်သက်နေခဲ့သမျှ စားပွဲကို ခပ်ဖိဖိထုပစ်လိုက်ရင်း ရန်လေး ဝုန်းခနဲ ထ ရပ်သည်။

ထိုင်ခုံက ခြေကန်ချက်ကြောင့် အသံပေးပြီးလျှောထွက်သွား၏။

"ဘယ်လိုလူမျိုးလဲ၊ အခု ကျွန်တော်က ဘာတွေဖြစ်နေလို့လဲ၊ မိတ်ဟောင်းဆွေဟောင်းရဲ့ ရင်းနှီးမှုဟာ သာမန်မိတ်ဆွေတွေထက်တော့ ပိုမှာပဲ၊ အဲဒါကို ချဲ့ကားပြောနေကြတဲ့ကိစ္စ မမ ဘာဖြစ်လို့ ကျွန်တော့်ကို စွပ်စွဲနေရတာလဲ"





"တောက်"

ရန်လေး ဝုန်းဒိုင်းထကြွလိုက်တာကိုမြင်က မာနကြောင့် နှုတ်ခမ်းသားလေးများပင် တုန်ယင်လာခဲ့၏။ ပန်း က စေ့စေ့ကြည့်နေပြီးမှ တက် တစ်ချက်ခေါက်ကာ ...

"ဆေးစက်ကျမှ အရုပ်ထင်တာ၊ အကျွရာမသိဘဲ စာရေးလို့မရဘူး ပတ်ဝန်းကျင်စကားက ကားတတ်ပေမယ့် ပုပ်လို့ပေါ်တာ၊ ဟုတ်လို့ကျော်တာ၊ ကာယကံမြောက် ဟုတ်သည်ဖြစ်စေ၊ မဟုတ်ရသေးဘူးဖြစ်စေ..."

ထိုစကားအရောက်မှာ ရန်လေး တင်းခနဲအံကြိတ်၏။ ပန်း က တစ်ချက်မှမျက်လုံးမလွှဲဘဲ စိုက်ကြည့်နေရင်း ...

"ကံသုံးပါးထဲက တစ်ပါးပါးနဲ့ဖြစ်မှားနေရင်လဲ အဲဒါ ဖောက်ပြန်တာပဲ၊ ဘာပဲဖြစ်ဖြစ် မင်းရင်ထဲမှာတော့ ပြည်တော်သာနေခဲ့မှာပါ၊ ငါက မင်းရင်ထဲက မမြင်ရတဲ့ကံသုံးပါးကို မရမကလိုက်ပိတ်ပင်နေတာမဟုတ်ဘူး၊ မင်း ဝန်ခံဖို့ပြောနေတာ"

"ဘာကိုဝန်ခံရမှာလဲ၊ ပတ်ဝန်းကျင် အပြောအဆိုလွတ်အောင်လဲ ကိုယ့်စိတ်ကိုကြိုးမတုပ်ဘူး၊ မမ ထင်ချင်သလိုထင်၊ ကျွန်တော့်ကို ရှောင် ပိတ်မမေးနဲ့၊ ကိုယ်ကောင်းရင် ခေါင်း ဘယ်မှမရွှေ့ဘူး"

ရန်လေးက ဘက်တိုက်ပြီးပြန်အော်သည်။ ခုံကို ခပ်ကြမ်းကြမ်းပြန်ဆွဲ၍ နေရာမှာ ဆောင့်အောင့်ပြန်ထိုင်၏။ ပန်း က **Lap Top** ကို သူမ ဘာသာပိတ်ပစ်လိုက်ပြီး...

"မင်း ဘယ်လောက်ကောင်းအောင်နေနေ မင်းရဲ့ကိုယ်ကျင့်တရား ကို မင်းရဲ့ခေါင်း ဘယ်နှစ်လက်မရွှေ့နေသလဲဆိုတာနဲ့ တိုင်းတာကြည့်ကြ မှာမဟုတ်ဘူး၊ မျက်လုံးတွေ နားတွေနဲ့ပဲကြည့်ပြီး ပါးစပ်တွေက ဆုံးဖြတ် ကြမှာ၊ အဲဒီပါးစပ်တွေကို မင်း ဘယ်လိုရှင်းမလဲ"

ကွန်ပျူတာကိုပိတ်ပစ်လိုက်သဖြင့် ရန်လေး က ဒေါသထကြွလာပြန်



www.burmeseclassic.com

www.burmeseclassic.com



ဏ်။ နောက်တစ်ခါ မတ်တတ်ပြန်ရပ်မိတော့ ပန်းနဲ့သူ ရင်ဆိုင်ရပ်မိကြတာ တစ်တောင်ကျော်ကျော်လောက်ပဲကွာ၏။

"ဘယ်မျက်လုံး ဘယ်ပါးစပ်ကိုမှ ဂရုမစိုက်ဘူး မမရဲ့ပါးစပ်ကိုပဲ ပိတ်ထားပေးရင်ရပြီ၊ ကျွန်တော် ဘယ်အဆင့်၊ ဘယ်ဘဝရောက်နေနေ အဲဒီလို အလုပ်မျိုးလုပ်ရလောက်အောင် အောက်တန်းမကျဘူး၊ အဲဒါ ကျွန်တော့်ဘက်က အမြဲတမ်း အမှန်တရားပဲ"

မနောက်ထပ်ကန့်ထုတ်ပစ်လိုက်တာ ပိုပြင်းသည်။ ထိုင်ခုံက ခပ်လှမ်းလှမ်းထိလွှောက်ထွက်သွားသည်။ ရန်လေး ခြေလှမ်းကျဲကြီးများနှင့် လှည့်ထွက်သွားလေသည်။

မညီညွတ်ခြင်းမှသည် မသင့်မြတ်ခြင်းသို့ ...

🔔 🔔 🔔





အခန်း (၁၇)

ဝရန်တာမှာရပ်နေရင်း ဖုန်းလာသဖြင့် ထုတ်ကြည့်လိုက်တော့ ကာရန်ချို ...

"ကိုရန်တို့ကိုပဲ ရွေးဖိတ်တာပါ၊ ချို့ရဲ့ ပထမဆုံးဗီဒီယိုဇာတ်ကားမို့လို့လေ၊ လာရမယ်နော်၊ ကိုရန် မလာရင် ချိုက ကိုရန်ရှိတဲ့နေရာထိ လိုက်ရှာပြီး လာခေါ်မှာ"

"တကယ် ကိုယ်မအားလို့ပါ ချိုရာ၊ ဒီမှာ ပြဿနာတွေရှိနေလို့၊ အဲဒါ ချို ..."

"မရဘူးကွာ၊ ပြောပြီးပြီ ဒါပဲ"

ချို ဖုန်းချသွားတော့ သူ ဖုန်းကိုကြည့်၍ သက်ပြင်းချမိသည်။ ထိုစဉ် သူ့ရိပ်တစ်ရိပ်က တံခါးဝမှာပေါ်လာ၏။ ဦးမြတ်ထူး၏ မျက်နှာကြီးက ပြင်းနေကျထက် ပို၍တင်းနေသည်။ မျက်လုံးတွေက အလင်းရောင်တွေ ထွက်နေသည့်နှယ်။

"နေရာတကာတော့ ကျုပ် မပြောချင်ပါဘူး၊ ဒါပေမယ့် သမီးအတွက်



www.burmeseclassic.com

www.burmeseclassic.com



မိဘနေရာမှာ ကျုပ်က နေရတော့ ပြောမှဖြစ်မယ်။ ချို ဆိုတဲ့ မိန်းကလေးနဲ့ မင်းရဲ့ ဆက်ဆွယ်ချက်တွေကို ဒီမှာတင်ရပ်လိုက်စေချင်တယ်၊ ငါ့သမီးရဲ့ ဂုဏ်သိက္ခာ ထိခိုက်လာတဲ့အထိ ငါ ကြည့်မနေနိုင်ဘူး"

ရန်လေး ပြောဖို့ဖြစ်လာသည့်စကားတွေကို ပါးစပ်ထဲမှာပဲ ခဏ ဘရိတ်အုပ်၍ အရင်ဆုံးပြောသင့်သည့်စကားကိုပဲ ရှေ့တန်းတင်ပြီးမှ ...

"မှန်ပါတယ်၊ ထိခိုက်လာတဲ့အထိဖြစ်ရင် ကြည့်မနေပါနဲ့ ဒါပေမယ့် ထိခိုက်လာမှပဲ ဆုံးဖြတ်လို့ရမှာဆိုတော့ ဘာဘထူး စောင့်ကြည့်မနေနိုင်တဲ့ ကျွန်တော့်ရဲ့ ခြေလှမ်းတွေကိုလဲ စိတ်ဝင်စားမနေပါနဲ့ ကျွန်တော့်ဘက်က မှားသွားရင် လည်စင်းပေးလိုက်မယ်"

ရန်လေး က ဦးမြတ်ထူးကို ကျောခိုင်းပစ်လိုက်သည်။ အပေါ်စီးကနေ ခြံထဲကပန်းရောင်စုံတွေ ယိမ်းနွဲ့နေရပေမယ့် မသာယာပေ။ ကျောနောက်ကနေ ပြင်းထန်စူးရဲစွာကြည့်နေမှာဖြစ်သည့် မျက်ဝန်းတစ်စုံဆီမှာပဲ စိတ်ကရောက်နေသည်။

ပြဿနာဖြစ်လာတိုင်း ဦးမြတ်ထူး ရောက်ရောက်လာသည်။ ဖြစ်လာလို့ ရောက်လာခဲ့တာလား။ ဖြစ်တာကို စောင့်ကြည့်နေတာလား ခံပြင်းခြင်းက ပြဿနာပေါ်မှာမဟုတ်တော့ဘဲ ထိုမျက်နှာကြီးဆီ ပြောင်းလဲရောက်ရှိသွား၏။

ထိုစဉ် အချိန်ခါမဟုတ်ဘဲ ညိုမှောင်တက်လာသော မိုးသားတို့ ရွာချကော့မလို အင်နှင့်အားနှင့် ...

🔔 🔔 🔔





အခန်း (၁၈)

"မမ ..."

မိုးဖွားကလေးတွေကျနေသည့်အောက်မှာ လမ်းမဘေးကနေ ခြေလှမ်းကျဲလေးများနှင့် လျှောက်နေသော ပန်း၏ဘေးမှာ ကားကို အနေးဆုံးလျှော့ချလိုက်သည်။

"မမ ကားပေါ် တက်လေ"

ပန်း က သူ့ကားကိုမြင်လိုက်သဖြင့် ထူးခြားပြောင်းလဲသွားသည့်ပုံမရှိဘဲ မျက်ခုံးလေးခပ်တွန့်တွန့်နှင့် ငဲ့ကြည့်သည်။ ကြည့်ပုံက မဟုတ်တန်သလိုလို။

"ရတယ်၊ မင်းသွားစရာရှိတာသွား"

ပြောပြီး ခြေလှမ်းကိုပိုကျဲပစ်လိုက်၏။ မနက်က ကိုမောင်မောင် အလုပ်ထဲ ရောက်လာကတည်းက သူမကို သတင်းတစ်ခုပေးသည်။

"ကာရန်ချို့ ကား Sky ရှေ့မှာ ရပ်ထားတယ်' တဲ့။

အခု အလုပ်သိမ်းချိန်မှာ ပန်းရဲ့ ကား ဆီကုန်ပြီးထိုးရပ်သွားတော့ ဟို



www.burmeseclassic.com

www.burmeseclassic.com



ဘက်လမ်းကွေ့ထဲကနေ ပတ်ကွေ့လာသည့် သူ့ကားပေါ်မှာ ကာရန်ချို ပါသွားတာကိုလည်းမြင်ပြီးပြီ။

ဘယ်လောက်ကြာသေးလို့လဲ၊ ဆိုကုန်သွားသည့်ကားကို သော့အလုံပိတ်ပြီးထားခဲ့ကာ သူမ လမ်းဆင်းလျှောက်လာတာဖြစ်၏။

ကိုယ့်ကို လှမ်းမြင်ပြီး သူ့ကိုမမြင်သေးဘူးထင်လို့ ကာရန်ချို ကို တစ်နေရာမှာ ချထားခဲ့တာလား၊ ဒါမှမဟုတ် ...

ဟိုကိုလိုက်ပို့ပေးပြီး ပြန်လှည့်လာရင်း ကိုယ့်ကိုမြင်လို့လား။ ဘာကြောင့်ပဲဖြစ်ဖြစ် ဒီအသံကိုမကြားချင်၊ ဒီကားကိုလည်း မစီးလို။ ခြေလှမ်းကျဲလွှန်းလို့ ကားက ကျန်နေခဲ့ပြီးမှ ပန်း ရဲ့ဘေးကိုရောက်လာပြန်ကာ...

"မမ မိုးမိလိမ့်မယ်၊ ကားပေါ်တက်ပါ"

"မတက်ဘူးလို့ ပြောပြီးပြီမဟုတ်လား၊ မင်း မြန်မြန်ထွက်သွားစမ်းပါ"

ရန်လေး အသံတိတ်သွား၏။ ကားက အသက်တစ်အောင့်လောက် ဒီတိုင်းလိမ့်နေပြီးမှ လျှာခနဲမောင်းထွက်သွားသည်။ ထိုစဉ် မိုးပေါက်တွေစိပ်လာကာ လေလည်းတိုက်လာ၏။

ပန်း လက်ထဲမှာ ဘာမှမပါပေ။ ပိုက်ဆံအိတ်ပြားလေးတစ်လုံးကိုပဲ ကိုင်ထားခဲ့သဖြင့် ထိုအိတ်ကလေးနဲ့ ခေါင်းပေါ်မှာ မလုံ့တလုံကာကွယ်၍ အပြေးတစ်ပိုင်းလျှောက်သည်။

တစ်သက်နဲ့တစ်ကိုယ် လိုင်းကားတိုးမစီးခဲ့ဖူးပါဟုပြောလျှင် ယုံချင်မှယုံကြလိမ့်မည်။ ပန်း တကယ် လိုင်းကားမစီးတတ်ပါ။

တက္ကဆီငှားစီးတာကျတော့ တစ်ယောက်တည်း မစီးရဲပြန်။ ဘာပဲဖြစ်ဖြစ် လူကြားထဲမှာ လွတ်လပ်စွာသွားလာနေတာက အန္တရာယ်ကင်းသည်ဟု တွက်မိ၏။

အဖြူရောင်ပေါ်မှာ အနက်ပွင့်လေးတွေပါသည့် ကီမိုနိုထဘီနှင့် ပိုးပျော့အဖြူရောင်လေးက သူမကိုယ်မှာ အစကတည်းက ကောက်





ကြောင်းလေးတွေအတိုင်း အတိအကျကပ်တွယ်နေခဲ့တာဖြစ်သည်။

မိုးစက်တို့ စွန်းထင်သွားသည့်အချိန်မှာ ခပ်သုတ်သုတ်လျှောက်နေရသည့် အနေအထားနှင့် ဘယ်လိုမှမတင့်တယ်ပါ။

နောက်ပြန်လှည့်လာသည့် ရန်လေး မျက်လုံးထဲမှာ ပန်း ၏ပုံရိပ်က ခပ်ရိုင်းရိုင်းပေါ်လာသည်။ ပြီးတော့ သူမအနီးအပါးကနေ ဖြတ်ကျော်သွားလာနေကြသော အနေးယာဉ်၊ အမြန်ယာဉ်များပေါ်မှ ပုရိသတို့၏ သမင်လည်ပြန်အကြည့်တွေကိုလည်းမြင်နေရ၏။

ကားနဲ့သူမ ဝါးတစ်ရိုက်လောက်အကွာမှာ မိုးက သဲမဲစွာရွာချလာသည်။ ရန်လေးက ကားကို ရှေ့ထိမောင်းသွားပြီးမှ ပြန်ဝိုက်ပြီး သူမဘေးမှာရပ်လိုက်သည်။

"အို ... ဘာလုပ်တာလဲ၊ ဖယ်စမ်း လွှတ်"

လက်ကို ဖျတ်ခနဲဆွဲလိုက်တော့ ပန်း က အတင်းပြန်ရုန်း၏။ ပြန်ပေးဆွဲသလို ဖွတ်တရွတ်ဆွဲပြီး တွန်းထိုးတင်ပစ်လိုက်တာတောင်မှ နှစ်ယောက်စလုံး၏ကိုယ်မှာ မိုးရေတွေစိုသွားသည်။

"မင်း ဘာလုပ်တာလဲ၊ လွှတ် လက်ကိုလွှတ်စမ်း။ မိန်းမတကာ ခေါ်တင်နေတဲ့ မင်းရဲ့ကားပေါ်မှာထိုင်ရတာ ငါ ရွံတယ်၊ လုံးဝမစီးဘူး"

ပန်း က ဟန်ဆောင်ပန်ဆောင်မဟုတ်ဘဲ အတင်းရုန်းနေတာဖြစ်၏။ သူ့မှာ တစ်ဖက်က ဖိဆုပ်ထားရသဖြင့် ကားမောင်းရတာ ဒုက္ခရောက်နေသည်။

နောက်ဆုံး မတတ်နိုင်တော့ဘဲ ကားကို ဘေးလွှတ်ရာမှာ ဆွဲချရပ်ပစ်လိုက်ကာ ...

"မမ ဘယ်လိုဖြစ်နေတာလဲ၊ ကျွန်တော်က တစ်လမ်းတည်းပြန်ပြီး တစ်အိမ်တည်းကိုသွားကြမယ့်သူချင်းမို့ အမြင်မတော်လို့ဆွဲခေါ်တာ၊ မမလဲ ကားကြုံစီးတယ်လို့မှတ်လိုက်ပေါ့၊ ခဏမိုးခိုတယ်ဆိုရင်လဲ ပြီးတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ အစီပွာယ်မရှိတာတွေနဲ့ ဒေါသထွက်နေရတာလဲ"

"ဘာ ..."

ဒေါသထက် ရှက်ခြင်းက ပိုကဲသွား၏။ သူက မိတ်ဆွေတစ်ယောက်လိုကူညီတာဖြစ်ပြီး ကိုယ်ကပဲ သဝန်တိုနေတာလိုလို ...။

"ရော့ ... ဆံပင်တွေ စိုရွှဲနေတာပဲ"

ဟု ပြောကာ တဘက်တစ်ထည် ထုတ်ပေးရင်း ...

"အမြင်မတော်လို့ပါ"

ဒီစကားမျိုးပဲ ထပ်ပြော၏။ မယူဘူးဆိုလျှင် ဘာတွေထပ်ပြောဦးမှာလဲ။

"ရော့ပါ၊ နောက်ပြီးတော့ မမက မိုးထိခံတာမဟုတ်ဘူး။ ဖျားရင် အလုပ်ကပျက်ဦးမယ်"

ပန်း က စူးစူးရဲရဲကြည့်ပြီး ဆတ်ခနဲလှဲ့ပစ်၏။ ပြီးတော့ ဓောင်ကိုမယူဘဲ ကျူရှင်မှာတင်ထားသည့် ဖအုပ်ကိုဆွဲယူကာ ဆံပင်တွေကို ရေသုတ်သည်။

ရန်လေး က လှစ်ခနဲပြုံးကာ ကားကို လမ်းပေါ်ပြန်တင်လိုက်၏။ ဒေါသတွေ အလှူကြီးပေးရန်ရှိသည်။





## အခန်း (၁၉)

"မမ မြင်ဘူး၊ ထွက်သွားပြီလား"

စားပွဲမှာဝင်ထိုင်ရင်း မေးလိုက်တော့ မယ်မြက သူ့ကိုကြည့်ပြီး ခေါင်းလေးခါသည်။

"မသွားဘူး အစ်ကိုလေး၊ မမ ညတုန်းက သိပ်နေမကောင်းဘူးလို့ ပြောတယ်၊ မနက်အစောကြီး ဆေးထွက်သောက်ပြီး ပြန်ဝင်သွားတယ်"

"ဟုတ်လား"

မနေ့က မိုးမိသွားလို့ပဲဆိုတာ သူ သိလိုက်သည်။ ခါတိုင်းဆို ရေချိုးခန်းမှာ ဆုံမိလိုက်၊ ကော်ဖီသောက်ပြီး အဝင်နဲ့အထွက်မှာ ဆုံတာလည်း ရှိသည်။

တွေ့နေမြင်နေကျမို့ မတွေ့လိုက်ရသည်နှင့် မျက်လုံးက ဟိုရှာ ဒီရှာ မနေနိုင်သည့်အဆုံးမှာ မေးလိုက်မိတော့ စိတ်မကောင်းဖြစ်သွားမိ၏။

"သူ ဘာဆေးသောက်ထားတာလဲ၊ ဆရာဝန် မပင့်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အကိုက်အခဲပျောက်ဆေးပဲသောက်တယ်၊ ကျွန်မက မေးတော့ ဘာမှမဖြစ်ဘူးတဲ့၊ ခဏနေရင် ပျောက်သွားမှာတဲ့"

ကော်ဖီနဲ့မုန့်ကိုစားရင်း စိတ်က ဘယ်လိုမှမဖြောင့်တာနှင့် နေရာမှ ထ,ထွက်လာခဲ့သည်။ ပန်း ၏အခန်းဆီကိုသွားမလို့ ခြေဦးလှည့်ခဲ့ပြီး အိတ်ထဲကဖုန်းကိုထုတ်လိုက်ကာ …

"ငါ ဒီမနက် မလာတော့ဘူး၊ နေ့လယ်ကျမှ တစ်ခေါက်လာကြည့်မယ်"

"….."

"အိုခေ"

ဖုန်းဆက်ပြီး နားကခွာလိုက်တာနှင့် အခန်းထဲကထွက်လာသည့် ပန်း နှင့်မျက်နှာချင်းဆိုင်ဖြစ်သွား၏။

"မမ နေမကောင်းလို့ဆို"

"ခေါင်းနည်းနည်းနောက်နေလို့ပါ"

ပန်းက တိုတိုတုတ်တုတ်ပဲဖြေသည်။ သူ့ကို မဆက်ဆံချင်သည့် မျက်နှာလေးနှင့် ဘေးကနေကွေ့ထွက်သွားတော့ သူကလည်း အတူတူ လျှောက်လိုက်သွားရင်း …

"ဘယ်သွားမလို့လဲ၊ မိုးနံ့ရှိတော့ ခြံထဲမှာ လေအရမ်းဖြူးတယ်၊ ကျွန်တော် ဆရာဝန်ပင့်လိုက်မယ် မမ၊ မမ အခန်းထဲမှာပဲနေပါ"

ပန်း က သွားနေရင်း သူ့ကို ငဲ့ကြည့်သည်။ ဒီလောက်တော့ မိတ်ဆွေ သူငယ်ချင်းတွေဆိုရင်လည်း ကြည့်ရှုစောင့်ရှောက်ကြတာတွေရှိတတ်ပါသည်။

လင်မယားချင်းမှာ ဒီလိုမေးမြန်းဂရုစိုက်တာ ဘာမှမဆန်းပါ။ ဒါပေမယ့် ပန်း နဲ့ သူက လက်ထပ်ပြီးကတည်းက တစ်ခန်းစီနေကြတာ။

အစတုန်းက အလုပ်ရှင်နဲ့အလုပ်သမား၊ အိမ်ပေါ်နဲ့အိမ်အောက်၊





ရန်လေးတို့က ခြံထဲမှာဖြစ်၏။ လက်ထပ်ပြီးတော့လဲ တစ်ခန်းစီ၊ လူချင်း ပေါင်းကြဖို့မဆိုထားနှင့် စကားပြောတိုင်း အဆင်ချောခဲ့တာမရှိ။

စိတ်ဓာတ်အယူအဆချင်းက ၎ င်တမ်း မျဉ်းပြိုင်။ လင်မယားဖြစ်ပြီဆိုကာမှ မာနတွေ သူတင်း ကိုယ်တင်း ဒီလိုကြည့်ရှုစောင်မလိုသည့် စကားမျိုးကော ပြောခဲ့ဖူးတာ ရှိလို့လား။

ပန်း က နီးနီးလေးမှာ အတူယှဉ်တွဲလျှောက်လာသည့် ရန်လေး မျက်နှာကို စေ့စေ့စပ်စပ်ကြည့်၍ မဲ့ခနဲပြုံးသည်။ ရန်လေး မျက်မှောင်ကြုတ်သွား၏။

ကိုယ်ပြောခဲ့တာ ဘာအညစ်အနွမ်းမှမပါပေ။ မမ ဘာကိုမဲ့တာလဲ။ မျက်ဝန်းနှစ်စုံ၏ငြိတွယ်မှုတို့မှာ စားသွားလုံသွားတွေ ပြုံးပြက်လက်သွားသလိုပင်။

ပြီးတော့ ပန်း က တစ်လှမ်းချင်းလျှောက်နေရာမှ လက်ပိုက်လေး ဖြစ်သွားကာ …

"မင်း ဒီနေ့ အလုပ်မသွားဘူးလား"

'မမ နေမကောင်းဘူးဆိုလို့'ဟု ပြောလိုက်လျှင် ဒီမိန်းမ ဟားတိုက်ရယ်မလားမသိ။ ရန်လေး နှုတ်ခမ်းစေ့လျက်နှင့် ခြေလှမ်းများဆီ မျက်ဝန်းတွေရောက်ကာ …

"မသွားသေးတာ"

ဟု ပါးစပ်ထဲရောက်လာသလို ဖြေလိုက်သည်။ တစ်ယောက်နဲ့ တစ်ယောက် ခပ်စိမ်းစိမ်းနေခဲ့ကြပေမယ့် သူမနဲ့ပတ်သက်တိုင်း သူ့ဘက်က ဘာသိဘာသာနေခဲ့လိုက်တာ ဘာမှမရှိပေ။

ပြီးတော့ ကိုယ့်ဘက်က တာဝန်ကျေဖို့လည်းကြိုးစား၏။ မိန်းမ တစ်ယောက်ဖြစ်သည့် သူမကတောင် ခေါင်းဆောင်လှုပ်ရှားနေသည်ဆိုလျှင် အိမ်ထောင်ဦးစီးဆိုသည့် သူ့မှာ သူမထက်မနိမ့်သော အရည်အချင်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ခုဆိုတာ ရှိကိုရှိရမှာဖြစ်၏။ ထို့ပြင် သူ့ဘက်က အားနည်းချက်ဟာ သူက မမတို့အိမ်က အလုပ်သမားသား။ သူဌေးကိုအရချိုင်ကာ ရန်လေး ဆိုတဲ့ ကောင် ဒူးနှံ့စားနေတာ၊ မိမ်ကျနေတာ စသည့် အတင်းအဖျင်းစကားတွေကိုလည်း သူ မကြားချင်။

ပတ်ဝန်းကျင်ကို သူ ဂရုစိုက်ခဲ့ခြင်းကြောင့် ပထမရည်ရွယ်ချက်အတိုင်း ကိုယ့်ဘဝမြင့်မားလာဖို့ကိုသာ အာရုံစိုက် လုံးပမ်းခဲ့မိသည်။

ဒီလိုလုံးပမ်းနေတာကိုလည်း ပတ်ဝန်းကျင်အမြင်မှာ မသင့်တော်ပါဘူးဆိုတာကျတော့ သူ လက်မခံနိုင်ပေ။ နေရာတကာ ပတ်ဝန်းကျင်ကသာ အဓိကလား။

မမနဲ့သူ့အတွက် ဘယ်လိုမှ ပြေလည်ဖို့မရှိလောက်အောင် လွဲမှားကုန်ရခြင်းဟာ ထိုနေရာမှာ ပို၍ကြီးထွားသွားခဲ့သည်ထင်၏။

သူ ဘာလုပ်လုပ် သူမကိုပြုံ့င်သည်၊ အရှုံ့တိုက်သည်ဟု ပန်း က ထင်သည်။ သူကလည်း မိမိလျှောက်သည့်လမ်း ဘာလမ်းဖြစ်နေနေ ဆုံးတဲ့အထိ ခရီးဆက်နေခဲ့သည်။ သူမ ကျေနပ်ကြည်ဖြူသွားအောင် ရှင်းလင်းတောင်းပန်ခဲ့တာမျိုး သူ ဘာမှမလုပ်ခဲ့ပေ။

ထိုအခါ ပန်းနဲ့သူ့ကြားက ဆက်ဆံရေးသည် တစ်ယောက်နဲ့ တစ်ယောက် ခနဲ့ဖို့ မဲ့ဖို့အပြင် အဆင်ပြေတာ ဘာမှမရှိ။

"မမ ဘယ်ကိုလဲ"

စိတ်ကူးထဲမှာ မကျေနပ်ခြင်းတွေ အဖတ်တင်ဆဲရှိနေပေမယ့် အောက်ထပ်ကို တောက်လျှောက်ဆင်းချသွားကာ ပေါ်တီကိုအောက်ကို ဦးတည်နေတော့ သူ မနေနိုင်။

ပန်း က လက်ပိုက်မဖြေဘဲ လျှောက်နေရင်း ...

"အလုပ်သွားမလို့"

"ဘာ ..."





အဖြူရောင်အနီပွင့်ဝတ်စုံလေးက အိမ်နေရင်း အဝတ်အစားပါ။ အပေါ်ကဆွယ်တာပါးလေးတစ်ထည် ထပ်ဝတ်ထားသည်။

လက်ထဲမှာ ပိုက်ဆံအိတ်ပြား ... ခ ... းတစ်လုံးကိုတော့ ကိုင်ထားတာတွေ့ပေမယ့် ဆံပင်တွေကိုလည်း ကပု ... ရှိလေးပဲ ဖြန့်ချထားတာမို့ ဒါ အပြင်ထွက်မယ့်ပုံစံမှ မဟုတ်ဘဲ။

ထို့ပြင် သူတို့နှစ်ယောက် ပေါ်တီကိုအောက်ရောက်တော့ မိုးဖွားလေးတွေကျလာ၏။ မိုးဦးက စောစီးစွာကျပြီး အုံ့ပြက်ပြက်ဖြစ်နေတာကြာပြီဖြစ်သည်။

သဲသဲရွာချတာမျိုးလည်းမဟုတ်၊ နေရောင်လည်းမမြင်ရ။

"ရာသီဥတုက ကြည်မလင်နဲ့ မမလဲ နေကောင်းတာမဟုတ်ဘူး။ ဘာဖြစ်လို့ အလုပ်က ဒီလောက်အရေးကြီးနေရတာလဲ"

ပြောတိုင်း အဆင်မပြေဖြစ်ရတာကိုသိပေမယ့် ရန်လေး ပါးစပ်ပိတ်ပြီးတော့လည်းမနေနိုင်ပေ။ ထင်တဲ့အတိုင်း ပန်း က ဆတ်ခနဲလှည့်ကြည့်ကာ ...

"အရေးကြီးတာပေါ့ကွ၊ ယောကျ်ားကြီးတွေတောင်မှ ကုန်းရုန်းရှာပြီး တစ်ကျပ်ကို နှစ်ကျပ်မှတ်လို့ ဖွတ်ခွာချနေကြတာ၊ မိန်းမတစ်ယောက်က လောဘကြီးတာ ဘာဖြစ်လို့လဲ"

"အဲဒီယောကျ်ားတွေ ကုန်းရုန်းရှာနေကြတာ ငွေမက်တဲ့လောဘတစ်ခုတည်းမဟုတ်ဘူး မမ၊ တခြားရည်ရွယ်ချက်တွေရှိတယ်"

"ဟုတ်မှာပေါ့၊ သူဌေးကြီးဆိုရင် အားကိုးသမှုပြုချင်ကြတဲ့ မိန်းမလှလေးတွေက အများကြီးပဲလေ"

ပန်း က တည့်တည့်ကြီးဖဲ့၏။ ရန်လေး မျက်နှာတင်းသွားပေမယ့် ဝန်း ၏ခြေလှမ်းတွေက မရပ်သဖြင့် သူ အရင် ကားနားကိုဆင်းသွားကာ...

"ကျွန်တော် လိုက်ပို့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ပန်းက ငြင်းလည်းမငြင်း၊ ခေါင်းလည်းမညိတ်ဘဲ အံ့သြသွားသလို တွေခနဲကြည့်၏။ သူမ တစ်စုံတစ်ခုပြောမလို့ ပါးစပ်ပြင်လိုက်စဉ် ခြံထဲကို ကားအနီလေးကွေ့ဝင်လာပုံက ခပ်ကြမ်းကြမ်း။

ပန်း စီးနေကျကား၏နောက်မှာ သိမ့်ခနဲထိုးရပ်သွားပြီး ကာရန်ချို ဆင်းလာ၏။

"ဘယ်ကိုသွားကြမလို့လဲ၊ ကိုရန်ကလဲ ချို သေချာမှာထားတာကို ကွာ ..."

ရန်လေး ကွက်ခနဲ မျက်နှာပျက်သွား၏။ ပန်း က သူ့ကိုတိုက်ဖယ် ကာ ကားထဲဝင်ထိုင်လိုက်သည်။

ဘာကြောင့် ရန်လေး အလုပ်မသွားတာလည်းဆိုတာကို နားလည် လိုက်ခြင်းနှင့်အတူ အောင့်သက်သက်ဝေဒနာက ဘယ်နေရာကနေ ပေါ် လာမှန်းမသိ။ ကားလမ်းက ဂုယ်ကွေ့မို့ ဘက်ခ်ဆုတ်ဖို့မလို၊ ရုတ်တရက် စိတ်လွှတ်သွား၍ ဆောင့်ခနဲထွက်ခဲ့ပြီးမှ သတိရသည်။

သူ့ကြောင့် ဒီလိုဖြစ်ရလား၊ ကားကို ခပ်ဖြည်းဖြည်းလျှော့ချလိုက် လို့ရသော်လည်း တဆစ်ဆစ်ဆောင့်တိုက်ခံနေသည့်ရင်ဘတ်ထဲက ဆူး တစ်ချောင်းသည် တဖြည်းဖြည်းလျော့ကျမသွားခဲ့ဘဲ တစ်ဆုံးထိ စူးနစ် လျက် ...

🔔 🔔 🔔





## အခန်း (၂၀)

"အလုပ်ထဲကိုရောက်သေးတယ်၊ ကိုရန် မလာဘူးတဲ့"

"မင်းကို ကိုယ် မလာနိုင်ဘူးလို့ ပြောခဲ့သားပဲ ချို"

ရန်လေး မျက်နှာက မကြည်။ ဒီလောက်တိုက်ဆိုင်စွာ ရောက်လာခဲ့ သည့် ချို့ကိုလည်း စိတ်ပျက်မိ၏။ ပန်း စိတ်ထဲမှာ ဘယ်လိုတွေးသွားမည် ကို မသိသော်လည်း ချိုနဲ့သူ စကားပြောနေတာကို ဦးမြတ်ထူးက ပြောင် ပြောင် လာရပ်ကြည့်သည်။

ပြီးတော့ စီစီ၊ မယ်မြကလည်း နိုးချောင်နိုးဝှက်လေးနှင့် ဟိုကကြည့်၊ ဒီကကြည့်။

ချိုနဲ့ပတ်သက်ပြီး ပန်းနဲ့သူ သိပ်အဆင်မပြေကြတာကို အားလုံးက သိနေသဖြင့် ဂရုမစိုက်သလိုနေရသော်လည်း မျက်နှာပူမိသည်။

ချိုကတော့ ဘယ်မျက်နှာကိုမှမကြည့်ပါ။ ပေါ်တီကိုအောက်မှာပဲ စကားပြောရင်း ရန်လေးက ခြံထဲကိုပဲ ခြေဦးလှည့်သည်။ ချိုကလည်း ခုံးချင်းထိမတတ် ယှဉ်တွဲလျှောက်၍ ပါလာ၏။

"ကိုရန်ရယ် ဟိုကိစ္စက ပြီးသွားပါပြီ၊ အခုဟာက ရိုက်ကွင်းကိုလာဖို့ ခေါ်တာ၊ ဒီနေ့ညနေပိုင်း ချို အားတယ်လေ၊ အဲဒီကပြီးတာနဲ့ ကိုရန်နဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ချို ..."

သစ်ခွတိုင်တွေနားမှာ သူ ရပ်ပစ်လိုက်၏။ ဘေးတိုက်ကနေ မျက်နှာချင်းဆိုင်ရပ်ကာ ...

"မင်း အရမ်းကိုပွင့်လင်းလွန်းတာလား၊ တို့ကို ခင်တဲ့စိတ်နဲ့ ဘာကိုမှ ဂရုမစိုက်တာလား"

"ချိုက ..."

"မင်းကိုမေးတာမဟုတ်ဘူး၊ တို့ဘာသာ တွေးမရတာကိုပြောတာ၊ မင်းဘက်က ရိုးသားပွင့်လင်းတာဆိုရင် တို့ စိတ်မကောင်းပါဘူး၊ ဒါပေမယ့် မသင့်တော်တဲ့အပိုင်းတွေကိုတော့ မင်း သိရမယ်၊ တို့က အိမ်ထောင်ရှိတဲ့ ယောကျ်ားတစ်ယောက်"

ချို့ မျက်နှာလေး တည်သွားသည်။ တစ်ဖက်လှည့်ပစ်လိုက်ပြီး ငြိမ်သွားပုံက ရိုးသားသည်လား၊ မရိုးသားဘူးလား ဒါကို သူ မသိပါ။

"မင်း ဟိုတုန်းကထက် အများကြီးပွင့်လင်းနေတာတော့ တို့ သိတယ်"

"ချိုက ကိုရန့်မှာ အိမ်ထောင်ရှိနေတဲ့အတွက် ပိုပြီးလွတ်လပ်တယ်ထင်ခဲ့တာ၊ ဟိုတုန်းက အပျို လူပျိုတွေဆိုတော့ သူငယ်ချင်းတွေက ပြောကြတယ်လေ၊ ချိုတို့ညီအစ်မကပဲ ကိုရန့်ကို တစ်ဖက်သတ်ပိုးပန်းနေကြသလိုလို ..."

ရန်လေး က ဘာမှဝင်မပြောဘဲ နားထောင်နေလိုက်၏။

"ခုကျတော့ မောင်နှမတွေလို ရင်းနှီးကြလို့ရတယ်၊ ပြီးတော့ ပြန်တွေ့ကြကာမှ ကိုရန့်ကို ချို ပိုပြီးခင်မိသလိုပဲ"

ရန်လေး သက်ပြင်းချမိရင်း တစ်ဖက်လှည့်လိုက်တော့ ချို က သူ့ရှေ့ကိုလာရပ်ကာ ...

"အခု ဘာဖြစ်နေလို့လဲဟင်၊ ချို့မှာလဲ မိဘအသိုင်းအဝိုင်းနဲ့ ဆွေဝှယ်မျိုးဝှယ်နဲ့ပါ ကိုရန်"





"အဲဒီ ဆွေမျိုးမိဘတွေက ချို့ကို ဘာမှမပြောဘူးလား"

"ဟင့်အင်း၊ ချို့ဘက်က ဖြူစင်တာကို သိနေကြတာပဲ"

"မသိတဲ့လူတွေပြောမှာကိုတော့ ဂရုမစိုက်လို့မဖြစ်ဘူး ချို၊ တို့က အိမ်ထောင်ရှိပြီးတဲ့ယောကျ်ား၊ မင်းရဲ့ ရိုက်ကွင်းရှိတဲ့နေရာတွေကိုလိုက်၊ စားသောက်ဆိုင်တွေမှာ အမြဲလိုလို တပူးတွဲတွဲနေ၊ လူတွေ မျက်စိနောက်လာရင် မင်းကို ဘာပြောကြမလဲ"

"ချို့ကို ပြောခံထိမှာစိုးတာလား၊ ကိုရန့်မိန်းမက မကြည်လင်တာလား၊ တည့်တည့်ပဲပြောပါ ကိုရန်"

"ကိုယ့်မိန်းမ မကြည်လင်ဖြစ်လာရင်လဲ သိက္ခာကျမှာက မင်းပဲ ချို၊ မင်းအတွက်ပြောနေတာကို နားလည်ပါ"

ချိုက တစ်ဖက်လှည့်၍ ကျေနပ်စွာပြုံးသည်။ လိုချင်တာက ဒါပဲပဲ။ ကိုယ် ခံစားခဲ့ရသလောက် ကိုယ် ရခဲ့သလောက်တော့ သူ့ကို ပြန်ပေးချင်၏။ ဒါကြောင့် ရင်းနှီးခဲ့ရတာက ချို့ဘက်က အပျိုစင်လေးတစ်ယောက်၏ သိက္ခာ။

လူတွေပြောလာကြရင် ကိုယ်ပဲနစ်နာမယ်ဆိုတာ မသိဘဲနေမလား။ ကိုယ် နစ်နာရတဲ့အတိုင်း ရန်လေး ဆိုသည့်လူ အိမ်ထောင်ရေးသောကတွေ ခံစားနေရပြီဆိုရင် ရပြီ။ ရင်ထဲမှာ ပစ်ဖို့သိမ်းထားတဲ့မြားတွေ မကုန်သေးလို့ပါ။

"ချို့ရဲ့ရိုးသားမှုကို ကိုရန် ကလဲ မယုံဘူးလားဟင်"

"မဟုတ်ပါဘူး။ မင်းရင်ထဲထိ ကိုယ်နဲ့မှမသက်ဆိုင်တာ"

"ဒါဆို ဘာကိုပြောချင်တာလဲ"

"ကိုယ်တို့ ဆင်ခြင်မှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

ဝရန်တာပေါ် ကနေ လှမ်းကြည့်နေမိပေမယ့် မြင်မြင်သမျှအရာ အားလုံးက မှောင်နှင့်မည်းမည်း။

ကောင်းကင်တစ်ခိုမှာ တိမ်ညိုတွေအုံ့ဆိုင်းလျက် လလည်းမသာ ကြယ်ရောင်လည်းမရှိ။ ည ဆယ့်နှစ်နာရီဆိုသော ညဥ့်နက်နက်မှာ မိုးသား ရောင်နှင့် ညခင်း၏နက်ရှိုင်းခြင်းက သူ့ထက်ငါ အပြိုင်အဆိုင် ကြဲနေသလို ပင်။

မိုးသက်လေတဖြူးဖြူးက စိမ့်အေးနေသော်လည်း ပန်း ရင်ထဲမှာ ပူလောင်နေသည်က နည်းနည်းလေးမှ ယုတ်လျော့မသွား။

"သမီးနဲ့ပတ်သက်နေတော့ ဘဘထူး နေရာတကာ မပါလို့မရဘူး လေ၊ သူတို့နှစ်ယောက်နဲ့ပတ်သက်ပြီး သမီးက ဂရုမစိုက်ခဲ့လို့ မသိတာ အပြင်မှာ တော်တော်ကြီးကို လူပြောများနေကြပြီကွယ်"

"စားသောက်ဆိုင်တွေထိုင်၊ ဟိုတယ်တွေမှာ ဒင်နာစား။ ရန်လေး က အဲဒီမိန်းကလေးကို အလုပ်ထဲထိခေါ်နေတာဆိုပဲ။ ဒီလို ကိုယ့်မင်းကိုယ် ချင်း လုပ်ချင်လို့ စီးပွားတွေခွဲ၊ အိပ်ခန်းတွေခွဲနဲ့ ထင်သလိုလုပ်နေတာ"

"အသက်အရွယ်ကွာခြားမှုဟာ တစ်နှစ်ပဲကွာကွာ၊ ငါးနှစ်၊ ဆယ်နှစ် ဘယ်လောက်ဖြစ်ဖြစ် အိမ်ထောင်ရေးမှာ အများကြီးစကားပြောတယ် သမီးရဲ့။ ယောကျ်ားက အသက်ကြီးနေရင်လဲ မိန်းကလေးက ငယ်တော့ အယူအဆတွေလွဲ၊ ထင်ရာတွေလုပ်။ မိန်းကလေးက အသက်ကြီးပြန် တော့ ပိုဆိုးတယ်၊ ယောကျ်ားလေးတွေက သာယာမှုကိုပိုပြီးမက်တာလေ၊ ခုခေတ်ဆို ပိုဆိုးတာပေါ့၊ သူတို့မှာ လန်းတာတွေ၊ နွမ်းတာတွေမှ စုံနေတာ ပဲ။ ရန်လေးရဲ့ မာနကြီးနေတဲ့ပုံကို ကြည့်ပါလား။ လူကြီးတွေက ယုံကြည် မှုတစ်ခုတည်းနဲ့ အားလုံးကိုပုံအပ်ပြီး စီစဉ်ခဲ့ပေမယ့် သူက သူ့ကိုချုပ်ကိုင် ခံလိုက်ရတာလို့မြင်တာ၊ ဒါကြောင့် ထင်သလိုနေတာပေါ့ သမီးရယ်"

"သူ့ဒွေးက သမီးကို အရမ်းစိတ်ချချင်တာ၊ ရွှေငွေစည်းစိမ်တွေက ပြည့်လျှံနေတော့ ဒါကို မမက်မောဘဲ လူယုံကိုပဲ ရွေးချယ်ခဲ့တယ်။ ဘဘတို့ကတော့ ဘေးလူအမြင်နဲ့မြင်နေရတာကိုး၊ ဒါတွေ ဒီလိုဖြစ်လာဖို့ ရှိတယ်ဆိုတာကို ဟိုတုန်းကတည်းက တွက်မိတယ်"

"လူငယ်တွေထဲမှာတောင်မှ ရန်ဘက်ဆိုတဲ့နာမည်နဲ့ ဒီကောင်လေးရဲ့ စိတ်ဓာတ်က တော်တော်နားလည်ရခက်တာ၊ သမီးက အတူတူနေတာ ပိုသိမှာပေါ့၊ ရှိသေကိုင်းရှိုင်းမှုလဲနည်းတယ်၊ အကြောက်အလန့်လဲ မရှိ ဘူး၊ အဲဒီတော့ မခက်ဘူးလား။ ဘဘတို့က ဂရုစိုက်ပေးကြရုံပဲ တတ်နိုင် တာပါ၊ သမီးက ကာယကံရှင်ပါပဲ စဉ်းစားပါကွယ်"

ဒီစကားတွေကို နေ့တိုင်းလိုလို ကြားနေခဲ့ရသည်။ ဂရုမစိုက်ဘဲ နေ ကြည့်ခဲ့ပေမယ့် တစ်ခါက နှစ်ခါ ကြားလာရတော့ ဂရုစိုက်မိလာ၏။

သူများပြောသံတင်မဟုတ်ပါ။ ကိုယ့်ရှေ့မှာလည်း မြင်တွေ့နေရတာ ခဏခဏ၊ ရိုးရိုးသွားတာလာတာလည်းဖြစ်နိုင်သည်။ ဘယ်လိုမှ ရိုးသား ဖို့မရှိဟု တပ်အပ်စွပ်စွဲလိုက်ရင်လည်း ဖြစ်နိုင်ချေတွေက အများကြီးပင်။






www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကိစ္စတွေနဲ့ စကားများရန်ဖြစ်ဖြစ်ရအောင် ပန်းနဲ့သူက လင်လိုမယားလိုပေါင်းသင်းခဲ့ကြတာမဟုတ်ပေ။ ထို့ပြင် ...

မာနစိတ်တွေနဲ့ ထင်သလိုနေကြဖို့တောင်မှ ပြောဆိုမိခဲ့ကြတာတွေရှိသည်။ တကယ်လို့များ သူက ကိုယ့်ကို အသက်ကြီးတဲ့မိန်းမလို့ မြင်တာမျိုးနှင့် တမင်တကာ ကင်းရှင်းချင်တာမျိုးသာမှန်ခဲ့လျှင် ...

"ဟာ ... မမ ဘာလုပ်နေတာလဲ၊ လေတွေ ဒီလောက်တိုက်နေတာ၊ ကျောက်ပြားတွေကလဲရေစိုတွေ"

အတွေးလွန်နေသဖြင့် ရုတ်တရက် အသံကြားလိုက်တော့ ပန်း ဆတ်ခနဲဖြစ်သွား၏။ တံခါးတွေကို ဆွဲဖွင့်ပစ်လိုက်သောကြောင့် ဝရန်တာဘက်မှာ အိမ်ထဲကမီးရောင်ထိုးပြီး လင်းလင်းချင်းချင်းဖြစ်သွား၏။

ရန်လေး က အလုပ်စားပွဲကနေ ထ,လာပုံရကာ ညဝတ်အင်္ကျီပင်မလဲရသေးပေ။

"မမ ဆေးသောက်ထားရတာမို့လား၊ ဒီလောက်အေးနေတာကို ဘာထွက်လုပ်နေတာလဲ"

"သူများတွေအိပ်တဲ့အချိန်မှာ မတ်တတ်ရပ်နေကာမှ အိပ်မပျော်လို့ပေါ့ကွ၊ မင်း မသိဘူးလား၊ ကြားချင်လို့မေးနေတာလား"

ရန်လေး က ပန်း မျက်နှာကို မကျေနပ်ဖြစ်သွားတာတွေရော စိတ်ပျက်တာတွေ ရောကာ စူးစိုက်ကြည့်၏။ အဖြူရောင်ဂါဝန်ပျော့ပျော့လေးနှင့် အနွေးထည်အဝါရောင်လေး ထပ်ဝတ်ထားသည့် ပန်း၏မျက်နှာလေးတစ်ခြမ်းမှာ မီးသက်လေနှင့်ဆော့မြူးနေကြသော ဆံပင်တို့က ဖရိုဖရဲကပ်ငြိနေကြသည်။

အဝတ်စားရောင်နှင့်လိုက်၍ အရောင်ပြောင်းသွားတတ်သည့် မျက်နှာဝင်းဝင်းလေးက အလှမပျက်ပေမယ့် နွမ်းလျနေတာ သိသာပါသည်။

မမနဲ့စကားပြောဖို့ကြိုးစားကြည့်တိုင်း သူ့မှာ ဒေါသ၊ မောဟတွေနှင့်





သို့သိပ်ကျုန်ရစ်ခဲ့ရသည်ချည်းပင်။

"မမ ကျွန်တော့်ကို ဘာရည်ရွယ်ချက်တွေနဲ့ ဒီလိုဆက်ဆံနေတာလဲ၊ ခဏခဏစကားများ၊ မကျေနပ်တာတွေစုံပုံဖြစ်၊ ပြီးရင် ကွဲသွားကြဖို့လား၊ ကျွန်တော့်ကိုလက်ထပ်လိုက်ရတာ မမ အရှုံးခံစားနေရတယ်ဆိုရင် ..."

"မင်း ဘာလုပ်ပေးနိုင်သလဲ"

"မမ တောင်းဆိုပါ၊ မမ ပြောတဲ့အတိုင်း ကျွန်တော် နာခံပေးမယ်၊ မပြောဘဲနဲ့တော့ ကျွန်တော့်ပါးစပ်က စပြီး ဘာမှပြောလာမှာမဟုတ်ဘူး"

"ကျွန်တော်က ကွဲချင်တာမဟုတ်ပါဘူးလို့ မင်း ရှောင်ထွက်လို့ကောင်းအောင်လား"

"မမ စကားကိုကြည့်ပြောပါ"

"မင်းကိုကြည့်ပြောနေတာ၊ မင်းသွားလာလှုပ်ရှားနေတာ လိုအပ်မှလိုသလောက် ငါ့ကိုပြေလည်ဖို့ကြိုးစားတာ၊ အားလုံးကိုကြည့်ပြီးမှ ပြောတာပဲ ရန်၊ မင်းရဲ့မေးခွန်းမျိုး ငါ ပြန်မေးမယ်၊ ပြောစမ်း .. မင်း ဘာဖြစ်ချင်လဲ"

ရန်လေး လုံးဝတိတ်ကျသွား၏။ လက်သီးနှစ်ဖက်ကို တင်းကျပ်စွာဆုပ်ထားရင်း ပန်းတစ်ပွင့် ဆိုသော သူမ၏မျက်နှာကို မုန်းတီးရှုရှာသွားအောင်စိုက်ကြည့်နေမိသည်။

ဒါပေမယ့် မုန်းတာမဟုတ်ဘဲ ရင်နာတာတွေပဲဖြစ်နေ၏။

"တောက် ..."

ကိုယ့်ကိုယ်ကို မကျေနပ်ခြင်းကြောင့် တက်ခေါက်ပစ်လိုက်မိလျှင် ပန်း မျက်ဝန်းလေးတွေ စူးခနဲဖြစ်သွား၍ ...

"မင်းက တက်ခေါက်တယ် ဟုတ်လား၊ ငါ့ကို သိပ်စိတ်တိုသွားတယ်ပေါ့၊ လုပ်စမ်း၊ မင်း ဘယ်လိုပေါက်ကွဲချင်တာလဲ၊ ရန်လေး ဒီဘက်လှည့်"

ပန်း က ရန်လေး လက်မောင်းကို အတင်းဆွဲလှည့်ကာ ကိုယ့်ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း မထိန်းနိုင်ဖြစ်လျက် တအားလှုံ့ရိုက်ပစ်လိုက်သည်။

ရန်လေး မျက်နှာတစ်ခြမ်းလုံး ပူလောင်ကျိန်းစပ်သွား၏။ ပန်း သည် နာကျင်သွားသည့် လက်တစ်ဖက်ကို ဖိဆုပ်ပစ်လိုက်ရင်း ...

"မင်း ဖောက်ပြန်တတ်တာကို ငါ ရွံတယ်၊ သဝန်တိုတာမဟုတ်ဘူး။ မင်းကြောင့် အရှက်ရနေတဲ့အဖြစ်ကို မလိုချင်တာ၊ အဲဒီသောကတွေနဲ့ ငါ ပူလောင်နေရတာ နားလည်ရဲ့လား၊ မင်း ငါ့ကို လူကြီးတွေဆန္ဒအရ လက်ထပ်ခဲ့ရတာ နစ်နာတယ်ထင်ရင် သွားတော့၊ မင်း ရသင့်တာ ရမယ်၊ ကြိုက်တဲ့လမ်းကိုသွား၊ သွားပြီးမှ ထင်သလိုနေ"

ပန်း က တစ်လုံးချင်းပြောပြီး ချာခနဲလှည့်ထွက်သွားသည်။

"မမ"

ရန်လေး က ပန်း လက်တစ်ဖက်ကို ဖမ်းဆွဲထားလိုက်ပြီး ...

"လက်ထပ်လိုက်ရလို့ နစ်နာတယ်ထင်နေတာက မမ မဟုတ်ဘူးလား၊ ကျွန်တော် ဘာမှမဟုတ်ဘဲ အပြစ်တွေအတင်းဖို့ပြီး ကွာရှင်းပေးစေချင်တာ"

"ဖယ် ... လွှတ်"

"ကျွန်တော် အဲဒီလိုကောင် မဟုတ်ဘူး၊ မမ ဒီလိုထင်နေရက်နဲ့လဲ ကွာရှင်းမပေးနိုင်ဘူး၊ အဲဒါကြောင့် ရှင်းရှင်းပြောပါ၊ မမ ကျွန်တော့်ကို သိပ်မုန်းတာပဲလား"

"မင်းလိုလူကို ဘာချစ်စရာရှိလို့လဲ"

ပန်း က ဆောင့်ရုန်းပစ်ကာ ရန်လေး ၏ရင်ဘတ်ကိုလည်း တွန်းပစ်သည်၊ ထိုလက်ကလေးတွေကိုကာကွယ်ရင်း ဆွဲချုပ်ထားလိုက်မိသည့် အချိန်တွင် သူ့ရင်ထဲမှာ ဒေါသတွေမဟုတ်ဘဲ စောင်းကြိုးခတ်သလို တိုးငြိမ့်သော စီးမျောမှုတစ်စုံတစ်ရာ တိုးဝင်မွှေနှောက်သွားခဲ့ပြီး ...

"မင်း ... မင်း လွှတ်နော်၊ အို ..."





အတင်းအကျပ်ပွေ့ဖက်သိမ်းပိုက်ကာ ပန်းတစ်ပွင့် ၏ဝတ်မှုန်လွှာကလေးတွေပေါ် မှာ လိပ်ပြာနားခဲ့သည်။ တောင်ပံခတ်သံ တဖျပ်ဖျပ်သည် လိပ်ပြာ၏တောင်ပံတွေဆီကလား၊ နှစ်ဦးသား၏ ရင်ခုန်သံတွေလား ...။

သူမ မကြည်ဖြူခဲ့ပေမယ့် ရင်ခုန်သံများနှင့်အတူ ခွေလဲသွားခဲ့သည်။ ထိုနေရာဟာ ရင်ခွင်တစ်ခုဖြစ်နေခဲ့ရာ ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"မမလေး စားမကောင်းဘူးလားဟင်၊ နေမကောင်းလို့ ပါးစပ်ပျက်သွားတယ်ထင်တယ်"

ကော်ဖီတစ်ဝက်လောက်နှင့် ထ,ရပ်လိုက်တော့ မယ်မြကပျာပျာ သလဲမေးသည်။

"မဟုတ်ပါဘူး၊ အလုပ်တွေပျက်နေတာကြာတော့ စောစောသွားချင်လို့"

ထမင်းစားခန်းအပြင်ထိအောင်ထွက်လာပြီးမှ ခြေလှမ်းတုံ့သွားကာ...

"ရန်လေး ထွက်သွားပြီလား"

"အစ်ကိုလေးက ..."

"မယ်မြ"

"ဟင် ... ရှင် ..."

မစီ ရောက်လာပြီး ပန်း အတွက် ထမင်းချိုင့်ပြင်ဆင်ထားတာကို တရိုတသေပြပြီးမှ မယ်မြဘက်ကိုလှည့်၍ ...





"ရော့.. ဒါ ကားထဲသွားပို့ပေး၊ ငါ မမကို ပြောစရာရှိလို့"

"ဟုတ်"

မယ်မြက ဒီအိမ်မှာ အငယ်ဆုံးပီပီ ဖင်ပေါ့သည်။ ဘာခိုင်းခိုင်း စောဒကတက်တာမရှိဘဲ ဖျတ်ခနဲ ဆတ်ခနဲ ပြေးလွှားသွားတတ်၏။

မစီ က မယ်မြ ထွက်သွားမှ ပန်း မျက်နှာကို မရဲတရဲမော့ကြည့်၍..

"မမရယ် အစ်ကိုလေးကို ဟိုအမျိုးသမီး အစောကြီး လာခေါ်သွားတယ်"

"ဘာ ..."

"ကာရန်ချို လေ၊ အဲဒီမိန်းမလောက်အရှက်မရှိတာ မမြင်ဖူးဘူး၊ သူ့ချည်း ပဲ ဒီကိုရောက်ရောက်လာတာ၊ မမ အိမ်မှာရှိမနေတဲ့အခါဆို အိမ်ထဲမှာ အကြာကြီးပဲ၊ ခုလဲ လာခေါ်သွားတာဆိုပေမယ့် အစ်ကိုလေးနဲ့ ချိန်းထားတာလားမသိဘူး၊ သူလဲ ခြံဝရောက် အစ်ကိုလေးကလဲ အထွက်ကွက်တိပဲ"

ပန်း မျက်နှာလေး နီရဲလာသည်။ ညတုန်းက အတင်းနမ်းသွားခဲ့သည့် အချိန်လေးမှာ ရှက်ရွံ့ရင်ခုန်ခဲ့မိတာကို ဘယ်သူမှမသိပေမယ့် တွေးပြီးရှက်မိ၏။ ကိုယ့်ကိုပြောနေတာကျတော့ မဟုတ်တာတွေစွပ်စွဲလို့ ဒေါသတွေဖြစ်ပြီး တစ်ကမ္ဘာလုံးနဲ့ယှဉ်ကာ စိန်ခေါ်ပဲကျင်းပတော့မယ့်အတိုင်း။

"မမ... မမနဲ့ အစ်ကိုလေးက ဘာဖြစ်လို့ တစ်ခန်းစီခွဲအိပ်ကြတာလဲ ဟင်"

"ဘာဖြစ်ဖြစ် မစပ်စုနဲ့"

ပန်း က ပိတ်ပြောကာ အပြင်ကိုလှည့်ထွက်သွား၏။ မစီ ဖက်ကလေး ပုလျက် ကျန်ခဲ့လေသည်။ မယ်မြ က ပန်း မျက်နှာ နီရဲသုန်မှုန်နေတာကို ကြည့်၍ အံ့သြသလိုလေးဖြစ်သွား၏။

ကော်ဖီသောက်နေတုန်းက ဒီလိုဖြစ်မနေခဲ့ဘဲနဲ့ ,...



www.burmeseclassic.com

www.burmeseclassic.com



"မယ်မြ"

"ရှင် မမလေး"

ပန်း က ကားထဲရောက်သွားပြီးမှ ...

"ဟိုထောင့်ကပန်းအိုးတွေကို ကြေးခွာထားလိုက်ဦး၊ ဆေးပြန်သုတ်မလို့"

"ဟုတ်ကဲ့ မမလေး"

ကားထွက်သွားသည့်နောက်ကို တစ်စတစ်ဆုံးငေးကာ မယ်မြ အထဲမဝင်တော့ဘဲ ပန်းအိုးတွေကို လျှောက်ကြည့်သည်။

ရေညှိတက်နေသည့်ပန်းအိုးတွေကို ရေတွက်ရင်း စိတ်က တခြားမှာ ပျံ့လွင့်နေသောကြောင့် ပန်းအိုးကိုးလုံးကို ခေါက်တုံ့ခေါက်ပြန် ရေလို့မပြီးနိုင်။

"ဒုက္ခပါပဲ၊ တော်ပြီ ဘာမှမတွေးတော့ဘူး၊ တစ်.. နှစ် ..."

ကိုးထိတွက်ပြီး လက်ကိုးချောင်းထောင်ထားလိုက်မှ ပြီးဆုံးခြင်းသို့ရောက်ကာ ...

"မမလေး သနားပါတယ်"

ဟု လွတ်လပ်စွာရေရွတ်၏။ ဟိုတုန်းကဆို မမလေးဟာ အရမ်းလှသလောက် နှုတ်ခမ်းသားလေးပေါ်မှာ အပြုံးလှဲ့လှဲ့လေးက အမြဲတင်နေတတ်သည်။

ပါးတစ်ဖက်မှာ ပါးချိုင့်ရေးရေးလေးရှိနေသဖြင့် မမလေး ပြုံးနေလျှင်မဲ့ပြုံးလေးပြုံးနေတာက အစ ချစ်စရာကောင်း၏။

ခုဆို ဒီလိုပြုံးနေတာမျိုးလေး မမြင်ရတာ ကြာပါပြီ။ အိမ်ပေါ် ပြန်တက်ခဲ့ရင်း မမလေးနဲ့ အစ်ကိုလေးတို့ နေထိုင်ကြပုံကို ယှဉ်တွဲကြည့်နေမိ၏။ လင်မယားဆိုပြီး အတူတူလည်းမနေ။

သူများတွေလို ချစ်စ ခင်စ ဆိုတာတွေ၊ ငယ်လင် ငယ်မယား ဘာ





ညာတွေ အကြောင်းများစွာနှင့် ကြင်နာလိုက်ကြတာ လူရှေ့သူရှေ့တောင်မရှောင်ချင်။

မမလေးတို့ကျတော့ ဒီလို မဟုတ်။

စိတ်ကူးနှင့် တစ်လှမ်းချင်း ...လာခဲ့ရာ ခြေဖော့လျှောက်သလို ဖြစ်သွား၏။ လှေကားကြီးအောက်ကနေ ဘာတွေမော့ကြည့်ရှာနေမှန်းမသိသော မစီ ကို မြင်တော့ မယ်မြ အံ့သြသွားပြီး ...

"မမစီ ဘာရှာနေတာလဲ"

မေးလည်းမေးရင်း မစီ လို့ပဲ မယ်မြ က လိုက်မော့ကြည့်၏။ သူ့မအသံကြားသည်နှင့် မစီ ဆတ်ခနဲလှည့်ကြည့်ကာ ...

"ဝါ့ဟာဝါ ဘာရှာရှာ နင့်အလုပ်လား"

ဟု မာန်မဲသလိုပြောရင်း နေရာမှ လှည့်ထွက်သွား၏။ မယ်မြ ခေါင်းကုတ်ကျန်ခဲ့လျက် ဒီက ဝိုင်းရှာပေးမလို့ဟာကို ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"ထိုင်လေ သမီး"

"ဟုတ်ကဲ့၊ ပန်း အထဲကိုမဝင်တော့ဘူးနော်"

"ရပါတယ် သမီးရယ်၊ ခုလို လာအားပေးတာကို ကျေးဇူးတင်ပါတယ်"

ဒေါ်ရတနာဆိုသည့် အမျိုးသမီးကြီး၏မျက်နှာတစ်ပြင်လုံးမှာ မျက်ရည်နှင့် လက်တို့၏ပွတ်တိုက်အားကြောင့် နီရဲမို့အစ်နေရှာသည်။ မျက်ဝန်းထဲမှာလည်း မျက်ရည်တွေအပြည့်။ ခြံချင်းကပ်လျက်မို့ နာရေးဖြစ်တော့ မသွားဘဲနေလို့မကောင်း။

ထို့ကြောင့် ညနေပိုင်းကို တမင်စောစောပြန်လာပြီး ဒီဘက်ကူးလာခဲ့ရတာဖြစ်သည်။ ဦးမြတ်ထူးလည်လိုက်လာကာ ဟိုဘက်စားပွဲမှာ သွားထိုင်၏။ တိုက်ကြီး၏ရှေ့မှာ စားပွဲတွေချထားပြီး ကွယ်လွန်သူ၏အမည်နှင့် သေဆုံးသည့်အချိန်ကိုတော့ ဘုတ်မှာရေးထားပြီး ခြံပြင်မှာ ထောင်ထားတာဖြစ်သည်။

အသုဘအိမ်မို့ နာရေးသတင်းမေးတဲ့သူကလည်း စားပွဲတစ်လုံးမှာ





တစ်ယောက်စ, နှစ်ယောက်စပဲရှိသည်။ တချို့ကျတော့ အသုဘရှင်ကိုလည်း အားနာရမှန်းမသိဘဲ ဟိုမေး ဒီမေးနှင့် ...

"ရတနာရယ် ငါတို့ တကယ့်( ? မယုံနိုင်အောင်ပါဘဲ၊ ညီမရဲ့သမီးလေး အိမ်ထောင်ရေးကံဆိုးလိုက်တာ"

"ဟုတ်ပါတယ် ပြုံးရယ်"

ဒေါ်ရတနာသည် မတ်တတ်ရပ်နေရာကနေ ထိုစားပွဲမှာပဲထိုင်ချပစ်လိုက်ပြီး ...

"ကိုယ့်ထက် ဆယ်နှစ်လောက်အသက်ငယ်တာကိုသိရက်နဲ့ သက် ထပ်ပေးခဲ့မိတာကိုက ငါ မှားတာပါ"

"ဒီလိုတော့လဲမဟုတ်ပါဘူးဟယ်၊ သန္တာ က ဒီကောင်လေးကို ဟိုတုန်းကတည်းက ချစ်ရှာတာ၊ သူဌေးနဲ့ မန်နေဂျာရဲ့ သားဆိုတာလဲ နီးစပ်ကြတယ်လေ၊ လူကြီးချင်းရော သူတို့ချင်းရော ရင်းနှီးပြီးသားတွေကို..."

ဒေါ်ရတနာက ခေါင်းညိတ်ရင်း မျက်ရည်သုတ်နေသည်။ သေဆုံးသွားခဲ့သည့် သန္တာအောင်သည် အသက် သုံးဆယ့်ငါးနှစ်ပဲရှိသေး၏။

ထိုအတူ သူမ၏ခင်ပွန်းကလည်း အသက် အစိတ်ပဲရှိသေးသည်တဲ့။ ခြံချင်းကပ်လျက်ဆိုပေမယ့် ဒီလူတွေက နောက်မှပြောင်းလာကြတာဖြစ်ကာ ပန်း ကိုယ်တိုင် နိုင်ငံခြားမှာပဲ အနေကြာလာခဲ့သောကြောင့် မရင်းနှီးခဲ့ကြပေ။

သူတို့၏အိမ်တွင်းရေးတွေကိုလည်း သေချာ ဘာမှမသိခဲ့တာ အမှန်ပင်။ ထို့ကြောင့် ခုလို သူများမေးလို့ ကြားလိုက်ရမှ သေချာနားထောင်နေမိ၏။

"နေပါဦး၊ သူ့ယောက်ျားက အဲဒီ ငယ်ရည်းစားဆိုတာလေးနဲ့ တကယ်ဟုတ်သတဲ့လား"

"မသိပါဘူး ပြုံးရယ်၊ လင်မယား ရန်တွေထဖြစ်ကြမှ ငါလဲသိရတာ၊



www.burmeseclassic.com

www.burmeseclassic.com



ဝှဲ့သမီးလေးက သူ့ယောက်ျားကိုလဲချစ်တော့ တော်တော်သည်းခံခဲ့တာပါ။ ဒီလောကထဲဖြစ်ကုန်ကြကတည်းက ဟုတ်နေတာရှိလို့ဖြစ်မှာပေါ့။ အမွေတွေမလွှဲရခင်တုန်းကဆို သိပ်ကိုဟန်ဆောင်ကောင်းတာပဲ၊ သူတို့ လင်မယား ကြင်နာကြသားပဲလို့ကင်ပြီး ဝှဲ့မှာ စိတ်တွေချမ်းသာလို့၊ ကိုယ့်အလုပ်သမားရဲ့သားနဲ့ ငါ ဘယ်သဘောတူပါ့မလဲဟယ်၊ သမီးလေး စိတ်ချမ်းသာစေချင်လို့ စီစဉ်ပေးခဲ့ရတာ"

"ဒါပေါ့၊ ငါတို့က နင်တို့ကိုတောင် အံ့သြနေကြတာ"

"သမီးလေးကို စောင့်ရှောက်ပေးနေတဲ့ သမီးရဲ့နို့ထိန်းက သူ့ပုံစံကို ရိပ်မိပြီး သတိပေးခဲ့တုန်းက ဘာပြောတယ်မှတ်လဲ၊ ဒီတိုက်ကြီးပေါ်မှာ သူ မနေနိုင်ဘူး၊ မျက်နှာငယ်တဲ့သူမို့ အထင်သေးကြတာ၊ မမ ကျွန်တော်နဲ့လိုက်ခဲ့ပါ၊ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ကျွန်တော်တို့ဘဝကို စကြမယ်၊ ကျွန်တော့်ဘဝမှာ မမ ရှိနေရင်ပြီးတယ်၊ အမလေး ပလီပလာတွေ တတ်လိုက်တာ"

ပန်းရင်ထဲမှာ ကတုန်ကယင်ကြီးဖြစ်လာ၏။ ဓာတ်ဖက်ကိုလှမ်းကြည့်လိုက်တော့ ဦးမြတ်ထူး၏မျက်လုံးများနှင့် ဆုံမိသည်။

ဦးမြတ်ထူးသည် စိတ်မကောင်းသည့် ပင့်သက်တစ်ရှိုက်နှင့် ဟိုဘက်လှည့်သွား၏။

"ဒါဆို အမွေတွေလွှဲပြီးမှ ဒီကိစ္စ စ,ဖြစ်ခဲ့တာပေါ့"

"အစကတည်းက ဖြစ်နေကြလို့ပေါ့၊ ကောင်မလေးမှာ ကလေး တစ်ယောက်ရှိနေပြီဆိုလား"

"ဘုရားရေ ..."

သူများက ရင်ဘတ်ဖိပြီး ဘုရားတသည်။ ဒေါ်ရတနာက တရှိုက်ရှိုက်ငို၏။

"ငါ ရင်နာတာကလေ သူ မပေါင်းချင်ရင် ပြောင်ဖွင့်ပြောပါလား။





ရသင့်တာ ခွဲပေးပြီး ငါတို့က သွားခွင့်ပေးလိုက်မှာပါ"

"အေးလေဟယ်၊ ကိုယ့်မိန်းမကိုများ သေကြောင်းကြံရတယ်လို့..."

"အန်တီပြူးကလဲ မမသန္တာ မရှိမှ သူ အကုန်လုံးရမှာပေါ့၊ ရှင်းရှင်းကြီး ဥစ္စာ"

ဘေးက ခပ်ငယ်ငယ်မိန်းကလေးတစ်ယောက်က စိတ်လိုက်မာန်ပါ ဝင်ပြောပြီးမှ အသံလေး ပြန်နှိမ့်လိုက်ကာ ...

"ဒီလိုလူကို ထောင်ချရုံမဟုတ်ဘူး သေဒဏ်ပါချပစ်ရမှာ"

ဟု ထပ်ပြောသေးသည်။

"မှ သူ လုပ်ကြံတာ သေချာသွားပြီပေါ့၊ ဟုတ်လား ရတနာ"

"သက်သေတွေတော့ ခိုင်လုံတာပဲ ပြူးရယ်၊ သူ့ကို မသင်္ကာတဲ့ နို့ထိန်းက စောင့်ကြည့်နေတော့ မသင်္ကာစရာအချက်အလက်တွေကို သေချာပြန်ကောက်တာလေ၊ ငါတော့ ရှက်လွန်းလို့ သေချင်ပါပြီ၊ သမီးကို ဆုံးရှုံးရတဲ့အပြင် နောက်တစ်ရှက်က ကွဲသေးတယ်"

"ရှက်ရမှာက ကိုယ်မဟုတ်ပါဘူး ရတနာရယ်၊ တိတ်ပါ၊ ဂျပန် ရောက်နေတဲ့ သားငယ်လေးတစ်ယောက်လဲ ရှိသေးတာပဲ၊ အားမငယ်ပါနဲ့ဟယ်"

ရင်တွေတုန်နေလျှက်နှင့် စကားတွေပြီးဆုံးတဲ့အထိ နားထောင်နေခဲ့မိ၏။ ဝန်း မျက်ဝန်းထဲမှာ ရန်လေးနဲ့ ကာရန်ချို ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

ဖုန်းသံမြည်နေတာကိုကြားပေမယ့် လက်က အလုပ်မပြတ်သေးသောကြောင့် မကိုင်ဖြစ်ပေ။ တော်တော်ကြာမှ ကောက်ကြည့်လိုက်တော့..

"ခွေးကောင် ပြော၊ ဒီမှာ အလုပ်လုပ်နေတာ"

"ဒီမှာလဲ မင်းပုံချပေးတာတွေ လုပ်နေရတာပဲ၊ မအားတဲ့ကြားထဲက မင်းရဲ့ ကာရန်ချို ဂျ တစ်မျိုး"

"ဘာဖြစ်လို့လဲ"

"'မြမြစန်း' ကွန်စထရက်ရှင်က ဖွင့်ပွဲအတွက် ဒင်နာကို မင်း သူ့နဲ့သွားဖို့ ပြောထားတာလား"

"ပေါက်ပေါက်ရှာရှာကွာ"

ဖုန်းကိုင်ရင်း မကျေမနပ်နှင့် ကုလားထိုင်ကျောမှီမှာ ပက်ခနဲမှီပစ်လိုက်မိသည်။

"မသိဘူးကွာ၊ သူ ဖုန်းဆက်ပုံက အဲဒီအတိုင်းပဲ၊ ဘယ်အချိန်သွားမှာ





လဲ၊ ဘာညာနဲ့ မင်းပဲပြောတုန်းကတော့ ဒီကောင်မလေးနဲ့ သွားတာလာတာတွေ ဆင်ခြင်မယ်ဆို၊ ဘာလဲ .. တက်သစ်စ မင်းသမီးလေးမို့ နှမြောနေတာလား"

"လင်းထွဋ်း ... မင်းမျက်နှာကြီး ငါ့စိတ်ကူးထဲမှာ နှစ်ခြမ်းကွဲနေပြီ"

"မင်းပဲပြော"

"မင်းက ငါ့ကို ဘာဖြစ်လို့ မယုံမကြည်ဖြစ်နေတာလဲ"

"မယုံတာမဟုတ်ဘူးကွ၊ မင်း ဒီထက်ပြတ်သားဖို့ဖြစ်နေဘာကို သတိပေးတာ၊ ကိုယ့်မိန်းမကိုလဲ မပြတ်နိုင်၊ ဟိုကိုလဲ ..."

"တော်ပြီ တော်ပြီ၊ နောက်တစ်ခါ အဲဒီကောင်မလေး ဖုန်းဆက်ရင် ပြီးဆုံးတဲ့အထိ မင်း ညည်းခံမနေနဲ့"

"ဟာ .. ချပစ်လိုက်ရင် သူက မရမချင်း ထပ်ခေါ်တာ၊ သူ့ပုံစံ အနေအထားက မင်းကို ကောက်ကောက်ပါအောင်ဖွဲလမ်းလွန်းလို့တော့ မဖြစ်နိုင်ဘူးနော်၊ အကြံတစ်ခုခုရှိလို့ ပေါ်တင်တိုက်ခိုက်နေတာ၊ မင်း သတိထား"

ဘာကို သတိထားရမှာလဲ၊ ဟိုတုန်းကရော ခုရော နောက်လည်းဘယ်တော့မှ ကိုယ့်ရင်ထဲကို ရောက်မလာနိုင်သည့်ဂိုစွ။

နာရီကြည့်လိုက်ပြီး သူ ထ,ထွက်လာခဲ့သည်။ အိမ်ရောက်တော့ ပန်း၏ ကားလေးကိုမြင်လိုက်သဖြင့် သူမ၏အခန်းဆီ လျှောက်သွားခဲ့ကာ..

"မမ"

"ဒေါက် ဒေါက်"

တံခါးခေါက်လိုက်သည်အထိ တုံ့ပြန်သံမကြားရ။

"မမ"

"ဘာကိစ္စလဲ"

ပေါ်လာသည့်အသံက သူ့နောက်က။ ပန်း သည် ဗေဒါရောင်ဝတ်စုံလေးနှင့် နက်မှောင်သောကေသာတို့ကို ဒီတိုင်းဖြန့်ချထားသည်။ လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း နှင်းဆီနီအငုံလေးတွေကို ကိုင်ထား၏။

အလုပ်ကပြန်လာပြီး အိမ်ထဲမဝင်သေးဘဲ ခြံထဲကိုသွားပြီး ပန်းခူးနေတာဖြစ်မည်။ မျက်နှာလေးက မလန်းဆန်းသော်လည်း ပန်းခရမ်းရောင်လုနေသည့် ပါးပြင်လေးတွေက ပို၍နုဖတ်နေကြသည်။

မျက်ခုံးတန်းသွယ်သွယ်လေးတွေက ပို၍ထင်းနေသည်။ သူ့ထက်အသက်အနည်းငယ်ပိုကြီးသည်ဆိုတာ ယုံတမ်းစကားပြောလေသလားဟု ထင်ရလောက်အောင် သူမအလှက နုသစ်နေ၏။

အသားညိုကာ အမြဲတမ်းမှုန်တေတေဖြစ်နေတတ်သည့် သူ့မျက်နှာနှင့် ဘာမှမဆိုင်ပေ။ လင်းထွဏ်းကဆို ဟားတိုက်ရယ်ခဲ့ဖူးသေးသည်။

"မမလို့မခေါ်စမ်းပါနဲ့ကွာ၊ မင်းရုပ်ကြီးနဲ့ အားမနာယါးမနာ"တဲ့။ ကိုယ့်အတွေးနဲ့ကိုယ် ပြုံးလိုက်မိသည်။ ပန်း ကလည်း သူမအတွေးနဲ့သူမ ကွက်ခနဲ မျက်နှာပျက်၏။

"မင်းက ဘာပြုံးတာလဲ"

"ဘာမှမဟုတ်ပါဘူး၊ မမကို ကျွန်တော် ပြောစရာရှိလို့"

ပန်း က ဘာမှမမေးဘဲ တင်းထားသည့်မျက်နှာလေးနှင့် စိုက်ကြည့်နေ၏။

"ဒီည ဒင်နာတစ်ခုဖိတ်ထားတာရှိတယ်။ လင်မယားနှစ်ယောက်စလုံး တက်ရောက်ဖို့လဲ သေချာမှာထားတာ၊ ဟို... ဒင်နာဆိုပေမယ့် ကွန်စထရက်ရှင်တစ်ခုက ဖွင့်ပွဲဆိုတော့ ညည့်ခံပွဲပဲ၊ အဲဒါ မမ လိုက်ခဲ့ပေးပါ"

"မလိုက်ချင်ဘူး"

ပန်း က ပြတ်သားစွာငြင်း၏။ ပြုံးနေသည့် ရန်လေးမျက်နှာ တည်သွားသည်။

"ဘာဖြစ်လို့လဲ"

"မင်းနဲ့ဒါ တွဲမသွားသင့်ဘူးထင်လို့"





"မမ"

"ဖယ်စမ်းပါ"

"မဖယ်နိုင်ဘူး"

ပန်း က တံခါးလှမ်းဖွင့်သည်။ ရန်လေး က ထိုလက်ကိုဆွဲထားလိုက်လျှင် ...

"အား"

"ဟင် ..."

ပန်း ကိုင်ထားသည့်လက်ထဲမှ ပန်းတချို့လည်း လွှတ်ကျသွားကုန်သည်။ ပန်း မျက်နှာလေးလည်း မဲ့ကျသွားကာ ...

"ဖယ် ... လွှတ်"

"ဆောရီး မမ၊ ကျွန်တော် စိတ်လောသွားလို့ပါ၊ ဆူးစူးသွားပြီလား"

"မကိုင်နဲ့"

ပန်း က နှင်းဆီတွေကိုလွှတ်ချပစ်လိုက်ပြီး လက်ချောင်းလေးလက်သီးဆုပ်လေးလုပ်ပစ်သည်။ အထိမခံဘဲ နောက်ကိုလွှဲရှောင်လိုက်၍...

"ငါက လူတစ်ယောက်ကို မယုံတော့ဘူးဆိုရင် သံသယနဲ့တွေဝေမနေတတ်ဘူး။ ငါထင်တာ မှန်နေနေ မှားနေနေ အဲဒါကို အဖြေလို့ယူဆတယ်။ အဲဒီတော့ မင်းနဲ့ငါ တရားဝင်လင်မယားဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် စိတ်ရော လူရော ဘာမှမဆိုင်ခဲ့ကြဘူးဆိုတာ ..."

"ဘာတွေပြောနေတာလဲဗျာ၊ ဘာမှမဟုတ်တဲ့ပြဿနာလေးကို မမဆွဲသိမ်းပြောနေတာ၊ ဒီထဲကနေ ဆွဲထုတ်လို့ကိုမရတော့ဘူး၊ ကျွန်တော်ဘာမှမလုပ်ခဲ့ဘူး။ ရှုပ်လဲမရှုပ်ဘူး။ မမှားခဲ့တဲ့ခြေလှမ်းကို မှားကုန်အောင် မမ ရိုက်မချိုးပါနဲ့၊ မမအပေါ်မှာ ဂရုမစိုက်သလို ဖက်ပြိုင်သလိုနေခဲ့မိတာ ကျွန်တော့်ဘဝကိုမြင့်အောင်မြှင့်တင်ဖို့ ကျွန်တော် ဘာမှမပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မြင့်ချင်နေတာကို မင်း ပြန်းစဉ်းစားလေ၊ နဂိုလိုမနေတတ်တော့တာ ဘာဖြစ်လို့လဲ၊ မင်းရဲ့ခြေလှမ်းတွေ ဘယ်ကိုလှမ်းနေတာ မင်းကိုယ်မင်း သိမှာပေါ့၊ ငါ မင်းကို လက်ထပ်ခဲ့တာ ရိုးရိုးလေးရယ်၊ မိဘစကားကို နာခံတယ်၊ နာခံခဲ့တဲ့အတွက် ငါ့အတွက်ရော မင်းအတွက်ရော ဘယ်ဘက်မှာမှ ဝန်မလေးချင်လို့ ဒီတိုင်းပဲ မပြောင်းမလဲနေချင်တယ်၊ ဒါပဲ၊ ကောက်ကွေ့ဖောက်ပြန်သွားတာ မင်း"

"မဟုတ်ဘူး"

"ဘာလို့ငြင်းနေတာလဲ၊ မင်းငြင်းနေလေ ငါက ရှုံလေပဲ။ ကာရန်ချို မင်း ဘယ်အဆင့်ထိ ..."

"တော်ပါဟော့ဗျာ၊ တော်ပါတော့"

"မင်း ငါ့ကို မအော်နဲ့ တော်စေချင်ရင် ငါ့ရှေ့ကနေ ခုထွက်သွား"

စကားအကောင်းပြောဖို့လာခဲ့ပေမယ့် ကိုယ့်မှာလည်း ဒေါသရှိတတ်ပါ၏။ နှစ်ယောက်စလုံး ဝုန်းဒိုင်းကျဲဖြစ်ကုန်ကြသည်။

ပန်း က သူ့ကို အော်ပစ်လိုက်ရင်း မျက်ရည်တွေဝဲကာ အသံတွေ တုန်နေ၏။ ရန်လေး ဒေါသတွေ ရှူးခနဲထဖြစ်သွားပေမယ့် ပန်း မျက်ရည်တွေဝေ့နေတာမြင်သည်နှင့် စိတ်တို့သည် ချက်ချင်းဝပ်စင်းကျသွားကာ...

"မမ ကျွန်တော် ရှင်းပြမယ်၊ ကာရန်ချိုနဲ့ ကျွန်တော် ..."

"မလိုချင်ဘူး၊ မကြားချင်ဘူး၊ ဖယ်"

"မဖယ်ဘူးဗျာ၊ အဲဒါကိုပဲ မမ စွပ်စွဲနေရင် ကျွန်တော့်မှာလဲ သည်းခံနိုင်တဲ့ပါရမီ သိပ်ရှိတာမဟုတ်ဘူး၊ ကျွန်တော်တို့ တကယ်မှားကုန်လိမ့်မယ်"

"ဖယ် ... ဖယ်နော်၊ လက်ကိုလွှတ်"

"မမ"

ပန်း က အတင်းရုန်းသည်။ ရန်လေးက ဖွတ်တရွတ်ပြန်ဆွဲရင်း ဝန်း





၏ကိုယ်လေး နံရံမှာကပ်မိသွား၏။ ရန်လေး က သူမ၏လက်မောင်းလေး နှစ်ဖက်ကို နံရံနဲ့ဖိကပ်ချုပ်ထားတာ ...

"ခဏလေးနားထောင်ပါ၊ ကျွန်တော် ဘာမှမဟုတ်ဘူး။ မမ ယုံကြည်အောင် ..."

"ဟော့... ရန်လေး မင်း ငါ့သမီးကို လွှတ်လိုက်စမ်း"

ဦးမြတ်ထူးက ဒေါသတကြီးရောက်ချလာသည်။

"ကျွတ်"

ဝန်းကိုငြိမ်သက်သွားအောင် သူ ထိန်းချုပ်ထားနိုင်ကာမှ...

"ဘာဘထူး ကျွန်တော်တို့လင်မယားရဲ့ ကိုယ်ရေးကိုယ်တာကို ဝင်မစွက်ပါနဲ့"

"ဝင်မစွက်နဲ့ ဟုတ်လား။ မင်းလို ဒရိုင်ဘာသားက ငါ သူဌေးရဲ့သမီးကို ကိုယ်ထိလက်ရောက်စော်ကားနေတဲ့ကိစ္စ..."

"မမကို ကျွန်တော် ဘာမှမလုပ်ဘူး"

"မင်း တိတ်စမ်း"

ဦးမြတ်ထူးက သူ့ကိုထိုးကြိတ်တော့မလို လက်ရွယ်လိုက်ပြီးမှ မထိုးဖြစ်ဘဲ ပန်းကိုကိုင်ထားသည့်လက်တွေကိုပဲ ဆွဲဖြုတ်ပစ်၏။

ပြီးတော့ ငိုရှိုက်နေသည့် ပန်း၏လက်မောင်းလေးတစ်ဖက်ကို တယုတယဆွဲကိုင်ထားလိုက်ပြီး ...

"နောက်ထပ် ဒီပုံစံ မင်း ဆက်ဆံကြည့်၊ ..."

တက်ခေါက်သံက ရန်လေး ရင်ထဲ ရိုင်းစိုင်းတတ်မှုကို ထိုးကော်မွှေနှောက်သွားသလိုပင်။ အားလုံး သူ့ရှေ့နေ ပျောက်ကွယ်သွားသော အခါ လက်သီးတစ်ချက်က ပန်း ၏အခန်းတံခါးကို ပျဉ်မှာ ဒုန်းခနဲကျသွားသည်။

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါသ၏လောင်မြိုက်မှုကြောင့် လက်သီးဆုပ်က ဆတ်ဆတ်တုန်နေ၏။ သူ ဘာလုပ်မိလို့လဲ၊ ဒီမိန်းမွှားသေးသေးလေးက ပင်လယ်ကြီးထဲ ပစ်ချရင်တောင် ငြိမ်းနိုင်ပါဦးမလား။

မခံရပ်နိုင်သော ဒေါသစိတ်များသည် မျက်ရည်များပင် ဝေ့လာသည်အထိ။ သူ ကြိုးစားခဲ့တာက သူ့ရည်ရွယ်ချက်တွေ ပြည့်ဝတဲ့အခါ အိမ်ထောင်ရေးသာယာဖို့ဖြစ်၏။

ကိုယ်ကြိုးစားသမျှအောင်မြင်လာခဲ့လို့ မမနဲ့သူ ငြိမ်းချမ်းမှုရဖို့အတွက် ရည်ရွယ်ချက်တွေဖြစ်ခဲ့ပြီးမှ ...။

မျက်လုံးထဲမှာ ဦးမြတ်ထူး၏မျက်ဝန်းတွေကို ပြန်မြင်လာသည်။ မမကို ရှင်းပြမလို့ ကျေနပ်နားလည်သွားတဲ့အထိ တောင်းပန်မလို့ အဆုံးစွန်ထိ စိတ်ကိုလျှော့ချပြီး မမရှေ့မှာ လည်စင်းပေးတော့မည်ဆိုတော့မှ ဘွားခနဲရောက်လာသည်။

ဒီလိုဖြစ်သွားမှာစိုးလို့ အသည်းအသန်ဝင်တားလိုက်တာနှင့်တူနေ၏။ သူ့အပေါ်မှာ မမ အထင်လွဲနေသမျှ ဘယ်လိုရှင်းပြလို့မှမရအောင် ခိုင်မာနေခြင်းဟာ ဒီလူကြီး မြှောက်ထိုးပင့်ကော်တွေ ပြောနေခဲ့လို့လား၊ ဒါမှမဟုတ် သူ မသိခဲ့သော တိုက်ဆိုင်မှုတွေအပေါ်မှာ မမဘက်က ခိုင်မာသွားခဲ့တာလား၊ ထိုနှစ်ရပ်စလုံးမှမဟုတ်ခဲ့ရင် မမကိုယ်တိုင်က သူ့ကို အပြစ်ရှာနေခဲ့သည်လား။

ဆောက်တည်ရာမရအောင် ပူလောင်နေခဲ့သော နှလုံးသားတစ်ခုလုံးက အရည်ပျော်ကျတော့မည်ထင်သည်။

ထိုအခါ ကိုယ့်ကိုယ်ကို နားလည်လိုက်မိသည်က သူ မမကို ချစ်နေမိခဲ့၏။





## အခန်း (၂၅)

ငယ်ငယ်ကတည်းက မတည့်အတူနေ၊ ကိုယ်ကလည်း ကျောရမှု၊ သူကလည်း အကျောတင်ခံခဲ့သူမဟုတ်ပေ။ တကယ်တော့ ပန်း ရဲ့အကျင့်ကိုက အနိုင်လိုချင်တာဖြစ်သည်။

ရန်လေး ကတော့ ဒီလိုမထင်ဘဲ ငွေရှိတိုင်း နိုင်ချင်တာဟု သတ်မှတ်ကာ နှစ်ယောက်၏ဆက်ဆံရေးက ကလေးဘဝတွေကတည်းက မသင့်မြတ်ခဲ့ကြပေ။

အရွယ်တွေရောက်လာတော့လည်း ရန်လေးက သူ့ဘာသာ ထူးချွန်အောင်ကြိုးစားချင်သည်။ လူကြီးတွေက ကလေးနှစ်ယောက်ကို သင့်မြတ်စေချင်တော့ ...

'သမီးက ကြီးတဲ့သူပဲ၊ ကိုယ့်မောင်လေးကို စာပြပေးရမယ်'ဆိုသည့် အမိန့်ထုတ်၏။ ရန်လေး မကျေနပ်ပေမယ့် ပန်း ကတော့ ပျော်သည်။

ဒူးထောက်အရှုံးပေးနေတာကို အနိုင်ယူရတာ ဘာထူးခြားမှာလဲ။ ရန်လေး လို မြွေပောက်ကဲ့သို့ ထိပ်ပုတ်မခံသည့် ဆတ်ဆတ်ကြဲသမားကို



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပြီးရင်းနိုင်ခွင့်ရနေတာကမှ အရသာအစစ်။

"ရန်လေး ရှေ့ ... ဒီအကိုဆေး ခု ကျက်လိုက်"

အကိုဆေးတစ်ပုဒ်ကို ကျက်ဖို့အချိန်ငါးမိနစ်ပေးသည်။ 'ရေးတော့'လို့ ပြောလိုက်သည့်အချိန်မှာ နည်းနည်းလေးမှားလိုက်တာနှင့် ပန်း ရဲ့လက်က ခေါက်ခနဲ။

"မမ ကျွန်တော့်ကို ခေါင်းမခေါက်နဲ့"

"ခေါက်တော့ဘာဖြစ်လဲ၊ အသုံးမကျလို့ခေါက်တာ၊ အရမ်းညံ့လို့ ခေါက်တာ၊ နောက်တစ်ခေါက်ပြန်ရေးလို့မှားရင် ဆံပင်တွေပါ ဆွဲနုတ်ပစ်မယ်"

"ကျွန်တော့်ကို သင်မပေးနဲ့"

"ပေးမယ်၊ ရိုက်ချင်လို့ကို သင်ပေးဦးမှာ၊ ငါ ထိုင်ဆိုထိုင်၊ ထဆိုထ… ဒါပဲ"

ပန်း ကတော့ အမိန့်တွေပေး၊ အနိုင်တွေရလို့ ကျေနပ်နေခဲ့၏။ သူ့ရင်ထဲက အမြူတေဖြစ်ပေါ်နေပုံကိုတော့ စိတ်မဝင်စားခဲ့ပါ။

"သမီး မြန်မာပြည်ကိုပြန်ရောက်တာနဲ့ ရန်လေး နဲ့လက်ထပ်ရမှာ၊ သမီး အိမ်ထောင်ရေးကို သူဌေးက အားလုံးစီစဉ်သွားခဲ့တာ"

မြန်မာပြည်က အကြောင်းကြားချက်ကို ရကတည်းက ပန်း မဲ့တဲ့တဲ့လေးပြုံးမိတာပဲရှိသည်။ ခါးခါးသီးသီးလက်မခံနိုင်တာမျိုး မဖြစ်ခဲ့တာ အမှန်ပင်။ သူမဟာ ချစ်ဘာ မေတ္တာတွေအကြောင်း ဘာကိုမှ စိတ်မဝင်စားခဲ့ပေမယ့် အိမ်ထောင်ရေးဆိုသည့် ဘဝထဲကို ဝင်လိုက်ဖို့အတွက်ပဲ အပန်းတကြီးမဖြစ်ခဲ့မိတာ ထူးဆန်း၏။

ဒါဟာ တကယ်တော့ သံယောဇဉ်တွေပါ။ ချည်နှောင်ခဲ့ကြတဲ့ သံယောဇဉ်တွေ နည်းလို့လား။ မုန်းလို့ပဲဖြစ်ဖြစ်၊ အထင်မကြီးခဲ့တာပဲဖြစ်စေ ရန်လေးကို လက်ထပ်ဖို့အတွက် သူမ လက်ခံနိုင်ခဲ့သည်။





မြန်မာပြည်ကိုပြန်လာခဲ့တဲ့အထိ ပေါ့ပေါ့ပါးပါးပဲ ခံစားခဲ့မိသည်။ ဒါပေမယ့် ခုကျတော့ ...

ပန်းတစ်ယောက်တည်း အလုပ်စားပွဲမှာ ငုတ်တုတ်လေးထိုင်ရင်း ငေးနေခဲ့၏။ အားငယ်သလိုလို၊ ဝမ်းနည်းသလိုလို ငိုချင်ပေမယ့်လည်း မငိုဖြစ်ပေ။

သူ့ရှေ့ကနေ ဖေးမဆွဲခေါ်လာခဲ့ရင်း တစ်လျှောက်မှာ ဘာဘာထူးတဖျစ်တောက်တောက်ပြောလာခဲ့သည်။

"သိပ်ရိုင်းစိုင်းတဲ့ကောင်၊ မသန္တာယောကျ်ားထက် နှစ်ကျော့လောက်တောင်သာဦးမယ်၊ တောက် ...၊ အပြင်မှာရှုပ်ချင်တိုင်းရှုပ်ပြီး အိမ်မှာကျတော့ ပြဿနာရှာ"

"သူ ပန်းကို ဒင်နှာအတူတူတက်ဖို့ခေါ်တာ"

"ခေါ်မှာပေါ့၊ သူ့အပြစ်တွေက ပုပ်ပွနေပြီလေ၊ ဒါတွေပေါ်မှာစိုးလို့ မှသာဝါဒတွေသုံးနေတာ၊ ဒီလိုအကျင့်ရှိတဲ့ကောင်တွေဟာ ပညာကုန်သုံးတတ်ကြတာပဲ" တဲ့။

ဒါဆို ကြားနေရသမျှအားလုံးက တကယ်အမှန်တွေပေါ့၊ ညာ၏ တိတ်ဆိတ်ခြင်းက တစ်စတစ်စ ကြီးစိုးလာ၏။ ပန်း ဘာလုပ်မှ လုပ်လို့မရသေးပါ။

"အဲဒါကိုပဲ မမ စွပ်စွဲနေရင် ကျွန်တော့်မှာလဲ သည်းခံနိုင်တဲ့ပါရမီ သိပ်ရှိတာမဟုတ်ဘူး၊ ကျွန်တော်တို့ တကယ်မှားကုန်လိမ့်မယ်"

"မမှားခဲ့တဲ့ခြေလှမ်းကို မှားကုန်အောင် မမ ရိုက်မချိုးပါနဲ့"

နားထဲမှာ သူ့အသံတွေကိုပြန်ကြားနေရင်း နှုတ်ခမ်းလေးတစ်ဖက်ကို ဖိကိုက်ထားမိ၏။

ဒီစကားတွေက ဘာလဲ၊ ခြိမ်းခြောက်တာလား။ စွပ်စွဲနေရင် တကယ်ဖြစ်အောင်လုပ်ပြမယ်လို့ စိန်ခေါ်ခဲ့သည်လား။

လုပ်လိုက်စမ်းပါ ရန်၊ မင်းထက် ငါ အများကြီးအသည်းမာတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ မင်းသိသွားတာပေါ့။ တစ်ယောက်တည်းတွေးနေရင်း လက်ဘေးမှာ ချထားသည့်ဖုန်းက ဆူဆူညံညံထ,ဖြစ်လာ၏။ သူ ငုံ့ကြည့်လိုက်တော့ မရင်းနှီးသည့် နံပါတ်တစ်ခု။

"ဟလို"

"မမပန်း လားဟင်"

"ဟုတ်ပါတယ်၊ မင်းက ဘယ်သူလဲ"

"ဩော်... မမပန်း ကလဲ ချို့အသံကိုတောင် မမှတ်မိဘူးလားလို့"

"ချို ..."

ကာရန်ချိုမှန်း သိလိုက်တော့ စိတ်ထဲမှာ တင်းခနဲဖြစ်သွားသည်။ သူမကတော့ ရယ်သံလွင်လွင်လေးနှင့် ...

"မမပန်းရဲ့ဘေးမှာ ကိုရန် ရှိနေလားဟင်"

"မရှိဘူး"

"ကိုရန် အရမ်းဆိုးတာပဲ သိလား၊ သူပဲ မရမကခေါ်ပြီးတော့ ဒီက အကြောင်းရှိလို့ ပြောမလို့ ဖုန်းခေါ်တာကို ပိတ်ထားတယ် သိလား။ မမ ပန်းနဲ့သွားရမယ့်ခရီးနာကို ချို့ကို လိုက်ခဲ့ပေးဖို့ တစ်နေကုန် ဂျီကျနေတာ၊ မမပန်းတို့ အဆင်မပြေကြဘူးလား"

မေးပြီး ပြန်ဖြေလာမှာကို ခဏစောင့်ပုံပေါ်သည်။ ဒီဘက်က ဘာမှ မပြောတော့မှ ...

"မမတို့လင်မယား အဆင်မပြေတာက အရေးမကြီးဘူး။ သူ အဆင် မပြေတိုင်း ဒီကိုရောက်ရောက်လာတာ ချို အရမ်းညစ်နေပြီ သိလား။ ခုလဲ ခရီးနာကို ချို မလိုက်နိုင်တော့တဲ့အကြောင်း မမ ပြောပေးပါနော်၊ သူနဲ့ချို အရမ်းတွဲနေတာကို အိမ်က အမြင်တွေစောင်းပြီး သိပ်မကြည်လင် တော့ဘူး၊ အဲ့ဒါကြောင့် ..."

ပန်း ဖုန်းကို အသာလေးချပြီး ပိတ်ပစ်လိုက်၏။ မကြည်တော့လည်း





ကြည်အောင်ညှိကြပေါ့။

ရင်ထဲမှာ မုန်တိုင်းငယ်တစ်ခု ဘဝုန်းဝုန်းထကြွလာခဲ့၏။ ချိုက မလိုက်ဘူးဆိုလို့ ကိုယ့်ကိုလာခေါ် တ... ။ တကယ် အတူသွားချင်တာ က ဘယ်သူနဲ့လဲ။

နာကျင်ခဲ့သောဝေဒနာသည် ဘာဘာထူး ပြောခဲ့သောစကားများနှင့် တိုက်ဆိုင်နေကာ တဆစ်ဆစ် ပြင်းထန်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

မနက်ဆို ပန်း ကပဲ အရင်နိုးကာ မစီ ချက်ပြုတ်ထားသည့် ဆွမ်းတော်ပွဲကိုဆင်းယူပြီး နံနက်အရုဏ်ဆွမ်း ကပ်နေကျ။

မျက်နှာသစ် ရေချိုး၍ အလုပ်သွားဖို့အတွက်ပါ အားလုံး ပြင်ဆင်ပြီးမှ ပန်း အောက်ထပ်ကိုဆင်းခဲ့၏။

သူ့အိပ်ခန်းဆီ တစ်ချက်လှမ်းကြည့်လိုက်ပြီး လှေကားကြီးထိပ်ကနေ ပထမလှေကားထစ်မှာ ခြေချလိုက်သည်။

"အို ..."

ကျွိခနဲအသံတစ်ချက်နှင့် နင်းမိသည့် ပျဉ်ချပ်ထူကြီးက နိမ့်ခနဲလျှော့သွားသည်။ အန္တရာယ်ဆိုတာကို ဖျတ်ခနဲသတိရကာ ထိတ်လန့်သွားပေမယ့် နောက်ကျသွားခဲ့၏။

"အမလေး ... အား..."

"ဝုန်း"





"ဒုန်း"

ဘေးကလက်ရန်းကို ဖမ်းဆွဲလိုက်နိုင်သည်။ ဒါပေမယ့် လွတ်ထွက်သွားပြီး ခေါင်းနဲ့လက်ရန်း ဒိုင်းခနဲမ— ာင့်မိ၏။ မျက်လုံးထဲမှာ မီးပွင့်သွားကာ ဦးစိုက်ကျွမ်းပြန် ထိုးကျသွားပြီမှန်း ကိုယ့်ကိုယ်ကို သိလိုက်၏။ သို့သော် ...

"မမလေး ..."

မယ်မြကပန်း အိပ်ရာထနောက်ကျနေတာကို သတိရကာ အပေါ်တက်သွားပြီး နိုးမလို့ လှေကားရင်းကို ရောက်လာသည့်အချိန် ဖြစ်သွားသည်။

မျက်လုံးတွေ ပြူးသွားလျက် မယ်မြ လှေကားပေါ် ပြေးတက်သည်။ ဒလိမ့်ခေါက်ကွေးပြုတ်ကျလာသည့် ပန်း ၏ကိုယ်လေးကို စိုးရိမ်တကြီး တားဆီးပွေ့ယူလိုက်လျှင် သူမပါ ရောထွေးလဲကျသွားလေသည်။ ဒါပေမယ့် မယ်မြက သတိနဲ့မို့ ပန်း ကိုယ်ကိုဖက်မိသည်နှင့် လက်ရန်းတိုင်ကို လက်ပြန် မိမိရရ ပြန်ဆွဲထားလိုက်၏။

နံနက်အရုဏ်ဦးမှာ ဆူညံသံတွေ ဟိန်းထွက်သွားသဖြင့် ရေချိုးခန်းဘက်ကထွက်လာသည့် ရန်လေး ပြေးလွှားရောက်လာ၏။

"မမ ..."

"အား ..."

ရှုံ့မဲ့ညည်းညူနေသည့် မယ်မြလက်ထဲကနေ ပန်း ကိုယ်လေးကို သူ ပြေးပွေ့လိုက်၏။ လှေကားတစ်ဝက်ထိမရောက်ခဲ့ပါ။ ဒါပေမယ့် ပန်း၏ နဖူးမှာ ဒဏ်ရာဖြစ်ကာ နားထင်တစ်ဖက်ကနေဆင်းကျနေသည့် သွေးတို့က လည်ပင်းထိ မြင်မကောင်း။

"မမ ... မမ ဘယ်လိုဖြစ်တာလဲ၊ မမ"

"လှေကားပေါ်က လိမ့်ကျတာလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်ထူး ပြေးလာသည်။ မယ်မြမှာလည်း ဒဏ်ရာနည်းနည်းဖြစ်လျက် ပန်းကို စိုးရိမ်နေသည့် ရန်လေး ကလည်း မဖြေနိုင်။

ဆရာဝန်ပင့်ပြီး ဒဏ်ရာကိုစစ်လိုက်တော့ နဖူးထောင့်ဆံစပ်နေရာမှာ ဒဏ်ရာနည်းနည်းများသဖြင့် သုံးချက်ချုပ်လိုက်ရ၏။

ထို့ပြင် ညာဘက်လက်တစ်ဖက်မှာ ကျောက်ပတ်တီးစည်းထားရသည်။ ထိုင်တော့ ထ,တော့လည်း ကျောထဲက အောင့်နေသဖြင့် လမ်းကောင်းကောင်းမလျှောက်နိုင်ဘဲဖြစ်နေ၏။

"တစ်ခါတည်းသေသွားလိုက်ပါလား တောက် ..."

ပန်း ကိုယ့်ကိုယ်ကို မချင့်မရဲတက်ခေါက်သည်။ ပြီးတော့ အံတကြိတ်ကြိတ်နှင့် အသံမထွက်ဘဲ ကြိတ်ငိုသည်။ ဦးမြတ်ထူးက မျက်နှာကြီး မသာမယာနှင့် ဧည့်ခန်းမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်နေ၏။

"ဒီလှေကားက ဒီလောက်ထူထဲခိုင်မာနေတာ ဘာဖြစ်လို့ ခြေနင်းပြုတ်နေရတာလဲ"

ပန်း ပြုတ်ကျသည့် အပေါ်ဆုံးလှေကားထစ်သည် သံချက်တွေပြုတ်ထွက်နေကာ ထိုနေရာကနေ အောက်ကိုသာ တစ်ခါတည်းထိုးဆင်းကျသွားပါက မန်းအတွက် မတွေးရဲစရာပင်။

လှေကားကို စစ်ကြည့်ပြီး ရန်လေး ပြောလိုက်တော့ ဦးမြတ်ထူးက ခြေလှမ်းကျဲကြီးများနှင့်ရောက်လာကာ ...

"ခိုင်ခိုင်မာမာကြီးကနေ ပြုတ်ထွက်နေတာမှန်ရင် တမင်ဖြုတ်ထားတာပဲဖြစ်မှာပေါ့ကွ၊ အိမ်မှာ ပန်း ကိုသေစေချင်နေတဲ့လူတစ်ယောက် ရှိနေပြီဆိုတာ ပြတာပဲ"

မင်းပဲဟု ပြောလိုက်သလိုမျိုး ဦးမြတ်ထူး မျက်လုံးတွေက စူးရဲလွန်းသည်မို့ ရန်လေး မျက်မှောင်ကြုတ်သွားသည်။ ဘဘထူး ဘာကိုပြောချင်တာလဲဆိုတာ ရုတ်တရက် နားမလည်ခြင်းကြောင့် ဘာမှလည်း ပြန်





မပြောနိုင်။

"သံသယဆိုတာ မီးပွားပဲကွ၊ ငါ့ရင်ထဲမှာ အဲဒီမီးပွား ရှိနေခဲ့တယ်၊ ဒါပေမယ့် မင်းက သမီးရဲ့ခင်ပွန်းဖြစ်နေပြီ၊ ငါကလဲ ကလေးကလား စုံထောက်လိုလို၊ သူခိုးဂျပိုးလိုလိုအလုပ်တွေ မလုပ်ချင်တော့ဘူး၊ အဲဒါကြောင့် ပါးစပ်ပိတ်နေလိုက်တာ၊ မင်းနဲ့ ကြေငြာမင်းသမီးရဲ့ကိစ္စတွေ..."

"ဘဘထူး ..."

"မင်း မပြောနဲ့ဦး၊ ဒီလှေကားကိစ္စကို မင်းက စ,ဖော်လို့ ငါက ပြောတာ။ ပန်းတစ်ပွင့် ဆိုတဲ့ ဒီစံအိမ်အရှင်သခင်မလေးကို ထိခိုက်စေချင်တဲ့လူ ဘယ်သူဖြစ်နိုင်မလဲလို့ အခု ကျန်တဲ့လူတွေထဲမှာ လက်ညှိုးထိုး ရှာရင် ..."

ဦးမြတ်ထူး စကားရပ်လိုက်တော့ ရန်လေး ကျိခနဲအံကြိတ်၏။

"သမီးကို မချစ်မနှစ်သက်ဘဲယူခဲ့ပြီး နောက်ထပ် မင်္ဂလာစရာမြင်နေတဲ့ မင်းတစ်ယောက်ပဲ ဖြစ်နိုင်ချေတွေရှိနေတာ"

"ကျွန်တော့်အပေါ်မှာ ဖြစ်နိုင်ချေတွေပုံချနေတာလဲ ဘဘထူးပဲရှိတယ်၊ ကျွန်တော့်ဘက်က မရိုးသားတာ ဘာမှမရှိခဲ့တဲ့အတွက် နှစ်ယောက်ထဲက တစ်ယောက်ကို တရားခံပြန်ရှာရင်ရော ..."

ရန်လေး က ဦးမြတ်ထူးကို စေ့စေ့ကြည့်သည်။ မပြုံးမရယ် နှုတ်ခမ်းများက မဲ့ကျသွားကာ ...

"ကျွန်တော့်ကို မိုက်ရိုင်းတဲ့ကောင်လို့ ကင်ပွန်းတပ်ခံနေရတာ မှန်တာပြောတတ်လို့ပဲ၊ ဒါပေမယ့် မပြောတော့ဘူး။ မမက မိဘအရာမှာ ထားခဲ့တဲ့သူမို့လို့ ဘဘထူးကို ကျွန်တော် မစော်ကားချင်ပါဘူး၊ [illegible]ထင်ကျန်ခဲ့တာမှန်ရင် အကောင်ရှိနေမှာပဲ၊ စွပ်စွဲချင်ရင် လက်ပူးလက်ကြပ်ဖမ်းနိုင်အောင်ကြိုးစားပါ။ ကျွန်တော့်ဘက်က တင်ပြဖို့ရှိလာရင်တော့ အဓိပ္ပာယ်မရှိတာတွေ လျှောက်ပြောမနေဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်ထူး တစ်လုံးမှပြန်မပြောနိုင်သေးခင် သူ လှည့်ထွက်လာခဲ့၏။ လှေကားပျက်စီးနေတာကို ပြောမိပေမယ့် သူပြောတဲ့ထဲမှာ ဘယ်သူ့ကို ထိခိုက်စေဖို့မှ မပါပေ။

တစ်အိမ်လုံး လူတွေရှိသမျှထဲမှာ မမကျမှ ဒီလိုဖြစ်ရတာကို စိတ်မကောင်းဖြစ်မိခြင်းကြောင့် ဘာရယ်မဟုတ်ဘဲ ရေရွတ်လိုက်မိတာ ဖြစ်သည်။

သူ့ဘက်မှာ ပြောစရာဖြစ်လာပြီဆို ဘာဖြစ်လို့ ဘာဘာထူးအသံပဲ ထွက်လာရတာလဲ။

"သား ... မင်း ဦးထူးကိုဆက်ဆံတာ ဂရုစိုက်နော်၊ အပြောအဆို မမှားစေနဲ့"

ဒါ အဖေ တဖွဖွမှာခဲ့တဲ့စကား။ ဦးမြတ်ထူးကို မဝေဖန်သော်လည်း ဒီမျက်လုံးတွေကို အဖေ နားလည်နေခဲ့သည်။

"သူဌေး စီစဉ်ကတည်းက ဦးထူးက ဝင်မစွက်ဖက်ပေမယ့် သဘောကျခဲ့ပုံမပေါ်ဘူး၊ ဘာပဲဖြစ်ဖြစ် သမီးလေးမျက်နှာက ရှိသေးတယ်၊ မင်းလေးစားရမယ်"

ခြေလှမ်းတိုင်းမှာ ဦးမြတ်ထူးနှင့် အဖေ့စကားတွေကို မြင်ယောင်ကြားယောင်နေလျက်နှင့် ပန်း ၏အခန်းထဲကို ရောက်လာခဲ့သည်။

ပန်း က တစ်ယောက်တည်းအိပ်ရာထက်မှာရှိနေရင်း ပက်လက်က နေ ထထိုင်ဖို့ကြိုးစားနေသဖြင့် မျက်နှာလေးရှုံ့မဲ့ ညည်းတွားလျက် –

"အား"

"မမ အရမ်းမလှုပ်နဲ့လေ"

ခပ်ဖြည်းဖြည်းခြေလှမ်းတွေက လွှားခနဲဖြစ်သွားကာ မမဘေးမှာထိုင်လိုက်ပြီးသားဖြစ်၏။ ထိုအချိန်မှာ ခါးထဲက တအားနာသွားသဖြင့် ခွေခနဲဖြစ်သွားသော ပန်းသည် ရန်လေး ရင်ခွင်ထဲကို မှီချလိုက်သလိုဖြ





သွား၏။

"ဘာဖြစ်လို့ အတင်းကြိုးစားနေတာလဲ မမရယ်၊ ဒဏ်ရာတွေဖြစ်ထားတာ နေ့ဝောင်မကူးသေးဘူး"

"မကြိုးစားဘဲဒီတိုင်းနေရင် ပိုဆိုးသွားမှာပေါ့။ ပက်လက်ကြီးနေရတာ မင်း နေကြည့်ပါလား"

ဘုဆတ်ဆတ်ပြောရင်း သူ့ရင်ခွင်ထဲကနေ ရုန်းလည်းမထွက်ရှာသော ပန်း ၏မျက်စောင်းလေးကြောင့် ရန်လေး ပြုံးလိုက်မိသည်။

နက်မှောင်သော ဆံနွယ်ပျော့ပျော့လေးတွေ ဒီတိုင်းပြန့်ကျနေလျက် နဖူးကနေ ပတ်တီးစည်းထားရသဖြင့် ဒေါသဖြစ်နေတာ ကလေးဆိုးလေးနဲ့တူနေသည်။

"ငါ့ကို ခေါင်းအုံးပေါ်ပြန်ချပေး"

"နေဦး၊ မမ ထိုင်လို့ရအောင် ကျွန်တော် လုပ်ပေးမယ်"

ပန်းကို လက်တစ်ဖက်နဲ့ပွေ့ထားပြီး ခေါင်းအုံးတွေကို လှမ်းဆွဲ၊ ခေါင်းရင်းမှာကပ်ပြီးထောင်ကာ ရန်လေး အလုပ်ရှုပ်နေပုံကြောင့် သူ့ရင်ခွင်ထဲမှာ အဝတ်စထုပ်လေးလို ဖြစ်နေ၏။

သူ့ရင်ဘတ်က ပန်း၏နှာခေါင်းနှင့် အကြိမ်ကြိမ်ထိကပ်သွားသဖြင့် စီးကရက်နံ့လိုလို၊ ရေမွှေးနံ့လိုလို သူ့ကိုယ်သင်းနံ့က မရှူရှိုက်ဘဲနဲ့ ရနေသည်။

ထို့ပြင် ပန်းရဲ့နဖူးလေးမှာ သူ့မေးဖျားက ထိကပ်သွားလိုက်၊ ဆံပင်မှာ ဖြစ်လိုက်။

"ရပြီ ... ရပြီ မင်း ဖယ်တော့"

"ဖယ်မှာပါ၊ ဒီမှာ ပြီးပြီ"

သူ့လက်တွေကို သာသာလေးဖယ်ပြီး ပန်း ကိုလွှတ်လိုက်တော့ ဒီတိုင်းလေးကနေ နောက်ကို နည်းနည်းလေးပဲလှန်ကာ ခေါင်းအုံးဆင့်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့်ထက်မှာ သက်သောင့်သက်သာလေးမှိုကျသွား၏။

"အဆင်ပြေလား မမ၊ ခေါင်းအုံးကို မမတင်ပါးနားထိ ကျွန်တော် ခံပေးထားတာ"

"အင်း"

ပန်း က ခေါင်းညိတ်ကာ သူ ဆုပ်ကိုင်ထားသည့် လက်ဖဝါးလေးတစ်ဖက်ကို ဖယ်ချပစ်လိုက်၏။

"ဆရာဝန်က ပြောသွားတယ်၊ ခါးမှာ နှစ်ခါထိထားတာ၊ ဂရုစိုက်ရမယ်တဲ့၊ ခေါင်းကဒဏ်ရာကလဲ သေးတာမဟုတ်ဘူး၊ အဲဒါကြောင့် မမခေါင်းက ဒဏ်ရာသက်သာမှ လက်နာတာ၊ ခါးနာတာတွေကို ဂရုစိုက်ကုရအောင်ပါ၊ ခုနကလို မရမကကောင်းချင်နေတာမျိုး ထပ်မလုပ်ပါနဲ့"

ပန်း က ဘာမှမပြောဘဲ မျက်နှာလေး ဟိုဘက်လှည့်၍ ငြိမ်နေ၏။ ထိုစဉ် ဖုန်းသံကြားလိုက်ရပြီး ရန်လေး လက်ထဲမှာဖုန်းရောက်လာသည်။

"ဦးသန်းဇော် ပြော"

"......"

"ဟုတ်တယ်၊ အစွန့်ခန်းကိုထားမှာ"

"......"

"ဘာမှမလုပ်နဲ့လေ၊ ဆေးသုတ်ပြီးရင် ကျွန်တော့်ရုံးခန်းထဲမှာ ပန်းချီခန်းလိပ်စာသွားယူလိုက်၊ လင်းထွဏ်းနဲ့ဖြစ်ဖြစ်သွား၊ အဲဒီပန်းချီကားတွေပဲ ချိတ်ထားရင် ရပြီ"

"......"

"ကျွန်တော် ညနေပိုင်းကျမှ ခဏလာခဲ့မယ်"

သူ ဖုန်းပြောပြီးတော့ ပန်း က အဖက်မတန်သလို ခပ်စောင်းစောင်း ငဲ့ကြည့်ကာ ...

"မင်း သွားလာဖို့ရှိရင် သွားနော်၊ ငါ့အတွက် မလိုဘူး"





ဖုန်းပြန်သိမ်းရင်း ရန်လေး က ပန်းကိုလှည့်ကြည့်၏။ ပြီးတော့ ပြုံး၍ ...

"မမက မလိုပေမယ့် ကျွန်တော့်အတွက် လိုတယ်"

ပန်း က မကြားချင်သလိုလေး နှာခေါင်းရှုံ့သည်။ ရန်လေး က ထိုင်လျက်ကနေ နောက်ကိုထပ်ဆုတ်ထိုင်လိုက်တော့ ခုတင်ပေါ် ရင်းမှာ လက်တင်လိုက်၏၊

ထိုအခါ ပခုံးနည်းနည်းစောင်းသွားသဖြင့် ပန်း က သူ့ရင်ခွင်တစ်ခြမ်းထဲ မရောက်တရောက်ဖြစ်သွားသည်။ နီးကပ်သွားခြင်းကို မလိုလားသဖြင့် ပန်း က ပခုံးလေးကျုံ့သွားတဲ့အထိ လက်ပိုက်ပစ်လိုက်၏။

"မမ"

"......"

"ဟိုတုန်းကတည်းက မမကပဲ အမြဲတမ်းနိုင်ခဲ့တာပါ၊ နိုင်နေတဲ့သူဟာ ပျော်ရတာပဲမဟုတ်ဘူးလား၊ ရှုံးခဲ့တဲ့သူဟာ အုံ့ပွဲ့နာကျင်ကြတယ်လို့ ကျွန်တော် ကြားဖူးခဲ့တာ"

"မင်းရင်ထဲမှာ အုံ့ပွဲ့နေတာတွေကို ပြောချင်တာလား၊ ဆက်ပြော"

"ပြောဖို့မရှိပါဘူး၊ ကျွန်တော် နာကျင်ခဲ့ရတာက တစ်ဦးတစ်ယောက်အပေါ် မှာ အုံ့ပွဲ့ခဲ့တာမျိုးနဲ့လဲမဟုတ်ဘူး၊ ကိုယ့်ဘဝ ကိုယ့်အကြောင်း မကောင်းတာကိုပဲ တွေးတယ်၊ ကောင်းအောင် ဘယ်လိုရှာမလဲဆိုတာ အင်အား၊ မမကို ကျွန်တော် မကြည်မလင်ဖြစ်ခဲ့တာတွေရှိခဲ့ဖူးပေမယ့် မမုန်းဘူး၊ မုန်းသလိုလို ကိုယ့်ကိုယ်ကို ထင်နေခဲ့တာတောင်မှ လက်ထပ်ပြီးတဲ့အချိန်မှာ မမကို ကျွန်တော် မမုန်းဘူးဆိုတာ သေချာခဲ့တယ်၊ မမက ဘာဖြစ်လို့မုန်းနေတာလဲ"

"မုန်းဖို့ကောင်းတာတွေရှိလို့ပေါ့ ရန်၊ မင်းဟာ ငါ ဘယ်လိုမှ ထင်မှတ်မထားတဲ့အရုပ်မျက်နှာကနေပြီး ယုတ်ယုတ်မာမာ ချုံခိုကြံစည်တဲ့လူ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ လုံးဝလွဲနေတာ၊ ကာရန်ချိုနဲ့ ပြဿနာလေးတစ်ခုကိုပဲ မမ ဘာဖြစ်လို့ မပြီးနိုင်ဖြစ်နေတာလဲ၊ သူနဲ့ကျွန်တော် မခေါ်မပြောဖြစ်ကြတာ တောင် ကြာပြီ၊ သူ့ ဖုန်းဆက်တိုင်းလဲ လင်းထွဋ်အားတို့ပဲ ကိုင်ဖြစ်ကြတာ၊ မမ ကျွန်တော် မိန်းကလေးတစ်ယောက်ရဲ့ဂုဏ်သိက္ခာကို ထိပါးပုတ်ခတ် ပြီး ဒီထက်ပိုမပြောချင်လို့ပါ၊ ကျွန်တော်ပြောတာကို ယုံပါ"

ပန်း က အထင်မြင်သေးသည့် မဲ့ပြုံးနှင့် ဆတ်ခနဲလှည့်ကြည့်သည်။

ကာရန်ချို ဖုန်းထဲကနေပြောသွားသည့် အမှာစကားတွေကို ပြန်ပြော ပြလိုက်ချင်သော်လည်း အရှက်မရှိသည့်စကားတွေကို ပါးစပ်ထဲထည့်ရမှာ ရွံ့သည်။

တစ်ယောက်က အရှက်သိက္ခာမဲ့လောက်အောင် ရဲတင်းလွန်းကော တစ်ယောက်ကတော့ သိက္ခာပဝါကို မလုံ့တလုံခြုံဖို့ကြိုးစားနေဆဲ။

ပန်း က စေ့စေ့ကြည့်ပြီး မဲ့တဲ့တဲ့မျက်နှာလေးနှင့် လုပ်နေသဖြင့် ရန်လေး ကျွတ်ခနဲစုတ်သပ်ကာ ...

"မယုံရင်လဲ ရှေ့ဆက်ပြီး မမ အဲဒီလိုထင်စရာမဖြစ်စေရဘူးလို့ ကျွန်တော် ကတိပေးတယ်၊ မမနားမှာ ကျွန်တော့်ကိုနေခွင့်ပြုပါ"

"ဘာပြောတယ်"

"မမနဲ့ စည်းလုံးဖို့မကြိုးစားဘဲ ကိုယ့်စိတ်ကူးနဲ့ကိုယ် ကျွန်တော် ရှက် လွှင့်ခဲ့တာ ကျွန်တော့်မှာ အပြစ်ရှိပါတယ်၊ ထက်မြက်တဲ့ မိန်းမတစ်ယောက် ရဲ့နောက်မှာ ခပ်ကုပ်ကုပ်လိုက်နေရတဲ့ယောကျ်ားမျိုး ငါ မဖြစ်စေရဘူး ဆိုတာလဲ အစွန်းရောက်တဲ့အတ္တတစ်ခုပဲ၊ အဲဒါကိုလဲ ဝန်ခံတယ်၊ ဒါပေမယ့် ကျွန်တော် ကြိုးစားနေတဲ့ကာလမှာ အောင်မြင်ချင်တာပဲရှိတယ်၊ မမနဲ့ ပြိုင်ဆိုင်ဖို့ အတိုက်အခံဖြစ်သွားဖို့ဆိုတာတွေ ဘာမှမပါဘူး"

ရန်လေး က ပန်း ရဲ့ပခုံးစွန်းလေးနဲ့ သူ့ရင်ဘတ်ထိသွားတဲ့အထိ သူမဘက်ကိုင့်ပစ်လိုက်ကာ ...





"အားလုံးဟာ မမ အထင်မြင်သေးတဲ့ ယောကျ်ားမျိုး မဖြစ်ချင်တာ ဘဲ မမ"

"ခုရော မင်းကို ငါက အထင်တွေကြီးသွားပြီလို့ ထင်နေတာလား"

"မထင်ပါဘူး၊ ဒါပေမယ့် ကိုယ့်ကိုယ်ကို ယုံကြည်စိတ်တွေရှိနေပြီ၊ ကျွန်တော် မမလောက်မချမ်းသာပေမယ့် မမထက်မညံ့တဲ့အရည်အချင်း မျိုးတွေရှိတယ်"

"ဘယ်ကမလဲ၊ ငါက မိဘလုပ်ငန်းကို ဆက်ထိန်းနိုင်တာပါ၊ မင်းက လက်ဖဝါး ခြေဖဝါးကနေ တိုက်ဆောက်၊ အရင်းတည်ရင်း နိုင်ငံကျော် သွားတာ အရမ်းကိုတော်ပါတယ်၊ ဒါပေမယ့် အထင်ကြီးဖို့တော့ မရှိဘူး၊ မင်းက အထက်ပါအရည်အချင်းများကြောင့် မိန်းမလှလေးတွေ ဝိုင်းဝိုင်း လည်နေပါစေဆိုတဲ့ စိတ်ကူးတွေရှိခဲ့တာကိုးကွ၊ စိတ်ကူးထဲကအတိုင်း ဖြစ်အောင်လုပ်တာလေ"

"ဟုတ်တယ်၊ အဲဒီလိုလဲဖြစ်နိုင်တယ်၊ ဒါပေမယ့် မိန်းမလှလေးတွေ ဝိုင်းနေဖို့မဟုတ်ပါဘူး၊ မမ တစ်ယောက်ကိုပဲ ကြည်ဖြူစေချင်တာ"

ပန်း က သူ့ကို မျက်နှာလေးတိမ်းပြီး မော့ကြည့်၏။ ရန်လေး က သူမပခုံးလေးကို ဖွဖွလေးသိုင်းဖက်ထားလိုက်ကာ ...

"ကျွန်တော်တို့နှစ်ယောက် သာယာတဲ့အိမ်ထောင်တစ်ခု တည် ဆောက်ကြဖို့ အချိန်တန်ပြီထင်တယ်၊ မမ ကြည်ဖြူမယ်မဟုတ်လားဟင်"

"အို... မဖြစ်နိုင်ဘူး"

လက်တစ်ဖက်မှာ ပတ်တီးရှိနေသဖြင့် သေချာရုန်းလို့လည်းမရ။ ပြီး တော့ မျက်နှာချင်းထိတော့မတတ် အတင်းငုံ့မိုး၍ကြည့်နေသည်မို့ ပန်း ရင်တွေခုန်လာခဲ့၏။

ရှက်သလိုလို၊ ကြောက်သလိုလိုနှင့် စိတ်ထဲမှာ ကျဉ်းကျပ်လာသည်။ တကယ်ဆို ဒီယောကျ်ားနှင့်ပတ်သက်ပြီး ခုလို ရှိန်းဖိန်းပူထူနေအောင်



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံမြန်လာတာတွေဖြစ်သင့်သလား၊ မဖြစ်ရဘူး။

ကိုယ့်ကိုယ်ကို မကျေနပ်ခြင်းနှင့်အတူ ရင်ခုန်သံတွေကိုတားဆီးဖို့ ကြိုးစားမိသည်။

"မမကို ကျွန်တော် ချစ်တယ်"

"ဟင် ..."

ပန်း ရင်ထဲမှာ ဒိန်းခနဲဆောင့်ခုန်သွား၏။ ရန်လေး သည် ဖက်ထား သည့် ပန်း၏ပခုံးလေးကို တင်းခနဲဆွဲပစ်လိုက်ပြီး ပတ်တီးစည်းထားသည့် ပေါ်မှာ မသေမသပ်တင်ကျန်နေသည့် ဆံစလေးတွေကို ညင်သာစွာ ဖယ်ရှားပေးရင်း ...

"ဘာမဟုတ်တဲ့သံသယစကားတွေနဲ့ မျက်နှာချင်းဆိုင်တိုင်း ရန်ဖြစ် နေကြရင် ကြာရင် တကယ်မလွယ်ဘူး၊ အဲဒီတော့ သူစိမ်းတွေလိုနေပြီး ရန်ဖြစ်နေမယ့်အစား လင်မယား မသင့်မြတ်တာက ဘယ်အချိန်ဖြစ်ဖြစ် ချော့လို့ရတယ်၊ သားတွေ သမီးတွေနဲ့ဖြစ်လာပြီဆို အဲဒါတွေအားလုံး သူ့ အလိုလိုပြီးသွားမှာ"

သူက နမ်းတော့မလိုလို တိုးကပ်လာလိုက်၊ ပန်း က တစ်ဖက်လှည့် ပစ်လိုက်၊ ရင်ထဲမှာ ခါးခါးသီးသီးငြင်းဆန်နေခဲ့သောစကားတွေလည်း လည်ချောင်းဝမှာ ဘယ်လိုပုန်းခိုနေကြသည်မသိ။

ဒါပေမယ့် သူ့မှ သေချာစွာငြင်းဆန်နိုင်ခဲ့တာ တစ်ခုရှိသည်။

"မင်းကို ငါ ဘယ်တော့မှကြည်ဖြူနိုင်မှာမဟုတ်ဘူး"





## အခန်း (၂၇)

"ဘယ်လိုလဲ၊ သမီး ကွေးကြည့်ပါဦး"

ဆရာဝန် ပြောသည့်အတိုင်း ကွေးကြည့်လိုက်၊ ဆန့်ကြည့်လိုက် လုပ် နေစဉ် ပန်း ရဲ့ လက်တံတောင်ဆစ်လေးကို ရန်လေး က အောက်ကနေ ပင့်ထိန်း၍ကိုင်ပေးထားသည်။

"ရနေပြီ မောင်ရန်၊ မင်းလက် ဖယ်ထားလိုက်"

ပန်း က လက်ကို နောက်ထပ်ကွေးဆန့်ကြည့်ပြီး အသာပြန်ချလိုက် ကာ..

"ရပြီ ဒေါက်တာ၊ မနာတော့ဘူး"

"ဒါပေမယ့် ဒီလက်နဲ့ ဘာမှအားစိုက်မကိုင်ရဘူး၊ မြောက်တာ ချတာ လဲ ညင်ညင်သာသာထိန်းရဦးမယ်၊ သမီး လမ်းလျှောက်တော့ရော ဘယ့် နှယ်နေလဲ"

"နည်းနည်းတော့ မျက်တက်တက်နေတယ်၊ ဟို .. ရပြီ ဒေါက်တာ၊ ပန်း အပြင်ထွက်လို့ရပြီပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က ပြုံးလိုက်ပြီး ရန်လေး ကို 'မင်းရဲ့တာဝန်'ဟု ပြောလိုက်သလို လှည့်ကြည့်သည်။ ရန်လေး က ခေါင်းခါလိုက်ကာ ...

"မနက်ကမှ ပတ်တီးဖြေရတာ၊ အနည်းဆုံး တစ်ပတ်တော့ နားရမှာပေါ့။ ဒဏ်ရာအကင်းမသေဘဲ နောက်တစ်ခါထပ်ဖြစ်တာကမှ ကုရခက်တာ"

"ငါ မင်းကိုမေးတာမဟုတ်ပါဘူး"

ခေါသဖြစ်ဖြစ်နှင့်ပြောလိုက်ပြီးမှ ဆရာဝန်က ရယ်တော့ ကိုယ့်ကိုယ်ကို ကလေးဆန်သွားပြီမှန်းသိကာ ပန်း မျက်နှာလေးနီသွားသည်။ ရန်လေး က အသံထွက်အောင်ရယ်လျက် ...

"ခေါက်တာကလဲ ဒီတိုင်းပြောမှာပဲ၊ မမ မေးကြည့်လေ"

"ဟုတ်တယ် သမီး။ နောက်လဲ ဂရုစိုက်ရဦးမယ်၊ ခုလဲ အနည်းဆုံး တစ်ပတ်ဆယ်ရက်လောက်တော့ နားရဦးမယ်၊ အလုပ်က ကိုယ်ကျန်းမာသွားရင် တစ်သက်လုံးလုပ်သွားရမှာပဲကွယ်၊ ကျန်းမာနေဖို့က အဓိကမဟုတ်ဘူးလား"

ပန်း မျက်နှာလေးပျက်သွားပြီး သူ့ဆီ မျက်လုံးရောက်၏။ မျက်စောင်းထိုးမစ်ချင်တာကို ထိန်းချုပ်လိုက်ရရင်း သူ့အပေါ် ဘာဖြစ်လို့ ဒီလိုဆက်ဆံခံစားမိနေသည့် ကိုယ့်ကိုယ်ကိုလည်းနားမလည်နိုင်။

ခုဆို နေ့လယ်ပိုင်း ပန်း အိပ်ပျော်နေတတ်သည့်အချိန်လေး ခဏလောက်ပဲ သူ ထွက်သွားတတ်ကာ အိမ်မှာပဲရှိနေတတ်တာများသည်။

ဖုန်းပြောနေတာတွေ၊ အလုပ်စားပွဲမှာ မထတမ်းထိုင်နေတတ်တာတွေ၊ သူ့ဘာသာ ဘယ်လောက် အလုပ်ရှုပ်နေနေ ပန်း ဆီကိုတော့ ခဏခဏ ရောက်ရောက်လာကာ စကားကောင်းပြောတာလည်းရှိသည်။ တစ်ခါတစ်ခါ သူတစ်ခွန်း ကိုယ်တစ်ခွန်းနှင့် အချေအတင်တွေဖြစ်ပြီး ပြန်ထွက်သွားတာလည်းရှိ၏။





ဘာပဲဖြစ်ဖြစ် သူ ဂရုစိုက်နေတာကို မသိချင်ယောင်ဆောင်နေလို့မရတော့ပေ။

"မမလေး"

ပန်းရဲ့ ခေါင်းရင်းစားပွဲမှာ နှင်းဆီပန်းတွေ လာထိုးပေးရင်း မယ်မြက မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နှင့် တစ်စုံတစ်ရာပြောမလို့ အစချီ၏။

အခန်းတံခါးဆီ တစ်ချက်လှမ်းကြည့်ပြီး ပန်း ထိုင်နေသည့် ခုင်းဘက်ဘေးမှာ ခုံပုလေးဆွဲ၍ကပ်ထိုင်ကာ ...

"မမလေးနဲ့ အစ်ကိုလေး ခုထိ မတည့်ကြသေးဘူးလားဟင်"

"ဘာလုပ်မလို့လဲ"

ပန်း က လက်သည်းတွေညှိနေရင်း မျက်မှောင်ကြုတ်နှင့်မေးသည်။ မယ်မြက ကိုယ်လေးယို့၍ ပန်း နားကို ပိုး၍တိုးလျက် ...

"အစ်ကိုလေးက တည်တည်တင်းတင်းကြီးနေပေမယ့် မမလေးကိုတော့ တော်တော်စိတ်ပူတာပါ မမလေးရယ်၊ လေယာဉ်ပေါ်က မမလေး လိမ့်ကျတုန်းကလဲ အတင်းပြေးလာပြီး ခြေမကိုင်မိ လက်မကိုင်မိနဲ့ ကျွန်မတောင်မှ အံ့ဩသွားတယ်။ မမလေးနဲ့ အစ်ကိုလေး သင့်သင့်မြတ်မြတ်ရှိကြတာမှ မမြင်ဖူးခဲ့တာ၊ ဟိုတစ်ခါ မမ ခေါင်းတွေကိုက်လို့ အိပ်ရာထ နောက်ကျတဲ့နေ့ကလဲ ဒီလိုပဲ၊ ကော်ဖီတောင်မသောက်နိုင်ဘူး၊ အလုပ်မလာတော့ဘူးဆိုပြီး ဖုန်းလှမ်းဆက်ပြီးတာနဲ့ မမလေးဆီ သွားတာပဲ"

ပန်း က သတိအလွှန်ကောင်းသူပါ။ မယ်မြ ပြောလိုက်တာနှင့် ချက်ချင်းတွေးမိသွားတာက ကာရန်ချို ရောက်လာခဲ့သည့်မနက်ခင်း။

အဲဒီတုန်းက သူ အလုပ်မသွားဘဲနေတာ ကာရန်ချိုနဲ့ ချိန်းထားလို့ပဲဟု ထင်ထားခဲ့တာဖြစ်သည်။ ဒါပေမယ့် ပန်း ဘာမှဝင်မပြောဘဲ နားထောင်နေလိုက်သည်။

"ပြီးတော့လဲ ဘဘကြီးနဲ့ အစ်ကိုလေး စကားတွေများကြတယ်



www.burmeseclassic.com

www.burmeseclassic.com



သိလား"

"ဘယ်လို..."

ဒါတွေ ပန်း ဘာမှမသိခဲ့ပါ။

"ဟုတ်တယ်၊ အဲဒီလှေကားခြေရင်းပြုတ်ကျနေတာ ဘဘကြီးက အစ်ကိုလေးကြောင့်ဆိုလား ...၊ အဲ ... အစ်ကိုလေးကလဲ ဟို ... ဘာဖြစ်တယ်ဆိုလား ..."

"သေချာတာပဲပြော၊ ငါ ခေါင်းခေါက်မိတော့မယ်"

တကယ်မခေါက်ရသေးဘဲ မယ်မြက ဇက်ကလေးပုသွားကာ ...

"မမလေးရယ် ကျွန်မလဲ သေချာကြားအောင် ဘယ်လိုလုပ် နားထောင်ရမှာလဲ၊ ဒါပေမယ့် ဘဘကြီးကလဲ ဒေါသတွေကြီးနေလိုက်တာ အဲဒါမျိုး တစ်ခါမှကို မမြင်ဖူးဘူး၊ အစ်ကိုလေးကလဲ မခံဘူး"

ပန်း၏လက်ကလေးတွေ လှုပ်ရှားနေရာမှ ရပ်တန့်သွား၏။ လှေကားခြေရင်း ပြုတ်သည့်အဖြစ်ဟာ အလွန်ထူးဆန်းကာ ကြားတဲ့သူတိုင်း အံ့သြသွားကြတာ အမှန်ပဲဖြစ်၏။

ဒါပေမယ့် ဒါကို တစ်စုံတစ်ယောက် ဖန်တီးထားတာလို့ ပန်း အနည်းငယ်မျှပင် မတွေးမိခဲ့ပေ။ ဒီရက်ပိုင်းမှာ ရန်လေး ရှိနေသည့်နေရာတိုင်းမှာ ဘဘထူး ရှိမနေတတ်တာကို ခုမှ သတိတရတွေးမိလာသည်။

ပန်းကိုလာကြည့်တာ၊ ဂရုစိုက်တာတောင်မှ ဘဘထူးမျက်နှာက သိပ်နှုးညံ့ခဲ့တာမဟုတ်ပေ။ ဒါပေမယ့် ဒီအကြောင်းတွေကိုတော့ ဘဘထူး ဘာမှမပြောခဲ့ပါလား။

"အမလေး ယောကျ်ားတွေများ ကြောက်စရာကောင်းလိုက်တာကွယ်၊ ကိုယ့်မိန်းမကို ဒီလိုလုပ်ကြမယ်လို့ နည်းနည်းမှကို ထင်စရာမရှိပါဘူး၊ သူတို့က မဟုတ်တာလုပ်ထားတော့ မိန်းမကို မျက်နှာလို မျက်နှာရတွေလုပ်ပြီး ယုယကြင်နာတာတွေ၊ အလိုလိုက်အလျှော့ပေးတာတွေ





ဘယ်ယောကျ်ားနဲ့မှကိုမတူဘူး၊ တစ်လောကလုံးမှာ သူ့လောက် ဘယ်သူမှ မချစ်တတ်တော့သလိုလို ..."

ဒေါ်သန္တာ၏အသုံဘမှာ ပြောနေ[illegible]သည့် စကားတွေ နားထဲပြန်ဝင်လာ၏။ ဒါဆို သူမ လိမ့်ကျခဲ့သည့်အဖြစ်ဟာ သွေးရိုးသားရိုးမဟုတ်ခဲ့ဘူးလား။

ဘဘထူး မျိုသိပ်ထားခဲ့တာ ပန်း မကျန်းမာနေတုန်းမှာ စိတ်ဆင်းရဲမှာစိုးလို့ ဖြစ်မှာပါ။ ပန်း ကိုယ်လေးတောင့်သွားကာ သွေးထဲမှာ ဖျင်းခနဲဖြစ်သွား၏။

ဟိုအစကတည်းက မာန်တွေနဲ့ ဂရုမစိုက်စွာဖက်ပြိုင်နေလာခဲ့သည့် သူဟာ ဒီရက်ပိုင်းလေးကျမှ ချစ်ပါရစေ၊ ကြိုက်ပါရစေဆိုတာတွေ ဖြစ်လာသည်။

ဟန်မဆောင်နိုင်လောက်အောင် ပျာယာခတ်နေခဲ့၏။ အလုပ်တွေကို ဒီလောက်ထိပစ်ထားပြီး ဂရုစိုက်နေတာကို ထူးဆန်းသည်လို့တော့ တွေးမိသား။

ဒါပေမယ့် သူမ၏ မသိစိတ်ထဲမှာ သာယာမိသလိုလိုနှင့် ငြင်းဆန်မှုတွေလည်း အားနည်းသွားခဲ့သေးသည်။ ကိုယ့်ကိုယ်ကို အသည်းမာတတ်သူဟု ထင်ခဲ့သော်လည်း ယောကျ်ားတစ်ယောက်၏ ဖြားယောင်းမှုကို သူမ ခံနိုင်ရည်မရှိခဲ့ပါလား။ သူကတော့ ကိုယ့်ကို သေရာသေကြောင်း ကြံစည်လို့ ...။

မယ်မြကတော့ ပန်း မျက်နှာထက်မှာ ဘယ်လိုရောင်စဉ်တွေ ဖြတ်သန်းနေကြသည်ကို ဂရုမစိုက်မိဘဲ ပြောချင်တာတွေကို ဟန်တွေပန်တွေနှင့် ပြောနေဆဲ ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၈)

ဒီနေ့ အလုပ်သွားတော့မည်ဟု ဆုံးဖြတ်ထားသဖြင့် ခါတိုင်းထက် ပို၍စောစောနိုးနေသည်။ သုံးနာရီခွဲပဲရှိသေးသည်မို့ ဆက်အိပ်ဖို့ကြိုးစားကြည့်ပေမယ့် မရ။

ထို့ကြောင့် ပန်း မျက်နှာသစ်မလို့ အပြင်ထွက်လာခဲ့၏။

မျက်လုံးထဲမှာ လူရိပ်တစ်ရိပ် ဖျတ်ခနဲလှုပ်ရှားသွားတာကိုမြင်လိုက်ရလျှင် ဒီဘက်ကိုသွားမည့်ခြေထောက်တွေက တုံ့သွားသည်။

အပေါ်ထပ်မှာ ပန်းနဲ့ ရန်လေး တို့နှစ်ယောက်ပဲ အလယ်မှာ အခန်းလေးခြားပြီးနေကြတာဖြစ်ကာ ဘဘထူးကလည်း အောက်ထပ်မှာပဲနေ၏။

အလုပ်သမားတွေလည်း ဒီအချိန် မနိုးကြသေးတာ သေချာသည်မို့ ပန်း လှေကားပေါ်ကနေ ခပ်ဖွဖွဆင်းလာခဲ့သည်။

လှေကားတစ်ဖက်ချိုးရောက်တော့ ဘဘထူး၏အိပ်ခန်းကို လှမ်းမြင်ရပြီဖြစ်၏။ ပြာလဲ့လဲ့မီးရောင်အောက်မှာ စီးမိုးမြင်လိုက်ရသည်က မိန်းမ





အရိပ်ပင်။

ပိုသေချာသည်မှာ အရပ်မြင့်မြင့် တောင့်တောင့်ဖြောင့်ဖြောင့်ကြီးနှင့် ဆံပင်ရှည်ပုံစံကြောင့် သူမက မဒီ ‹ ဖြစ်သည်။ ပန်း ခပ်သွက်သွက် ဆင်းလာခဲ့ပြီး လှေကားဆုံးတော့ ဘဘထူး ... အိပ်ခန်းရှေ့ကနေပြန်လှည့်လာသည့် မဒီနှင့် ပက်ပင်းဆုံမိ၏။

"ဟင် ... မမ ..."

မဒီ.က ပန်း ထက်အသက်ကြီးသော်လည်း မမလို့ပဲ အမြဲခေါ်ခဲ့တာပါ။ ပန်းရှေ့မှာ ဖျတ်ခနဲခေါင်းငုံ့သွားကာ မျက်လုံးထဲမှာ တစ်ခုခုဖြစ်သွားသလို ပွတ်သပ်နေရင်း ပြန်မော့လာ၏။

"မဒီ ခေါင်းရင်းကြားထဲမှာ ဘာလုပ်နေတာလဲ"

ခေါင်းရင်းသွားသည့် စင်္ကြံလမ်းကလေးဟာ တစ်ဖက်က ဧည့်ခန်းကြီးကြောင့် လမ်းကြားကလေးလိုဖြစ်နေပေမယ့် အရှည်ကြီးလည်းမဟုတ်ပါ။

ဒီဘက်မှာ ဘဘထူး၏အိပ်ခန်းနှင့် ခြံထဲဘက်ကို မျက်နှာပြုဖွင့်ထားသည့် အပန်းဖြေခန်းလေးတစ်ခန်းပဲရှိသည်။

မီးဖိုခန်းလည်းမဟုတ်၊ ရေချိုးခန်း၊ အိပ်ခန်းနဲ့သည်း နီးနီးလေးမဟုတ်ဘဲ မဒီ ဒီဘက်ရောက်နေပုံက အံ့ဩစရာ။ မဒီ က မျက်လုံးတွေကိုဖိပွတ်၍ ပန်း မေးလိုက်တာကို တအံ့တဩဖြစ်သွားသည့်ပုံ။

"ကျွန်မ ... ကျွန်မက ခေါင်းရင်းကြားထဲကိုသွားတယ် ဟုတ်လား"

မေးရင်း မျက်လုံးတွေကို ထပ်ပွတ်၏။ သူမပုံစံက အိပ်မှုန်စုံမွှားဖြစ်နေတာမျိုး။ ဒါပေမယ့် မီးရောင်အောက်မှာမြင်နေရသည့်ပုံကတော့ အိပ်ရာက ထ,လာတာနဲ့လည်းမတူပါ။

"ဟုတ်တယ် မဒီ၊ ဘဘထူးအိပ်ခန်းရှေ့မှာရပ်ပြီး ဒီဘက်ပြန်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



ပန်း က စိတ်မရှည်သံနှင့်ထပ်ပြောလိုက်မှ မစီ မျက်လုံးတွေ မြူး ကျယ်သွားလျက် …

"အမလေး ဒုက္ခပါပဲ မမရယ်၊ ကျွန်မ အဲဒီလို ခဏခဏ ဖြစ်တတ်တယ် သိလား၊ အိပ်ရာဝင်နောက်ကျတဲ့နေ့ဆိုရင် ယောင်ယောင်ပြီး လျှောက်သွားနေတတ်တာ"

"ယောင်နေတာ ဟုတ်လား၊ အခု မစီ ယောင်ပြီးထွက်လာတာပေါ့"

"ဟုတ်တယ် ဟုတ်တယ်"

မစီ က ပြောနေရင်း သူ့ခေါင်း သူပြန်ထု၏။ ပန်း ကတော့ မစီ ဒီလို ယောင်တတ်တာကို မသိခဲ့ပါ။ ပြီးတော့ ဒီလိုလူမျိုးတွေရှိနေတယ်ဆိုတာ သာ ကြားဖူးသည်။ တကယ်ကိုယ်တွေ့လည်း မကြုံခဲ့ဖူးပေ။

မစီ ယောင်တယ်ဆိုတာကို အံ့ဩကာ နောက်ထပ်မေးမြန်းဖို့ကို တောင် မေ့သွားခဲ့မိသည်။ မစီ က ကိုယ့်ကိုယ်ကို ခေါင်းပြန်ထုလိုက် ရင်ဘတ်ထုလိုက်နှင့် ရှေ့ဆက်သွားမလို့ ခြေလှမ်းပြင်ပြီးမှ …

"မမ ဘာခိုင်းစရာရှိသေးလဲဟင်"

"မရှိပါဘူး၊ ဒါပေမယ့် ပြန်မအိပ်နဲ့တော့လေ၊ လေးနာရီထိုးတော့မှာ ကိုယ်လက်သန့်စင်ပြီး မီးဖိုထဲဝင်တော့"

"ဟုတ်ကဲ့ပါ"

မစီ ထွက်သွားတော့မှ သက်ပြင်းချမိသည်။ သူ့အခန်းရှေ့ထိ မစီ ရောက်လာတာကိုသာ ဘဘထူး သိသွားလျှင် မလွယ်။

ဒီလို ညမှုညတာမဆိုထားနှင့် နေ့ဘက်မှာတောင် သူ့အခန်းထဲကို ဘယ်အလုပ်သမားမှဝင်တာ မကြိုက်သော ဘဘထူးက သူ့အခန်းကို သူပဲရှင်းတာဖြစ်၏။

"မမ ဘာလို့ အစောကြီးနိုးနေတာလဲ"

"ဟင် …"





ရေချိုးခန်းထဲကိုဝင်မလို့ တံခါးဖွင့်လိုက်စဉ် ဘေးမှာ ရန်လေး ရောက်လာ၏။

ပန်း က မဖြေဘဲ အထဲဝင်လိုက်တော့ သူပါ ဝင်လိုက်လာကာ …

"မမ အခန်းပြင်ထွက်လိုက်ကတည်းက ကျွန်တော် ထွက်လိုက်လာတာ"

ပန်း ခြေလှမ်းတုံ့သွားပြန်သည်။ ဘေစင်ရှေ့သို့ရောက်နေပြီမို့ နောက်လှည့်မကြည့်ဘဲနှင့် သူ့မျက်နှာကို မှန်ထဲမှာမြင်နေရသည်။

သူက မှန်ထဲကိုမကြည့်ပါ။ ပန်း မျက်နှာကိုပဲ ဘေးဘိုက်ကနေ ငုံ့ကြည့်လျက် …

"ဘာဖြစ်လို့မှန်းမသိဘူး မမ် လိမ့်ကျပြီးကတည်းက အဲဒီလိုထပ်ဖြစ် ဦးမလားဆိုပြီး စိုးရိမ်နေတယ်၊ ညညဆို အိပ်လို့ တော်တော်နဲ့မပျော်ဘ မမအခန်းဘက်ကိုပဲ နားစွင့်နေမိတာ"

နောက်ထပ် ရင်ထဲမှာ ဖျင်းခနဲဖြစ်သွား၏။ နောက်ဝေဝ် တ ျိုး ကြံစည်ချင်လို့ အလစ်ချောင်းနေတာလား၊ ကြောက်သည့်စိတ်ထက် ဒေါသ က ပိုကဲကာ သူ့ကို ချာခနဲလှည့်ကြည့်မိသည်။

"ရန်လေး"

"ဟင်"

"ငါသေမှမဟုတ်ဘူး၊ ခုလဲ မင်းလိုချင်တာကို တောင်းဆိုလို့ရတယ်၊ ဘာလိုချင်သလဲ ပြော"

"ဘာ … ဘာပြောလိုက်တာလဲ"

ရန်လေး မျက်နှာ ကွက်ခနဲပျက်သွားသည်။ ညဝတ်အင်္ကျီမဟုတ်ဘဲ ဆိုးလဲလိုက်ရုံနှင့် ညဝတ်ရုံဖြစ်တတ်ခဲ့သော ရန်လေးသည် စပို့ရှပ်ရဲရဲ ဆိုးအညိုကွက်စိပ်နှင့် အိပ်ရာထလာတာနှင့်လည်းမတူသောမျက်နှာက ကျက်ချင်ကြီးအရောင်ရင့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းစောင့်ကြည့်နေရတာ ပင်ပန်းမှာစိုးလို့ပြောတာ၊ ပန်းတစ်ပွင့် ဆိုတဲ့မိန်းမက သိပ်တော့မကြောက်တတ်ဘူး၊ ဒါပေမယ့် ကျောမလုံဖြစ်နေတာကြီးကို မလိုချင်ဘူး။ မင်း ငါ့ဆီက လိုချင်တာပြော၊ ကြိုက်တဲ့လမ်းကိုသွား၊ လူကို ရှင်းပစ်ဖို့ထိ ကြံတာကတော့ လောဘကြီးလွန်းတာပေါ့"

"မမ ..."

ရန်လေး မျက်နှာကြီးနီရဲလာသည်။ အသားတုန်အောင် ခံစားလိုက်ရသော်လည်း ဒိထက်ပို၍ ဘာစကားမှထွက်မလာနိုင်။

"မင်းရင်ထဲမှာ ဘာတွေရှိနေသလဲဆိုတာ ငါက အားလုံး ကြိုသိနေတယ်၊ အဲဒီတော့ မာယာတွေသုံးမနေနဲ့တော့"

"မင်း တော်တော့"

ဒေါသဖြစ်ဖြစ်နှင့် ပန်း လက်မောင်းလေးကို ဖိဆုပ်ပစ်လိုက်ပြီး ပြန်လွှတ်လိုက်မိသည်။ တစ်ယောက်နှင့်တစ်ယောက် ချစ်ကြင်နာခြင်းတွေ ဖလှယ်ကြဖို့ ကိုယ့်မာန၊ ကိုယ့်ရဲ့သိက္ခာတွေကို သူမဖေါ်ခြေရင်းမှာ ပုံချပေးခဲ့မိ၏။

ချစ်ခွင့်ပန်၍ ချစ်လာမှာပဲဟု မျှော်လင့်ခဲ့သည်။ ကိုယ့်ဘက်မှာ ဘာမှားခဲ့လို့လဲ၊ သူ ချစ်ခဲ့ရသမျှ စိုးရိမ်ကြင်နာမိလို့ ပွေ့ပိုက်ယုယခဲ့သမျှဟာ လူသတ်သမားနှင့်တူနေသည်အထိ မှားယွင်းခဲ့သည်ဆိုလျှင် ...

"တောက် ..."

ရန်လေး ချာခနဲပြန်လှည့်လိုက်သည်။ သို့သော် သူမနှင့် ကျောချင်းကပ်လျက်မှာပဲ ရပ်တန့်သွားမိကာ ...

"အဲဒီလိုကောင်မျိုးဖြစ်မှာစိုးလို့ မမရဲ့အမုန်းခံပြီး ကျွန်တော့်ခြေထောက်ပေါ် ကျွန်တော် ရပ်နိုင်အောင်ကြိုးစားခဲ့တာ၊ ဒါတောင် မမ ထင်လိုက်သေးတယ်၊ တကယ်ပြောရက်တယ်ဗျာ၊ မုန်းပါတယ်ဆိုတဲ့စကားကို တစ်နေ့ အခါရှစ်ဆယ်လောက်ပြောပြီး ဥပေက္ခာတွေထားပါ၊ ကြိုက်သလို





အနိုင်ယူပါ၊ အဲဒီမိန်းမရဲ့အချစ်ကိုရဖို့ ဆံဖြူသွားကျိုးတဲ့အထိ ကျွန်တော်စောင့်နေနိုင်တယ်"

ရန်လေး က နောက်ကို နည်းနည်းမှငဲ့မကြည့်တဲ့ အံကြိတ်သံနှင့်ပြောနေ၏။

"လူသတ်သမားဖြစ်လောက်တဲ့အထိ စော်ကားလိုက်တဲ့ စကား တစ်ခွန်းကိုတော့ သည်းမခံနိုင်ဘူး၊ စိတ်ချပါ၊ မမ စိတ်ချမ်းသာ၊စရမယ်"

သူ ထွက်သွားခဲ့သော ဂျိမ်းခနဲ တံခါးပိတ်သံက အရှေ့တက်ချိန်၏ တိတ်ဆိတ်ခြင်းအောက်မှာ ကျယ်လောင်စွာမြည်ဟီးသွား၏။

ပန်း နောက်ကို လိုက်ကြည့်နေမိကာ ဇွတ်ပိတ်သွားခဲ့သည့်တံခါးချပ်ကြီးကိုငေးရင်း မလှုပ်မယှက်ဖြစ်သွားခဲ့သည်။

'ပြောရက်တယ်'တဲ့။ မင်းကိုရော 'ကြံစည်ရက်တယ်'လို့ ငါက မထင်ရတော့ဘူးလား။ မာနတွေကြီးပြီး ကိုယ့်စီးပွားကိုယ်ရှာပြလိုက်ပါသေးသည်။

ဒီလိုတွေကြံစည်နေတာဟာ အမွေတွေကို အပိုင်စီးချင်လို့မဟုတ်ဘူးဆိုရင်တောင် ကာရန်ချို့ကို လက်တွဲချင်လို့ မဖြစ်နိုင်ဘူးလား။

မင်းကသာ ဟန်ဆောင်ကောင်းနေတာ ရန်၊ အဲဒီမာယာတွေထဲမှာ ငါ အညာမိတော့မလို့ တဲတဲလေး။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

"မင်းကလဲ ဒီလောက်ညစ်မနေပါနဲ့ကွာ၊ ပြဿနာရှိရင် အဖြေရှာရမှာပေါ့"

"ဟုတ်ပါတယ် ကိုရန်ကလဲ"

လင်းထွဋ်းက သူ ပစ်ချထားသည့် တစ်ဝက်မကျိုးတကျိုး စီးကရက်တွေကို လိုက်ကြည့်ပြီး ခေါင်းတခါခါ၊ ကျော်စိုးကတော့ သူပဲ လိုက်ငိုတော့မယ့်အတိုင်း ...

"ကိုရန်တို့ကိစ္စကြီးမှာ ဟိုအဘိုးကြီး ဝင်ရှုပ်နေတာ အသိသာကြီးပါ"

"ဟုတ်တယ် ရန်လေး၊ ဒီလူကြီးက ဘာလဲ၊ မိဘကတောင် သဘောတူခဲ့တဲ့ကိစ္စကို သူက ခုချိန်ထိ မတူမတန်သလိုဖြစ်နေတာ အဓိပ္ပာယ်မရှိဘူး"

သူတို့ စကားပြောနေကြတုန်း အပြင်ကနေ ဘဲလ်သံတစ်ချက် ထွက်ပေါ်လာကာ ...

"ဆရာ အပြင်မှာ ဧည့်သည်ရောက်နေတယ်၊ လွှတ်လိုက်ရမလား"





"ဘယ်သူ့မှမလွှတ်နဲ့"

ရန်လေး ဘာကိုမှ ဂရုမစိုက်နိုင်။ စိတ်ရှိလက်ရှိ မျိုချပစ်ချင်တာက အရက်ဖြစ်၏။ မူးအောင်သောက်ပြီး မေ့ပစ်ချင်သည်။ ဒါပေမယ့် မေ့သွားမှာမှမဟုတ်ဘဲ။

မူးနေတုန်း မေ့လို့ရသည်ဆိုရင်တောင် အမြဲတမ်းမေ့နေနိုင်အောင် အရက်တွေကို အမြဲတမ်း မျိုချနေရမှာဖြစ်၏။ စိတ်ညစ်လို့ အရက်သောက်တယ်ဆိုသည့်အဖြစ်ကို သူ ဘယ်တုန်းကမျှ မှန်တယ်လို့ မမြင်ခဲ့သူ။

ထို့ကြောင့် သူ့စားပွဲပေါ်မှာ စီးကရက်တိုတွေချည်း ပွထနေခဲ့သည်။ Sky ၏ရုံးခန်းထဲမှာ ထိုင်မိပြီဆိုကတည်းက ဘာအလုပ်မှလည်းမလုပ်နိုင်၊ ဘယ်ကိုမှလည်း မထဖြစ်တော့ဘဲ ဖုန်းတစ်လုံးနှင့် ညွှန်ကြားလိုက်၊ စီးကရက်ဖွာလိုက်။

ထမင်းလည်းမစားဖြစ်ဘဲ ညနေလေးနာရီထိုးခဲ့ပြီဖြစ်၏။ သုံးနာရီခွဲခါနီးမှ လင်းထွဋ်းနဲ့ ကျော်စိုး ရောက်လာကြလို့ စကားပြောဖြစ်ခဲ့သည်။ ခံစားချက်တွေ ပြည့်ကျပ်နေသည့်ရင်ဘတ်ထဲမှာ ဘာတွေဖြစ်နေမှန်း ကိုယ့်ကိုယ်ကိုလည်း မကြည့်ချင်တော့ပေ။

"ငါ ဒီမှာပဲ ပြောင်းနေဖို့ မင်း စီစဉ်ပေးကွာ"

"ဟင် ..."

လင်းထွဋ်း အံ့သြသွား၏။ ရန်လေး အလုပ်ကြိုးစားတာ ဘယ်လောက်ထိလဲဆိုရင် ရုံးခန်းထဲမှာတောင် ဒရင်းဘက်မထားပေ။ နားနေခန်းဆိုတာလဲ သီးသန့်မရှိ။

"မင်းကလဲ တစ်နေကုန်ကွာ၊ ရောဂါရနေပါ့မယ်"

ဟု သတိပေးကာ ဒရင်းဘက်ဒ်တစ်လုံးကို ထားဖြစ်အောင် သူပဲ စီစဉ်ခဲ့ရသည်။

"မင်းကိုကြည့်ရတာ တစ်စုံတစ်ယောက် ဒါမှမဟုတ် လူတစ်စုကို



www.burmeseclassic.com

www.burmeseclassic.com



နာကြည်းခံပြင်းလွန်းလို့ အသေခံပြီး ကြိုးစားနေသလိုပဲ၊ မင်းရဲ့ဘေး မှာ အခု ပန်းတစ်ပွင့်ရှိနေတာဆိုတော့ သူ့ကို စိတ်နာစရာတွေရှိလို့လား"

ဒီလိုလည်းမေးကြည့်ခဲ့ဖူး၏။ ရန့်လေး က ခေါင်းခါခဲ့သည်။

"ငါ့ဘဝနဲ့ငါပါ"

ဟု ဖြေ၍ အပတ်တကုပ်ကြိုးစားခဲ့တဲ့သူ၊ သူ့ဘဝဆိုတဲ့ အမိုးပွာယ် ထဲမှာ နောက်ထပ် ဘာတွေများ ရှုပ်ထွေးနေပြန်ပြီလဲ။

"ရန့်လေး ..."

သူ ခေါ် လိုက်တော့ မှုန်ကုပ်ကုပ်အကြည့်နှင့် မော့လာ၏။

"ရှုပ်နေရင် ရှင်းရမယ်ကွ၊ မင်း ဒီတိုင်းထွက်လာရင် မင်းမိန်းမက ဟုတ်လို့ရင်မဆိုင်ရဲတာလို့ဘဲ မင်းကိုထင်မှာပေါ့"

"ရှင်းရအောင် ငါ ဘာမှရှုပ်ထားတာမရှိဘဲနဲ့ ဘာကို ထပ်ရှင်းရမှာလဲ၊ ဘယ်သူ့ကိုဖြစ်ဖြစ် ငါ စိတ်မဝင်စားဘဲနဲ့ မဆက်ဆံဘူး၊ တစ်ယောက်နဲ့ တစ်ယောက် ဆက်ဆံမိပြီဆိုရင်လဲ ယုံကြည်မှုဆိုတာ ထားတယ်၊ သူ ဒီနေ့မကောင်းရင် ဒီနေ့ သွားပေါ့ကွ၊ ကိုယ့်အခွင့်အရေးနဲ့ကိုယ်ပဲ၊ ခေါ် ချင် ခေါ် မခေါ် ချင်နေလို့ရတာပဲ။ မမ ငါ့ကို တစ်ချိန်လုံး လူသတ်သမား ဆိုတဲ့ သံသယမျက်လုံးကြီးနဲ့ကြည့်နေခဲ့တာ မင်း စဉ်းစားကြည့်၊ သူနဲ့ငါ သတ်ချင် ရလောက်အောင် မုန်းနေကြတဲ့ရန်ငြိုးတွေ ရှိခဲ့ဖူးလား၊ သူ့ကိုသတ်ပြီး သူ့ပစ္စည်းတွေကိုယူဖို့ထိ ငါ မက်မောနေတယ်လို့ထင်တာရော သဘာဝ ကျသလား၊ လူဆိုးလူမိုက်က ချိုမပါဘူးဆိုပေမယ့် လူတစ်ယောက်ကို အကဲခတ်တာ ချိုပါ၊ မပါ ကြည့်ပြီးမှ အကဲခတ်လို့ရသလား"

ပြောပြီး ခပ်ကြိတ်ကြိတ် တက်ခေါက်သည်။ လင်းထွဏ်းနဲ့ ကျော်စိုး တစ်ယောက်နဲ့တစ်ယောက် လှမ်းကြည့်မိကြ၏။

တစ်နေရာရာမှာ ချိန်းပွဲရှိလို့ ဖိုက်တင်ပလေးကြမယ့်အဖြစ်မျိုး ဆိုရင် လည်း 'ချကွာ၊ လုပ်ကွာ' ဆိုပြီး မြှောက်ပေးသင့်ရင် ပေးမိမည်။ ကျောင်း





တုန်းကလို 'အဖေဆူလို့၊ ငါ စိတ်ညစ်လို့' ဆိုတာမျိုးကို စိတ်ပြေလက် ပျောက်ဖြစ်အောင် ဂိမ်းဆိုင်သွားမယ်၊ အင်တာနက်ဝင်မယ်၊ ဘာညာတွေနဲ့ ဖြေသိမ့်မှုပေးကြဖို့ဆိုတာလည်း မခက်ခဲပေ။ အခုဟာ အိမ်ထောင်ရေး ပြဿနာဖြစ်နေသည်။

ထို့ပြင် အကြောင်းအရာအတိမ်အနက်က သေးသေးကွေးကွေး မဟုတ်ပေ။

"ငါ့အဖြစ်က တွေးကြည့်လေ တိုင်နဲ့ခေါင်းနဲ့ ပြေးတိုက်ပစ်ဖို့ကောင်း လေ။ လူသတ်သမားအထင်ခံရတာတောင်မှ ခုံခုံညားညားမရှိဘူး၊ မိန်းမတစ်ယောက်ကိုသတ်ချင်တာများ လှေကားတစ်ထစ်ဖြုတ်ထားပြီး ကလိမ်ကကျစ်ဉာဏ်တွေ သုံးနေစရာလိုသလား"

"ဒါကတော့ကွာ ကြားစကားဆိုတာ သိပ်ကြောက်ဖို့ကောင်းတာ၊ သူ့ခေါင်းထဲမှာ ဒီလိုထင် ဒီလိုခိုင်မာသွားအောင် သွေးထိုးစကားပြောတဲ့လူ က ဘယ်လိုပရိယာယ်တွေနဲ့ ဆွဲဆောင်နေမှန်းမှမသိတာ၊ မင်းကိုတောင် တိုက်ရိုက်ကြီးစွပ်စွဲရသေးတာ မင်းမိန်းမကိုလဲ ဖြစ်နိုင်ချေရှိတာတွေချည်း ပဲ၊ အကိုးအကားတွေ ကြံဖန်လုပ်ပြီး ပြောချင်ပြောမှာ"

ရန့်လေး က လက်မခံပါ။ သူ့နာမည်ကိုက 'ရန့်ဘက်' ဖြစ်နေသဖြင့် အတိုက်အခံ၊ အနိုင်မခံလိုသည့် မာနစိတ်က နဂိုကတည်းကရှိသည်။

စိတ်ထဲမှာထင့်သွားပြီဆို ဒါကိုရှင်းလိုက်ရမှ ပြဿနာအတိမ်အနက် အတိုင်း ပါးစပ်နဲ့ဖြစ်ဖြစ်၊ လက်နဲ့ပဲရှင်းရှင်းရ၏။

လူတစ်ယောက်ကို သတ်ပစ်ချင်လောက်အောင်မုန်းနေပြီး သတ်သင့် နေပြီဆိုတာ ခိုင်မာနေမှဖြင့် ရင်ဆိုင်ရှင်းပစ်လိုက်မည်သာဖြစ်သည်။ ရင်ထဲမှာနာနေတာက သူ တစ်သက်လုံး မျိုသိပ်ကြိုးစားလာခဲ့ရတာတွေ အလကားဖြစ်သွားခဲ့ခြင်းကြောင့်ပင်။

ဒီလိုအထင်သေးမှာကို မလိုလားပါဘူးဆိုမှ ဘယ်တော့မှ အထင်



www.burmeseclassic.com

www.burmeseclassic.com



မကြီးနိုင်ပါဘူးဆိုသည့်မျက်လုံးစိမ်းနှင့်ကြည့်ပြီး ရင်ဝကိုအကန်ခံခဲ့ရသည်။

ထို့ပြင် ထိုသူဟာ သူချစ်မိခဲ့သောမိန်းမ ဖြစ်နေခဲ့၏။

"ရန်လေး ... ပန်းတစ်ပွင့် ကို မင်း ချစ်နေတယ်မဟုတ်လား"

အဆမတန်ခံစားနေရသည့် သူ့မျက်လုံးထဲကို စိုက်ကြည့်ကာ လင်းထွဏ်းက မေးသည်။ မျက်လွှာပင့်ကြည့်မိပေမယ့် ရန်လေး က မဖြေပါ။ ဒါပေမယ့် လင်းထွဏ်းက နားလည်သွားကာ ...

"ခဏတော့သည်းခံလိုက်ပါဦးကွာ၊ ငါ မင်းအတွက် မင်းပြောတာကို ပြင်ဆင်ထားပေးပါ့မယ်၊ ဒီစင်တာတစ်ခုလုံး မင်းပိုင်တာပဲ၊ ဘယ်နေရာနေနေ မင်း ဘာလုပ်လုပ် ရတယ်၊ ဒါကိုမပူနဲ့ မင်းလုပ်ရမှာက ကိုယ်လင်မယားချင်း နားလည်မှုကိုရဖို့ပဲကွ၊ လက်ထပ်ပြီးခါစ မင်းတို့ ဒီလောက်မှ မဆိုးကြတာ၊ တိုက်ဆိုင်မှုတွေဖြစ်ကုန်တာရှိလို့ ဖြစ်ကြတာလို့ ငါထင်တယ်၊ မှန်အောင်နေပြလိုက်ရင် ပြီးသွားမှာပါ"

"ဟုတ်ပါတယ်ဗျာ ကိုရန်ကလဲ စီးကရက်သောက်တာတွေလဲ တော်ပါတော့၊ ဒီမှာ မနည်းမနောပဲ ကြည့်ပါဦး"

ကျော့်ရိုး က လင်းထွဏ်းလိုလည်း ရန်လေးနဲ့သူ ရှယ်တူမဟုတ်တော့ များများစားစား ဘာမှမပြောတော့ဘဲ ပွထနေသည့် စီးကရက်တိုတွေကို ရှင်းလင်းပစ်လိုက်သည်။ ပြီးတော့ စားပွဲကိုပါရှင်း၍ ရန်လေး မျက်နှာကို အကဲခတ်သည်။

ကြေညာလိုက်ရတော့မှာလား၊ 'နောက်နှစ်ရက်အဖို့ တစ်ပြည်လုံးတွင် သာယာမည်'။





အခန်း (၃၀)

ရန်လေး ၏ပုံစံ သိသိသာသာပြောင်းလဲသွားတာကို ပန်း သတိထားမိသည်။ ခါတိုင်းဆို မနက်ပိုင်းမှာ ကော်ဖီအတူမသောက်ဖြစ်ရင်တောင် မျက်နှာချင်းဆိုင်ဖြစ်၊ စကားပြောဖြစ်ကြတာမျိုးရှိသည်။

ဒါမှမဟုတ် ညနေပိုင်းဆို များသောအားဖြင့် အချိန်မှန် ပြန်ရောက်နေတတ်တာမို့ မတွေ့ဖြစ်တဲ့နေ့ မရှိ။ ခုကျတော့ မနက်မိုးလင်းတာနှင့် သူ မရှိတော့ဘဲ ညမိုးချုပ်မှ ပြန်လာတတ်တာများသည်။

ရောက်လာတာနှင့် စာကြည့်ခန်းထဲဝင်သွားတတ်ကာ လူတွေ အသွားအလာမရှိတော့ဘူးဆိုမှ ရေချိုး ထမင်းစားပြီး တစ်ယောက်တည်း တိတ်ဆိတ်စွာနေတတ်၏။

ရင်ထဲမှာ လိုနေသလိုလို၊ မခံချင်သလိုလို ဂရုမစိုက်ဘူးဆိုပြီး ဒါကိုပဲ ခဏခဏတွေးဖြစ်နေ၏။ ကိုယ့်ကိုသတ်ဖို့ကြိုးစားနေသူမှန်း အကြောင်းတွေအားလုံး ခိုင်မာနေခဲ့တာတောင် နာကြည်းတာက သပ်သပ်၊ သတိရမိတာက တခြား။

"မမလေး ဘယ်ကိုသွားမှာလဲဟင်၊ မိုးချုပ်တော့မှာကို..."



www.burmeseclassic.com

www.burmeseclassic.com



"ခြုံထဲ ခဏပါ"

ပန်း ချည်းပဲ ကျန်းမာရေး ခဏခဏဖြစ်နေသဖြင့် မယ်မြကြ အရင်ကထက်ပို၍ ဂရုတစိုက်ရှိနေ၏။ အလုပ်သမားလိုမဟုတ်ဘဲ ညီအစ်မအရင်းအချာတစ်ယောက်လို စောင့်ရှောက်နေတာမျိုးဖြစ်သည်။

ပန်း ဆက်လျှောက်လာခဲ့တော့ တံခါးဝကနေ လည်ပင်းဆေးရှည်ကြည့်နေရင်း ကျန်ရစ်ခဲ့၏။ ရောင်စုံပန်းခင်းကြီးထဲမှာ သက်တန့်ရောင်ပတ်လည်စင်းပါသည့် ဝတ်စုံလေးနှင့် ပန်း၏ အလှတရား ရောထွေးနေသည်။

ခြေတစ်လှမ်းလှမ်းမိတိုင်း ခြေဦးထိပ်ကို ငုံ့ကြည့်မိလိုက်၊ မျက်နှာလေးမော့ပြီး အဓိပ္ပာယ်မဲ့ငေးနေမိလိုက်၊ အစကတည်းကလည်း နွေးထွေးမှုမရှိခဲ့သော အိမ်ထောင်ရေးပါပဲ။

ဒါပေမယ့် ခုကျမှ ပိုပြီးအထီးကျန်ဆန်နေသလိုခံစားမိသည်။ နာကျင်ခြင်း၊ သတိရခြင်းနှစ်ရပ်၏ လွန်ဆွဲမှုကြားမှာ နှလုံးသားက ဗိုင်းရပ်စ်ဝင်သလို ချက်ချင်းကြီး ဆတ်ဆတ်ခါလာ၏။

နင့်သည်းသော ထိုဝေဒနာမှာ အဖြေကတော့မရှိပါ။ နားထဲမှာ ကားသံညက်ညက်ကို ကြားလိုက်ရသဖြင့် ပန်း လှမ်းကြည့်လိုက်မိသည်။

လင့်န်ခရိုဇာကား၏ ရှေ့ဦးကိုမြင်လိုက်ရသဖြင့် မျက်နှာလွှဲပစ်လိုက်မိ၏။ မနေ့ တစ်နေ့ကနှင့်မတူ မနှစ် တစ်နှစ်ကထက်လည်း အများကြီးကွာခြားသွားပါပြီ။

ရန်လေး ဆိုသည့်လူငယ်လေးတစ်ယောက်သည် သိန်း ထောင်ကျော်တန်ကားကိုလည်း စီးနိုင်နေပြီ၊ အောင်မြင်မှုတွေနှင့်လည်း ဝေစီနေပြီဖြစ်၏။

ထို့ကြောင့် သူ့မှာ မာနတွေရှိသည်။ ဘဘထူးကတော့ ဒါတွေကို ကြိုမြင်နေခဲ့ဟန်တူပါသည်။

"အထူးသဖြင့် ယောကျ်ားလေးတွေက ချမ်းသာတဲ့ဒဏ်ကို မခံနိုင်ကြ





ဘူး သမီးရဲ့၊ ရှိပြီးရင် ထပ်ရှိအောင်လုပ်မယ်၊ တစ်ထောင်ဖြုန်းနိုင်ရင် တစ်သောင်းဖြုန်းနိုင်သလိုလိုနေပြမယ်၊ သာယာမှုတွေနဲ့ ယစ်မူးမိပြီဆိုရင်လဲ သာယာပြီးရင်း သာယာချင်ရင်းပဲ၊ အဲဒီလောဘက အတောမသတ်ဘူး၊ ဒီထဲမှာ မျိုးသိပ်ဟန်ဆောင်နိုင်တဲ့သူတွေ ကြောက်စရာအကောင်းဆုံးပဲ"

. . . .တဲ့။

ဒီ လာက်အောင်မြင်နေပါမှ ဒီထက်ပိုလိုချင်တာလား၊ ဒါမှမဟုတ် သစ္စာမရှိတဲ့ယောကျ်ားဆိုတာမျိုး နာမည်မတွင်ရအောင် တစ်ပင်လဲမှ တစ်ပင်ထူလိုက်သလိုလို ဖန်တီးချင်သည်လား။

ရန်လေး ကို ဘယ်လိုလူလို့ သတ်မှတ်မရနိုင်ဘဲ နာကျည်းနေမိခဲ့သည်။ အစက အမြစ်တွယ်ခဲ့သည်မှာ အိမ်ထောင်ကျပြီဆိုသည်နှင့် ငွေရဖို့ကို ကုန်းရုန်းရှာဖွေခဲ့သည့်ယောကျ်ားဖြစ်နေခဲ့သောကြောင့် ပန်း နှုတ်ခမ်းလေးကိုဖိပိတ်ပစ်လိုက်ပြီး မျက်နှာငုံ့ကြည့်လိုက်မိလျှင် ...

"ဟင် ..."

သူမ၏ရှေ့နားလေးမှာ မြက်ခင်းစိမ်းလေးလိုငြိမ်သက်နေခဲ့ပြီးမှ လှုပ်လှုပ်ရှားလာသည့် သဏ္ဌာန်လေးတစ်ခု ...။

အဝါရောင်အကွက် အဆက်လေးများနှင့် မြွေဆိုးသည် သူမ၏ခြေသံကြောင့်ထင်သည် ခပ်လွှန့်လွှန့်ဖြစ်သွားကာ ဆတ်ခနဲခေါင်းထောင်လိုက်၏။

ပန်း မျက်လုံးတွေပြာသွား၏။ နောက်ကို ကမန်းကတန်းပြန်ဆုတ်လိုက်သော်လည်း ခြေထောက်ချင်းခလုတ်တိုက်ကာ ...

"အား ..."

မြေပြင်ရှေ့မှာ လည်စင်းပေးလိုက်ရပြီမှန်း နားလည်ကာ အလန့်တကြား အော်ပစ်လိုက်မိသည်။ ထို့နောက် သူမ ခြေထောက်တွေ ဘယ်ကိုမှ မလှုပ်ရှားနိုင်တော့ဘဲ နေရာမှာပဲပုံကျလျက် အားလုံးကို ဘာမှမသိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"မမ"

" . . . "

"မမ သတိရပြီလား"

"ဟင် ..."

မေးဖျားကိုကိုင်လှုပ်နေမှန်းသိလာကာ မျက်လုံးတွေကို ဖွင့်ကြည့်လိုက်မိ၏။ သူမသည် ခြံထဲမှာမဟုတ်တော့ဘဲ ညှိခန်းဆိုဖာထက်မှာဖြစ်ကာ အနားမှာ မစီ နဲ့ မယ်မြ လည်းရှိသည်။ သူမက ရန်လေး၏ရင်ခွင်ထဲမှာ ...

"မြေ့ ... မြေ့ကော ..."

ဟု အလန့်တကြားမေးကာ ကိုယ့်ခြေထောက်ကို ကယောင်ချောက်ချား ပြန်ငုံ့ကြည့်မိ၏။

"မြေ့ကို ကျွန်တော် ရိုက်သတ်ပစ်လိုက်ပြီ၊ မမကို မကိုက်မိပါဘူး၊ မမ ဘာမှမဖြစ်ဘူး"

ပန်း ကို မယ်မြက သောက်ရေတစ်ခွက် လှမ်းပေး၏။ ရန်လေး က ယူပြီး သူမ၏နှုတ်ခမ်းလေးရှေ့မှာ ကပ်ပေးကာ ...





"မမ အရမ်းလန့်သွားတယ်၊ ရော့... ရေသောက်လိုက်ဦး"

ပန်း က ရေခွက်ကို သူမဘာသာယူကာ ရန်လေးရင်ခွင်ထဲက ရုန်းထွက်လိုက်၏။ ထိတ်လန့်စိတ်ပြေသွား ည်နှင့် သူ့ကို မနှစ်မြို့ခြင်းက ပြန်ပေါ်လာကာ ...

"ကျေးဇူးပဲ"

ဟု မကြည့်ဘဲပြောကာ ထိုင်ရာမှ ထလိုက်၏။ တစ်လျှောက်လုံး ပူပန်တကြီးတွေးပွေ့ထားခဲ့သော ရန်လေး မျက်နှာမှာလည်း ပြောင်းလဲခြင်းတွေ ချက်ချင်းဖြစ်ကုန်ပြီး သူမဘေးမှာ အတူတူယှဉ်ရပ်လိုက်ရင်း...

"ကျေးဇူးမလိုပါဘူး၊ အဲဒီမြေ့ကို ကျွန်တော်သွားလွှတ်ထားတယ်လို့မထင်ဘူးဆိုရင် လုံလောက်ပါတယ်"

ပြောပြီး ချာခနဲလှည့်ထွက်ခဲ့သည်။ ဘေးကကြည့်နေသည့် မယ်မြက ရင်ဘတ်လေးမသိမသာဖိပြီး မစီ ကို လှမ်းကြည့်၏။ မစီ က သက်ပြင်းလေးချပြီး လှည့်ထွက်သွားပေမယ့် မယ်မြ က စိုးရိမ်မပြေ။

ဒီနေ့ ဘဘကြီးမရှိလို့ တော်နေသေးသည်။ မဟုတ်လျှင် အခြေအနေက ဒီထက်ပိုဆိုးသွားနိုင်၏။ ဘဘကြီးနဲ့ အစ်ကိုလေး ပြဿနာဖြစ်ပြီဆို မမလေးက ဘာဖြစ်လို့ အစ်ကိုလေးဘက်က မရှိရတာလဲ။

ဟိုတစ်ခါ သူမ အတွေးလွဲပြီး ပြန်ပြောပြမိတာကို သတိရကာ ဒီတစ်ခါ ဘာမှမပြောမိအောင် ကိုယ့်နှုတ်ခမ်းကို ပြန်၍ဖိပိတ်ထားမိသည်။

ကိုယ်ကတော့ ဘဘကြီးနဲ့ အစ်ကိုလေး ဒီလိုဒီပုံ အငြင်းပွားကြသည်ဟု ပြောပြလိုက်လျှင် အစ်ကိုလေးက မှန်တယ်လို့များ မမလေး ထောက်ခံလာမလားလို့ပါ၊ တကယ်တမ်းကျတော့ ဟုတ်မှမဟုတ်ဘဲ။

လင်မယားနှစ်ယောက်ကို လေးနဲ့သုံးဖြစ်အောင် ကြိုးစားမိကာမှ သုံးနဲ့လေးဖြစ်သွားခဲ့ရခြင်းကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

"ဟင် အစ်ကိုလေး၊ ဘာလိုချင်လို့လဲ၊ နို့ထည့်ဖို့ဖန်ခွက်လား"

"မဟုတ်ဘူး"

ရန်လေး က ဆွဲလာသည့် ဆိတ်နို့အိတ်ကို မယ်မြ လက်ထဲ ထည့်လိုက်ကာ ...

"အဲဒါကို သကြားနဲ့ ဆားလေး မြမြပဲခတ်ပြီး မလိုင်တက်အောင်ကျိုလိုက်"

"မမလေးအတွက်လားဟင်"

"ဟုတ်တယ်၊ ညညဆို သိပ်မအိပ်ဘဲနဲ့ သွေးအားနည်းနေတာ၊ အဲဒါကို နွားနို့တွေ၊ ဆိတ်နို့တွေ ဘာမှပြောမနေနဲ့ သောက်ဖြစ်အောင်တိုက်လိုက်"

"ဟုတ်ကဲ့ပါ"

ရန်လေး ထွက်သွားတော့ နို့ကို အိုးသန့်သန့်ထဲမှာ သေချာထည့်လိုက်ပြီး ပန်းကန်တွေဆေးနေသည့် မစီ နားသို့ အသာကပ်ကာ ...





"အစ်ကိုလေးက မမလေးကို အရမ်းဂရုစိုက်တာပဲနော်၊ သနားပါတယ်"

"ဘာသနားတာလဲ"

"မမလေးက ခေါ်မှမခေါ်တာ"

"သူတို့မှာ အကြောင်းရှိလို့ဖြစ်မှာပေါ့ဟဲ့၊ သူများကိစ္စကို စပ်စုမနေနဲ့၊ မမက ပန်းခူးခိုင်းထားတယ်မဟုတ်လား၊ သွားခူးချေ"

"ခူးမှာပါ မမလေးက ခုမှ ရေချိုးနေတုန်း၊ အလုပ်စားပွဲထိုင်တဲ့အချိန်မှာ ပန်းထိုးထားပြီးရင် ပြီးတာပဲ"

"နင် အဲဒါပဲသိလား၊ အလုပ်တစ်ခုလုပ်ရင် တော်ကြာမှ၊ မနက်ဖြန်မှနဲ့ ပြီးသွားရင်ပြီးတာပဲမဟုတ်ဘူးလား၊ သွားလုပ်လိုက် သွား"

"ဒါဆို မစီ နို့ကျိုပေးနော်၊ ပြီးတော့ ဟိုဘက်ခြံက ကြောင်သူခိုးရန်လဲ သတိထား"

"ထားခဲ့"

မယ်မြ ခေါင်းလေးညိတ်ကာ မီးဖိုထဲကနေ ထွက်လာခဲ့၏။ တံခါးဝမှာ ဦးမြတ်ထူးနှင့်တိုက်မိတော့မလိုဖြစ်သွားသောကြောင့် မ်နည်း ကိုယ်ရှိန်သတ်လိုက်ရသည်။

ထုံးစံအတိုင်း တည်တင်းနေသည့်မျက်နှာကြီးက စေ့စေ့ကြည့်ရဲဖွယ်မရှိ။ သူမကတော့ ဦးမြတ်ထူးကိုမြင်တိုင်း အစ်ကိုလေးကို သနားမိသည်။

ဘာကြောင့်ဆိုတာတော့ မသိပါ။

🔔 🔔 🔔



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

စိတ်ကြည်လက်ကြည်နှင့် အလုပ်စားပွဲထိုင်လိုက်သည်က နှင်းဆီပန်းနံ့ကြောင့် ပို၍လန်းဆန်းသွားခဲ့၏။ အလုပ်လုပ်ရင်း ဆာလို့ဆာမှန်းမသိပါ။

မျက်လုံးရှေ့မှာရောက်လာသည့် အငွေ့တထောင်းထောင်းနှင့် နို့ဖန်ခွက်လေးကိုမြင်လိုက်ရမှ ဝမ်းထဲမှာ ဟာနေပြီကိုသတိရ၏။

"မမလေး နို့ပူပူလေးသောက်လိုက်ပါဦး၊ ဆရာဝန်က မမလေးကို အားနည်းနေတယ်ဆိုလို့ ကျွန်မ ကျကျနန ကျိုလာခဲ့တာ"

"မစီရော"

"မစီ ခေါင်းမူးလို့တဲ့ မမလေး၊ အိပ်ရာဝင်သွားပြီ၊ မမလေး ဘာနိုင်မလို့လဲ"

ပန်း က ခေါင်းခါလိုက်ကာ ...

"နေပါစေတော့၊ နင် လုပ်ဂတ်မှာမဟုတ်ဘူး"

ဟု ပြောပြီးကာမှ ဘေးမှာချထားသည့်ဟာန်းဖုန်းကို ကောက်ယူပေး၍ ...





"ဒီမှာ ရန်လေး ကို သွားပေးလိုက်၊ ပြောနေရင်း ကျကျသွားလို့ ခုမြန်မြန်လုပ်ပေးပါလို့"

"ဟုတ်"

"ဆယ်နာရီထိုးရင် ဖုန်းဝင်လာမှာရှိတယ်၊ သေချာပြော"

"ဟုတ်ကဲ့"

မယ်မြက ဖုန်းကိုယူပြီး လှည့်ထွက်သွားမှ ...

"မယ်မြ"

"ရှင် မမလေး"

"သူ ပြင်ပေးနိုင်မလား၊ မပေးနိုင်ဘူးလား တစ်ခါတည်းမေး၊ မပြင်နိုင်ဘူးဆိုရင် ထားမပစ်ခဲ့နဲ့ ကြားလား"

"ဟုတ်ကဲ့ပါ"

အရေးကြီးလို့သာ ခိုင်းလိုက်ရသည်။ သူကလည်း ကဲ့ကင်းနေသည်မို့ ပန်း ကလည်း ဂရုမစိုက်ချင်ပေ။

အချစ်ဆိုတာ ဒီလိုကြီးလား။ ချစ်သည့်စကားကို အရှက်မရှိပြောပြီး ရောထွေးဖို့ကြိုးစားခဲ့သည်။

ဆတ်ဆတ်ထိမခံသည့်မာနက ကင်းကင်းရှင်းရှင်းနေလိုက်တော့လည်း ကိုယ့်ထက်ပင်သာနေသေး၏။ ဒီလိုပဲနေစေချင်တာမှန်သော်လည်း ခံနေရသည့်ရင်ဘတ်ထဲမှာ တွေးမိတိုင်း နိုးလိုးနိုးလုံ။

ရန်လေး ဆိုသည့် နာမည်တစ်ခုပါလာတိုင်း မကျေနပ်သည့်စိတ်တို့ ဖြစ်တတ်ခဲ့ပြီး လက်က ဖိုင်တွေကို ဟိုတွန်း ဒီရွှေ့ လုပ်နေမိ၏။

ထို့ကြောင့် စားပွဲစွန်းမှာတင်ထားသောဖန်ခွက်က ဖိုင်နှစ်ထပ်၏ တိုးတိုက်ခြင်းခံရကာ ...

"ခွမ်း"

"အို ... ဒုက္ခပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပါကောကြမ်းပေါ်မှာ ဖန်ခွက်ကွဲနှင့် နို့စက်တွေက ပြန့်ကျဲစိုရွှဲလျက်။ မယ်မြကို လှမ်းခေါ်မလို့ပြင်မိပြီးမှ မခေါ်ဖြစ်ပေ။

ဒီလို တစ်ခါတစ်ခါ စိတ်လွတ်လွတ်သွားတာတွေဖြစ်တတ်လာတာကို သူမ မကြိုက်ပါ။

ရန်လေး ဆိုသည့် အတွေးစိတ်ကြောင့် ဖြစ်ရတာကိုပိုမုန်းသည်။

တစ်ယောက်တည်း မကျေမနပ်နှင့် နေရာမှထကာ ဗီရိုထဲမှာ လိုချင်သည့်ဖိုင်တွဲတစ်တွဲကိုရှာမိ၏။

"ဟောတော် လူကမသောက်ရသေးဘဲ ကြောင်က သောက်နေပြီ"

မယ်မြအသံကြားမှ ပန်း နောက် လှည့်ကြည့်မိ၏။ ဖန်ခွက်ကွဲစလေးပေါ်မှာတင်နေသည့်နို့တွေကို ကြောင်ဝါလေးတစ်ကောင်က မက်မောစွာသောက်နေ၏။

"မမလေး မသောက်လိုက်ရဘူးလားဟင်"

ပန်း က လိုချင်တာရတော့ ခုံမှာ ပြန်ထိုင်လိုက်၍ ...

"နေပါစေတော့၊ အဲဒါတွေရှင်းသွားလိုက်၊ ဖုန်းရော ..."

"ဩော် ... အစ်ကိုလေးက ပြင်ပေးမယ်တဲ့၊ ခဏကြာရင် သူ လာပေးမယ်တဲ့"

"မလိုဘူး၊ အဲဒီစာကြည့်ခန်းရှေ့မှာ သွားစောင့်ယူခဲ့"

မယ်မြ မျက်နှာလေးငယ်သွား၏။ အစ်ကိုလေးက သူ့အခန်းရှေ့မှာ သွားရပ်နေရင် ဒေါပွဦးမည်။ ပြီးတော့ မမလေးက စောင့်ခိုင်းတာပါပြောလျှင် ပိုဆိုးသွားဖို့လည်းရှိ၏။

"ဘာလုပ်နေတာလဲ၊ သွားလေ"

"ဟုတ်၊ အစ်ကိုလေး ပြီးမှာလဲမဟုတ်သေးပါဘူး၊ ဒါ ... ဒါတွေ အရင်သိမ်းလိုက်ဦးမယ်နော်"

မယ်မြက တံမြက်စည်းနှင့် အမှိုက်ဂေါ်ပြားလေးပြေးယူသည်။





နို့အကျန်တွေကို လျှာကလေးလျက်နေသည့်ကြောင်ဝါလေးက သူ့ကို မယ်မြက ရိုက်ထုတ်နေကျမို့ တံမြက်စည်းနှင့်လာတာမြင်တာနှင့် ပြတင်းပေါက်ပေါ်ပေါ် လွှားခနဲခုန်တက်ပြေး၏။

သို့သော် ...

"ညောင်ဝမ်"

"ဘုန်း"

"ဟင် ..."

မျက်စိရှေ့မှာတင် ချက်ချင်းကြီး မယ်မြ လန့်ဖျပ်သွားကာ ပန်း နေရာမှ ဆတ်ခနဲထ,ရပ်လိုက်မိသည်။

"ညောင် ... ညောင် ... ခွီး ..."

"မမလေး ကြောင် ... ကြောင် ... ဘာဖြစ်တာလဲ၊ လုပ်ပါဦး"

တံမြက်စည်းကို ယောင်ရမ်းလွှတ်ချကာ မယ်မြက၊ စားပွဲစွန်းမှာ နောက်ပြန်ကပ်လိုက်၏။ ကြောင်က နောက်ထပ် ပြန်မထနိုင်တော့ဘဲ ကွေးကောက်ရုန်းကန်နေသည်။

ပန်း နဲ့ မယ်မြ အသက်ရှူဖို့ပင် မေ့လျော့နေခဲ့ကြ၏။

"ညောင် ..."

တဖြည်းဖြည်း အော်သံတိုးကျသွားကာ ပါးစပ်တွင်းမှ အမြှုပ်တွေ စီထွက်လာပြီး ရုန်းကန်မှုတွေလည်း ငြိမ်သွား၏။

ခြေလက်တွေ ဆတ်ခနဲ တွန့်ခနဲ သုံးလေးချက်ဖြစ်ပြီး လုံးဝ ငြိမ်သက်သွားခဲ့သည်။

"သေသွားပြီထင်တယ်၊ မမလေး အဲဒါ ဘာဖြစ်တာလဲဟင်"

"အဆိပ်မိတာ"

"အဆိပ်မိတာ"

မယ်မြ မျက်လုံးလေးဝိုင်းသွား၏။ ဖိတ်စဉ်နေသည့် နို့ကွက်ကြီးဆီ



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲလှည့်ကြည့်၍ ...

"နို ... ဒီနို့က ..."

"ဟုတ်တယ်၊ ဒီနို့ကို ဘယ်သူကျိုလာတာလဲ၊ ဘယ်သူဝယ်တာလဲ"

"ရှင် ..."

ပန်း မျက်နှာလေးက နီရဲခက်ထန်လာ၏။ မယ်မြ သတိလစ်မတတ် ထိတ်လန့်သွားကာ ရန်လေး လာပေးတာ မစီ ကျိုပေးလိုက်တာကို ပြော ပြရင်း ...

"ကျွန်မ ... ကျွန်မ မဟုတ်ရပါဘူး မမလေးရယ်၊ တကယ်ပါ၊ ကျွန်မ..."

ပန်း ၏မျက်လုံးတွေ စူးစိုက်ကျရောက်သွားသည့်နေရာကို လှည့် ကြည့်လိုက်မိကာ မယ်မြ စကားလည်းရပ်သွား၏။

"ဒါ ဘာတွေဖြစ်နေတာလဲ"

ဝင်လာသူက ရန်လေး ဖြစ်၏။ လက်ထဲမှာ ဖုန်းလေးကိုင်လျက် အထဲကိုလှမ်းဝင်လိုက်ကာမှ ဖရိုဖရဲမြင်ကွင်းကိုမြင်ပြီး အံ့ဩသွားသည့်ပုံ မျိုး။

ပို၍အံ့ဩမိသည်က သူ့ကို စူးစူးစိုက်စိုက်ကြည့်နေသည့် ပန်း ၏မျက် ဝန်းထဲမှာ မျက်ရည်တွေပြည့်သိပ်ဖြစ်တည်လာခြင်းပင်။

ကြောင်သေနှင့် နို့အိုင်ကို ခြုံငုံသုံးသပ်လိုက်တာနှင့် ပန်း ၏မျက်လုံး တွေထဲက တစ်စုံတစ်ရာကို နားလည်သလိုလိုဖြစ်သွားခဲ့၏။

သူ ရှေ့ကို ဆက်မတိုးနိုင်တော့ဘဲ အံ့ဩငေးမောနေမိစဉ် ပန်း က စားပွဲနောက်ကနေ တစ်လှမ်းချင်းထွက်လျှောက်လာသည်။

နဂိုကတည်းက ထိတ်လန့်နေခဲ့သည် မယ်မြသည် ဖန်ခွက်ကွဲတွေကို လည်း သတိမရတော့ဘဲ တံမြက်စည်းကိုလည်း မကောက်နိုင်။

အခန်းထဲကနေ ပြေးထွက်သွား၏။ လုံးဝ ငြိမ်သက်သွားခဲ့သော အခြေအနေတစ်ခု၏ ကြေွကျက်မက်ဖွယ်ရာပေါက်ကွဲခြင်းသည် ...





"စိတ်ပျက်သွားသလား ရန်"

"မမ ဘာပြောတာလဲ"

ပန်း က စားပွဲကိုကျော်ပေးလျက် သူ့ဘက်ကို တည့်တည့်ရင်ဆိုင် ရပ်လိုက်ကာ ...

"ဟိုမှာလေ မင်းပေးခဲ့တဲ့အချစ်တွေ"

ကြောင်သေကောင်ကို မျက်ဝန်းတွေရွှေ့ပြလိုက်စဉ် ပါးပြင်ထက်သို့ မျက်ရည်တွေပြိုဆင်းလာခဲ့ကြ၏။

"ကြောင်ကတော့ သေသွားပြီ၊ ဒါပေမယ့် မင်းသေစေချင်တာက ကြောင်မဟုတ်တော့ စိတ်တွေ အရမ်းပင်ပန်းသွားမှာပဲ"

ပန်း က ရှိုက်သံမထွက်အောင် အံကြိတ်ထား၏။ ပြီးတော့ ရန်လေး ၏ မျက်ဝန်းတွေကိုစိုက်ကြည့်၍ ...

"အဲဒီလောက်ထိ မင်း ကြိုးစားနေရတာ ပင်ပန်းပါတယ်ကွာ၊ မြွေပွေး ခါးပိုက်ပိုက်ပြီးနေရတဲ့ဘဝနဲ့ ငါလဲ မနေချင်ဘူး"

"မမ"

ပန်း က ဖန်ခွက်ကွဲကလေးကိုင်ကိုင်းကို သွားကောက်သည်။ ပြီး တော့ လည်ပင်းကို အားရှိပါးရှိ ဆွဲခြစ်ပစ်လိုက်၏။

"မလုပ်နဲ့"

ရန်လေး တအားအော်ကာ ပန်း လက်ကို ရိုက်ချပစ်လိုက်သည်။ လက်နောက်ကို လူက ယိုင်ခနဲပါသွားမှ ဖန်ကွဲစကိုင်ထားသည့်လက်ကို ပိုင်နိုင်စွာဖမ်းဆုပ်ထားလိုက်၏။

"ဖယ် .. လွှတ်စမ်း၊ ငါသေမှအေးမှာ၊ မင်း ဖယ်နော်"

"ဘာလို့သေရမှာလဲ၊ အဲဒါ ကျွန်တော်နဲ့မဆိုင်ဘူး၊ ကျွန်တော်က မမကို ဘာလို့ ဒီလိုလုပ်ကြံရမှာလဲ"

ဖုန်း က ရန်လေး လက်ထဲကနေ လွတ်ကျသွားသည်။ ဖန်ခွက်ကွဲစ



www.burmeseclassic.com

www.burmeseclassic.com



ကိုကျတော့ ပန်း သက်ထဲကနေ ဘယ်လိုမှ လုယူလို့မရ။ သေးသေးလေးမို့ မရမကဖြုတ်ထုတ်ဆွဲယူလိုက်လျှင် ပန်း ၏လက်ကိုထိသွားမှာလည်း စိုးကာ နှစ်ယောက်လုံးတွေးနေသည်။

"ဖယ်နော် ရန်လေး၊ လွှတ်ဆို ..."

ပန်း ဒေါသကြီးနေပုံက ကြောက်လန့်ဖွယ်ဖြစ်လာ၏။ ဟန်ဆောင်ပန်ဆောင်ပျော့တိပျော့နဲ့ ရန်းနေတာမျိုးမဟုတ်ဘဲ တကယ်သေဖို့ကြိုးစားနေတာဖြစ်၏။ နောက်ဆုံး ထိန်းချုပ်ရခက်လာကာ ရန်လေး က နောက်ကို ဖျတ်ခနဲဆုတ်၍ လက်ပြန်လွှဲရိုက်ပစ်လိုက်၏။

"အား"

ထိခတ်သံတစ်ချက်မြည်ပြီးသွားကာ ပန်း စိုက်ခနဲခွေကျသွားသည်။ ရန်လေး က ပန်း ကိုယ်လေးကို ဆီးပွေ့လိုက်၏။ ဖန်ကွဲစကိုင်ထားသည့် လက်ကိုလည်း အချိန်မီ ဖမ်းကိုင်ထားလိုက်၏။

ပန်း လုံးဝ သတိလစ်သွားသဖြင့် ဆုပ်ကိုင်ထားသည့် ဖန်ကွဲက သူ့အလိုလို ပြုတ်ကျသွားသည်။

"ရန်ဘက် မင်း ..."

နောက်ကနေ တုန်လှုပ်သည့်ခေါ်သံကြီး ထွက်ပေါ်လာပြီး ...

"ရှုပ်"

ဘယ်လိုပစ်ဝင်လာမှန်းမသိသော လက်သီးချက်ကြောင့် ရန်လေး မျက်လုံးထဲမှာ မီးပွင့်သွား၏။ လက်ထဲမှာ သတိလစ်နေသည့် ပန်းကို ပွေ့ထားရသဖြင့် ဘယ်လိုမှရှောင်တိမ်းချိန်မရလိုက်ဘဲဖြစ်သွားသည်။

ဦးမြတ်ထူးသည် ပန်း ၏ကိုယ်လေးကို သူ့လက်ထဲကနေ ဆွဲယူပွေ့လိုက်ကာ ခုတင်ပေါ်မှာ သွားချထားလိုက်၏။

လှုပ်ရှားမှုတို့သည် လူငယ်လေးတစ်ယောက်ကဲ့သို့ တလွှားလွှားမြန်ဆန်နေခဲ့ပြီး ရန်လေး ၏အင်္ကျီရင်ဘတ်စကို ဒေါကြီးမောကြီး ဆောင့်





ဆွဲလိုက်သည်။

"ငါ့သမီးကို မင်းက ကြံစည်ရဲတယ်ပေါ့၊ မင်းလိုကောင်ကများ ..."

စကားဆုံးအောင်မပြောတော့ဘဲ လက်သီးနောက်တစ်ချက်က အရှိန်နှင့်ဝိုက်ကျလာပြန်သည်။

"ဘဘထူး"

ဒီတစ်ခါ ရန်လေး အငိုက်မိမခံတော့ပေ။ ဦးမြတ်ထူး၏လက်သီးကို ခပ်ပြင်းပြင်းရိုက်ထုတ်ပစ်လိုက်ကာ ...

"ကျွန်တော် ဘာမှမသိလိုက်ဘဲဖြစ်ဖြစ်ကုန်တာတွေနဲ့ ဘာဖြစ်လို့ ကျွန်တော့်ကိုပဲ တပ်အပ်စွပ်စွဲနေတာလဲ၊ ဘဘထူး တော်တော့"

ဦးမြတ်ထူးက သူ ဘာပြောပြော နားမထောင်ဘဲ ထိုးနှက်ဖို့ပဲ လက်တပြင်ပြင်။ ရန်လေး က နောက်ထ သုံးလေးလှမ်းဆုတ်ပစ်လိုက်ကာ..

"ကျွန်တော် လက်ခံနိုင်လို့ လက်ထပ်ထားတဲ့ မိန်းမတစ်ယောက်ကို ဘာအကြောင်းတွေရှိလို့ ငြိုးရမှာလဲ၊ ဘယ်လောက်ထိငြိုးနေလို့ သတ်ဖို့ထိ ကြံရမှာလဲ၊ ကျွန်တော် မိကောင်းဖခင်သားသမီး"

"ဟေ့ .. မလိုချင်ဘူး၊ မင်းရင်ထဲမှာရှိတာ မင်းထက် ဘယ်သူ ပိုသိမှာလဲ၊ ဒီလောက်ထိ တစ်ကြိမ်မက၊ နှစ်ကြိမ်မက မင်း ကျူးလွန်နေတာ ငါ့သမီးက မိဘမဲ့လေးပေမယ့် အုပ်ထိန်းသူနဲ့ကွ၊ မင်းထင်သလို သတ်စေ၊ သေစေလို့မရဘူး၊ မင်းကို ငါကိုယ်တိုင် တရားစွဲမယ်"

ရန်လေး ဘာတစ်လုံးမှမပြောတော့ဘဲ ဦးမြတ်ထူး၏မျက်လုံးတွေကို စူးရဲသည့်အကြည့်များနှင့် စိုက်ကြည့်သည်။ ပြီးတော့ အိပ်ရာထက်မှာ ပုံပန်းမကျစွာ ခွေခွေလေးဖြစ်နေသည့် ပန်း ရှိရာသို့ မျက်လုံးဝေ့ကာ ...

"ကောင်းပါပြီ၊ ကျွန်တော်ရှိနေလို့ မမအတွက် အသက်အန္တရာယ်နီးနေတယ်ဆိုရင် ကျွန်တော် သွားပေးမယ်၊ ဒါပေမယ့် Sky မှာပဲ ကျွန်တော် ရှိနေမယ်၊ ဘဘထူးမှာ သက်သေသက္ခာယတွေစုံပြီဆိုရင် အချိန်မရွေး



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပါ"

ကြောင်သေနှင့် ဖန်ကွဲစတွေဆီ အကြည့်တစ်ချက်ရောက်ကာ အခန်းဝဘက်ကို ချာခနဲပြန်လှည့်သည်။ တံခါးဝအပြင်မှာ မစီနဲ့မယ်မြ တို့နှစ်ယောက်က ဖြုန်းခနဲကြီး ရန်လေး လှည့်ထွက်လာသဖြင့် ပြေးချိန်ကွယ်ချိန် မရလိုက်တော့ဘဲဖြစ်သွားကာ ခေါင်းတွေကို ဇက်ကျိုးမတတ်ငုံ့ပစ်ကြ၏။

ရန်လေး က ခြေလှမ်းကျဲများနှင့် သူမတို့ရှေ့ကနေ ဖြတ်ကျော်ထွက်လာပြီးမှ တုံ့သွားသည်။ ပြီးတော့ နောက်ကို မျက်နှာချည်းပဲ ငုံ့စောင်းကြည့်လိုက်ပြီး ...

"မယ်မြ"

"ဟင် ... ရှင် ... အစ်ကိုလေး"

မယ်မြ တုန်ခနဲဖြစ်သွားပြီးမှ ကယောင်ကတမ်းထူးသည်။ ပြေးလွှားရောက်လာရင်း ရန်လေး နောက်ကျောနားမှာ ရပ်လိုက်၏။

"အစ်ကိုလေး ဘာခိုင်းစရာရှိလို့လဲဟင်"

"မမကို သေချာဂရုစိုက်"

"ဟုတ်... ဟုတ်ကဲ့ပါ"

တုံးတိတိ ပြတ်တောက်စွာပြောပြီး ရန်လေး က အိမ်ရှေ့ထိ တောက်လျှောက်ထွက်ချသွား၏။ ခဏအတွင်းမှာ ကားသံညက်ညက်ကို ကြားလိုက်ရလေသည်။

ဘာတွေဖြစ်ကုန်မှန်းမသိသော်လည်း အစ်ကိုလေး အိမ်ကထွက်သွားတာဟာ တော်ကြာ ပြန်ရောက်လာမှာမျိုး မဟုတ်ဘူးဆိုတာတော့ မယ်မြသိသည်။

မမလေးသိရင် တားများတားမှာလား ...

🔔 🔔 🔔





## အခန်း (၃၄)

"မမလေး ... မမလေး ဘာဖြစ်လို့ စကားမပြောတော့ဘဲနေတာလဲဟင်"

မယ်မြက မရဲတရဲလေးမေးလိုက်ပြီး အနားမှာဝင်ထိုင်သည်။ အပန်းဖြေခန်းလေးထဲမှာ မနက်ကတည်းကထိုင်နေခဲ့သော ပန်း သည် နေ့လယ်တစ်နာရီထိုးတဲ့အထိ နေရာမှ မရွေ့ခဲ့သည်မို့ ...

"ထမင်းလဲမစားဘူး မမလေးရယ်၊ မမလေး ဟို ... ငို .. ငိုချင်နေတာလားဟင်"

မျက်နှာကို ငုံ့ကြည့်လိုက်မိတော့ ပန်း မျက်ဝန်းတွေထဲမှာ စူးလက်နေကြတာတွေကို မျက်ရည်တွေဟု ဘာသာပြန်မိလိုက်၏။

ခါတိုင်းဆို ဒီအပန်းဖြေခန်းလေးထဲကို တစ်ယောက်ယောက်ဝင်နေပြီဆို မယ်မြတို့ မစီတို့ ဘယ်သူမှ ဝင်မသွားရဲကြပေ၊ ဒီလိုမေးခွန်းမျိုး မေးရဲဖို့ဆိုတာ အဝေးကြီးပင်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ မယ်မြ ကိုယ့်ကိုယ်ကို အားတင်း၍ဝင်ခဲ့မိသည်။ မမေးရဲပေမယ့်လည်း မေးလိုက်မိသည်။ ပန်း ကိုမျက်စိအောက်က ကြာကြာပျောက်သွားတာနှင့် စိတ်ထဲမှာ စိုးရိမ်စိတ်တွေဖြစ်နေမိသောကြောင့် ...

"မမလေးရယ် ကျွန်မကိုခိုင်းပါ၊ မမလေး မကျေနပ်တာရှိရင်လဲ ရိုက်ပါ၊ ဒီလိုကြီးတော့ မနေပါနဲ့နော်"

ထပ်ပြောပြီး မယ်မြက ငိုချလိုက်၏။ ပန်း ၏ငြိမ်သက်နေသော မျက်တောင်များလေးတွေ လှုပ်ခတ်လာသည်။ သက်ပြင်းလေးချပြီးမှ မယ်မြကို မျက်ဝန်းရွှေ့ရုံလေး လှမ်းကြည့်ကာ ...

"ငါတစ်ယောက်တည်းနေချင်တယ် မယ်မြ၊ နင် သွားတော့"

"ဟင် ..."

မယ်မြ မျက်နှာငယ်ပြီးငိုနေရာကနေ ဖျတ်ခနဲမော့လာသည်။ ပန်း က ရှေ့ကိုပဲ ပြန်ငေးနေလိုက်ရင်း ...

"ဘဘထူး ဘယ်မှာလဲ"

"ဘဘထူး အပြင်သွားတယ် မမလေး၊ ဟို ... ဟိုလေ အစ်ကိုလေးကို စောင့်ကြည့်ရမယ်တဲ့၊ အိမ်ကိုပြန်လာရင် သူ့ကိုဖုန်းဆက်ဖို့လဲ မှာထားတယ်"

ပန်း နှုတ်ခမ်းလေး တင်းခနဲဖြစ်သွားသည်။ မျက်ဝန်းထဲမှာ ညှို့ခနဲဖြစ်၏။ ရင်ခွင်တစ်ခုလုံးသည် မီးပူလုံးကြီးကို ပွေ့ဖက်လိုက်ရသလို ပူလောင်စူးရှသွားခဲ့ခြင်းဟာ ဘယ်လိုဝေဒနာကြီးမှန်း မသိပေ။

သိနေပေမယ့် မထင်ချင်၊ ကြားနေရပေမယ့်လည်း မယုံနိုင်ခဲ့ပါ။ ခုတော့ သူ့လက်နဲ့ ကိုယ်တိုင်ပို့လာသည့် အာဟာရတွေက အဆိပ်တွေတဲ့။

ဘာဖြစ်လို့လဲ ရန်၊ ဘာကိုကြောက်နေသေးလို့လဲ၊ ရင်ဝတည့်တည့်ကို ဓားနဲ့တစ်ချက်တည်းထိုးသတ်ပစ်လိုက်ပါလား။





"မယ်မြ"

"ရှင်"

"ဘဘထူးကို ပြောလိုက်ပါ၊ ရန်လေးအကြောင်း ဘာမှမစုံစမ်းပါနဲ့လို့၊ ဘာအမှုအခင်းမှလဲ မဖြစ်ပါစေနဲ့ အဲဒီကိစ္စတွေနဲ့ပတ်သက်ပြီး နောက်ထပ်ငါ့ကို ဘာမှလာမပြောဖို့လဲ ပြောလိုက်"

"ဟုတ်"

"နင်လဲ ငါ့ဆီမလာနဲ့"

ပြောပြီးသည်နှင့် ပန်း နေရာမှထ,သည်။ အပန်းဖြေခန်းထဲကနေထွက်ကာ အပေါ်ထပ်ကို တောက်လျှောက်ပြန်တက်ခဲ့၏။

ဒါပေမယ့် မကြားချင်လို့လည်းမရပါ။ အခန်းထဲပြန်ဝင်လိုက်သည်နှင့် တယ်လီဖုန်းမြည်သံက ဆီးကြိုပြီးသားဖြစ်နေခဲ့သည်။

ပန်း ခြေလှမ်းတွေ နှေးကျသွား၏။ ကိုယ့်အခန်းထဲက ဖုန်းမြည်လာသည်ဆိုတော့ အလုပ်ကိစ္စထဲက တစ်ယောက်ယောက်ပြောဖို့ခေါ်သည်လား ...၊

ဒါမှမဟုတ် ဘဘထူး၏နေရာကနေ လှမ်းခေါ်နေတာလား၊ အဆက်မပြတ်မြည်နေသည့်ဖုန်းကို စိတ်ပျက်စွာငေးကြည့်နေမိ၏။ ဒါပေမယ့် အပြင်ကတစ်ယောက်ကို ဖုန်းလာကိုင်စမ်းဟုလည်း မခေါ်ချင်တော့တာမို့ ဘေးနားမှာထိုင်ချလိုက်ပြီး ကောက်ကိုင်လိုက်မိသည်။

"ဟလို"

"ပန်းတစ်ပွင့် ဟုတ်ပါတယ်နော်"

နားထဲမှာ ကနဲ့လန့်ကြီးဝင်သွား၏။ အသံရှင် ဘယ်သူမှန်းသိလိုက်သဖြင့် ဒေါသလည်းဖြစ်သွားမိသည်။ ပြီးတော့ ရယ်သံသွဲ့သွဲ့နှင့် ...

"ရိုင်းသွားရင် ဆောရီးပဲ၊ ဒါပေမယ့် အခု ပန်းတစ်ပွင့် ကို မမလို့ မခေါ်ချင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကာရန်ချို့ စကားသံတွေက တစ်ယောက်တည်းဒေါသကြီးကာ တစ်ယောက်တည်း ပေါက်ကွဲနေသည့်အသံမျိုး။ ဘာအဓိပ္ပာယ်တွေမှန်း မသိဘဲ သူမဘာသာသိနေသည့် နာကြည်းချက်တွေနှင့် ပြောချင်တာ ပြောနေသည်။

"ပန်းတစ်ပွင့်ကို မမလို့ခေါ် လိုက်ရင် ချို့ က အလိုလိုနေရင်း အငယ် ဖြစ်သွားမှာ၊ အဲဒါကြောင့် ချို့က အငယ် မဖြစ်ချင်လို့လေ"

စကားလုံးတွေက ကြမ်းလာသည်။ ရိုးရိုးပြောနေတာလား၊ ဆန်းဆန်း ပြားပြားလား။

"ဒီဖုန်းဟာ ပန်းတစ်ပွင့်ရဲ့ အိပ်ခန်းထဲက ပါစင်နယ်သီးသန့်မှန်း သိလို့ ဆက်လိုက်တာ၊ အခု ရှင့်ရဲ့ ဘေးမှာ ဒါမှမဟုတ် အဲဒီအိမ်ထဲတစ်နေရာမှာ ရန်ဘက် ဆိုတဲ့လူရှိရင် ခေါ်ပေးစမ်းပါ"

"သူ မရှိဘူး"

ရန်လေး ကိုမလိုလားပေမယ့် ကာရန်ချို့စကားတွေထဲမှာပါနေသည့် တစ်စုံတစ်ရာကို သိချင်လာသည်မို့ ပန်း က ပြန်ဖြေသည်။ ဖုန်းထဲကနေ ဟွန့်ခနဲမဲ့လိုက်သံ ပေါ်လာပြီး ...

"ရပါတယ်၊ သူ ရှိရှိ မရှိရှိ လာမှာကိုမဟုတ်ဘူးဆိုတာ သိတယ်၊ ရှင် ကလဲ ပေးကိုင်မှာမဟုတ်ဘူးလေ၊ လူပြောများနေကြသလို ရှင်တို့ အိမ် ထောင်ရေး မပြေလည်ဘူးဆိုပေမယ့် ရှင်တို့နှစ်ယောက်ရဲ့ ရင်ထဲမှာ ငြိနေ မှာပဲ၊ ဒါပေမယ့် အဲဒီပုဂ္ဂိုလ်ကိုပြောလိုက်စမ်းပါ၊ ဒီမိန်းမကို မနှစ်သက်ဘဲ ယူရတာပါဆိုပြီး အမြင်ပြနေလို့ နှစ်သိမ့်မှုပေးခဲ့တဲ့ ရင်ခွင်တစ်ခုကို ရှောင် တိမ်းနေလို့ရတယ်၊ ကာရန်ချို့ ဆိုတဲ့ မိန်းမက ချစ်လွယ်ကြိုက်လွယ် သလောက် ပြတ်သားတတ်ပြီဆိုရင်လဲ ဘယ်လောက်ထိပြတ်သားတတ် သလဲဆိုတာ နောက်ဆယ်လမပြည့်ခင် သိရမယ်လို့"

ပန်း မျက်ဝန်းတွေ ကျဉ်းမြောင်းသွားတဲ့အထိ မျက်ခုံးလေးတွေ ကုပ်





ကျလာ၏။

"ချို့ ပို့မယ့်ပါဆယ်ထုပ်ထဲမှာ ဆည်းလဲသံလေးပါ ထည့်ပေးလိုက် မယ် သိလား၊ ကာရန်ချို့အကြောင်း မှ ပြောပြလိမ့်မယ်၊ ဒီကပြောတာ တွေ ရှင် ပြောဖြစ်အောင်ပြောလိုက်နော်"

ဖုန်းချလိုက်သံက နားထဲကိုဆောင့်ဝင်လာ၏။ ပန်း ကတော့ ဖုန်း ကိုင်လျက်နှင့် ငြိမ်သက်နေဆဲပင်။

"မမလေး"

မယ်မြ၏ခေါ် သံလေးက မရဲတရဲပေါ် လာကာ ...

"မမလေး ဘဘကြီးက တွေ့ချင်လို့တဲ့၊ အရေးကြီးတာ ပြောမလို့တဲ့"

ပန်း တစ်ခွန်းမှ တုံ့ပြန်မပြောဘဲ ဖုန်းချလိုက်ခြင်းမှာ မီးခလုတ်ကိုပါ ပိတ်ထားလိုက်ပြီးဖြစ်လေသည်။

အခန်းထဲမှာ ဖျတ်ခနဲမှောင်ကျသွားသော်လည်း ကြောင်တောင်ငေး နေခဲ့သည့်မျက်လုံးထဲမှာ အနီးဖြူဖြူလေးနှင့်တွေးပတ်ထားသော ကလေး နီကြာရဲလေးကို မြင်နေခဲ့၏။

နှုတ်ခမ်းအစုံကို စေ့ပိတ်ထားသော်လည်း အံကြိတ်သံက ကျီခနဲဖြစ် သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

"ဟလို အစ်ကိုလေးလားဟင်"

"အင်း... ဘာဖြစ်လို့လဲ"

"မမလေးလေ ထမင်းလဲ တစ်နေကုန်မစားဘူး၊ ညအိပ်ရာဝင်ခါနီးမှာ အိုဗာတင်းတစ်ခွက်ပဲသောက်သောက်ပြီးအိပ်တာ သုံးရက်ရှိပြီ ဘယ်သူနဲ့မှလဲ စကားမပြောဘူး"

ဖုန်းကိုင်ရင်း ရန်လေး က ဘေးမှာရှိနေသည့် လင်းထွဏ်းဆီ ငေးခနဲကြည့်သည်။ လင်းထွဏ်း က လုပ်လက်စကိုချထားလိုက်ပြီး သူ့စားပွဲရှေ့ကို ထလာ၏။

"နင် ခု ဘယ်က ဆက်တာလဲ"

"ဈေးဝယ်တွက်ရင်းနဲ့ အပြင်ကနေဆက်တာ၊ အိမ်မှာ ဘာမှမပြောရဲဘူး အစ်ကိုလေးရဲ့"

"ဘဘထူး ဘာလုပ်နေသလဲ"

"ဒီတိုင်းပဲ၊ ဒါပေမယ့် အပြင်တစ်ခါထွက်သွားရင် အကြာကြီးပဲ"





အိမ်တော်ထိန်းဆိုသည့်အတိုင်း ဦးမြတ်ထူးက အပြင်ကိုထွက်ခဲ့တဲ့သူဖြစ်၏။ သူ့ကို အရင်းနှီးဆုံး အိမ်နီးချင်းနှင့်မိတ်ဆွေတချို့မှလွဲ၍ တော်ရုံလူက မသိပေ။

"အစ်ကိုလေးကို တရားစွဲဖို့လုပ်နေသလားမသိဘူး သိလား၊ ညညဆိုလဲ သူ့အခန်းထဲက မီးအမြဲလင်းနေတာပဲ"

"ဟုတ်ပြီ၊ ဘာပြောစရာရှိသေးလို့လဲ"

"အစ်ကိုလေး မမလေးနဲ့ တစ်ခေါက်လောက်လာတွေ့ပါလားဟင်"

"မလိုဘူး"

ရန်လေး က မျက်နှာကြီးတင်းသွားပြီး ပြတ်သားစွာပြောသည်။ မယ်မြ ဆိုတာလေးကို ဘယ်တုန်းကမှ အရေးတယူဆက်ဆံပြောဆိုခဲ့တာ မဟုတ်ဘဲ ခုကျမှ ပန်း အပေါ်မှာ သံယောဇဉ်ကြီးမှန်းသိလို့ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ပြောဆိုနားထောင်နေခဲ့တာဖြစ်သည်။

"မယ်မြ"

"ရှင် အစ်ကိုလေး"

"မမရဲ့ကျန်းမာရေးကို နင် ဂရုစိုက်"

"မမလေးက ဘာစကားမှပြောတာ မကြိုက်ဘူး"

"ဒီကိစ္စတွေအကြောင်း ဘာမှသွားမစပ်စုနဲ့၊ သူ့အစားအသောက် အသွားအလာပဲ သေချာဂရုစိုက်"

"ဟုတ်ကဲ့ပါ"

ဖုန်းချလိုက်ပြီးတော့ ဘာကိုစိတ်တိုနေမိမှန်းမသိ။

"တောက်"

တက်ခေါက်လိုက်သံကြီးက နည်းတဲ့အသံကြီးမဟုတ်၊ လင်းထွဏ်းက သူ့မျက်နှာကို အံ့ဩသည့်မျက်လုံးတွေနှင့် မော့ကြည့်နေကာ ...

"ဘာဖြစ်လို့လဲ၊ အဘိုးကြီး ဘာတွေလှုပ်ရှားနေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"လှုပ်ရှားလို့ရမလား၊ သူ ဘာလဲ၊ ငါ ဘာလဲဆိုတာ သူနဲ့ငါ အသိဆုံး"

ရန်လေး က ပြောပြီး စားပွဲစွန်းမှာ တင်ပါးတစ်ခြမ်းနှင့်ကပ်မှီထိုင်၍...

"ငါ ခံပြင်းနေတာ ဘယ်သူ့ကိုမှမဟုတ်ဘူး၊ ငါ့ကိုယ်ငါ"

"ဟင် ..."

"ကိုယ့်ကို အထပ်ထပ်စော်ကားနေတဲ့ ဒီမိန်းမအတွက် ဘာဖြစ်လို့ ဒီပါးစပ်ထဲထည့်ထည့်နေမိမှန်းမသိဘူး"

"ချစ်လို့ပေါ့ကွာ၊ မင်းက သူ့ကိုချစ်နေပြီဆိုတော့ ဖြစ်မှာပေါ့၊ ပြီးတော့ ဒီအဖြစ်တွေက တစ်စုံတစ်ယောက်က တမင်တိုက်ဆိုင်အောင် ဖန်တီးပြီး ယုံကြည်အောင်ကြံစည်နေတာ၊ ပန်းတစ်ပွင့်မှာလဲ အပြစ်တော့မရှိပါဘူး"

"အပြစ်မရှိပေမယ့် သူ့ရင်ထဲက မလိုလားတဲ့စစ်မျက်နှာကို ငါ့တစ်ဖက်တည်းမှာပဲဖွင့်ထားတာတော့ တွေးမိရင် တကယ်ခံစားရတယ်၊ သူ ငါ့ကို လုံးဝကို အယုံအကြည်မဲ့ခဲ့လို့ တရားခံလို့ပဲ ငါ့ကိုမြင်နေတာ"

"ဒါကတော့ အမှန်တရားမပေါ်ခင်မှာ ရှုပ်ထွေးနေဦးမှာပဲ ရန်လေး ကိုယ် မညံ့ပေမယ့် သူ တော်နေသရွေ့တော့ လိမ့်ခံရမှာပဲ၊ ငါတို့ သည်းခံနိုင်မှဖြစ်မယ်"

ရန်လေး က မတ်တတ်ပြန်ရပ်ကာ ခါးနှစ်ဖက်ထောက်လိုက်၏။ ပြီးမှ လင်းထွဏ်းဘက်ကို ခပ်ငုံငုံပြန်ကြည့်၍ ...

"ငါမှ တရားခံမဟုတ်တာ၊ ဘာတွေ ဘယ်လိုပြောင်းလဲလဲ၊ မလဲလဲ ပြဿနာမရှိဘူး။ သူ့အတွက်ပဲ ငါ စိုးရိမ်တာ၊ အဲဒီ စိုးရိမ်နေမိတဲ့စိတ်ကိုပဲ ပိတ်ထိုးပစ်ချင်တာ၊ တကယ်ဆို ဖြစ်သင့်တာက ခါးကို ခါးချင်း လုံးထဲ လုံချင်းပေါ့"

"အပွန်း... မင်းက မှန်တိုင်းထန်နေတုန်း ပန်းကောက်ဖို့ကြိုးစားတာ ကိုး"

🔔 🔔 🔔





## အခန်း (၃၆)

ဖုန်းဆက်ပြီးပြန်လာတော့ နောက်များကျနေပြီလားဟုတွေးကာ မယ်မြ ခပ်သုတ်သုတ်ဝင်လာခဲ့မိသည်။ ဒါပေမယ့် ဧည့်ခန်းကလွန်တော့ အတွင်းစင်္ကြံလမ်းထိပ်မှာ စာကြည့်ခန်းတွေ၊ ထမင်းစားခန်းတွေရှိမှာမို့ တစ်ယောက်ယောက်နဲ့တွေ့မလားဆိုပြီး ခြေသံဖော့ဖော့နှင့် ကြွကြွလေး နင်းလာခဲ့၏။

အထူးသဖြင့် စိုးရိမ်တာက ဘဘကြီးနဲ့ဆုံမိမှာကိုဖြစ်ကာ မစိနဲ့တွေ့ပြီး ဟိုမေးဒီမေး မေးမှာကိုလည်း ကြောက်သည်။

ဆွဲခြင်းချ၍ ပစ္စည်းတွေထုတ်ပြီးပြီဆိုရင် စိတ်အေးရပြီ။ မယ်မြ ဘယ်သူ့ကိုမှမမြင်သောကြောင့် မီးဖိုခန်းဘက်ကို အားတက်သရော လျှောက်လာခဲ့စဉ် နားထဲမှာ စကားသံသဲ့သဲ့ကို ကြားလိုက်ရ၏။

"မင်း တော်စမ်း၊ မင်းပါးစပ်ကို ခုပိတ်"

ဦးမြတ်ထူး၏ ခပ်ကြိတ်ကြိတ်ပြောသံဖြစ်သည်။ မယ်မြ အံ့ဩလွန်းကာ မျက်လုံးတွေ ဝိုင်းဝိုင်းလည်သွား၏။ အသံတွေက အိမ်ကြီး၏အရှေ့



www.burmeseclassic.com

www.burmeseclassic.com



ထူးသော ဘဘကြီး၏အိပ်ခန်းထဲကဖြစ်သည်။

ဒီအိမ်ကြီးထဲမှာ ဘဘကြီး ခုလို 'မင်းနဲ့ငါနဲ့'ပြောရလောက်သည့်လူ မရှိသလို တစ်ခါမှလည်း မကြားခဲ့ဖူးပေ။

ပြီးတော့ သူ့အိပ်ခန်းထဲကို ဘယ်သူဝင်တာမှမကြိုက်တဲ့သူ။ ကြောက်သည့်စိတ်ရှိသော်လည်း ဆွဲခြင်းဆွဲလျက်နှင့် မယ်မြ ရှေ့ကို ခိုးချောင်းခိုးဝှက်တိုးလာခဲ့မိသည်။

ဒါပေမယ့် နောက်ထပ်ငိုရှိုက်သံတွေ ထွက်ပေါ်လာသောကြောင့် တုံ့ခနဲ ရပ်မိပြန်၏။

"တောင်းပန်ပါတယ်၊ ကျွန်မ တောင်းပန်ပါတယ်၊ ပန်းကိုလုပ်ကြံဖို့ နို့ထဲမှာ အဲဆိပ်ခတ်ခဲ့တာတောင်မှ ကိုယ့်လောဘနဲ့ကိုယ် သေတွင်းတူးခဲ့ရသလိုပဲ"

"တိတ်တိတ်စမ်းလို့ပြောနေတာ မကြားဘူးလား"

ဦးမြတ်ထူး၏စကားသံအရ တံခါးဝဘက်ကိုလျှောက်လာတာမှန်းသိလိုက်ကာ မယ်မြ ပြေးပေါက်မှားသွား၏။

ဖြစ်ချင်ရာဖြစ် နောက်ကို ပြန်လှည့်ပြေးခဲ့မိသည်။ ကျောနောက်ကနေ အလင်းရောင်ပေါ်မှာ အရိပ်ထင်သွားသလိုလို၊ ခြေသံလိုလို လှုပ်ရှားသံကြားလိုက်ရသဖြင့် လက်ဖျားများပင် အေးစက်သွားခဲ့သည်။

ဒါပေမယ့် သူမထင်သလို ဘယ်သူမှပြေးလိုက်လာတာမဟုတ်ပါ။

ဘုရား ... ဘုရား၊ မီးဖိုတွေရှေ့ထိ ပြေးသွားရပ်လိုက်ပြီးမှ ရင်ဘတ်ကို ပြန်ဖိထားရ၏။ နောက်ကခြေသံက ဘဘကြီးလား၊ မစီလား၊ ဒါမှမဟုတ် ဘယ်သူမှမဟုတ်ဘဲ သူမ စိတ်ထင်တာလား။ ဘဘကြီးဆိုရင်တော့ လိုက်လာပြီးမှ ပြန်လှည့်သွားမှာမဟုတ်ပေ။ နားထဲမှာ မစီ ငိုနေသည့်အသံတုန်တုန်လေးကို ပြန်ကြားလာ၏။ ပြီးတော့ ဘဘထူး၏ ဝေါက်ငမ်းသံ ...။





ဘာတွေပြောနေကြတာလဲ။ မစီ က မမလေးသောက်မယ့် နို့ထဲမှာ အဆိပ်ခတ်သည်တဲ့။ ဘဘထူး အခန်းထဲဝင်ပြီး ဝန်ခံနေတာလား၊ ဒါမှမဟုတ် ...

"မယ်မြ"

"အမေ့ရှေ့"

နောက်ကခေါ်သံကြောင့် မယ်မြ တစ်ကိုယ်လုံး ကြွတက်တုန်ခါသွားသည်။ နောက်ကို တဖြည်းဖြည်းလှည့်ကြည့်လိုက်ရင်း ရှိုသမျှ နှစ်ကျိပ်ရှစ်ဆူသော ဘုရားတွေ မစုံမချင်း ရေရွတ်တမ်းတမိ၏။

မျက်နှာချင်းဆိုင်ရပ်လိုက်မိသည့်အချိန်တွင် ဦးမြတ်ထူး၏မျက်လုံးတွေက ခါတိုင်းထက် ပို၍ စူးရဲကျဉ်းမြောင်းလျက် ...

"ဘာ ... ဘာနိုင်းစရာရှိလို့လဲ ဘဘကြီး"

"ရှိတယ်၊ အဲဒါတွေထားခဲ့ပြီး လှိုင်ယာသာစက်မှုဇုံကိုသွား၊ ငါပြောတဲ့လိပ်စာကို တွေ့အောင်ရှာ၊ ဒေါ်သဲနှစ်ဆိုတာကိုတွေ့ရင် ငါ့မှာမည်ပြ…ပြီး ဒီကိုခေါ်လာခဲ့"

"ဟုတ်... ဟုတ်ကဲ့"

လက်ထဲရောက်လာသည့်လိပ်စာကို ဖတ်လည်းမကြည့်ဖြစ်ပါ။ လောလောဆယ် အရေးကြီးတာက ဦးမြတ်ထူး၏မျက်လုံးတွေရှေ့ကနေ အမြန်ဆုံးထွက်ပြေးခွင့်ရဖို့ဖြစ်သည်။

ထို့ကြောင့် ကားမှတ်တိုင်ကို သုတ်ခြေတင်လျှောက်ရင်း မယ်မြ တတွတ်တွတ်ရေရွတ်နေခဲ့မိ၏။

"မစီ .. မစီ .. မစီ မမလေးကို သတ်ဖို့ကြံစားတာ၊ အစ်ကိုလေး မဟုတ်ဘူး။ မစီ လုပ်ကြံတာ၊ အစ်ကိုလေးမဟုတ်ဘူး၊ မစီ .. မစီ ..."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၇)

ဦးမြတ်ထူး ခိုင်းထားသည့်ကိစ္စကို ပြေးလွှားရင်း မယ်မြ ညနေစောင်းမှ အိမ်ပြန်လာခွင့်ရတော့သည်။ ဒါတောင်မှ ခြံထဲကို စတင်ဝင်လာတော့ မှောင်ရီဖျိုးဖျဖြစ်နေပါပြီ၊ အိမ်ထဲကိုဝင်လိုက်သည်နှင့် ရှာမိတာက ဦးမြတ်ထူး ကိုဖြစ်သည်။

တစ်အိမ်လုံးတိတ်ဆိတ်နေလျက် မစီ ၏အရိပ်အယောင်ကိုလည်း မမြင်၊ သူ ခိုင်းထားသည့်ကိစ္စကို အကြောင်းပြန်ဖို့ လိုက်ရှာမိတာဖြစ်သော်လည်း မတွေ့တာ ဝမ်းသာသွားမိ၏။

ရှာခိုင်းထားသည့်လိပ်စာကလည်း အတိအကျကြီးပါနေပြီး လုံးဝရှာမတွေ့ခဲ့ပေ။

သူမမှာ ဟိုလူက ဟိုညွှန်၊ ဒီလူက ဒီဘက်မှာနှင့် တစ်နေကုန် ဖတ်ဖတ်မောခဲ့ရသည်သာ အဖတ်တင်၏။

နောက်ဆုံးမှာ 'ဘဘထူး ငါ့ကိုများ တမင်တကာများ အပြင်ကို ပ ထုတ်လိုက်တာလား'ဟု တွေးမိလာ၏။ ဒါလည်း ဘာဆိုင်လို့လဲ။





စိတ်ထဲမှာ စနိုးစနောင့်ဖြစ်လာပြီး အိမ်ကိုပဲ ပြန်လာခဲ့တာဖြစ်သည်။ တစ်အိမ်လုံး တိတ်ဆိတ်နေသဖြင့် မယ်မြက အပေါ် ထပ်ကို အပြေးတစ်ပိုင်းတက်၏။

အဖြစ်သနစ်ကို သူ ကြားခဲ့ပြီးသည့် စကားများအရ ပြည့်စုံအောင် နားမလည်ခဲ့ပေမယ့် ကြားခဲ့သမျှကိုတော့ မမလေးကို ပြောပြရမည်။

တစ်နေကုန် မမလေးဆီကို ပြန်ပြေးပြောချင်တာတွေရော၊ ပြန်လှည့်လာလို့မရတာတွေရော လွှန်ဆွဲကာ စိတ်ဆင်းရဲပါဘိခြင်း။

"မမလေး ... မမလေး"

အခန်းတံခါးကိုတွန်းကြည့်တော့ အထဲက ပိတ်ထားသဖြင့် အလောတကြီးထုရှ်ခေါ်မိသည်။

"မမလေး"

"မယ်မြ ဘာလဲ"

ပန်းအသံက အိပ်ချင်မူးတူးနှင့် ဒေါသဖြစ်သွားသည်ပုံ။ ခုတစ်လောမှာ ပန်း တစ်ယောက် စားချင်မှစားသလို အိပ်ချိန်လည်းမမှန်။

နေ့နဲ့ည မှားနေသလားထင်ရလောက်အောင် ညဘက်ကျတော့ အလုပ်ထဲက ရှိသမျှအလုပ်တွေ တစ်ညလုံး ထိုင်လုပ်သည်။

စားပွဲပေါ်မှာ မှောက်လျက်အိပ်ပျော်နေတာမျိုးရှိတတ်သလို မိုးစင်စင်လင်းတဲ့အထိ ငုတ်တုတ်မြင်နေရတာလည်းရှိ၏။ နေ့ဘက်ဆိုလျှင် အခန်းတံခါးပိတ်နေပြန်ကာ တစ်ခါတလေ ခြံထဲမှာ ငေးနေတတ်သည်။

ရန်လေး မရှိတော့လို့ ဒီလိုဖြစ်တာလားဟု ထင်စရာရှိသော်လည်း သေချာကြည့်မိလျှင် ပန်း မျက်နှာလေးက နာကျင်ဆွေးမြည့်စွာ အံကြိတ်လျက် ...

"ဘာလဲ"

တံခါး ရုပ်ခနဲပွင့်သွားတော့ မယ်မြက နောက်ကို တစ်ချက်ပြန်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



၌ အခန်းထဲတိုးဝင်လိုက်၏။ သူမ တွေးခဲ့သည့်အတိုင်း ပန်းမျက်နှာလေးက အိပ်ထားသည့်ပုံနှင့် မျက်ခွံလေးတွေပြည့်နေ၏။

"မမလေး"

"ကဲ ပြောစရာရှိတာပြော၊ ဒီမှာ အိပ်မပျော်လို့ အိပ်ဆေးသောက်ထားရတာ"

"ဟုတ်ကဲ့ပါ၊ ပြောမှာပါ မမလေးရယ်၊ ဟိုလေ မစီ.. မစီ .."

"ဘာဖြစ်လို့လဲ၊ ညနေက မစီ ကို နိုင်းစရာရှိလို့ရှာတာလဲမတွေ့ဘူး။ မစီ ဘာဖြစ်ကြတာလဲ"

မယ်မြ ပို၍ထိတ်လန့်ဖြစ်သွား၏။ မစီ အပြစ်ကျူးလွန်ခဲ့ပြီးမှ ရှောင်ပြေးသွားတာလား။ ဒါဆို ဘဘကြီးနဲ့ ဘာတွေပြောနေကြတာလဲ။

အတွေးတွေပြေးလွှားသွားကာ မယ်မြ တံတွေးကို ဝှိခနဲမြည်အောင်မျိုချ၏။

"ဟို မမလေးကို ... မမလေးကို နို့ထဲမှာ အဆိပ်ခတ်တာ မစီ ပဲ သိလား"

"ဘာ ... ဘာပြောတယ်"

"ဟုတ်ပါတယ် မမလေးရယ်၊ ကျွန်မနားကြီးနဲ့ ဆတ်ဆတ်ကြားတာပါ။ ဘဘကြီးနဲ့ မစီနဲ့ ..."

"ဒေါက် ဒေါက်"

တံခါးခေါက်သံက ပုံမှန်ထက် ပိုကျယ်၏။ ပြောပြနေသည့် မယ်မြ ကိုယ်လေး တုန်သွားသည်။

"သမီး ... သမီး ပန်း တံခါးဖွင့်ပါဦး"

"ဟော ..."

ဆိုသည့်အသံလေးထွက်လာပြီး 'ဘဘကြီး' ဆိုတာကျတော့ နှုတ်ခမ်းလှုပ်ရုံပဲတင်လေသည်။





မယ်မြ မျက်လုံးမျက်ဆန်ပြူးသွားတာကို ပန်း က နားမလည်။ မစီရယ် ဘဘထူးရယ် တစ်ခုခုပတ်သက်နေပြီမှန်းတွေးမိကာ မယ်မြက ဘာတွေသိထားမှန်းတော့ မတွေးမိခဲ့ပေ။

"သမီး ပန်း ..."

"ဟုတ်ကဲ့"

ပန်း က မီးအရင်ဖွင့်လိုက်သည်။ ပြီးမှ တံခါးဖွင့်ပေးလိုက်၏။ မယ်မြက မျက်နှာကြီးအတင်းငုံ့ကာ မလုံမလဲကြောက်ရွံ့ပုံတွေဖြစ်နေသော်လည်း ဦးမြတ်ထူးက မယ်မြကို ဂရုစိုက်အလေးထားပုံမရှိပေ။

ထို့ပြင် စကားပြောမလို့ပြင်ပြီးမှ မယ်မြကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားသလို မျက်မှောင်ကြုတ်လျက် ...

"ညည်းက ဘာလုပ်နေတာလဲ၊ သွားတော့"

မယ်မြက ပန်း ကိုမော့ကြည့်၏။ သူမမှာ ပြောစရာမကုန်သေးပါ။ သို့သော် ...

"ပြောနေတာ မကြားဘူးလား"

"ဟုတ်"

မယ်မြ ကုပ်ကုပ်လေးထွက်သွားရှာ၏။ ဦးမြတ်ထူးက တံခါးကို သူ့ဘာသာပြန်ပိတ်ပစ်လိုက်ပြီး ...

"သမီး ..."

"ပြောလေ ဘဘထူး ဘာဖြစ်လို့လဲ"

ဦးမြတ်ထူးသည် တံတွေးမျိုခြင်းကို နှစ်ကြိမ်ဆက်တိုက်ပြုပြီးမှ အားယူသလိုမျိုး ပင့်သက်ရှိုက်သည်။ ပြီးမှ ခေါင်းပြန်မော့၍ ...

"ဘဘ မှားသွားပြီ သမီးရယ်"

"ဟင် ဘာမှားတာလဲ"

"စီစီလေ၊ သိပ်ကိုမိုက်ရိုင်းလွန်းတယ်၊ သမီး ခုလို စိတ်ဆင်းရဲ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲနဲ့ ခံစားသွားရတာကိုမြင်နေရတော့ ဘဘ စိတ်မချမ်းသာလွန်းလို့ ဒီပြဿနာကို မရမနေ စုံစမ်းခဲ့တယ်၊ တွေ့မယ့်တွေ့တော့ ဘယ်လိုမှ မထင်မှတ်တဲ့သူဖြစ်နေတယ် သမီး"

ဝန်း က စောစောက မယ်မြ ပြောသွားတာကို ပြန်တွေးမိ၍...

"မစီပေါ့၊ ဟုတ်လား ဘဘထူး"

ဦးမြတ်ထူးက မချိသောရင်နှင့် မဖြစ်သာလို့ပြောလိုက်ရသည့်အဖြစ်ကြောင့် အတော်လေးစိတ်မကောင်းဖြစ်နေပုံလည်းရှိ၏။

ပြီးတော့ လက်သီးနှစ်ဖက်ကို ဆုပ်ချည်ဖြန့်ချည်လုပ်နေရင်း အသံတွေတုန်နေလျက် ...

"ပြောပုံက ကြည့်လေ၊ သမီးက မျက်နှာလိုက်လို့တဲ့၊ တစ်အိမ်လုံး အလုပ်တွေကို သူ့ကိုပဲ ပုံပေးထားပြီးတော့ အရေးပေးတော့ မယ်မြကိုပဲ ပေးတယ်တဲ့"

"မဟုတ်တာ"

"သူက ဒီတိုင်းပဲမြင်နေတာ သမီး။ ပြီးတော့လဲ သူ့ရင်ထဲမှာ မျိုသိပ်နာကြည်းမှုတွေကို စုဆောင်းထားခဲ့တာလဲ ကြာပြီလို့ပြောတယ်၊ ဒီအိမ်မှာ သူက လုပ်သက်ပိုကြာခဲ့တဲ့သူ၊ သူ့ကိုကျော်ပြီး မယ်မြကိုတော့ အနားမှာထားတယ်တဲ့၊ အိမ်ဖော်ချင်းအတူတူကို မယ်မြက ပြန်ခိုင်းတာခံရတိုင်း ဘယ်လိုမှ ဖြေလို့မပြေနိုင်ဘူးတဲ့"

"အဲဒါတွေကိုမကျေနပ်ရင် မကျေနပ်တဲ့အချိန်မှာ ပြောပါလား။ သူလိုချင်တဲ့အခွင့်အရေး ပန်း ရဲ့အသက် သေမှတဲ့လား"

ပန်း က ဒေါသသံနှင့်ပြောသည်။ ဦးမြတ်ထူး မျက်နှာတင်းနေလျက် ခေါင်းညိတ်ထောက်၍ ...

"ဟုတ်တယ်၊ မယုံနိုင်အောင်မိုက်ရိုင်းတာ၊ အဲဒီလိုစကားတွေကို ဘဘရှေ့မှာ ပြောရဲတာကိုက ခွင့်မလွှတ်ထိုက်တော့တဲ့အပြစ်၊ အဲဒါကြောင့်





ဒေါသဖြစ်ဖြစ်နဲ့ ဘဘ လက်လွန်သွားခဲ့မိတယ်"

"ဟင် ... ဘယ်လို"

"စီစီ ... စီစီ့ကို ဘဘထူး သတ်ပစ်လိုက်မိပြီ"

"ဟင် ..."

ပန်း နောက်ကို ယောင်ယမ်းဆုတ်မိ၏။ တကယ်ပြောနေတာမှန်း သိပေမယ့် လက်မခံနိုင်ပေ။ ခေါင်းတွင်တွင်ခါနေမိကာ ...

"ဘာဆိုင်လို့လဲ၊ ဘဘထူး ဘာဖြစ်လို့ ဒီလောက်လုပ်လိုက်တာလဲ၊ အဓိပ္ပာယ်မရှိတာ"

"သမီးရယ် ... သမီးကို ခုထိမြင်နေရသေးတာ သူ့လုပ်ကြံတာ မအောင်မြင်ခဲ့လို့ပေါ့။ မဟုတ်ရင် ဒီလိုတောင် စကားပြောနေနိုင်တော့မှာ မဟုတ်ဘူး။ သမီးက ဘဘကို မိဘလိုနေရာပေးပြီး အားကိုးအားထားပြုခဲ့တယ်၊ သူ့ဒွေးကိုယ်တိုင်လဲ ယုံယုံကြည်ကြည်အပ်ခဲ့တာ၊ ဘဘ ရှိနေရက်နဲ့ သမီး ဒီလောက်ထိ အသက်ဘေးနီးသွားရတာတောင် လွန်လှပါပြီ။ ပြီးတော့ စီစီ ဆိုတဲ့ အိမ်ဖော်မိန်းကလေးမျိုးက ဘဘရဲ့ရင်သွေးလို ပြုစုစောင့်ရှောက်ထားခဲ့တဲ့ သမီးကို မေတ္တာမရှိတာ မုန်းတီးတာတွေ တောက်လျှောက်ကြံစည်ခဲ့တာတွေအကြောင်း မလေးမစား ပြောဝံ့တာ ဘာကိုဆိုလိုမှန်း ဘဘ ဘယ်လိုနားနဲ့ ထောင်ရမှာလဲ"

"မဟုတ်ဘူး၊ ဘဘ အဲဒီလိုမလုပ်သင့်ဘူး"

"သတ်လိုက်မိတာ မှားပေမယ့် သတ်သင့်တဲ့သူဖြစ်နေတာတော့ အမှန်ပဲ၊ ဒီလို အငြိုးအတေးနဲ့မိန်းကလေးကို အနီးမှာထားထား၊ အဝေးမှာပဲရှိနေနေ အမြဲတမ်းအန္တရာယ်ရှိနေမှာပဲ။ သမီးအတွက် ဘဘ ဘယ်လောက်စိတ်ပူခဲ့သလဲဆိုရင် 'ကြားသုံးကြားမဝင်နဲ့' ဆိုတဲ့ ဆိုရိုးစကားရှိခဲ့တာကိုတောင် သတိမထားနိုင်ဘူး။ ကာရန်ချို ဆိုတဲ့ မိန်းကလေးနဲ့ မကောင်းမရှင်းဖြစ်နေတာနဲ့ပတ်သက်ပြီး ရန်လေး က သမီးကို အန္တရာယ်ပြုသော



www.burmeseclassic.com

www.burmeseclassic.com



မလားဆိုပြီး မပြောသင့်တာတွေပြောမိ၊ မတားသင့်တာတွေတားမိ၊ ဒီလို အိမ်ဖော်မိန်းကလေးတစ်ယောက်က ကြံစည်နေတယ်လို့မှ မထင်ခဲ့တာ"

ပန်း ရင်တွေ အဆမတန်ဆောင့်ခုန်နေခဲ့၏။ ပတ်ဝန်းကျင်မှာလည်း သာဓကတွေမြင်နေရသည်။ သူကိုယ်တိုင်လည်း တကယ်ဖောက်ပြန်ခဲ့တာ ခိုင်မာနေတာပဲ၊ ရန်လေးလိုလူမျိုးသည်သာ ဒီလိုကြံစည်နိုင်သူဟာ ဘယ်သူဖြစ်ဖြစ် ကောက်ချက်ချမိမှာပဲဖြစ်သည်။

ဒါပေမယ့် ကြံစည်ရက်တဲ့သူဟု အံ့ဩမိတာ၊ ရွံရှာမိတာတွေအားလုံး က လက်တုံ့ပြန်ဖို့မဟုတ်ခဲ့ပေ။ သူ ကြံစည်လို့မှ သေရမယ်ဆိုရင် သေပါ စေတော့ဟုလည်း ဆုံးဖြတ်ထားပြီးဖြစ်သည်။

ဒါကလည်း သူ့ကို နှင့်လွှတ်နားလည်တတ်ခဲ့တာ မဟုတ်ပေ။ ဘယ် နေ့များ နောက်တစ်ခါကြံဦးမလဲဆိုသော စိုးထိတ်မှုတွေကို ကြောက်ရွံ့ နေမိလို့သာ။

"သမီး"

ဦးမြတ်ထူး က ဒူးထောက်ထိုင်ချလိုက်တော့မလို လေသံအမှုအရာ များနှင့် ရှေ့ကိုတိုးကာ ...

"ဘဘ မှားသွားတယ်"

"မှားတာပေါ့၊ လူသတ်မိရင် သတ်တဲ့အပြစ် ခံရမှာပဲဆိုတာ ဘဘ မသိတာလဲမဟုတ်ဘဲနဲ့"

"သမီးရယ် ဘဘ ဒေါသစိတ်တွေမွန်သွားလို့ပါ။ အဲဒါ သမီးကို ထိပါး ရဲသလားဆိုတဲ့ မာနဒေါသတွေပါကွယ်၊ ဘဘကို သမီးဘက်က တစ်ခုပဲ ကူညီပါ"

ပန်း နှုတ်ခမ်းသားတွေ ချက်ချင်းခြောက်သွေ့လာ၏။ လက်ဖျားတွေ ကို ဖိဆုပ်ထားမိတာလည်း ကိုယ့်လက်နဲ့ကိုယ် ဆုပ်မိမှန်းမသိ။

ဦးမြတ်ထူး ဘယ်လိုအကူအညီတောင်းမှာလဲဆိုသည့် တုန်လှုပ်ခြင်း





က ရင်ခုန်သံတစ်ချက်ဆောင့်တိုင်း ရင်ဝကို တင်းပုတ်ကြီးနဲ့ ထုချနေ သလိုပင်။

ဦးမြတ်ထူးသည် သူပြောလိုက်လျှင် ပန်း က ငြင်းပယ်လိုက်မှာကို စိုးရိမ်နေသလိုမျိုး ပန်း ၏မျက်ဝန်းလေးတွေကို စူးစိုက်ကြည့်ကာ ...

"ဒီ... ဒီကိစ္စကို သမီး ရဲမတိုင်ပါနဲ့"

"ဟင် ..."

"အိမ်မှာ အိမ်ဖော်တစ်ယောက်မရှိတဲ့အဖြစ်မှာ ဘာမှမဆန်းပါဘူး၊ ဒီအိမ်ကလူတွေ မသိဖို့ပါပဲ၊ မယ်မြကိုလဲ သမီး မပြောပါနဲ့၊ ဒါတစ်ခုကိုတော့ သမီး ကူညီပါကွယ်၊ ဘဘ အနူးညွတ်တောင်းပန်ပါတယ်။

"အို .. ဘဘထူး ဘာတွေပြောနေတာလဲ၊ ဒီလိုအမှုမျိုးဆိုတာ ထာဝရ ဖုံးကွယ်သွားလို့ရတာမှမဟုတ်တာ"

"မရတဲ့နေ့၊ အဲဒီအချိန်မှာ ဘဘ ကျေကျေနပ်နပ်ကြီးခံသွားမှာပါ၊ ရသမျှပေါ့၊ ရနိုင်သမျှ သမီး မျိုသိပ်ထားပေးပါ"

ဦးမြတ်ထူး ယောက်ျားကြီးတန်မဲ့ ငိုချလိုက်တော့မလို တောင်းပန် နေသဖြင့် ပန်း ဘာမှမပြောနိုင်တော့ဘဲဖြစ်နေမိသည်။ မီးရောင်အောက် မှာ ဦးမြတ်ထူး၏မျက်နှာကြီးက နီရဲကာ မျက်ဝန်းထဲမှာ မျက်ရည်တွေ လည်နေသလိုလို ...

"ခု...ခု သူ့ကို ဘယ်မှာထားခဲ့တာလဲ"

"လုံခြုံတဲ့နေရာမှာ ဘဘ ဖျောက်ပစ်မှာပါ"

"ဟင် ... ဘဘထူး ဘယ်ကိုလဲ"

ပြောပြီးသည်နှင့် ဦးမြတ်ထူးက ပန်း လက်ကလေးကိုဆွဲ၍ အပြင် ခေါ် ထုတ်သွား၏။ အောက်ထပ်ကို တောက်လျှောက်ဆင်းလာခဲ့ကြပြီး ရေချိုးခန်းဟောင်း၏ရှေ့မှာ ရပ်လိုက်သည်။

ဒီရေချိုးခန်းက ရေကန်သိပ်မကောင်းသည်မို့ သိပ်မသုံးဖြစ်ကြတာ



www.burmeseclassic.com

www.burmeseclassic.com



ကြာပြီဖြစ်ကာ ရေမီးအားလုံးကတော့ အဆင်သင့်ပင်။

"ဒီထဲမှာ သူ့ကိုခေါ်စစ်တာပဲ၊ စစ်နေရင်းနဲ့ လက်လွန်သွားတာ"

ပြောပြီး ဦးမြတ်ထူးက ဘေးကို တစ်ချက်စေ့ကြည့်ကာ တံခါးလှည့်ဖွင့်လိုက်၏။

"ဟင့်အင်း"

မဖွင့်နဲ့ဟုတားမလို့ပေမယ့် ဆုံးအောင်လည်းမပြောလိုက်နိုင်။ ဦးမြတ်ထူးကလည်း ဖွင့်လိုက်ပြီဖြစ်ရာ ...

"ဟင် ..."

ပန်း မျက်လုံးတွေ ပြာခနဲဖြစ်သွားသည်။ ရေကန်ထဲမှာ နံရံကိုမှီလျက် ကန့်လန့်ဖြတ်ထည့်ထားသည့်ပုံမျိုး တွဲလွဲကျနေသည့် ခြေထောက်နှစ်ချောင်းက အပြင်မှာ၊ ဒီဘက်ကိုလှမ်းကြည့်နေသော မျက်လုံးကြီးပြူးနေသည့် ဆံပင်ဖားလျားနှင့်မျက်နှာကြီး ...

"သူ ... သူ ..."

လက်ညှိုးထိုးဖို့ဟာ လက်က ထိုဆီကိုမရောက်နိုင်ဘဲ တဆတ်ဆတ်တုန်နေ၏။ ဆံပင် ဖရိုဖရဲနှင့် ထိပ်ဦးကနေ ဖြာဆင်းနေသောသွေးတွေက ချင်းချင်းနီနေသည်။

ငေးကြည့်တုန်ယင်နေရင်း ပန်း ကိုယ်လေး တဖြည်းဖြည်းခွေကျသွားလေသည်။

"သမီး ..."





## အခန်း (၃၈)

"မမလေး ဘာဖြစ်လို့လဲဟင် မမလေး"

ပန်း သတိရလာတော့ ကိုယ့်အိပ်ခန်းထဲက မွေ့ရာပေါ်မှာပါ။ သူမဘေးမှာ ဘယ်သူမှမရှိကြဘဲ မယ်မြတစ်ယောက်တည်း စိုးရိမ်တကြီးဖြစ်နေသည့်မျက်နှာလေးနှင့် ...

"ဘာဘာထူးရော ..."

"ဘာဘာကြီးလား၊ မမလေးကို ရေချိုးခန်းဟောင်းဘက်ကနေ ပွေ့ခေါ်လာပြီး ဒီထဲမှာ ပြန်ပို့ခဲ့တယ်၊ ပြီးတော့ မမလေးမျက်နှာကို ရေစိုအဝတ်နဲ့ အုပ်ပေးလိုက်လို့ပြောပြီး ပြန်ထွက်သွားတယ်၊ အိမ်ရှေ့မှာ ဘယ်ညှိုသည်လာလာ တံခါးဖွင့်မပေးရဘူးတဲ့၊ မျက်နှာကြီးကလည်း ဘာဖြစ်နေမှန်းမသိဘူး၊ မမလေးရော ဘာဖြစ်တာလဲဟင်၊ မမလေး ဘာဘာကြီးနဲ့ပါသွားဘာမဟုတ်ဘူးလား"

ပန်း ဘာမှမဖြေနိုင်။ မျက်နှာမှာ အေးစက်စက်ကျန်ခဲ့သည့် ရေစို



www.burmeseclassic.com

www.burmeseclassic.com



လက်စကို ပွတ်တိုက်ချလိုက်ပြီး နေရာမှ ဖြည်းဖြည်းထ,ထိုင်သည်။ သူမဘာမှမဖြေသော့ မယ်မြကပဲ မရဲတရဲ ဆက်၍ ...

"မမလေးရယ် မမရဲ့ဘေးမှာ ဘယ်သွားသွား ကျွန်မ လိုက်ပါရစေ၊ ဟို..ဟိုလေ ... ဘဘကြီးနဲ့ မစီ က တည့်နေကြတယ်ထင်တယ်၊ မစီ က မမလေးကို အဆိပ်ခတ်တဲ့အကြောင်းတွေ ပြောပြနေတာ ကျွန်မကိုယ်တိုင်ကြားတယ် သိလား။ အဲဒါ ... အဲဒါ ဘဘကြီးရဲ့အိပ်ခန်းထဲမှာ ..."

ဟင် ...၊ အသံမထွက်ပေမယ့် ပန်း အံ့သြသွားသည့်မျက်နှာလေးက သိသာ၏။ မယ်မြက အားတက်သရော ခေါင်းညိတ်ကာ ...

"မစီက သူ အဆိတ်ခတ်တဲ့အကြောင်း ပြောပြီး ငိုနေတာ၊ ဘဘကြီးက 'တိတ်စမ်း' လို့ အော်ပြီး ဒေါသတွေကြီးနေတာ မမလေးရဲ့"

ပန်း မျက်နှာလေး ငေးသွားပြန်သည်။ မစီ ကို ဘဘထူး စစ်မေးနေတာဖြစ်မှာပါ။ ကိုယ့်မှာ ပြောပြလို့လည်းမရ၊ ရင်ထဲမှာလည်း မီးတောက်ကြီးက အားကောင်းနေ၏။

ပြီးတော့ သွေးစိမ်းရှင်ရှင်နှင့် မျက်လုံးကြီးတွေပြူးထွက်နေသည့် မျက်နှာကြီး ...

"မမလေး ... မမလေး ဘာဖြစ်သွားတာလဲဟင်၊ မူးလို့လား"

ပန်း မျက်လုံးတွေမှိတ်ပစ်လိုက်တော့ မယ်မြ ပျာပျာသလဲဖြစ်သွား၏။ မုန်းတယ်ဆိုသည့် အမှုအရာတွေရှိနေသော်လည်း အစ်ကိုလေး မရှိတော့သည့်နောက်မှာ မမလေး၏ ရယ်မြူးသွက်လက်ခြင်းတွေလည်း ပျောက်ဆုံးသွားခဲ့တာပါပဲ။

မယ်မြကတော့ ဒီလိုပဲတွက်မိသည်။ ခုဆို ပန်း မျက်နှာလေးမှာ အပြုံးအရယ်တွေ ဆိတ်သုဉ်းလျက် အိပ်ရေးပျက်ပင်ပန်းနေသည့်ရုပ်မျိုးလေးပဲဖြစ်နေ၏။

အလုပ်လည်း မှန်မှန်မသွားခဲ့ဘဲ ရှိသမျှအလုပ်တွေကို စုပုံယူကာ





ညဘက်ကျမှ ထိုင်၏။ နေ့ဘက်မှာ တွေတွေငေးငေးနှင့် ...

"မမလေးရယ် စိတ်မဆိုးဘူးဆိုရင် ကျွန်မ ဆက်ပြောပါရစေနော်၊ မမလေး ခုလို စိတ်ထိခိုက်ခံစားနေ တာကို မကြည့်ရက်လို့ပါ၊ ကြာလာရင် မမလေး ဒီထက်ပိုဆိုးသွားနိုင်တ..."

"ဘာလဲ"

ပန်း က ပခုံးထက်မှာပြန့်ကျနေသည့်ဆံပင်တွေကို မျက်နှာလေးမော့၍ ခါထုတ်ပစ်လိုက်ကာ ခေါင်းထဲရှင်းသွားအောင်ကြိုးစား၏။ မယ်မြ၏ စကားတွေကို စိတ်ဝင်စားသဖြင့် ...

"နင် ဘာပြောစရာတွေရှိလို့လဲ မယ်မြ"

"ဟို ... မစီ က မမလေးကိုလုပ်ကြံတာမှန်ရင် မစီနဲ့ဘဘကြီးက တည့်နေကြတော့ မမလေးကို ... မမလေးကို ကျွန်မ စိတ်မချလို့ပါ"

ပန်းက မျက်မှောင်လေးကြုတ်၍ မယ်မြကို စိုက်ကြည့်နေ၏။

"ရှင်းအောင်ပြောစမ်း မယ်မြ၊ ဘာလဲ"

"ကျွန်မ ဒီထက်မပြောတတ်တော့ဘူး၊ ပြောလဲမပြောရဲလို့ပါ၊ ဒါပေမယ့် ဘဘကြီးနဲ့မစီတို့ တည့်နေကြတာတော့ သေချာတယ် မမလေး၊ မမလေးကို ဘဘကြီး ပွေ့ခေါ်လာတော့ သူက နောက်ကနေ ဒီတိုင်းရပ်ကြည့်နေတာ"

"ဘာ ..."

"မမလေး ဘာဖြစ်လာမှန်းမသိလို့ ကျွန်မ အသက်ရှူတွေမှားကုန်သလားပဲ၊ သူ့ကိုကြည့်တော့ ရပ်ကြည့်နေတာ အေးအေးဆေးဆေးပဲ"

ပန်း မျက်နှာလေး ဖွေးဆုတ်သွား၏။ ဘဘထူးရဲ့နောက်မှာ မစီ ရပ်နေသည် တဲ့။ အာခေါင်ထဲမှာ ရှတ်တရက် ခြောက်သွေ့လာသည်။

မစီ၏အလောင်းကို သူမမျက်လုံးနှင့် သေချာမြင်ခဲ့သည်။ ဒါကို ရပ်ကြည့်နေသည်ဟု မယ်မြက ပြောနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား … ဘုရား၊ ခေါင်းတွေမူးဝေလာကာ ပန်း ကိုယ်လေး အိပ်ရာထက်မှာ ပြန်လည်လဲလျောင်းလိုက်ရခြင်းသို့ရောက်လေသည်။

မျက်လုံးတွေကို မှိတ်ထားပေမယ်လည်း မြင်နေဆဲပင်။ မှုခင်းမဂ္ဂဇင်းတွေထဲမှာ ဖောခဖောဖတ်ဖူးသည်။ အသတ်ခံရသည့်လူတွေ၏ ဝိညာဉ်ကိုခေါ်ပြီး တရားခံ ပြန်ရှာခိုင်းတာတွေ။

သေဆုံးသူက စိတ်ခံတတ်ပြင်းထန်ကာ အငြိုးကြီးလွန်းလို့ ဝိညာဉ်ဘဝကနေ တရားခံကို သူကိုယ်တိုင် သွယ်ဝိုက်ဖော်ထုတ်ပေးတဲ့အမှုတွေ။

မစီ သာ အကယ်၍ ထိုအဖြစ်များအတိုင်း အငြိုးထားခဲ့ပြီဆိုလျှင်…

🔔 🔔 🔔





## အခန်း (၃၉)

"ဘာ… ဘဘထူး ဘယ်လိုပြောလိုက်တယ်၊ မယ်မြကို ပြန်လွှတ်လိုက်မယ် ဟုတ်လား"

"ဟုတ်တယ် သမီး။ လူတစ်ယောက်ပိုနေ့ပ်ဖ်ဲးစပ်တစ်ပေါက်တိုးတယ်၊ သူ့ကိုထုတ်လိုက်ပြီးဘာနဲ့ နောက်ထပ်မိန်းကလေးအသစ်တစ်ယောက်ကို ဘဘထူး ချက်ချင်းခေါ်ပေးမယ်"

"အို… ပိုက်ဆံပေးနိုင်ရင် ခိုင်းလို့ရတယ်ဆိုပေမယ့် စေတနာဆိုတာ ဝယ်လို့ရတာမျိုးမှမဟုတ်တာ၊ မစီတုန်းကလဲ သူ့ဘက်က ပန်း ကို အထင်မြင်လွဲပြီး မုန်းတီးနေတာ ပန်း မသိဘူး၊ တစ်လျှောက်လုံး ပန်းတို့မိသားစုအပေါ်မှာ ကောင်းခဲ့တဲ့သူပါ။ ခု ထပ်ပြီး တစ်ယောက်ပြီးတစ်ယောက် ဆုံးရှုံးရမယ်ဆိုရင် …"

"မစီကို သမီး ထည့်မပြောပါနဲ့တော့"

ဦးမြတ်ထူးက လူကြားမှာစိုးသည့်ဟန်နှင့် လက်ကာတားဆီးသည်။ ပြီးတော့ ပန်းရုံတွေဘက် လူရှိနေမလားဆိုသည့် မလုံမလဲမျက်လုံးများ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ဝှေ့ကြည့်ကာ ...

"ပေါက်ကြားတယ်ဆိုတာ ပါးစပ်ကြောင့်ပဲ သမီး ပြောတာဆိုတာကို အထူးသတိထားပါကွယ်၊ ဒီအမှုကို ဖုံးကွယ်ထားစေချင်တာဟာ ဘဘက အပြစ်ကျူးမှာစိုးလို့ တစ်ခုတည်းမဟုတ်ဘူး။ ဟောဒီ'သုခမာလာ'အိမ်ကြီးရဲ့ အစဉ်အဆက် ခိုင်မြဲလာခဲ့တဲ့ သန့်စင်ခဲ့ညားမှုပေါ်မှာ အမည်းစက် မထင်စေချင်တာလဲပါတယ်၊ အခု သမီးနဲ့ရန်လေး စိတ်အခန့်မသင့်လို့ ကွဲခဲ့ကြတယ်၊ ဒါပေမယ့် သူဖောက်ပြန်နေတာ တခြားလူတွေလဲ ကြားမြင်နေတာပဲ၊ ဘာကြောင့်ကွဲနေကြလဲဆိုတာ ရိပ်မိကြတယ်"

ပန်း မျက်နှာလေးလွှဲသွားသည်။ ဦးမြတ်ထူးက ပန်းကို အကဲခတ်နေရင်း ဆက်ပြော၏။

"ဒီလို မကောင်းသတင်းတွေ နောက်ထပ် တစ်ခုပြီးတစ်ခု ထွက်နေခဲ့ရင် သမီး စဉ်းစားကြည့်ပါဦး၊ နောက်ပြီး ခုကိစ္စက ရာဇဝတ်မှု"

"တော်ပါတော့ ဘဘထူးရယ်"

ဘယ်သူမှန်နေ၍ ဘယ်သူမှားနေသလဲဆိုတာ မသိပေမယ့် ဘဘထူးက ဘယ်သူ့အတွက်ပဲဆိုနေနေ ပန်း ကြည်နူးဝမ်းမြောက်လို့မရပေ၊ အားကိုးတကြီးစိတ်တွေ ဖြစ်ပေါ်လာခြင်းမရှိ။

သူမ ခံစားနေရသည်က မိမိတစ်ယောက်တည်း တောကြီးမျက်မည်းထဲမှာ ကြောက်လန့်တကြားပြေးလွှားနေရတာမျိုး။

"ပန်း ဘာမှမပြောတော့ဘူး၊ ဘဘထူး ကြိုက်သလိုစီမံပါ။ ဒါပေမယ့် မယ်မြ ထွက်သွားပြီးတာနဲ့ ပန်း ဒီကနေ ခရီးထွက်ချင်တယ်၊ အဲဒါကို ဘဘ စီစဉ်ပေးပါ"

"ဟာ ဘယ်ဖြစ်မလဲ သမီးရယ်၊ ဒီလိုအချိန်မှာ လူအဝင်အထွက် အပြောင်းအလဲတွေ သိပ်လုပ်လိုက်ရင် အားလုံး သံသယဝင်ကုန်မှာပေါ့"

ပန်း မျက်နှာမှာ ဒေါသငွေ့လေးတွေ ယှက်သမ်းသွား၏။ ဒီလို





အဆောင်ဆောင်အခန်းခန်းနဲ့တိုက်ကြီးထဲမှာ ပန်း က တစ်ယောက်တည်း နေရမယ်တဲ့လား။

"ပန်းဘက်ကိုလဲ ဘဘထူး ပြန်ကြည့်ပါဦး၊ ဒီအချိန် ဒီအိမ်ကြီးမှာ ပန်း က တစ်ယောက်တည်း"

"သမီးရယ် တစ်ယောက်သွားရင် နှစ်ယောက် ပြန်ခေါ် လို့ရပါတယ်၊ ဒါမှ သမီး မနေရဲရင် သုံးယောက်၊ ငါးယောက်၊ သမီး စိတ်တိုင်းကျပြောမယ်မြ မရှိတော့ဖို့ဘဲလိုတာ၊ ကျန်တာအားလုံး ဘဘစီစဉ်ပေးသွားမယ်"

ပန်း ခေါင်းငိုက်စိုက်ကျသွားလေသည်။

စိတ်ဆင်းရဲလွန်းသည့်အခါတိုင်း မာကျောကျော တည်ဘင်းနေသည့် မျက်နှာတစ်ခုကို အမြဲမြင်သည်။ ဖျတ်ခနဲမြင်ယောင်လာတတ်သော်လည်း ချက်ချင်း ပြန်ဖျောက်ပစ်ချင်တော့ မရ။

တက်ခေါက်၍ ခေါင်းခါပစ်မိသည်။ ထိုင်နေတာဆိုလျှင် ဆတ်ခနဲ ထ၊ ရပ်ပစ်လိုက်ပြီး လမ်းလျှောက်ပစ်ခဲ့သည်။ ကိုင်တွယ်လှုပ်ရှားလို့ရ ည့် ကိုယ်ခန္ဓာကြီးကိုသာ မိမိကြိုက်သလို ခိုင်းစေနိုင်ခဲ့ပေမယ့် မေ့ဖျောက်ပစ်ဖို့ကျတော့ စိတ်တစ်ခုကို ဘယ်လိုမှ ချုပ်ကိုင်မောင်းနှင်လို့မရပေ။

ဘဝဆက်တိုင်း မိမိအား မချစ်မနှစ်သက်သောသူနှင့် ပေါင်းသင်းရခြင်းမှ ကင်းဝေးပါရစေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၀)

"မမလေး"

မျက်ရည်တွေဝေ့လည်လျက် ဒရင်းဘက်ရဲ့ဘေးမှာ ပုဆစ်တုပ်လေး ထိုင်ချလိုက်ကတည်းက မယ်မြ ဘာပြောမှာလဲဆိုတာကို ပန်း သိသည်။

မယ်မြ ကို ပန်း က လှည့်မကြည့်တော့ ပန်း၏ဒူးတစ်ဖက်ပေါ် မှာ လက်ကလေးဖွဖွတင်ကာ ...

"ဘဘထူးက ကျွန်မကို တောပြန်ခိုင်းတယ် မမလေးရဲ့၊ အဲဒါ မမလေး သိလားဟင်"

ပန်း မဖြေရက်ပေ။ မယ်မြမှာ ဘာအပြစ်မှမရှိသည့်အပြင် ကိုယ့်ကို စိုးရိမ်ကြီးလျက် [illegible]တုန်းကထက်တောင် ပို၍ဂရုတစိုက်ရှိခဲ့ရှာ၏။

ထို့ပြင် ခုလိုအချိန်မှာ မယ်မြဟာ သူမအတွက် အလိုအပ်ဆုံး ရဲဘော် ရဲဘက်ပင်။

"မမလေး ကျွန်မလေ မမလေးကို မခွဲနိုင်ဘူး၊ ပြီးတော့ စိတ်လဲချ[illegible] ဘူး။ မမလေး ကျန်းမာရေးသိပ်မကောင်းတဲ့ကြားက ညညဆို လန့်လန့်[illegible]





ထ,ထိုင်တာတွေရော၊ ကျွန်မ မရှိရင် နောက်ထပ်လူသစ်လဲမရသေးတဲ့ အခါ မမလေး တစ်ယောက်တည်း ဘယ်လိုလုပ်မလဲ"

ပန်း က လှည့်လည်းမကြည့်၊ ပြန်လည်းမဖြေခဲ့ပေ။

"အဲဒါကြောင့် ဘဘထူးကို မမလေး ပြောပေးပါလားဟင်၊ နောက်လူ သစ် မရောက်သေးခင်ထိ ကျွန်မ မမလေးနားမှာ နေပေးပါရစေ၊ မမလေး နားမှာ အဖော်ရတာနဲ့ ချက်ချင်းသွားပါ့မယ်လို့ နော်"

"မယ်မြ"

ပန်း ရင်ထဲမှာနင့်သွားသည်။ ထိန်းချုပ်နေသည့်ကြားက မျက်ရည် ဝေ့၏။ မီးရောင်က အပေါ်စီးမှာရှိနေတာပေမယ့် မျက်တောင်ဖျားတို့၏ အရိပ်အောက်မှာ ပန်း မျက်ရည်ဝေ့နေတာကို မယ်မြ မြင်နေရ၏။ တစ် ယောက်ကိုတစ်ယောက် ငေးကြည့်နေမိကြရင်း ...

"ခဏပါပဲ၊ ခဏတော့သွားလိုက်ပါ မယ်မြရယ်"

"အဲဒါ ဘာဖြစ်လို့လဲဟင်၊ မစီ လဲ မမလေးကို လုံးဝမခေါ်တော့ဘူး မို့လား။ ဘဘထူး ခုလိုစီစဉ်တာ ဘာကြောင့်လဲဆိုတာ မမလေး မစဉ်းစား တော့ဘူးလား။ မစီနဲ့ ဘဘထူးနဲ့ နှစ်ယောက် စည်းလုံးနေကြရင် မမလေး က တစ်ယောက်တည်းရယ်လေ၊ ကျွန်မ မမလေးကိုပြောဖူးပါတယ်၊ ဘဘ ထူးနဲ့ပတ်သက်ပြီး ..."

"ဒုန်း"

"ဟင် ..."

ခပ်ဟဟတံခါးရွက်က ဆောင့်ပိတ်သွား၏။ နှစ်ယောက်စလုံး လှမ်း ကြည့်လိုက်မိကြသည်။ ခဏကြာတဲ့အထိ ဘာသံမှမကြားရသည်မို့ ...

"ဘယ်သူလဲ"

ပန်း အသံလေး မသိမသာတုန်နေ၏။ အပြင်က ဘာသံမှ မကြား ရပေ။



www.burmeseclassic.com

www.burmeseclassic.com



"မစီလားမသိဘူး"

"မယ်မြ"

ပန်း တားလိုက်တာ နှောက်ကျသွား၏။ မယ်မြ တံခါးကိုဆွဲဖွင့်၍ အပြင်ကို ကိုယ်တစောင်းထွက်ကြည့်ကာ ...

"မစီ ..."

အို... ပန်း တစ်ကိုယ်လုံး ကြက်သီးတွေ ဖျင်းခနဲထသွားသည်။

"မစီ ဘာလဲ"

"မယ်... မယ်မြ"

ပန်း လဲပြိုမတတ်ဖြစ်နေတာကို လှည့်ကြည့်မိကာမှ မယ်မြ တံခါးဝကနေ ပြန်လှည့်ပြေးလာ၏။

"မမလေး ... မမလေး လန့်သွားလို့လားဟင်၊ မစီရယ်ပါ မမလေးရဲ့"

"ဟင့်အင်း"

ပန်း ခေါင်းခါရင်း မယ်မြလက်တွေကို ကတုန်ကယင်ဆုပ်ကိုင်ထားမိသည်။ သူမ လက်တွေအေးစက်နေတာကိုသိကာ စိုးရိမ်သွားသော မယ်မြ ကလည်း ဒါကိုပဲ အထပ်ထပ်ပြောပြပြီး ရှင်းလို့မဆုံးနိုင်။

"အဲဒါကြောင့် မစီ ကို ကျွန်မ လှမ်းခေါ်တာ၊ လုံးဝ ပြန်လှည့်မကြည့်ဘူး။ မစီ ခုတစ်လော အဲဒီပုံစံပဲ မမလေးရဲ့၊ အိမ်အလုပ်တွေ ဘာမှမလုပ်တော့ဘူး၊ ညညကျမှ ဆံပင်တွေဖြန့်ပြီး လမ်းလျှောက်နေတာ ကြွရှုနေတာပဲ၊ ဟုတ်မှာပါ။ သူ့ဘက်မှာ ဘဘထူးက ရှိနေတာကိုး"

မယ်မြ ပြောချင်တာတွေပြောပြီးမှ ရင်ဘတ်လေးဖိကာ ဖုတ်လိုက်ဖုတ်လိုက် အသက်ရှူနေရသည့် ပန်း ကို ပြန်ကြည့်၏။ သူမထင်တာက တစ်မျိုး။

"မမလေး ဘာလို့စိတ်မဆိုးတာလဲဟင်၊ မစီ က မမလေးကို ကြံစည်တယ်ဆိုတာ ကျွန်မပြောတာကို မယုံလို့လား"





ပန်း က ခေါင်းလေးခါ၍ ဆက်မပြောဖို့ လက်ကာပြသည်။ ဒါပေမယ့် မယ်မြ က တံတွေးလေးမျိုလိုက်၊ ပြောလိုက်။

"ဘဘထူးကို ယုံကြည်နေတာက ထားလိုက်ပါ။ မစီ ကိုတော့ စစ်ဆေးမေးမြန်းသင့်ပါတယ် မမလေးရယ်၊ ပြီးတော့ သူက ကိုယ် အပြစ်ပေးတာကို ခေါင်းငုံ့လည်စင်းခံရမယ့်သူ၊ မမလေးက သူ့အသံကြားတိုင်း ဘာဖြစ်လို့ တုန်လှုပ်နေရတာလဲ"

"မယ်မြ ... နင် ... နင် တော်တော့၊ တော်ပါတော့"

ပန်း နဖူးမှာ ချွေးတွေသီးလာ၏။ စောစောက တံခါးထုသံကြီးက အာရုံထဲမှာ ပြင်းထန်စွာနှိပ်စက်နေတုန်း မစီ သေပြီဆိုတာကို မယ်မြက မသိပေ။

ညညကျမှ လမ်းလျှောက်သည်ဆိုသော မစီသည် ဘဘထူးနှင့် အကြောင်းပေါင်းသင့်နေလို့မဟုတ်ဘဲ ဘဘထူး သတ်လို့ သေသွားခဲ့ရသည့်အဖြစ်ကိုသာ သိသွားခဲ့မည်ဆိုလျှင် ...

မယ်မြကို အမှန်အတိုင်းပဲ ပြောပြချင်စိတ်တွေ ပြင်းပြစွာ ဖြစ်ထွန်းလာခဲ့သည်။ ဒါပေမယ့် ...

ပန်း တစ်ယောက်တည်း ဒရင်းဘက်ပေါ်မှာ ခွေခေါက်ကျန်ခဲ့လေသည်။ သူမ မုန်းတီးနာကြည်းပါသည်ဆိုသော ကိုယ့်ထံ ဘယ်တော့ ရောက်လာမလဲ။

www.burmeseclassic.com



## အခန်း (၄၁)

"ဘာ ..."

ရန်လေး နားမလည်နိုင်အောင်ဖြစ်သွား၏။

"နှင့်ကို တောပြန်ခိုင်းလိုက်တယ် ဟုတ်လား"

မယ်မြသည် သူ့ရှေ့မှာ အိတ်မည်းကြီးတစ်လုံးကို မနိုင်မနင်းလွယ်ပိုး ပြီးရောက်လာခဲ့တာဖြစ်သည်။ 'ဘာဖြစ်လာတာလဲ'ဟု မေးလိုက်တာနှင့် ရှုံးမဲ့ရှုံ့ပြန်သည်။

"မမ မသိဘူးလား၊ ဒီလူကြီး ဘာလုပ်တာလဲ"

"မမလေး သိပါတယ်၊ ဒါပေမယ့် ဟို ... ခဏတော့ပြန်လိုက်ပါတဲ့"

"ဘာဖြစ်လို့လဲ၊ အဲဒီမှာ ဘာကိစ္စတွေ ကြီးမားနေလို့လဲ"

"ကျွန်မ မသိဘူး"

အိမ်ကထွက်ခါနီးမှာ ဒီကအကြောင်းတွေ ဆိုးတာ ကောင်းတာ ဘာ တစ်ခုမှ အပြင်မှာမပြောရဘူးဟု ပန်း ကမှာလိုက်သဖြင့် မယ်မြက သူမ သိထားသမျှ ဘာကိုမှ မပြောတော့ချေ။ ထို့ပြင် ဦးမြတ်ထူးက ကပ်ကြိမ်း လိုက်သေးသည်။





"သစ္စာကြီးတဲ့တွေ့ဆုံရှိန်ကောင်းဆိုတာ ကိုယ့်ကျေးဇူးရှင်တွေအပေါ်မှာ ရှေ့နောက်၊ ကွယ်ရာ ဘယ်မှာဖြစ်ဖြစ် သစ္စာစောင့်သိရတယ်၊ ပြောလွန်းတဲ့ပါးစပ် အသက်တိုတယ်တဲ့၊ အဲဒါတွေကို မှတ်သွား" တဲ့။

ရန်လေး ကတော့ မယ်မြ ဘာမှ မသိနားမလည်ဘွာနှင့် နှင်ချခံလိုက်ရသည်ဟုပဲထင်ကာ ဘာမှ ထပ်၍မမေးမြန်းတော့ပါ။

ရုံးခန်းထဲမှာမို့ လင်းထွဏ်းအပြင် တခြားလူလည်းမရှိ။ သူ တက် ခေါက်တော့ လင်းထွဏ်းက ဒီဘက်စားပွဲကို ထလာကာ ...

"မင်း 'သုခမာလာ'ကို တစ်ခေါက်လောက်သွားကြည့်ဖို့ကောင်းတယ် ရန်လေး"

"ဘာလို့သွားရမှာလဲ၊ ကိုယ့်ကို စွပ်စွဲမယ့်သူနဲ့ မယုံကြည်တဲ့မိန်းမနဲ့ သွားပြီး နောက်တစ်ခါ ငါက နှင်ထုတ်ခံရဦးမှာလား"

"မဟုတ်သေးပါဘူးကွာ"

လင်းထွဏ်းက ခေါင်းခါပြ၍ စားပွဲရှေ့မှာထိုင်လိုက်တော့ မယ်မြနှင့် ယှဉ်တွဲလျက်ဖြစ်သွား၏။

"ငါပြောချင်တာက အဲဒီလိုမဟုတ်ဘူးကွ၊ တစ်ယောက်ပြီး 'တစ်ယောက် ပုံထွက်နေကြတာ လုံးဝမှမရိုးသားတာ' ခုဆို မင်းပြောတဲ့ ဟို တစ်ယောက်ပဲ ပန်းတစ်ပွင့်နားမှာ ရှိတော့မယ်"

"မစီကိုပြောတာလားဟင်၊ သူကလဲ မမလေးကို မခေါ်တော့ဘူး"

"ဘာဖြစ်ကြလို့လဲ"

"ဟို ..."

မယ်မြ ကိုယ့်ပါးစပ်ကို လက်ဝါးနဲ့ပြန်ပိတ်လိုက်သည်။ မမလေးနဲ့ ဘာဘကြီး မျက်နှာတွေပေါ် လာသဖြင့် ခေါင်းခါလိုက်ရင်း ...

"အဲဒါ ကျွန်မ မသိဘူး"

"ဒါတွေဖြစ်နေတာ ဘာဘထူးက မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



မယ်မြ ဘယ်လိုဖြေရမှန်းမသိဘဲဖြစ်နေစဉ် ရန်လေး က သူ့ဘာသာ စဉ်းစားမရဖြစ်နေသလိုမျိုး မျက်နှာစာတံခါးဘေးက မှန်ချပ်ကြီးနားကို လျှောက်သွား၏။

ခါးထောက်လိုက်၊ လက်ဖြုတ်လိုက်နှင့် ဘာမှလဲ ထပ်မမေးတော့ပေ။

"မင်းသိချင်တာတွေ မင်းကိုယ်တိုင် သွားကြည့်လို့ရတယ်၊ မေးခွင့်လဲ ရှိတယ်၊ မယ်မြလိုမျိုး ကုပ်ကုပ်လေးပြန်ထွက်လာဖို့မှမလိုတဲ့ကွာ၊ ခုလို မင်းက ပြုတ်ပြုတ်တောက်တောက်နေတော့ မာနကြီးရာမရောက်ဘဲ ရင်မဆိုင်ရဲသလိုဖြစ်နေတယ်၊ မင်းမိန်းမက အဲဒီလိုထင်မှာပဲ"

"ဟ ...သူကိုယ်တိုင် ငါ့ကို ..."

"ဒီလိုပဲကွ၊ ဘာပဲဖြစ်ဖြစ် မင်းပြန်ရောက်လာတာကို သူ မျှော်လင့်နေနိုင်တယ်၊ မင်းဘက်က အလျှော့ပေးမှာကို လိုချင်တာလဲဖြစ်နိုင်တာပဲ၊ မင်းပဲ ပြောတော့ လက်ထပ်လိုက်တုန်းက မင်းနဲ့သူ မချစ်ကြတာဘဲရှိတယ် မစိမ်းဘူးဆို၊ မင်းသာ Sky ထူထောင်လိုက်တဲ့ကိစ္စကို သီးခြားခွဲမထွက်ဘဲ စည်းလုံးဖို့ကြိုးစားလိုက်ရင် သူ့ဘက် နွေးထွေးလာဖို့ရှိတယ်ဆို"

"ဘာဖြစ်လို့ အမြစ်က စ,လှန်နေတာလဲ၊ မပြောနဲ့ အဲဒါတွေ"

"မင်း သတိမထားခဲ့တာတွေကို ထောက်ပြနေတာပါ၊ ဘာအကြောင်းပဲဖြစ်ဖြစ် ကိုယ့်ဘာသာအတိုင်းတွေးပြီး ကိုယ့်ဘာသာဆုံးဖြတ်တာ မကောင်းဘူး။ ပန်းတစ်ပွင့် ဘယ်လိုရင်ဆိုင်နေရသလဲဆိုတာ မင်းတစ်ခေါက်တော့ သွားကြည့်သင့်တယ်၊ တစ်ယောက်နဲ့တစ်ယောက် ပြေလည်ဖို့ မင်းကပဲ ကြိုးစားသင့်တယ်"

"တော်တော် ဟိတ်ကောင်၊ ကိုယ့်လိပ်ပြာ ကိုယ်သန့်လို့သာ ငါ ဒီလိုနေရဲတာ၊ မဟုတ်ရင် သူတို့ ဝိုင်းပြီးစွပ်စွဲထားကြတဲ့သက်သေပုဒ်မတွေနဲ့ ငါ ဝရမ်းပြေးလိုနေရမှာ"





"အေးလေ၊ ဦးမြတ်ထူးကလဲ မင်းကို ထောင်ချဖို့ကြိုးစားဦးမှာပဲ၊ မင်းကို တရားခံဖြစ်အောင် ဖွဲ့ချက်တွေတင်လိုက်ကတည်း။ ဘ သူ့ရည်ရွယ်ချက်က အများကြီးရှိချင်ရှိနေဦးမှာ၊ အခု အားလုံးအေးချမ်းနေတာ မင်းမိန်းမက ပြဿနာရှာဖို့ခွင့်မပြုတာရော မဖြစ်နိုင်ဘူးလား"

လင်းထွဏ်းက ပြေလည်ငြိမ်းချမ်းရေးအတွက် အစွမ်းကုန်ကြိုးစားသည်။ မယ်မြ ကလည်း တတတ်တအား ပါသေးသည်။ သို့သော် ...

"ဘာမှမပြောကြနဲ့ အဲဒါ ငါ့အလုပ်"

ဟု ပိတ်ပြောပစ်လိုက်ကာ ...

"မယ်မြ"

"ရှင်"

"ခု ဘယ်သွားမှာလဲ"

"ကျွန်မ မသွားတတ်ပါဘူး အစ်ကိုလေးရယ်၊ ဘဘကြီးက ပိုက်ဆံတွေပေးလိုက်တယ်၊ ဒါပေမယ့် တောမှာ ဒေါ်လေးတို့က ရှိချင်မှရှိကြတော့မှာ"

"ဒါဆို မပြန်နဲ့တော့၊ နှင့်ကို စိတ်ချရတဲ့တစ်အိမ်မှာ ငါ အပ်ထားပေးမယ်၊ ပြဿနာတွေရှင်းပြီးတဲ့အခါ 'သုခမာလာ'ကိုပဲ ပြန်သွား"

မယ်မြ ဝမ်းသာအားရဖြစ်သွား၏။ မေးချင်တာတွေလည်း ပါးစပ်ထဲ ရောက်လာသေးသည်။ ဒါပေမယ့် ဘာမှမမေးရဲပါ။

ရန်လေး က ဖုန်းတွေဆက်နေတာ ဘယ်ကိုမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၂)

ဖုန်းကိုင်၍ ဆင်တူသောနံပါတ်တို့ကိုခေါ်မိတိုင်း ပန်း ကို သတိရသည်။ မယ်မြ ရောက်လာတော့ ပိုဆိုးသွား၏။ အိမ်မှာ ပန်း တစ်ယောက်တည်း ဘယ်လိုနေရှာမလဲ။

ဖုန်းဆက်ဖို့လည်း စိတ်ထဲမှာ ဆန္ဒတွေပြင်းပြနေလျက်နှင့် မဆက်ဖြစ်။ ကိုယ်တိုင်ဝင်သွားပြီး မေးမြန်းပြောဆိုချင်တာတွေရှိသည်။ ကိုယ်ပြောတာကိုသာ ယုံကြည်မည်ဆိုလျှင် နှစ်ယောက်အတူတွဲ၍ ဘယ်လိုဘေးအန္တရာယ်ကိုမဆို ရင်ဆိုင်ပစ်ချင်သည်။

ဒါပေမယ့် ခြံရှေ့ကို အကြိမ်ပေါင်းများစွာ ဖြတ်သွားလှမ်းကြည့်ဖြစ်ရုံနှင့်ပဲ သူ ပြန်လှည့်ခဲ့မိ၏။ ရင်ထဲမှာ အချစ်က သီးသန့်ဆန်စွာ ကျနေကြီးနေခဲ့ပြီး သူမကို ခွင့်လွှတ်နားလည်ဖို့အတွက် ခွင့်မပြုခဲ့ပေ။

ဒါဟာ စေတနာ မေတ္တာကို စော်ကားခံလိုက်ရခြင်းကြောင့် မခံရပ်နိုင်သော မာနတရားများသာဖြစ်လိမ့်မည်။

စီးကရက်တွေချည်း ဖိသောက်နေမိကာ ဒရင်းဘက်ကနေမြင်နေရ





သော မျက်နှာကြက်ဖွေးဖွေးကို အမိပ္ပာယ်မဲ့ ငေးနေမိ၏။ ထိုအချိန်မှာ ည ဆယ့်တစ်နာရီထိုးသွားသော နာရီသံလေး မြည်လာခဲ့သည်။

နာရီ၊ မိနစ်၊ စက္ကန့်တွေ ဘယ်ရှေ့ဘယ ‌ ရှေ့ဆက်နေကြသော်လည်း သူ့စိတ်တွေက ရှေ့မဆက်နိုင်။ တလွန့်လွန့်မ‌ ‌က်နေကြသည့် ပြာလဲ့လဲ့ မီးခိုးငွေ့လေးတွေထဲမှာ ပန်း၏မျက်နှာလေးက ပေါ်နေသည်။ ဒါကို ဘယ်လိုမှ ဖျောက်မရနိုင်။

သတိရနေခြင်းသည် တမ်းတခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည် မှန်လျှင် မေ့နိုင်အောင်ကြိုးစားရင်းနဲ့ပဲ ဘာဖြစ်လို့ တမ်းတနေမိတာလဲ။

အလုပ်လုပ်တော့လည်း ဖျတ်ခနဲဖျတ်ခနဲဝင်လာတတ်သည့် အတွေးထဲမှာ သူမ ဘာလုပ်နေသလဲ၊ သူမရဲ့ အတွေးထဲမှာ သူက ဘယ်လိုဇာတ်ကောင်လဲ၊ ဒါတွေပဲဖြစ်ကာ ...

ကိုယ် သတိရနေသလို သူမရင်ထဲမှာရော သတိရတမ်းတနေရဲ့လား။ မှုမှုတတရယူလိုသည့်မာနက ကိုယ်တစ်ယောက်တည်း ရူးသွပ်နေရမှာမျိုးကိုတော့ မလိုလားနိုင်။

"တကယ်တော့ မင်းက မာနကြီးတာမဟုတ်ဘူးကွ၊ ပန်းတစ်ပွင့်ကို မင်း မဟားတရားချစ်နေခဲ့တာ၊ အနိမ့်အမြင့် မညီမျှတဲ့ ဘဝနှစ်ခု စည်းခြားနေတာတွေ၊ ပန်းတစ်ပွင့်ရဲ့ အနိုင်ယူတတ်တာတွေကို မင်းက ဒီ သူ့ထက်နိမ့်နေလို့လို့ယူဆပြီး ပန်းတစ်ပွင့်ကိုမှ အရှုံးမပေးချင်တာ၊ သူ့ရဲ့ အထင်ကြီးယုံကြည်မှုကို သိုသိုသိပ်သိပ် လိုချင်နေတာ"

လင်းထွဋ်က ဝေဖန်ခဲ့ဖူးသည်။ သူ ခေါင်းမခါနိုင်ခဲ့ပါ။ ဒါပေမယ့် ဝန်မခံခဲ့တာလည်း သေချာသည်။

ကိုယ့်ကိုယ်ကိုလိမ်ညာခြင်းလောက် ပင်ပန်းတာ မရှိနိုင်တော့ဘူးထင်သည်။ ပန်း ကို သတိရလျက်နှင့် မေ့ဖျောက်ထားရသည့်စိတ်၊ ချစ်နေလျက်နှင့် မချစ်သလိုနေရသည့် သောက။



www.burmeseclassic.com

www.burmeseclassic.com

ဒီစိတ်သောကတွေက လူကို အချိန်တိုင်း နှိပ်စက်နေလေသည်။

"ဟူး"

စီးကရက်တိုကို ခွက်ထဲလှမ်းထည့်ကာ ဖုန်းကိုပါ စားပွဲပေါ် မှာ ချလိုက်သည်။ ဒီဖုန်းကို ဒီညာ ကိုင်ထားသမျှ ပန်း ကို စကားပြောချင်သည့် ဆန္ဒများနှင့် သူ့ ဝုတ်တုတ်မေ့ရမည့်အရေးကို ကြိုသိနေ၏။ ထို့ကြောင့် အပြင်ထွက်လာခဲ့ရင်း သက်ပြင်းမောကြီးချမိခြင်းဖြစ်သည်။

သူ မှန်းဆမမြင်နိုင်သော အိပ်ခန်းကျဉ်းလေးတစ်ခုထဲမှာ ပန်း ဟာ လှောင်ချိုင့်စံ မင်းသမီးလေးတစ်ပါးလိုဖြစ်နေခဲ့ရှာသည်။

တမ်းတစိတ်များဆက်သွယ်တတ်ကြသည်ဆိုသည့်စကားမှန်လျှင် ရန်လေး ကဲ့သို့ ပန်း ရင်ထဲမှာလည်း သူ့ကို သတိတရဖြစ်နေခဲ့၏။ 'သူသာ အနားမှာရှိခဲ့လျှင်' ဆိုသော တမ်းတစိတ်လည်းရှိလာခဲ့သည်။

ကိုယ့်မှာသာ ကျဉ်းထဲကျပ်ထဲမှာဒုက္ခတွေများနေခဲ့သော်လည်း သူက တော့ ဖြေသိမ့်စရာရင်ခွင်တွေနဲ့ပါလား။ တရားခံလို့ထွပ်ခွဲမိတာကို နာကြည်းတာလား။ တမင်အသစ်ရှာချင်တာလား။

ပန်း သူ့ကိုသတိရရင်း နာကျင်လာသည်။ မိုးသံမကြားရဘဲ တဟူးဟူးတိုးဆော့်နေသောလေပြင်းက မိုးကြိမ်းလာကာ ကြောက်ရွံ့အားငယ်ခြင်းတို့ ပိုမိုအားကောင်းလာ၏။

"မနက်ရှစ်နာရီလောက်ကျရင် ကောင်မလေးနှစ်ယောက် လာလိမ့်မယ် သမီး။ ဒီတစ်ညတော့ သည်းခံလိုက်ပါ။ ဘဘ အနားမှာရှိတယ်၊ အားမငယ်နဲ့" တဲ့။

လေသံတွေ မကြားရခင်က ဦးမြတ်ထူး ရောက်ရောက်လာသေးသည်။ လေတွေတိုက်လာတော့ 'ခြံထဲမှာ ဆင်းပတ်လိုက်ဦးမည်' ဟုဆိုပြီး ပျောက်သွားတာ ပေါ်မလာတော့ပေ။

"ဒိုင်း ... ဒုန်း"



ဖြတင်းတံခါးတွေ ဘယ်တံခါးက ဘယ်လို ပစ်ဆောင့်ကုန်မှန်းမသိ၊ ကိုယ့်အိပ်ခန်းတံခါးတွေကတော့ ပိတ်ထားပြီးသားပဲ။

နာရီကိုကြည့်လိုက်တော့ ည ဆယ့်တစ် ကိုတိတိ။ ပန်း မှန်တင်ခုံရှေ့မှာထိုင်ရင်း ရသမျှပရိတ်တော်တွေ၊ ဂါထာတွေကို ရွတ်နေမိသည်။

လေတိုက်ခတ်နေသံက ဆူညံနေသဖြင့် ဒါကို ချောက်ချားပေမယ့် တစ်ခုတော့ ကျေးဇူးတင်မိသည်။ လေတိုးသံမှလွဲ၍ ကျန်တာ ဘာသံကိုမှ မကြားရပေ။

မိုးမရွာဘူးဆိုလျှင် မကြာခင် လေငြိမ်သွားမှာပဲဖြစ်သည်။ ပန်း အိပ်ဆေးသောက်ထားတာလည်း မျက်လုံးတွေက ခုချိန်ထိ ပုစွန်ဆိတ်နှင့် နင်လားငါလား။

အိပ်ရာထဲမှာ သာသာလေးဝင်လုံ့ရင်း မေတ္တာသုတ်ရွတ်နေမိ၏။ တဖြည်းဖြည်း အိပ်ပျော်သွားဖို့ဆုတောင်းပေမယ့် ပန်း အိပ်မပျော်ခဲ့ဘဲ လေသံတွေငြိမ်ကျသွားခဲ့၏။

ညဉ့်နက်နက်ညခင်းသည် လေပြင်း၏ခြေရာအတိုင်း လှုပ်ရှားမှု အားလုံးကို စွန့်လွှတ်ထွက်ခွာစေသည်လားမသိ။ တစ်လောကလုံး သက်ရှိတစ်စုံတစ်ရာမျှ ရှိမနေတော့သလို တိတ်ဆိတ်ငြိမ်သက်သွားသည်။

ထိုစဉ် ...

"ရှပ် ရှပ်"

လှေကားကြီးဘက်ကနေ ပြေးလာသည့်ခြေသံ။

ပန်း အိပ်ရာထဲမှာလှဲနေရာကနေ ဆတ်ခနဲထိုင်လိုက်၏။

"ရှပ် ရှပ်"

ခြေသံနှင့်အတူ ထဘီတုပ်သံကြီးလည်းပါလာ၏။ ပြီးတော့ ပန်း ၏ အခန်းရှေ့တည့်တည့်မှာ အသံပျောက်သွားသည်။

"ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်သည့်အသံပျောက်သွားသည်နှင့် တိတ်ဆိတ်ခြင်းက ကြီးစိုးလာ၏။ နောက်ထပ်မေးရန် ပါးစပ်ပြင်ရင်း ပန်း နေရာမှ ထ,ရပ်လိုက်မိသည်။

ထိုစဉ် အပြင်ကလှုပ်ရှားသံ ထွက်ပေါ်လာပြန်သည်။

"ခုန်း"

လဲပြိုသွားသံက ခုံတစ်လုံးလုံးဖြစ်နိုင်သည်။ ပန်း ၏အခန်းရှေ့မှာ အပေါ်ထပ်ညွှန်ခန်း ရှိကာ လှေကားဘက်ကထောင့်မှာ ပန်းအိုးတင်သည့် ခုံပုလေးရှိ၏။

ပန်းအိုးက အရောင်ညစ်နေသဖြင့် ဖယ်ထားလိုက်သည့်စပ်ကြားမှာ အိုးအသစ်မတင်ရသေးသည်မို့ လဲသွားတာဟာ ထိုခုံပုလေးပဲဖြစ်နိုင်သည်။

တစ်စုံတစ်ယောက် ကသုတ်ကယက်လှုပ်ရှားနေသံမျိုးတွေကြားနေရကာ ဒီဘက်လှည့်လျှောက်လာသလို နီးလာလိုက်၊ ပြန်ထွက်သွားလိုက်။

"ဘယ်သူလဲလို့မေးနေတာ ကြားလား"

မေးလိုက်လျှင် အသံကရပ်သွားပြီး အသက်တစ်အောင့်လောက်ကြာတာနှင့် ခိုးချောင်ခိုးဝှက်လှုပ်ရှားသံမျိုး ထွက်လာတတ်၏။

ပန်း အသက်ဝဝရှိုက်သွင်းလိုက်သည်။ တဒိန်းဒိန်းဆောင့်ခါနေသည့် ရင်ဘတ်ကို အရှိန်ပြန်ကျသွားအောင် ဘယ်လိုထိန်းထိန်း မရနိုင်။ ခြေဟာစ်လှမ်းရှေ့တိုးတိုင်း နှလုံးခုန်သံက အရှိန်ပြန်မြင့်သည်။ ဒူးတွေက တုန်လာ၏။

"မမ"

"အမလေး"

ခေါ်သံက ပန်းအိုးကို ပြန်ဆောင့်တွန်းပစ်လိုက်သလိုပင်။ ပန်း တစ်ကိုယ်လုံး တုန်ခါသွားကာ နောက်ကို နှစ်လှမ်းသုံးလှမ်း ပြန်ရောက်သွား၏။ မမလေးလို့ခေါ်တာက မယ်မြ ပါ၊ မမ ဆိုတာက ...





ဒါ ... ဒါ ဓစီ အသံ၊ ခေါ်သံက တံခါးနားမှာ နှုတ်ခမ်းကပ်၍ တိုးတိုးလေးခေါ်လိုက်တာမျိုး။ သို့သော် ပန်း နားထဲမှာ ဗုံးကျဲသွားသည်။

"ဘဘထူး... ဘဘထူး"

ကြောက်လန့်သည့်စိတ်ကြောင့် ပန်း မငိုရသေးဘဲ မျက်ရည်တွေက သူ့အလိုလို ကန်ဆင်းလာ၏။

"ဘဘထူး"

တိုက်ကြီးပေါ်မှာ ပန်း ရဲ့ခေါ်သံလေးသာ ပဲ့တင်ထပ်ကျန်ရစ်၏။ နောက်ထပ်ခေါ်ဖို့ ပန်း မကြိုးစားရဲတော့ပေ။ ဘဘထူး ဒီအိမ်ကြီးထဲမှာ ရှိမနေတာ သေချာသွားပြီမို့ ဒီတစ်ခါထပ်ခေါ်လိုက်ပါက တစ်စုံတစ်ရာတုံ့ပြန်မည့်အသံတစ်ခုဟာ ...

"မမ"

"မခေါ်နဲ့၊ မခေါ်နဲ့ သွား"

ပန်း ထိုအသံကိုမကြားရဲသဖြင့် ကိုယ့်အသံကို အဖော်လုပ်ကာ တအားအော်ပစ်လိုက်မိ၏။

"ခုန်း ခွမ်း"

အခန်းထဲမှာ လက်ဆွဲမိသမျှပစ္စည်းတွေနှင့် တံခါးချပ်ကြီးကို တစ်ခုပြီးတစ်ခုပစ်ပေါက်သည်။ တစ်ကိုယ်လုံးချွေးတွေရွှဲနစ်လာလျှက် လှုလဲယိမ်းထိုးလာ၏။

မိမိကိုယ်သည် မိမိ မဟုတ်တော့သလိုထင်ကာ အော်ဟစ်နေမိပေမယ့် ကိုယ့်ပါးစပ်က ဘယ်လိုစကားတွေပြောမိပြီး ဘာသံတွေ ထွက်နေမှန်းလည်းမသိတော့ပေ။

"ဘုတ်၊ ခုန်း"

ခေါင်းအုံးပါမကျန် အားလုံးလွှင့်ပျံပြေးမှန်ကာ တံခါးနားမှာ ပစ္စည်းတွေရှုပ်ယှက်ခတ်သွား၏။ နောက်ဆုံး လက်ထဲမှာ ဆုပ်ကိုင်မိလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်က ဟာန်းဖုန်း။

ဖုန်းကိုမြင်လိုက်တော့ ခလုတ်တွေပေါ် ထိ လက်ချောင်းတွေက မိကိုင်ထားမိသဖြင့် စခရင်နက လင်းနေ၏။

သတိလက်လွှတ် ကြောက်ရွံ့နေခဲ့သည့်စိတ်အား ဖုန်းက သတိပေးလိုက်သလိုဖြစ်သွားသည်။ အမြန်ဆုံးနှိပ်လိုက်သည့်နံပါတ်က ရန်လေး၏ဟာန်းဖုန်းနံပါတ်ဖြစ်သည်။ ဖုန်းကိုင်ထားသည့်လက်က တဆတ်ဆတ်တုန်ကာ နားမှာ မလိုအပ်ဘဲ အံအတင်းကြိတ်ဖိကပ်ထားမိသည်။

"ရန်လေး ကြားပါစေ၊ ကြားပါစေ၊ ကိုင်လိုက်ပါ ရန်လေးရယ်၊ မြန်မြန်နားထောင်ပါ"

ဖုန်းခေါ်သံလေးကိုကြားနေရကာ ကိုင်မည့်သူက မရှိ။

"ရန်လေး ... ရန်လေးရယ် ခေါ်နေတာ မကြားဘူးလား၊ ဘယ်ရောက်နေတာလဲ"

တစ်ယောက်တည်း စကားတွေပြောကာ မျက်ရည်တွေအင်အားကောင်းစွာ ပြိုဆင်းလာကြ၏။ ပန်း အားရပါးရ ငိုချလိုက်မိသည်။

ဒီတစ်ခါ မမ ဆိုတဲ့ခေါ်သံ ကြားရမည်ဆိုလျှင် သေသွားနိုင်သည့်အခြေအနေမှာ ရူးသွပ်သွားနိုင်ဖွယ်လည်းရှိနေပြီ၊ ထိုစဉ် အပြင်က ခြေသံကို ပီပီသသကြီး ကြားလိုက်ရ၏။

"အဟမ်း"

ချောင်းဟန့်သံလား၊ ပန်း မျက်နှာလေးတွေ လက်ခနဲဖြစ်သွား၏။

"ဘဘထူး ... ဘဘထူးလားဟင်"

ဖုန်းကို မွေ့ရာထက်သို့ပစ်ချလိုက်မိကာ တံခါးဆီ ပြေးသွားမိသည်။ ကယ်တင်ရှင်ဆိုသည့် မျှော်လင့်ချက်ဖြင့် မွေ့ရာထက်သို့ ပစ်ကျသွားသည့် ဖုန်းဆီမှ စခရင်နလင်းလာတာကိုလည်း သတိမထားမိတော့ပေ။

စိတ်ကျဉ်းကျပ်သည့်အခါ ဖုန်းမြည်သံပေါ် ပေါ်လာတာကို မကြိုက်





သည်မို့ အသံဖျောက်ထားခဲ့တာဖြစ်၏။ ထို့ကြောင့် ဖုန်းခေါ်နေသည်က vibration ပဲရှိသည်။

အာရုံတစ်ခုတည်းမှာ ချောက်ချားစွာ ရူးနှစ်နေခဲ့သည့် ပန်း အသိထဲမှာ ဖုန်းထံမှ တုန်ခါသံလောက်က တိုးမပေါက်ခဲ့တော့ပါ။

"ဘဘထူး"

ပြန်လည်တုံ့ပြန်သံကို မကြားရပေမယ့် ဘဘထူး၏အသံကို သေချာကြားလိုက်ရတာမို့ ပန်း တံခါးကို ဖျတ်ခနဲဖွင့်ပစ်လိုက်၏။

"ဟင် ..."

ညှို့ခနဲက တစ်ယောက်တိုင်ခုံမှာ သံပင်ဖားလျားနှင့် တောင့်တောင့်ကြီးကျောခိုင်းထိုင်နေသော ဦးခေါင်းကြီးကို လှမ်းမြင်လိုက်ရကာ ...

"အား"

ပန်း တအားအော်ကာ နံရံမှာကျောကပ်လျက် ခွေခေါက်ပြိုကျလေသည်။ မျက်လုံးတွေမှိတ်သွားချင်ပေမယ့် မမှိတ်ခဲ့ပေ။ သတိ စ်သွားလိုသော်လည်း ဒီတိုင်းထိုင်လျက်နှင့်ပဲ ထိုပုံရိပ်ကို ကြည့်နေခဲ့မိ၏။

"မစီ ... မစီ ... ဟင့်အင်း"

ပန်း လက်နှင့်နောက်ပြန်ထောက်ကာ အခန်းထဲကို တရွေ့ရွေ့ပြန်ဝင်သည်။ သတိမလစ်ခဲ့သော်လည်း အရုပ်ကြိုးပြတ် ပုံကျနေသည့်ကိုယ်က ကြက်သေ သေသွားသလိုဝင်။

အခန်းထဲကိုပြန်ရောက်တော့လည်း တံခါးကို ပြန်ဆွဲပိတ်ဖို့ အားထုတ်ရပြန်သည်။ ခေါင်းတွင်တွင်ခါနေပေမယ့် ပန်း ဘာသံမှမထွက်နိုင်တော့ပေ။ ကြမ်းပေါ်မှာ အဝတ်စတစ်စကဲ့သို့ ပုံကျနေခဲ့ပြီး ထပြေးခုန်ပေါက်ဖို့လည်း ခွန်အားတွေ ဆုတ်ခန်းနေ၏။

လက်တွေကိုလှုပ်ရှားနေခဲ့ရင်း ထိုပုံရိပ်ဆီမှာပဲ မျက်ဝန်းတွေက သံလိုက်ကပ်နေသလို ပြန်မခွာနိုင်။ ထိုစဉ် ဦးခေါင်းကြီးက လှုပ်ရှားလာ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ ထ,ရပ်လိုက်ခြင်းဖြစ်သည်။ ပန်း မျက်လုံးကွေ ဝိုင်းစက်ပြူးကျယ်သွားကာ တံခါးကို ကမန်းကတန်းဆွဲပိတ်ပစ်လိုက်မိသည်။

ပြီးတော့ တံခါးကိုကျောဖြင့်ကပ်မှီလျက် ပန်း ပါးစပ်ပိတ်ပြီး ရှိုက်ငိုသည်။ ငါ ဘာဖြစ်လို့မသေတာလဲ၊ အကြောက်လွန်ပြီး အသက် တစ်ခါတည်းပါသွားပါလား။

ဘဘထူး ဘယ်ရောက်နေသည်ကို မသိသော်လည်း ပန်း နှုတ်ခမ်းလေးကိုက်ရင်း ဘာကိုမှန်းမသိဘဲ နာကြည်းသွားခဲ့မိ၏။

သူမဘဝကို တာဝန်ယူခဲ့ပါသည်ဆိုသော ယောကျ်ား၊ သမီးအတွက် ဘဘ ရတက်မအေးနိုင်ပါဘူးဟု ပြောခဲ့သည့် လူယုံတော်။

ခုတော့ သူမအေးမှာ ဘယ်သူမှမရှိခဲ့ဘဲ …

ပန်း ခါးလေးတောင့်သွားသည်။ အပြင်မှ လှုပ်ရှားသံသဲ့သဲ့နှင့်အတူ ဘယ်နှစ်နာရီတိတိထိုးသည့်နာရီသံက တိတ်ဆိတ်ခြင်းကို ထွင်းဖောက်၍ ပြိုင်တူထွက်ပေါ် လာ၏။

ဘာတွေဖြစ်ဦးမှာလဲ။ လာပါ၊ တစ်ခါတည်းသေအောင်သတ်သွားပါ၊ ဘဘထူးကိုလည်း ကိုယ့်အပါးမှာမရှိတော့အောင် သူမ စွမ်းဆောင်ပစ်ခဲ့တာလား။

ဒါဆိုရင် မုန်းတီးနာကြည်းပါသည်ဆိုသောကိုယ့်ကို သေစေဖို့အတွက် သူမ ဘယ်လိုကြိုးစားမှာလဲ။ သေပါရစေ … ဒီလိုနည်းနဲ့ ရူးသွပ်သွားအောင်မလုပ်ပါ [illegible]

ချွေးနဲ့လူက ရေချိုးထားသလိုရွှဲနစ်လျက် ခေါင်းတွေ မူးဝေလာသည်။ မျက်လုံးထဲမှာ ပြာလာလိုက်၊ နီသွားလိုက်။

ထိုစဉ် ကြမ်းပြင်မှာချထားခဲ့သော လက်ဖဝါးအောက်သို့ ထိတွေ့မှုတစ်ခုက တိုးဝင်လာ၏။ ဘာတွေလဲ …

လက်ကို ငုံ့မကြည့်ဘဲ ကြမ်းပေါ်ကိုဖိပွတ်ကြည့်မိ၏။ စေးပျစ်ပျစ်





အရာတွေက သေချာပွတ်ကြည့်နေရင်း ညှီစို့စို့အနံ့တစ်ချက် ဝေ့လာသည်။

လက်ကို မျက်နှာရှေ့မှာ ထောင်ကြည့်လိုက်မိလျှင် နီရဲသောသွေးတို့က သူမလက်ဖဝါးတစ်ပြင်လုံးမှာ ပေကျံပါလာ၏။ အလန့်တကြားငုံ့ကြည့်လိုက်တော့ တံခါးအပြင်ကနေ စီးဝင်လာသည့် သွေးစီးကြောင်းကြီးက နီရဲလျက် …

ပန်း ၏ပြူးကျယ်နေသောမျက်လုံးတွေ တဖြည်းဖြည်းမှေးကျသွားကာ ထောင်ကြည့်နေခဲ့သော သွေးပေနေသည့်လက်ကလေးလည်း ပြုတ်ကျသွား၏။

ထို့နောက် ထိုင်လျက်လေးကနေ ဘေးတိုက်လေး လဲကျမေ့မြောသွားလေသည်။

ထိုစဉ် …

"မမ .. မမ အထဲမှာရှိတယ်မဟုတ်လား"

"ဂျိုင်း … ဂျိုင်း"

ရန်လေး အပြင်ကနေ တံခါးကို တအားကိုင်လှုပ်သည်။

"ဘဘထူး … ဘဘထူး"

ညည့်ယံမှာ လူများကြားမှာလည်း မစိုးရိမ်တော့ဘဲ သူ တအားအော်ခေါ်သည်။ အထဲက တုံ့ပြန်သံမကြားရလေ စိုးရိမ်စိတ်တွေထိုးတက်လာလေ၊ သူ အပြင်ခဏလေးထွက်နေတုန်းမှာ ပြန်ဝင်လာတော့ ဟန်းဖုန်းခေါ်ထားတာကိုတွေ့လိုက်ရ၏။

အချိန်မတော်ကြီးမို့ စိုးရိမ်စိတ်တွေဖြစ်သွားမိကာ ချက်ချင်း ပြန်ခေါ်လိုက်မိသည်။ အကြာကြီးခေါ်နေပေမယ့် ပန်း က မကိုင်ပေ။

ထို့ကြောင့် ကားပေါ် ပြေးတက်ပြီး အမြန်ဆုံးရောက်အောင်လာခဲ့တာဖြစ်၏။

"မမ …"



www.burmeseclassic.com

www.burmeseclassic.com



ပန်း ကိုပဲခေါ် ကာ တိုက်ကြီးကို ပတ်ပြေးမိသည်။

'ညညဆို အိပ်ကိုမအိပ်ပါဘူး အစ်ကိုလေးရယ်၊ အဲဒါ ကြာပြီ'ဟု မယ်မြ ပြောထားသဖြင့် ခေါ် လို့မရလေ စိုးရိမ်လာလေ။ သူ တစ်ယောက်တည်းဆူညံနေသောကြောင့် ခေါင်းရင်းမှ တိုက်မြင့်ကြီးဆီက မီးရောင်တစ်ချက် ဖွေးခနဲဖြစ်သွား၏။

သူများတွေ နိုးကုန်ပြီထင်၏။ ဒါပေမယ့် သူ ဆင်ခြင်ဖို့ သတိမရနိုင်ပေ။ နောက်ဖေးဘက်မှာ တံခါးချပ်သေးသေးလေးတွေ သုံးနေရာရှိသည်။ ဒါလည်း ဘယ်တံခါးကိုမှ ဖွင့်လို့ရမရ။

နောက်ဆုံး သံလှေကားလေးအတိုင်းပြေးတက်လာပြီး အပေါ်ရောက်တော့ အရွယ်သုံးမျိုးလောက်ရှိသည့် သံတုတ်အတိုအရှည်သုံးချောင်းထဲကနေ အရှည်ဆုံးကို ဆွဲယူလိုက်၏။

သူ တစ်သက်လုံးနေထိုင်သွားလာခဲ့သည့်အိမ်မို့ ဘယ်နေရာ ဘယ်တံခါး ဘာရှိသည်ဆိုတာကို သိပြီးသားဖြစ်သည်။

ပြီးတော့ အတွင်းသံပန်းမခံဘဲ မှန်ချပ်ချည်းပဲတပ်ထားသည့် တံခါးရှိရာကို ပြန်ပြေးဆင်းခဲ့၏။

"ချွမ်း"

ညသံမှာ မှန်ကွဲသံက ကျယ်ကျယ်လောင်လောင်ကြီးထွက်လာသည်။ လက်နှိုက်ပြီး အထဲက တံခါးဂျက်ကို ဖြုတ်ပစ်လိုက်၏။ တံခါးပွင့်သွားသည်နှင့်တစ်ပြိုင်နက်မှာ တစ်အိမ်လုံး မီးတွေမှောင်ကျသွားလေသည်။

"တောက်"

မျက်လုံးထဲမှာ မည်းခနဲဖြစ်သွားသဖြင့် ဒေါသတွေထွက်သွား၏။ ကုတ်အင်္ကျီအိတ်ထဲက လက်ကိုင်ဖုန်းကိုထုတ်ယူလိုက်ကာ မီးဖွင့်လိုက်သည်။

ဟန်းဆက်တွေ သူကိုယ်တိုင်ကိုင်တွယ်တပ်ဆင်နေတာမို့ ဖုန်းမှာ





အရေးပေါ်သုံးလို့ရအောင် lamp ထည့်ထားခဲ့တာဖြစ်၏။

မီးတန်းလေးက သေးသေးကွေးကွေးလေးပေမယ့် မည်းမှောင်နေသည့်အိမ်ကြီးထဲမှာ တော်တော်လေးခရီးရောက်သည်။

"မမ ..."

တိုက်ကြီး၏လှေကားဆီသို့ သူ ပြေးတက်ခဲ့မိသည်။

"ဟိတ်ကောင် ရပ်နေစမ်း"

လှေကားတစ်ဝက်လောက်မှာ အသံကြီးဟိန်းထွက်လာသဖြင့် ရန်လေး တွံ့ခနဲရပ်သွား၏။ ပြန်ငုံ့ကြည့်လိုက်တော့ ဦးမြတ်ထူးသည် မီးအိမ်ကတစ်ဖက်၊ သံတုတ်ကိုတစ်ဖက်နှင့် သူ့ကို မော့ကြည့်လျက်...

"မင်း ဘာလာလုပ်တာလဲ၊ မင်း လာခွင့်ရှိတဲ့နေရာ မဟုတ်ဘူး။ ချပြန်ဆင်း"

"မဆင်းနိုင်ဘူး၊ ကျွန်တော့်မိန်းမအတွက် ကျွန်တော့်မှာ စိုးရိမ်ကာကွယ်ခွင့်ရှိတယ်၊ မမ အခု ဘယ်မှာလဲ၊ ဘာဖြစ်နေလဲ"

"ကိုယ့်အိမ်မှာကိုယ်နေတာ ဘာဖြစ်စရာရှိလဲ၊ မင်း ဒီအိမ်ကြီးကို ပြန်ပြီးကပ်တွယ်ချင်တာနဲ့ ညာဆ်နီညာဆ်နက်တွေ မျှားမနေနဲ့ ချပြန်ထွက်သွား။ မသွားဘူးလား"

"အဟွန်း"

ဦးမြတ်ထူး ဒေါသကြီးနေပုံက မှုမမှန်။ ရန်လေး က တစေတင်းလှည့်ပြောနေရာမှ အောက်ကို တည့်တည့်ပြန်ရပ်ပြီး ငေ့ပတ်ထိုးနေသည့် မီးရောင်ကို တည့်တည့်ထိုးလိုက်ပြီး ...

"မသွားနိုင်ဘူး။ ခင်ဗျား မကျေနပ်ရင် ရဲကိုဖုန်းဆက်လိုက်စမ်းပါ"

ချဉ်တူးတူးတစ်ချက်မဲ့ကာ ရန်ဌေလး ချာခနဲပြန်လှည့်၏။ သူ ပန်း၏အခန်းရှေ့ကိုရောက်လျှင် တံခါးကို ထုရိုက်ပုတ်ခေါ်တာ ဘယ်လိုမှမရ။ တခြား ဘယ်ကမှလည်း ထူးသံမကြားရ။



www.burmeseclassic.com

www.burmeseclassic.com



"မမ ... မမ ဘယ်မှာလဲ"

မျက်လုံးကျင့်သားရလာတော့ မှောင်မည်းနေပေမယ့် ဝိုးတိုးဝါးတား တော့မြင်နေရသည်။ ထို့ပြင် တခြားခြံဘက်မှာ မီးရောင်မြင်လိုက်ရသည် မို့ ဒီတစ်အိမ်တည်းမှာမီးမှောင်ကျသွားခြင်းအကြောင်းကို သူ ရိပ်မိလိုက်၏။

ပန်း တစ်ခုခုဖြစ်နေတာ သေချာပါပြီ။ မီးရောင်လေး ဟိုဒီဝေ့ထိုးရင်း သူ ရပ်နေသည့်တံခါးရွက်အောက်ခြေသို့ရောက်သော် ...

"ဘာတွေလဲ"

ဒူးတုပ်ထိုင်ချလိုက်ပြီး ပွတ်တိုက်ရာတွေရှိနေသည့် နီကျင်ကျင် အကွက်ကြီးကို လက်နဲ့တိုက်ကြည့်လိုက်၏။ သွေးတွေ ...။

စွန်းထင်းပြီးကာမှ မသတ်မရပ် ပြန်၍ပွတ်သုတ်ဖျက်ထားတာဖြစ် သည်။ ထို့ပြင် သွေးစီးကြောင်းက အခန်းထဲကို တိုးဝင်သွားတာမှန်း သိကာ...

"မမ ..."

တံခါးရွက်ကို ပခုံးနဲ့ပစ်တိုက်လိုက်မိ၏။ ပြီးတော့မှ သတိရကာ လဲကျ နေသည့်စည့်ခန်းကပန်းအိုးခုံကို ပြေးယူသည်။ တံခါးလက်ကိုင်ဘုကို အားကုန်လွှဲရိုက်ပစ်လိုက်၏။

ချက်ပေါင်းများစွာမှာ ခုံလည်းကျိုးကာ တံခါးလည်းလော့ကျသွား၏။ တွန်းဖွင့်လိုက်တော့ ဘာနဲ့ခံနေမှန်းမသိဘဲ တံခါးက အကုန်မပွင့်ပေ။ ဒါပေ မယ့် သူ ချက်ချင်းနားလည်သွားခဲ့ပြီး အထဲကို အလျှင်စလိုတိုးဝင်လိုက် ၏။

ထင်သည့်အတိုင်းပင် မီးထိုးကြည့်လိုက်တော့ တံခါးနားမှာလဲကျနေ တာက ပန်း ပဲဖြစ်၏။

"မမ ... မမ ဘာဖြစ်တာလဲ၊ ဘယ်သူလုပ်တာလဲ"

ပန်းကို ဆွဲထူပြီး အတင်းလှုပ်နိုးသည်။ မရတော့ ဇွေ့ခနဲ့ယူလိုက်ပြီး





အိပ်ရာထက်မှာ ချပေးလိုက်၏။

ခေါင်းရင်းစားပွဲထက်မှာရှိနေသော ဘက်ထရီမီးအိမ်လေးကို လှမ်း ဖွင့်လိုက်တော့ အခန်းထဲမှာ လင်းလင်းချင်းချင်းဖြစ်သွားသည်။

"မမ ... မမ"

ပါးပြင်လေးကို ခပ်ဆတ်ဆတ်ပုတ်နှိုးလိုက်ရင်း ချွေးတို့ဖြင့်ရွှဲကပ်နေ သည့် မျက်နှာလေးပေါ်က ဆံနွယ်တွေကိုလည်း ဖယ်ရှားပေးမိသည်။

မမ တစ်ခုခုဖြစ်သွားပြီလား။ မဖြစ်ပါစေနဲ့ စိုးရိမ်စိတ်တွေ အဆမတန် ဖြစ်လာခဲ့ရင်း ရေချိုင့်ထဲက ရေအနည်းငယ်နှင့် မျက်နှာကိုပက်ပစ်လိုက် သည်။

"အင်း"

ပန်း တွန့်ခနဲဖြစ်သွားသည်။

"မမ ... မမ"

"ဟင်"

နိုးထခြင်းနှင့်အတူ ပန်း မျက်လုံးတွေ ဖျတ်ခနဲပြူးကျယ်လျက် ရှန်း ကန်ထ၏။

"မမ နေဦးလေ၊ ဘာဖြစ်တာလဲ"

"ဟင့်အင်း ... ဟင့်အင်း၊ သရဲလာနေပြီ၊ သရဲ ဟိုမှာ မစီ"

"မမ စိတ်ထိန်းစမ်းပါ။ ဘာမှမရှိတော့ဘူး၊ ဒီမှာ ကျွန်တော့်ကိုကြည့်"

"ဘာလဲ ... ဘာလဲ သွား"

"မမ ... မမ စိတ်ကိုထိန်း"

ပန်း ၏ပခုံးလေးတွေကို နာကျင်သွားအောင်ဆောင့်ခါပစ်လိုက်ပြီး သူ့အသံ စူးသွားအောင်အော်လိုက်မှ ပန်း ငြိမ်ကျသွားသည်။

ပြီးတော့ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ကာ သူ့ကို ပြူးတိပြူး ကြောင် မော့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ ... မမ သိပ်ကြောက်နေလားဟင်"

ပန်း တစ်ကိုယ်လုံးကို ရင်ခွင်ထဲမှပွေ့ပိုက်ထားလိုက်ပြီး ရင်ထဲမှာ နင့်သွားခဲ့၏။ သူမ ဘယ်လိုကြုံတွေ့ခဲ့သည်မှန်းမသိပေမယ့် သေလုမျောပါး ဖြစ်ခဲ့ပြီကိုတော့ တွေးလိုက်မိပြီဖြစ်သည်။

"မမ ဖုန်းခေါ် ထားတာတွေ ပြန်ဖြေကြားတော် လိုက်လာတာ၊ ဘာတွေ ဖြစ်ကုန်တာလဲ၊ မစီ က ဘယ်[illegible]"

"မစီ ..."

မစီ ဟု လိုက်၍ရေရွတ်ကာ ပန်း တုန်ခနဲဖြစ်သွား၏။ ထို့နောက် သူ့ကျောပြင်ကို အလန့်တကြား ပြန်ဖက်ထားပြီး တအင့်အင့်ရှိုက်ငိုသည်။

"မစီ ... မစီ သေပြီ၊ သူ့ကို ဘဘထူး သတ်လိုက်လို့သေသွားပြီ"

"ဟင် ..."

ရန်လေး အံ့အားသင့်သွား၏။ ဦးမြတ်ထူး ကို မသင်္ကာခဲ့ပေမယ့် သူတို့ထင်ထားခဲ့တာက ဒီလိုဖြစ်ဖို့မဟုတ်ပေ။ ပန်း သည် သနားစဖွယ် တုန်ယင်လျက် ...

"မစီလေ မစီက ငါ့ကိုသတ်ဖို့ပြန်လာတာ၊ သရဲ သရဲ အပြင်မှာ ..."

"ဒုန်း"

ပန်း လက်ညှိုးထိုး၍ပြောလိုက်သည့်အချိန်မှာပဲ အပြင်ကနေ ဒုန်းခနဲ လဲပြိုသံနှင့် ပြေးလွှားသွားသည့်ခြေသံကို ကြားလိုက်ရ၏။

"မမ ဒီမှာနေခဲ့"

ဟု ပြောကာ ရန်မလေး လွှားခနဲခုန်ထ၍ တံခါးကိုဆွဲဖွင့်လိုက်သည်။ ထိုစဉ် လှေကားဆီသို့ပြေးသွားသည့် အရိပ်တစ်ရိပ်ကို လှမ်းမြင်လိုက်ရ၏။

"ဟိတ်"

ရန်လေး သိလိုက်သည်။ ဆံပင်ဖားလျားကို ရိပ်ခနဲမြင်လိုက်ရသဖြင့် အမိအရဖမ်းဖို့ ပြေးလိုက်ခဲ့၏။





"ဟိတ် ရပ်နေစမ်း"

"ဒုတ်"

"အ"

ရှေ့ကိုခုန်ဆွဲမလို့အားထုတ်လိုက်မိစဉ် နောက်ကနေ မာကျောသည့် အရာတစ်ခုက ဇက်ပိုးကို ကျကျမိတ်ဆက်လာ၏။

ဇက်ပိုးပေမယ့် ခေါင်းထဲမှာ အုန်းခနဲမြည်သွားသည်။ သတိလစ် မတတ်ပေမယ့် သူ ဒီလောက်ထိမပျော့ပါ။ နောက်ကို ချက်ချင်းပြန်လှည့် ကာ ဒုတိယဝင်လာသည့်တုတ်ချက်ကို မှန်း၍ဆီးဖမ်းလိုက်သည်။

လက်ထဲမှာ ကိုင်မိလိုက်သည်နှင့် အားနှင့် ပြန်ဆွဲ၍ သူ့လက်နက်နှင့် ပြန်ရိုက်ပစ်လိုက်၏။

"ဘုန်း"

"အင့်"

မှောင်မည်းမည်းထဲမှာမို့ ကိုယ့်ကို မမိတမိရိုက်မိကာ သူ သက်သာခဲ့ သော်လည်း တစ်ဖက်မှာတော့ ကျကျထိမိသွားသည်ထင်သည်။

ညည်းညူသံတစ်ချက်နှင့်အတူ ခွေခနဲပြိုကျသွား၏။ ရန်လေး ထိုသူ ကို ပြုံးပြုံးကြည့်မနေနိုင်။ လှေကားထစ်တွေကို ကျော်လွှားပြေးဆင်းခဲ့ သည်။

ဘယ်မှာလဲ၊ ပြေးလွှားသွားသည့်အရိပ်ကိုလိုက်ကြည့်ရင်း အမှောင် ထုကိုသတိရကာ အောက်ထပ်က မိန်းရှိသည့်နေရာကို အရင်ပြေးခဲ့၏။

မီးထိုးကြည့်လိုက်တော့ ဘာမှပျက်တာမဟုတ်ဘဲ မိန်းချထားတာကို တွေ့လိုက်ရသည်။ ပြန်တင်လိုက်သည်နှင့် မီးရောင်တွေ ဖွေးခနဲလင်းထိန် သွားသည်။

ဟင် ...

အမှောင်ထုကိုအကွယ်ယူကာ ဘေးပေါက်မလွှယ်တံခါးကိုဖွင့်ပြီး

www.burmeseclassic.com



စားနေသည့်အရိပ်က   အလင်းရောင်ကြောင့် လန့်ဖျပ်လှည့်ကြည့်လာလျှင်...

"မင်း ..."

ယောက်ျားကြီးဖြစ်နေသည့် သူပင် ဖြူန်းခနဲမို့ ကြက်သီးတွေထ,သွားခဲ့၏။ ဆံပင်ဖျားလျားနှင့် မစီ သည် မျက်နှာနှင့်လည်တိုင်မှာ သွေးစီးကြောင်းကြီးများနှင့် ...။

"မင်း ... ဟိတ် ..."

မစီ က သူ ဝင်လာခဲ့သည့်တံခါးပေါက်ဆီကို ဖျတ်ခနဲလှည့်ပြေးသွားသဖြင့် သူ သတိဝင်လာသည်။ ဒါ သရဲမဟုတ်နိုင်မှန်းသိလိုက်သောကြောင့် နံရံမှာချိတ်ထားသည့် မိန်းအုပ်ဘေးကနာရီကို လှမ်းဖြုတ်ကာ တစ်ချက်ဆ,လိုက်ပြီး ကျုကျနန လွှဲပစ်လိုက်သည်။

"အား"

စကြံ့ကွေ့ကို လှည့်ကွေ့လိုက်သည့် သူမ၏မျက်နှာတစ်ခြမ်းကို နာရီက ကွက်တိမှန်သွားခဲ့ပြီး မစီ ခွေခေါက်လဲကျသွားသည်။

သူမဘေးမှာ ရန်လေး မတ်တတ်ရပ်လိုက်သည့်အချိန်တွင် သွေးသံရဲရဲနှင့်မျက်နှာမှာ မျက်လုံးဖွေ့ပါ ထပ်၍ပြူးထွက်လာပြီး ...

"အ ... အစ်ကိုလေး ..."

ကတုန်ကယင်နှင့်ခေါ် လိုက်ပြီး ပါးရိုးကွဲထားသည့်ဒဏ်ရာနှင့် သူမလဲကျမေ့မြောသွားလေသည်။

သရဲ့ရှိုက်ပြီး တုန်အောင်ကြောက်နေသည့် သူမကို စီးမိုးငုံ့ကြည့်ကာ ရန်လေး တက်ခေါက်မိ၏။

"လူယုတ်မာကြီး ..."

နောက်ပြန်လှည့်၍ မော့ကြည့်လိုက်မိသည်က လှေကားထိပ်ကို ဖြစ်သည်။ တုတ်စာမိပြီး ပြန်ထ,မလာနိုင်တော့ပေမယ့် သူ့ကို ထိမိခဲ့တာလည်း ခုချိန်ထိ ဗူထူအောင်တက်နေဆဲ။

ထိုစဉ် ခြံဝင်းထဲမှာ မီးရောင်ဂကွဲ ကိုဒီဇေကျလာရင်း လူသံတွေကိုပါ ကြားလိုက်ရသည်။

"ဒီထဲက ကြားရတာပါ"

"ဟုတ်တယ်၊ ကျွန်တော်တို့မှမအိပ်သေးတာ၊ အားလုံးကြားတယ်၊ တစ်ခုခုဖြစ်နေတာ သေချာပါတယ်"

ခြံနီးနားချင်းတွေမှန်းသိလိုက်သောကြောင့် တံခါးဖွင့်ပေးရန် သူ့ခြေလှမ်းတွေ ရှေ့ပြန်ရောက်လာခဲ့သည်။

ဒါ အိပ်မက်တွေဖြစ်ပါစေလို့ ခင်ဗျား ဆုတောင်းပေတော့ ဦးမြတ်ထူး...







www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၃)

အမှုကိစ္စနှင့်ပတ်သက်ပြီး သက်သေတွေ ခိုင်လုံတာတောင်မှ ဦးမြတ်ထူးက တော်တော်နှင့် ဝန်မခံခဲ့ပေ။

"ဒီလောက် ပစ္စည်းသက်သေ၊ လူသက်သေတွေ ပြည့်စုံခိုင်လုံနေတာတောင်မှ တော်တော်ခေါင်းမာတဲ့လူကြီးဗျာ၊ လူတွေကိုမောသွားတာပဲ"

ဒုရဲအုပ်ကိုမိုးဆွေက ညည်းညူသလိုပြောပေမယ့် ရယ်လို့ပါ။ ဒီအမှုစစ်ဆေးနေချိန်အတွင်းမှာ Sky က လင်းထွဏ်းတို့လူစုနှင့် ပန်းတစ်ပွင့်လည်း တော်တော်ရင်းနှီးခဲ့ကြ၏။ မယ်မြကို လိုအပ်သည့် အခါကသက်သေအဖြစ် ပါဝင်စေပြီး 'သုခမာလာ'မှာပဲ ရန်လေး က ပြန်နေစေခဲ့၏။

ထိုပြင် အကြောက်ကြီးပြီး ရောဂါသည်လေးလိုဖြစ်သွားခဲ့သည့် ပန်းကိုလည်း သူ့ပဲ ဂရုတစိုက် ပြုစုသည်။ လင်းထွဏ်း က ပန်း မျက်နှာလေး အရောင်ပြောင်းသွားတိုင်း ‌ဘားအကျအနကောက်ပြီး စ,နောက်လွန်းသဖြင့် အားလုံး စိတ်မောလူမောဖြစ်နေကြရင်းနဲ့ပဲ ရယ်မောကြရသေးသည်။





"သူလုပ်ကြံပုံက တကယ်ပိပိရိရိနော်။ အဲဒီညက ပန်းတစ်ပွင့် ဖုန်းလှမ်းဆက်တာကို ရန်လေး က မသိလို့ရောက်မလာရင် ဘယ်လိုလုပ်မလဲ"

"နေပါစေပေါ့၊ သူမသိလဲဖြစ်တယ်"

"အံမယ်၊ ကြားလား ရန်လေး၊ သူမရှိလဲဖြစ်တယ် တဲ့"

"အို ... သူမသိလဲဖြစ်တယ်လို့ပြောတာပါ"

"ဪ ... ဟုတ်လား၊ ဟား ဟား ဟား"

ပန်းနှင့်ရန်လေး မျက်လုံးချင်းဆုံသွားသည်။ ပါးပြင်လေးတွေ နီမြန်းနေပေမယ့် ပန်း က မျက်စောင်းထိုး၏။ စခန်းမှူးနှင့်ဒုရဲအုပ်တို့အဖွဲ့လည်း ရောက်နေကြသောကြောင့် သူတို့ကိုကြည့်၍ ပြုံးတဲ့သူကပြုံး၊ လွတ်လပ်စွာရယ်တဲ့သူကရယ်ကြသည်။

"ရန်လေး မင်းလဲ မစီ ကသာ ဝန်မခံဘဲ ဒီကိစ္စတွေချန်လှပ်ထားလိုက်ရင် ပန်းတစ်ပွင့်က မသိတော့ မင်းကိုခွင့်လွှတ်နိုင်မှာမဟုတ်ဘူး၊ ဘယ်လိုလုပ်မလဲ"

ရန်လေး က ပန်း ကိုလှမ်းကြည့်ပြီး ပြုံးလိုက်ကာ ...

"နေပါစေပေါ့၊ သူမသိလဲဖြစ်တယ်"

"ဟာ ကြည့်စမ်း ပန်းတစ်ပွင့်၊ အဲဒါ ကလဲ့စားချေတာ၊ သူမရှိလဲ ဖြစ်တယ် တဲ့၊ ဒါ ဟိုတစ်ယောက်ကိုလှမ်းပြီးပြောတာ"

စ,နောက်နေကြတာကိုသိပေမယ့် ပန်း မျက်နှာလေး ကွက်ခနဲပျက်သွားသည်။

ရန်လေး က ပေါ့ပါးသည့်ရယ်သံနှင့် လင်းထွဏ်းပခုံးကို ခပ်ဖွဖွထိုးပစ်လိုက်ကာ ...

"ခွန်တွန်း၊ သူမသိလဲဖြစ်တယ်လို့ပြောတာ၊ အကန်း"

"ဘွဲ့တွေ မနည်းပါလား"

"ငါ့ဘက်ကမှန်ခဲ့လို့ အခု သူ့အလိုလို ဒီကိစ္စပေါ်လာတာ ကြည့်ပါ



www.burmeseclassic.com

www.burmeseclassic.com



လား၊ ငါ မဖြေရှင်းဘဲနေခဲ့တာ မမှားခဲ့ဘူးလေ၊ အဲဒါကိုပြောတာ၊ သူမသိလဲ ဖြစ်တယ် လို့"

"ဟား ဟား သနားပါတယ်ကွာ ဟိုမှာ ပန်းတစ်ပွင့် မျက်စောင်းထိုးလို့ နေစရာမရှိရှာတော့ဘူး"

မျက်စောင်းထိုးလိုက်မိတာ ကိုယ့်အပြစ်။ ပန်းတစ်ပွင့် မျက်နှာလေး နီနေရှာ၏။ အားလုံး ရယ်မောနေကြတာကို သူလည်းရယ်နေပြီးမှ ကိုမိုးဆွေ က ချောင်းတစ်ချက်ဟန့်၏။

"အေးဗျာ၊ ခုမှ အားလုံး ရယ်နိုင်ကြတော့ ၈၊ နောက်ရယ်မောနေကြတာကို အပြစ်မယူကြပါနဲ့။ တကယ်တော့ ဒီလိုအမှုတွေဖြစ်လာရင် တော်တော်များများက လူယုံတွေပဲ၊ သူတို့ကမှ ဒီမိသားစု၊ အိမ်ထောင်စုရဲ့ အတွင်းရေး ကိုယ်ရေးကိုယ်တာတွေကို သိကြတာကိုး"

"ဟုတ်တယ်၊ ဦးမြတ်ထူးက မောင်ရန်လေးနဲ့ပန်းတစ်ပွင့်တို့ လက်မထပ်မီကတည်းက သူက မလိုလားခဲ့တာ၊ ဒါကြောင့် ဟန်ဆောင်လက်ထပ်ပြီး သူ့ငွေကြေးမရှိတဲ့အခါ ကွာရှင်းကြဖို့အထိ သူက လက်ကြိတ်ထိုး အကြံပေးခဲ့တာပေါ့"

ပန်း အံ့သြသွားသည်။ အမှုအတွက် လိုအပ်မှာမို့ လူကြီးတွေကို ရန်လေး က အလုံးစုံ ဖွင့်ဟပြောပြထားခဲ့တာဖြစ်ပြီး ပန်း က ဘာမှမသိခဲ့ပေ။

ပန်း ၏မျက်ဝန်းလေးတွေ သူ့ဆီရောက်လာမှ ရန်လေး က ခေါင်းညိတ်ကာ ...

"ဟုတ်တယ် မမ၊ လက်မထပ်ခင်တစ်ရက်ကမှ သူ လာပြောတာ ကျွန်တော်က လက်မခံဘူးဆိုတော့ မခံချင်အောင် ဘာလိုလိုတွေ ပြောသွားသေးတယ်"

ရန်လေး ပြောတာကို ကိုမိုးဆွေ က ခေါင်းညိတ်လိုက်ပြီး ...





"ဒါတွေ ပန်းတစ်ပွင့်ရဲ့နားမှာ ဘယ်သူမှမရှိမှ သူ ကြံစည်လို့ရမှာကိုး။ အဲဒီမှာ သူ တားဆီးလို့မရဘဲ လက်ထပ်ပွဲဖြစ်သွားတော့ မင်းတို့ အိမ်ထောင်ရေး အဆင်မပြေတဲ့အကြောင်းအချက်တွေပေါ်မှာ အခွင့်အရေးယူပြီး လင်မယား မကွဲကွဲအောင် လုပ်ကြံဖန်တီးခဲ့တာပဲ"

အစစ်ခံသည့်နေရာမှာ ဘယ်လိုမှခေါင်းခါဖို့မဖြစ်နိုင်တော့သည့်အခြေအနေကျမှ ဦးမြတ်ထူး ဝန်ခံခဲ့သည်။

"ဟုတ်တယ်၊ သူတို့ကို ကွဲအောင် ကျုပ် လုပ်ခဲ့တာ၊ နောက်ဆုံးမှာ ဒီကောင် လူသတ်မှုနဲ့ ထောင်ထဲရောက်သွားအောင် လုပ်ဖို့ထိပဲ"

ဖြေပုံက ဘယ်သူ့မျက်နှာကိုမှ မကြည့်၊ ဘာကိုမှ ဂရုမစိုက်။ အလွန်နုံးညံ့တည်တံ့၍ တစ်သက်လုံး ကိုယ့်အပေါ်မှာ မိဘသဖွယ် စောင့်ရှောက်ခဲ့သည့်သူမို့ ပန်း အံ့သြဝမ်းနည်းစွာ ငေးနေခဲ့မိသည်။

ဘဘထူး၏ ဒီမျက်နှာ၊ ဒီလိုအကြည့်၊ အပြောအဆိုမျိုးတွေကိုလည်း တစ်ခါမှ မမြင်ဖူးခဲ့ပေ။

"ဒါပေမယ့် ပုပ်လို့ပေါ်တာပေါ့၊ ဒီကောင်နဲ့ ကာရန်ချို ကလဲ အစကတည်းက ချိတ်ဆက်တွေရှိခဲ့ကြတာ၊ သူ သစ္စာမဲ့ခဲ့လို့ ဟိုကောင်မလေးက အငြိုးကြီးပြီး အိမ်ထောင်ရေးပြိုကွဲအောင် တမင်လုပ်တာလေ၊ အဲဒါကြောင့် ကျုပ်နဲ့အကြံတူပြီး စည်းဝါးရိုက်မိကြတာပေါ့"

သူမနဲ့ အထင်လွဲပြီး ပန်းနဲ့ရန်လေးတို့ အဆင်မပြေဖြစ်နေကြတာကို ဦးမြတ်ထူး က ပြောပြသည်။ အစကတော့ ပန်းတို့အိမ်ထောင်ရေး ပြေလည်အောင် တစ်ဖက်လှည့်နှင့် ဝင်ပြောသလိုလိုနှင့် သူမ၏ မကျေနပ်စိတ်တွေကို နှိုးဆွကြည့်ခဲ့တာပဲဖြစ်၏။

နောက်တော့မှ နှစ်ယောက်ဆွေးနွေးကာ အထင်မြင်လွဲစေဖို့ သံသယတွေကို တိုးပွားစေခဲ့သည်။

တိုက်ဆိုင်သည်က ပတ်ဝန်းကျင်မှာ ဖောက်ပြန်ခံရသည့်အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



သည်မိန်းမတစ်ယောက်၏အဖြစ်ဆိုးက ပန်းရှေ့မှာ မျက်ဝါးထင်ထင်ဖြစ်သွားခဲ့သည်။

တစ်ဖက်ကနေ့ ကာရန်ချို ကလည်း သူမနဲ့ရန်လေး ဘယ်အဆင့်ထိ ဘာလိုလိုပုံတွေဖြစ်နေသလိုလို ဖုန်းထဲကနေ နှိပ်စက်နေခဲ့တာ ရှိနေခဲ့ပြန်သည်။

ထို့ကြောင့် နို့ထဲမှာ ရန်လေး အဆိပ်ခတ်လုပ်ကြံသည့်အဖြစ်မျိုးကို ယုတ္တိရှိအောင် ဖန်တီးနိုင်ခဲ့တာဖြစ်သည်။ ဒီလို လုပ်ကြံနိုင်ဖို့အတွက် ပိပိရိရိလှုပ်ရှားသွားနိုင်သည့် လျှို့ဝှက်ချက်ဟာ မစီ ကို ဦးမြတ်ထူး က ချုပ်ကိုင်ထားနိုင်ခြင်းကြောင့်ဖြစ်သည်။

ပထမဆုံး ခြိမ်းခြောက်ခဲ့သည်။ သိပ်အဆင်ပြေမည့်ပုံမရှိတော့ မစီ၏ဘဝကို သိမ်းပိုက်ပစ်လိုက်၏။ ပြီးတော့မှ ကြိုးကိုင်ခိုင်းစေခဲ့တာဖြစ်သည်။

"ကျွန်မ ... ကျွန်မ ဒီလိုမလုပ်ချင်ပါဘူး မမကို အရမ်းသနားပါတယ်ရှင်၊ ဒါပေမယ့် အစကတည်းက ဘဘကြီးကို ကျွန်မတို့က ကြောက်ရွံ့ရိုသေခဲ့ကြတာပါ၊ ပြီးတော့ ဒီကိစ္စအောင်မြင်ပြီးရင် ကျွန်မကို လက်ထပ်ယူမယ်၊ စည်းစိမ်ဥစ္စာတွေနဲ့ တစ်ဘဝလုံး အေးအေးဆေးဆေးနေရမယ်ဆိုတဲ့ မက်လုံးပေးခဲ့တာတွေကို ကျွန်မ လောဘတက်ခဲ့မိတာလဲ ပါပါတယ်၊ အဲဒါကြောင့် သူ ခိုင်းသမျှ ကျွန်မ နာခံပြီး လုပ်ကိုင်ပေးခဲ့တာပါ"

မစီ က ရှိုက်ကြီးတငင်ငိုရင်း အားလုံးကို ဖွင့်ချခဲ့သည်။

"မမ သောက်ဖို့ နို့ထဲမှာ အဆိပ်ခတ်ခိုင်းတာ သူပါ၊ ခတ်ခဲ့တာ ကျွန်မပါပဲ"

"မသောက်ဘဲ လူအစား ကြောင်ကသေပြီး တလွဲတွေဖြစ်ကုန်တော့ ဘယ်လိုဆက်တိုင်ပင်ကြသလဲ"

အမှုစစ်အရာရှိက အားလုံးကို စစ်မေးခဲ့၏။





"အဲဒီတော့ သူက ပြောပါတယ်"

ဦးမြတ်ထူးသည် သူ့ဘက်က အားလုံး ပြင်ဆင်ထားခဲ့ပြီးသားမို့ ဘယ်ဘက်ကမှ မလွတ်အောင် ပိတ်ဆို့ရိုက်နှက်ဖို့ လက်နက်တွေ သူ့မှာ အဆင်သင့်ပင်။

"နင် ဘာမှ စရာမလိုဘူး စီစီ၊ ခုကျမှ ပွဲက ပိုလှသွားတာ၊ သေမှု သေခင်းတွေဖြစ်ရင် ဒီရင်တောင်မှ အစစ်အမေးတွေခံရဦးမယ်၊ မူမပျက် နေလိုက်၊ ရန်ဘက် ဆက်တဲ့ကောင် သူ့အရှုပ်နဲ့သူ အထုပ်ဆွဲချိန်မရဘဲ ဆင်း သွားရတာ မမြင်ဘူးလား၊ ဒီကောင် နောက်ထပ် ပြန်လှည့်လာလို့မရအောင် ငါ စီစဉ်ပြီးသား"

ဟု ရဲရဲကြီးအာမခံသည်။ ထို့ကြောင့် ကာရန်ချို နဲ့လက်ဝါးရိုက်ပြီး ပန်း ဆီကိုဖုန်းဆက်ကာ မဟုတ်တမ်းတရားတွေပြောစေခဲ့တာဖြစ်၏။ သူလုပ်တာလည်း အကွက်စေ့ပါသည်။

ထိုဖုန်းကြောင့်ပဲ ရန်လေး အပေါ်မှာ ပန်း ၏အထင်မြင်မှုက ပိုမို အားကောင်းသွားခဲ့၏။

"အဲဒီတုန်းကလေ အစ်ကိုလေး ထွက်သွားပြီး မမ တမှိုင်မှိုင် တငိုင်ငိုင်နဲ့ ငိုလဲငိုပါတယ်၊ အဲဒီလိုဖြစ်နေတာကိုမြင်ပြီး ကျွန်မ တကယ်စိတ်မချမ်းသာပါဘူး၊ ဒါပေမယ့် တစ်ခုကိုကျူးလွန်ပြီးပြီမို့ နောက်ပြန်ဆုတ်လို့လဲ မရတော့ဘူး၊ အဲဒါကြောင့် ဘဘကြီးခိုင်းတာကို ဆက်လုပ်ခဲ့ရတာပါ။ အစ်ကိုလေးတို့ သူ့ကို မသင်္ကာပြီးစုံစမ်းနေတာကို သူ သိသွားတယ်၊ ပြီးတော့ အစ်ကိုလေး ခြံရှေ့ကို ခဏခဏလာပတ်တာလဲသိတော့ ငါတို့ ကိစ္စကို အချိန်ဆွဲနေလို့မရတော့ဘူးဆိုပြီး မယ်မြကို မမဘေးကနေ ခွဲထုတ်ပစ်လိုက်တာပါ"

"ပြောပါဦး၊ သေစေချင်ရင် အဆိပ်ခတ်လို့ရတာပဲ ဘာဖြစ်လို့ ဒီလို ခက်ခက်ခဲခဲအကွက်ချပြီး လုပ်နေရတာလဲ"

www.burmeseclassic.com



"အဆိတ်ခတ်ရဲတာက လွဲချစရာလူ ရှိနေလို့ပါ။ အစ်ကိုလေးကို ကာရန်ချို နဲ့မသကာဖြစ်နေတဲ့အချိန်လဲဟုတ်၊ အစ်ကိုလေးက ဒေါ်သလဲကြီးတော့ မမနဲ့စကားများရင်း ဝုန်းဒိုင်းကြဲပြောတာလေ၊ အဲဒါကြောင့် အစ်ကိုလေး အဆိပ်ခတ်ပါတယ်လို့ လွဲချလိုက်ရင် ပြီးပြီလို့ သူက တွက်တာ၊ အခု မမ မသေဘဲနဲ့တောင်မှ မမကိုယ်တိုင် အစ်ကိုလေး ကြံစည်တာလို့ပဲထင်သွားတာ ကြည့်ပါလား"

"ဟုတ်ပြီ၊ ဆက်ပြောပါ"

"အိမ်မှာ အစ်ကိုလေးမရှိတော့ မမလေးကို သတ်လို့မဖြစ်တော့ဘူး၊ သတ်တယ်ဆိုတာ လက်စလက်နမပေါ်အောင် ကျူးလွန်နိုင်ဖို့ မလွယ်ဘူးတဲ့"

"ဒါလဲသိတာပဲနော်"

"သိတယ်၊ မမကို သူက သွက်သွက်ခါရူးသွားစေချင်တာ"

"ခြော် ..."

"အစ်ကိုလေးတို့ ဒီဘက်လှည့်မလာနိုင်ခင် လှုပ်ရှားရတာဆိုတော့ ဒီညမှာပဲ မမ အကြောက်လွန်ပြီး ရူးသွားအောင်လုပ်ရမယ်လို့ သူ ပြောတယ်"

"တကယ်လို့ သေသွားရင်ကော ..."

"အဲဒါတော့မသိဘူး၊ ကျွန်မကို ဘာမှမဖြစ်စေရဘူးလို့ အာမခံတယ်၊ ပြီးတော့ မမကို ဒီ တစ်ရက်နှစ်ရက်တည်းမှာ ရူးအောင်ခြောက်လှန့်နိုင်ဖို့ပဲ နင် တာဝန်ယူလို့ ပြောတာ"

မစီ က သူမ ပါဝင်ခဲ့တာတွေရော၊ ဦးမြတ်ထူး၏ အကြံအစည်၊ လုပ်ကိုင်လှုပ်ရှားပုံအားလုံးကို ဖော်သွားခဲ့၏။ ဦးမြတ်ထူးသည် ပန်း စိတ်ဖောက်ပြန်သွားသည့်အခါကျမှ စည်းစိမ်ဥစ္စာများကို သူ စိတ်ကြိုက် တစ်သက်လုံး ထင်သလိုသုံးစွဲသွားနိုင်ရန် ရည်ရွယ်ချက်ကြီးမားစွာထားခဲ့တာဖြစ်သည်။





တကယ်ဆိုလျှင် ပန်း လက်မတင်လေးပဲ လွတ်မြောက်ခဲ့တာပါ။ ထိုညမှာသာ ရန်လေး အချိန်မီ ရောက်မလာခဲ့လျှင် သို့မဟုတ် နောက်ထပ် တစ်ညထိ သူမ ဒီတိုင်းဆက်လက်၍ အထီးကျန်စွာရှိနေခဲ့မည်ဆိုလျှင်

တစ်ရက်နှစ်ရက်အတွင်းမှာပဲ တကယ်ကို သွက်သွက်ခါရူးသွားသာ။ ခု သတိရလာတာတောင်မှ မစီ တကယ်သေဆုံးခဲ့တာမဟုတ်ယ်လိုလုပ်သိသွား၍သာ သူမကို နှစ်သိမ့်ချော့မော့နိုင်ခဲ့တာဖြစ်သည်။

မဟုတ်ပါက သူမ မြင်တွေ့ကြားသိခဲ့ရသော ချောက်ကြက အတွန့်တက်ကို ဘယ်လိုပြော၍ ဖျောင်းဖျပါစေ လက်ခံဖြေသိမ့်နိုင်ဖို့ မှာက လှုပ်လှုပ်ရှုရှု

ခုတော့ အားလုံး အေးချမ်းသွားပါပြီ။ အပြစ်ကျူး

အပြစ်အတိုင်း ပြန်လည်ပေးဆပ်ရမှာပဲဖြစ်သည်။ တွေ့နဲ့ အိမ်ထောင်ကျ

ကိုမိုးခွေနဲ့ စန်းမှူးတို့နှစ်ယောက်က အမှုစစ်ခဲ့သွားလား၊ ကဲ ငယ်ငယ်များနှင့် အကျိုးဆက်များအကြောင်းကို တစ်ယောက်တမိုက်ပြေးကြ၊ မိဘပြရင်း ရှေးဟောင်းနှောင်းဖြစ်တစ်ခုသဖွယ် သံဝေဂရနေကြပြန်အုန်းကြတာပဲ

တကယ်က အားလုံး သိပြီးသားတွေပါ။ ထိတ်လန့်စရာတွေ"

ဝမ်းနည်းကြေကွဲဖွယ်တွေရော အားလုံးကို ပေါ့ပါးစေလိုသည့်ရည်ရွယ်ချက်ဖြင့် အရွှန်းဖောက်၍ ပြန်ပြောင်းပြောဆိုနေခဲ့ကြတာဖြစ်သည်။

ပန်း မျက်နှာလေးလည်း ကြည်ကြည်လင်လင်ပြန်ဖြစ်လာပြီမို့ သူတို့ ကျေနပ်သွားကြ၏။

"ဒီကညီမကိုလဲ တစ်ခုပြောချင်တယ်ကွ၊ မိကျောင်းမင်း ရေခင်းပြတယ်လို့တော့ မထင်ပါနဲ့၊ အိမ်ထောင်သည်ကို အိမ်ထောင်မရှိသေးတဲ့လူက နားချဖျောင်းဖျရတာ သိပ်သဘာဝမကျပေမယ့် အစ်ကိုတို့ ကိုင်တွယ်ဖြေရှင်းခဲ့ရတဲ့အမှုကိစ္စတွေ၊ လူမှုရေးဖောက်ပြန်မှုတွေ၊ ပြဿနာအမျိုးမျိုးပေါ်ကွာ ဒီအတွေ့အကြုံတွေအရ ညီမတို့ မသိတာလေးတွေလဲ အစ်ကိုတို့သိတယ်၊ မမြင်ဖူး၊ မကြားဖူးတာတွေလဲ တို့အတွေ့အကြုံထဲမှာ

www.burmeseclassic.com



အများကြီးပဲ၊ ပြောရရင် မိသားစုဆိုတာဖြစ်လာမှတော့ စည်းလုံးခိုင်မာဖို့ကိုပဲ ကြိုးစားစေချင်တယ်၊ မိသားစုတစ်စုနဲ့ နိုင်ငံတစ်နိုင်ငံ အတူတူပဲကွ၊ ကြီးကွဲတော့ ကျားဆွဲတယ်ဆိုတဲ့စကားက လူတိုင်းသိတယ်၊ မူလတန်းအစ်ကိုင်းက ကလေးလေးတွေလဲ ကြားဖူးကြတယ်၊ အလွန်ရိုးပောင်းတာ၊ အနှိုက်ရိုးတစ်ခုပေါ့"

လို့ပဲထင်သွားဆွ က အရှည်ကြီးပြောပြီး နှုတ်ခမ်းတစ်ချက်သပ်သည်။ ဖြီး

"ဟုတ်ပြီ၍ ...

"အိမ်မှာ ယ် သက်တမ်းအလိုက် ငယ်ရာကကြီးလာရတဲ့ သဘာဝသတ်တယ်ဆိုတ ါင်းလဲသမျှ ဒီဆိုရိုးစကားတွေ ဘယ်တော့မှ တိမ်ကောတဲ့" မှာမဟုတ်ဘူး၊ နောက်နောင် တို့ရဲ့ မြေးမြစ်တွေ လက်

"ဒါလဲသိတာ ကလေးတွေကို အမိဝမ်းကကျွတ်တာနဲ့ အသက်နှစ်

"သိတယ်အရွယ် တစ်ခါတည်းမွေးထုတ်လိုက်နိုင်ရင်တော့ တစ်မျိုး

"ပြော

"ဟာ ဆရာက လုပ်ပြီ"

ဒီဥ လင်းထွဏ်း ပျာပျာသလဲကြီးထ ပြောတော့ အားလုံး သူ့ကို လှည့်ကြည့်မိကြ၏။ ရန်လေးဟတော့ သိပါသည်။ ဒီကောင် တစ်ခုခု ဗရုတ်ကျတော့မည်ဟု ...

ဒုရဲအုပ်မိုးဆွေကတော့ မသိရှာ။

"ဘာလဲကွ၊ ဘာဖြစ်လို့လဲ၊ ကိုယ်ပြောတာ မဟုတ်လို့လား"

"ဟာဗျာ ဟုတ်စရာလား"

လင်းထွဏ်းက ရှုံ့မဲ့မဲ့နှင့် ခေါင်းကုတ်ကာ ...

"ဘယ့်နှယ် အသက်နှစ်ဆယ်ကောင်ကြီး မွေးထုတ်ရမယ်တဲ့"

"အေးလေ၊ အားလုံး ပြောင်းလဲနေတာပဲ၊ မဖြစ်နိုင်ဘူး ပြောလို့ရမလား၊ ကောသလအိပ်မက် တစ်ဆယ့်ခြောက်ချက်ထဲမှာတောင် ပါသေး





တယ်၊ ဒန့်ကျွဲပင်သားလွှဲ တဲ့"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ ဒန့်ကျွဲပင် မင်း မြင်ဖူးလို့လား"

"ဟင့်အင်း"

"မြေပြင်မှာကပ်ပေါက်တဲ့ မြက်ပင်တစ်မျိုးပဲ၊ အဲဒီမှာ ဘယ်လိုလုပ်ပုခက်ချိတ်မလဲ"

သူတို့အားလုံး ငြိမ်ကျသွား၏။ လင်းထွဏ်း မျက်နှာက အတွန့်တက်စရာရှာနေရင်း ဘာမှလည်းမပြောနိုင်သဖြင့် နှုတ်ခမ်းတွေက လှုပ်လှုပ်ရွရွနှင့် ...။

"အဲဒါကိုပြောတာပဲကွ၊ အရွယ်ငယ်ငယ်လေးတွေနဲ့ အိမ်ထောင်ကျမယ်၊ သားမွေးမယ်ဆိုတဲ့နိမိတ်၊ ခု တကယ်မဟုတ်ဘူးလား၊ ကဲ ငယ်ငယ်ရွယ်ရွယ်လေးတွေပဲရှိသေးတယ် ရည်းစားထားကြ၊ လိုက်ပြေးကြ၊ မိဘက သဘောမတူလို့ ခွဲပစ်တော့လဲ ကွဲကြတာပဲ၊ စိတ်ကစားကြတာပဲများတယ်လေ၊ အဲဒီမှ ကလေးတွေမွေး၊ ဘာညာနဲ့ ရှုပ်ကုန်တာ"

"အဲဒီခေတ်က ခဏလေးပဲလှုပ်သွားတာပါ ဆရာကလဲ၊ အခု မိကောင်းဖခင်သားသမီးလေးတွေ ဒီလိုမဟုတ်ကြတော့ဘူး၊ တကယ့် မိုင်းကောင်းကျောက်ဖိလေးတွေပါ၊ ဟဲ ..ဟဲ"

"မင်း လက်မခံဘူးလား"

"ခံတယ်ပဲထားပါဦး ဆရာရယ်၊ မိန်းမတစ်ယောက်ကို အသက်နှစ်ဆယ်အရွယ်ကြီးတော့ တစ်ခါတည်း ကလေးမမွေးခိုင်းပါနဲ့"

"ဟ ... မင်းက အရက်သမားလို ဒီနေရာမှာပဲ ထပ်တလဲလဲရစ်နေပါလား၊ စကားအဖြစ်ပြောပြတာ ဘာဖြစ်သွားနိုင်လို့လဲ"

"ဘာဖြစ်ရမလဲ ဆရာ၊ ဒီလိုတကယ်ဖြစ်ရင် မွေးပြီးတာနဲ့ သေသွားတာဆိုရင်ရော ကောင်းမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သေမလဲ၊ သူ့ခေတ်အခါမှာ သူ့ထုံးစံနဲ့ဖြစ်လာမှာပေါ့"

"အဲဒါပြောတာ"

"ဘာလဲ"

"ဆရာပြောသလိုဆိုရင် မိန်းမယူပြီး ကလေးတစ်ခါတည်းမွေးပြီးတာနဲ့ တစ်ခါတည်းလွှင့်ပစ်လိုက်ရတော့မလိုလို ..."

ကိုမိုးဆွေ နားရှုပ်သွားပုံရသည်။ လင်းထွဏ်းက ဆက်မပြောဘဲ တစ်ဝက်ကျန်နေသေးသည့် အအေးဖန်ခွက်ကိုကောက်ကိုင်ပြီး မော့သောက်ပစ်လိုက်၏။

"ဘာပြောတယ်ကွ၊ ဘာဖြစ်လို့ ပစ် ... ဟာ ... ဒီကောင် ..."

"ဟား ဟား ဟား"

ပြောနေရင်း သဘောတွေပေါက်ကာ ကိုမိုးဆွေ အားရပါးရရယ်သည်။ အားလုံးဝိုင်းရယ်ကြတော့ ဖန်း လည်းနားမလည်သလို၊ လည်သလိုနှင့် မျက်နှာလေးငုံ၍ ရယ်နေမိသည်။

ရန်လေး က စိုက်ကြည့်နေသဖြင့် ပို၍ရှက်မိသည်။

မျက်စောင်းထိုးပစ်ဖို့တောင် သတိမရတော့ဘဲ ...





## အခန်း (၄၄)

ဇည့်သည်တွေရှိနေကြသည့် တစ်ညနေလုံးကတော့ စကားတွေလည်းပြောဖြစ်ကြသည်။ ရယ်မောကြရင်း ခဏခဏလည်း မျက်လုံးချင်းဆုံ၏။

ညရောက်လာတော့ နှစ်ယောက်စလုံး တိတ်ဆိတ်သွားခဲ့ကြသည်။ ရန်လေး က မီးညှိထားသည့်စီးကရက် လက်ကြားညှပ်လျက် ကွန်ပျူတာရှေ့မှာထိုင်လိုက်၊ ဝရန်တာဘက်ကိုထွက်လာလိုက်။

အခန်းထဲက ဖန်း က မထွက်။ လှေကားကနေပြန်တက်လာသည့် သူနှင့် ရင်ဆိုင်မိတာလည်းရှိ၏။ နေပေါ့၊ ဖန်း ကလည်း စကားစ,မပြောလိုပါ။ သူက ယောက်ျားလေးပဲ။

အဲဒီလို မိန်းမတစ်ယောက်နှင့် မာနပြိုင်နေတာဆိုလျှင် နောက်ထပ်မုန်းလာဖို့တွေလည်းရှိပေဦးမည်။

ရန်လေး ကလည်း ပြောရခက်နေတာပါ။ ကိုယ်က ချစ်နေတာကိုဖွင့်ပြောခဲ့ပြီးသား။ ခုလည်း သူမက လာပါ နေပါဟု ဖိတ်ခေါ်ခဲ့တာမဟုတ်ဘဲ သူပဲ မျက်နှာပြောင်ပြောင်နှင့် နေခဲ့ရတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ပြတ်သွားတဲ့ကြိုးနှစ်စကို ပြန်ဆက်နိုင်ရင်တောင်မှ ဆက်ထုံးကတော့ရှိမည်သာ။ သူ့ဘက်ကတော့ အကောင်းတိုင်းမရရင်တောင် ပြန့်လည်ထုံးဖွဲ့နိုင်ခဲ့တာကိုပဲ ကျေနပ်နေမှာပါ။ သူမက ဘယ်လိုနေမလဲ။

တကယ်ဆိုရင် ခုလိုအခြေအနေမှာ သူမက အိမ်ရှင်မဟုတ်ဘူးလား။

ဒါမှမဟုတ်လျှင် ကာရန်ချို နဲ့ပတ်သက်ခဲ့သည့်အကြောင်းတွေပေါ်မှာ မကြည်လင်နိုင်ခဲ့တာလား။

ထိုစဉ် တယ်လီဖုန်းသံက ဆူညံလာ၏။ အပေါ်ထပ်ဧည့်ခန်းကနေ မြည်လာသဖြင့် ဘယ်သူကိုင်မှာလဲ၊ စောင့်ကြည့်နေရင်း တော်တော်ကြာသွား၏။

နားထဲမှာ ဆူညံလာကာမှ ပန်း အပြင်ထွက်ကြည့်မိသည်။ ရန်လေးကို မမြင်ရပါ။ ဖုန်းကလည်း မကိုင်မချင်းမြည်နေမည့်သဘောရှိသောကြောင့် သူမပဲ ထွက်လာခဲ့လိုက်၏။

သူမ ဖုန်းနားမှာထိုင်လိုက်ကာမှ ရန်လေး ကလည်း အခန်းထဲက ထွက်လာသည်။ လင်မယားနှစ်ယောက်ပေမယ့် ဟိုအစကလိုပဲ တစ်ယောက်တစ်ခန်းနေရင်း စိမ်းသက်နေကြဆဲဖြစ်၏။

ဒီလောက်ဆူနေတာကို လာမကိုင်သည့် သူ့ကို ဒေါသဖြစ်ဖြစ်နှင့် ဖုန်းကိုဆတ်ခနဲကောက်ကိုင်ကာ ...

"ဟဲလို"

တမင် အသံကျယ်အောင်ပြောလိုက်သဖြင့် အထဲကို ပြန်ဝင်တော့မည့် ရန်လေး ခြေလှမ်းတွေတုံ့သွား၏။

"ပန်းတစ်ပွင့်လား၊ အတော်ပဲဗျာ၊ ဟိုကောင်ကြီး ရှိလား"

"ရှိတယ်"

လေသံကိုတော့ နည်းနည်းပြန်ချလိုက်ရသည်။ လင်းထွဏ်းတို့ အား





လုံး အမှုကိစ္စမှာ အင်တိုက်အားတိုက် ကူညီထားကြတာဖြစ်၏။

"ဖုန်းပေးလိုက်စမ်းပါ၊ ဒီကောင် ဒီညကျမှ ပြန်မလာဘူးဆိုရင် ကိုင်ရှာရမယ်၊ ကျွန်တော်တို့ သူ့ကို မေးချင်လို့"

ပန်း အိုးတိုးအမ်းတမ်းဖြစ်သွား၏။ သူ့ကိုခေါ် ပေးရကောင်းမလား၊ မပေးဘဲနေလိုက်ရမလားဟု စဉ်းစားနေဆဲ ရန်လေးက အနားရောက်လာကာ ...

"ကျွန်တော့်ဖုန်းလား"

"အင်း"

သူ့ကို ဖုန်းပေးလိုက်ကာ နေရာမှ မြန်မြန်ထွက်ခွာဖို့ပြင်ပေမယ့် နေရာမကျစွာရှိနေသေးသည့် စားပွဲကုလားထိုင်တွေက ဟိုဘက်မှာ ရှုံးကေ့စ်ကြီးနဲ့ကပ်နေသဖြင့် ထွက်လို့မရ။

ဒီဘက်မှာ ရန်လေးက ပိတ်ရပ်လိုက်သဖြင့် စားပွဲကိုပဲ ကျော်ခွထွက်ရတော့မလိုလို ...

"ဘာလဲ ပြော"

"မင်းအတွက် အိပ်ရာပြင်ထားတယ်လေ၊ ဘာဖြစ်လို့ ပြန်မလာတာလဲ၊ မရဘူးနော် ရန်လေး၊ ငါ့မှာ ဇနီးမိန်းမဆိုတာ မရှိဘူးလို့ မင်းပဲပြောခဲ့တာ၊ အခု တစ်ကပြန်စမယ်ဆိုရင် ငါတို့ကလဲ ပြန်တောင်းမှာပဲ၊ အရင်က မရလိုက်တာနဲ့ နှစ်ပွဲစာပေါင်းပြီး ခဲဖိုးပေးရမယ်၊ ပြန်ပေါင်းတုပ်ကြမှာလား၊ အရင်လိုပဲလား၊ မြန်မြန်အဖြေပေး၊ ဒီမှာ ငါတို့ ကားစက်နှိုးနေပြီ"

"ဘာဆိုင်လို့လဲ"

"ဟာ ... ခဲဖိုးလာတောင်းမလို့ပေါ့၊ ဒီတိုင်းပြန်မလာဘဲနေလို့ကတော့ မနက်ကျရင် မင်း သိမယ်"

ရန်လေး က ပြုံးလိုက်ပြီး ပြေးပေါက်ရှာနေသည့် ပန်း မျက်နှာလေးကို ငုံ့မိုးကြည့်၏။ ပန်း ကလည်းသိသည်။ ရန်လေး သူမဘက်ကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာမှန်း သိသဖြင့် ရှက်ရှက်နှင့် အတင်းတိုးတိုက်ထွက်တော့သည်။

"မမ"

"အို ..."

ပန်း လက်မောင်းလေးတစ်ဖက်ကို ခပ်ဖိဖိဆွဲထားလိုက်ကာ ...

"မေးနေတယ်၊ ကျွန်တော် ဘာပြောလိုက်ရမလဲ"

"ဘာလဲ၊ မသိဘူး ဖယ်"

"မမ သိပါတယ်"

ရန်လေး က ပန်း ကိုလက်တစ်ဖက်ကဆွဲထားရင်း ဖုန်းကို ပုခက်ပေါ် ပြန်မတင်ဘဲ ဘေးမှာပဲချထားလိုက်ရာ ...

"ဟင် ဘာလုပ်တာလဲ၊ ပြန်တင်လိုက်လေ"

ရန်လေး က မတည်မငြိမ်မျက်ဝန်းများနှင့်စိုက်ကြည့်ကာ ပန်း တစ်ကိုယ်လုံးကို ဆွဲ့ပွေ့ထားလိုက်၏။

"မမဖြေတာကို သူ တစ်ခါတည်းကြားသွားအောင်လို့ပေါ့၊ ဖြေပါဗျာ၊ ကျွန်တော့်ကို မမရဲ့ ခင်ပွန်းကောင်းတစ်ယောက်အဖြစ်နဲ့ လက်ခံမှာလား၊ ဒါမှမဟုတ် ကျွန်တော် ပြန်သွားရမှာလား"

ပန်း မျက်နှာလေး ဆတ်ခနဲမော့လာ၏။ ဒေါသတွေနဲ့ပါ၊ 'ငါ့သာ လူတတ်ကြီး' လို့ မထွာပ်တိုင် တက်ချင်တာလား၊ အားကိုးမဲ့နေပါတယ်ဆိုမှ ဆရာ ထပ်ခေါ်နိုင်းတာမျိုးလား။

တစ်ခုခုကို ပက်ခနဲပြောဖို့ပေမယ့် ဖုန်းထဲက စကားသံထွက်နေတာမို့ နှုတ်ခမ်းလေး ကိုက်ပစ်လိုက်ကာ မျက်နှာလွှဲ၏။

ရန်လေး က ဖုန်းကိုလည်း ဂရုမစိုက်၊ ပန်း မျက်နှာထက်က စာတွေကိုလည်းမဖတ်ပါ။

"ကျွန်တော့်ကို မမရဲ့အနားမှာ နေစေချင်တယ်ဆိုတာ ကျွန်တော် သိတယ်၊ ဒါပေမယ့် အားကိုးတိုက်တဲ့ယောက်ျားတစ်ယောက်ထက် မပို နိုင်ဘူးဆိုရင် ..."

"မင်းက ဘာလိုချင်သေးလို့လဲ"

"အချစ်"

"အို ..."

ရန်လေး က ပန်း မျက်နှာလေးကိုမော့ သည့်အနမ်းများနှင့် ဖွတ်တရွတ်ကဲသည်။

မခွေခင်က ကြွေချင်ခဲ့သည့် ပန်း ရင်ထဲမှာလဲ ရင်ခုန်သံများနှင့် အချစ်၏ပြုစားခြင်းနောက်မှာ မျှော...

သူ့ကျောပြင်ကို ဖွဖွလေးပြန်ဖက်ထားမိကာ အနမ်းရဲ့ နှစ်သက်စွာ ခံယူခြင်းဖြင့် တိတ်တိတ်လေး အဖြေပေးခဲ့မိသ...

သံယောဇဉ်ဆိုတာ စတင်ရစ်ပတ်နှောင်တွယ်ခဲ့ပြီဆိုက နိုင်မြဲခြင်းသာဖြစ်လေသည်။

ဘယ်လောက်ထိချစ်သလဲ ဆိုတာကတော့ ...

'သူမသိလည်းဖြစ်တယ်'

ထူမသိလည်းဖြစ်' ဆိုပြီး စမည်တစ်လုံးတည်း ပေးတဲ့ ကဲ့ ဒီကောင်မလေးက သူ့ နာမည်

လရောင်ကျူးရင့်

ရွှေသမင်ဓါတ၊

www.burmeseclassic.com